http://www.dhammadownload.com



ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၁၆၈)

မိလိန္ဒပဉ္ဉာ

မိလိန္ဒမင်း နှင့် ရှင်နာဂသေနတို့၏ ဗုဒ္ဓဝါဒရေးရာ အချေအတင်ပြောဆိုချက်များ

(ဒုတိယတွဲ)

အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

ပထမပုံနှိပ်အယ်ဒီတာ ❖ (ပြုပြင်တည်းဖြတ်)ဦးနီလိုင်

http://www.dhammadownload.com

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

မိလိန္ဒပဉ္ဉာ

မိလိန္ဒမင်းနှင့် ရဟန်းကဿပတို့၏
ဗုဒ္ဓဝါဒရေးရာ အချေအတင်ပြောဆိုချက်များ

(ဒုတိယတွဲ)



http://www.dhammadownload.com

တရားစာအုပ်များကို

မမွေစာပေ အလှူငွေဖြင့်

ပုံနှိပ်ဖြန့်ဝေသည်

http://www.dhammadownload.com

မိလိန္ဒပဉ္ဟာ

မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ ဗုဒ္ဓဝါဒရေးရာ အချေအတင်ပြောဆိုချက်များ အပိုင်း(၆)

မှတ်တမ်း

သာသနာတော်နှစ် ၂၅၆၀-ပြည့်နှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၈-ခုနှစ်၊ နယုန်လဆန်း (၉)ရက်၊ (၁၄-၆-၂၀၁၆) ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ဇမ္ဗူသီရိမဟာန်တော်အတွင်း ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် သာသနာ့ပူဇော မြတ်မင်္ဂလာ တရားအလှူတော် အထူးဓမ္မသဘင် အခမ်းအနား၌ ရန်ကုန်မြို့၊ ကွယ်လွန်သူ မိဘများနှင့် ညီအစ်ကို မောင်နှမများအား ရည်စူး၍ ဒေါ်ခင်စန်းမြင့်နှင့် ဒေါ်မေခလာဝင်း တို့၏ အမတဒါန၊ ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားအပ်သော **"မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ ဗုဒ္ဓဝါဒရေးရာ အချေအတင် ပြောဆိုချက်များ အပိုင်း (၆)"** အကြောင်း တရားဒေသနာတော်။

အမှတ်(၇)မေးခွန်းအရ ယောနိသော မနသိကာရနဲ့ ပညာအပြင် အခြားကုသိုလ်တရားတွေကြောင့် ဘဝတစ်ခုမှာ ပြန်လည်မွေးဖွားခြင်း မဖြစ်ဘူးဆိုတာနဲ့ ဆက်စပ်ပြီး ကုသိုလ်တရားမှာ ပါတဲ့ သဒ္ဓါ, သီလ, ပညာ, ဝီရိယ အကြောင်း မေးခွန်းတွေကို ရှင်နာဂသေနက ဖြေဆိုခဲ့ပြီးဖြစ်တယ်။ ကုသိုလ်တရားထဲမှာ အရေးပါတဲ့ သမာဓိနဲ့ပတ်သက်ပြီး ဒီမေးခွန်းကိုမေးတယ်။

http://www.dhammadownload.com

၁၄–သမာဓိပဉ္စာ

"ဘန္တေ နာဂသေန ကိံ လက္ခဏော သမာဓိ-သမာဓိရဲ့ သွင်ပြင်လက္ခဏာက ဘာပါလဲ"။

သမာဓိဆိုတဲ့စကားလုံးဟာ မြန်မာလူမျိုးတွေအဖို့ တွေ့နေကျ စကားလုံးဖြစ်နေတယ်။ "သမာဓိရှိတယ်၊ သမာဓိမရှိဘူး"လို့ ပြောကြတယ်။ သမာဓိကို **'သံ+အာဓိ'**လို့ ပုဒ်ဖြတ်။ **'သံ'** ဆိုတာ ကောင်းစွာ၊ **'အာဓိ'**ဆိုတာ စိတ်ကို အာရုံတစ်ခုခုပေါ်မှာ စူးစိုက်ထားခြင်းလို့ အဓိပ္ပါယ်ရတယ်။ သမာဓိဆိုသည်မှာ အာရုံတစ်ခုတည်းပေါ်မှာ စိတ်ကို ကောင်းစွာထားခြင်း ဖြစ်တယ်။ အင်္ဂလိပ်လို concentration လို့ပြန်ကြတယ်။ အာရုံတစ်ခုပေါ်မှာ စိတ်စိုက်ထားတဲ့ တရားမျိုး။

စိတ်ဟာ အာရုံတစ်ခုတည်းပေါ်မှာ ငြိမ်နေတာမျိုး မဟုတ်ဘူး။ တကယ်လေ့ကျင့်လိုက်ပြီဆိုရင် စိတ်ဟာ အာရုံတစ်ခုတည်းပေါ်မှာ ငြိမ်သွားနိုင်တယ်။ ဥပမာ- ထွက်လေဝင်လေပေါ်မှာ စိတ်စိုက်ထားလို့ရှိရင် သမာဓိ ဆိုတာ ရရှိလာကြတယ်။ ဗုဒ္ဓဘာသာဝင်တွေ တော်တော်များများ သမာဓိကို လေ့ကျင့်တဲ့အခါမှာ ထွက်လေဝင်လေနဲ့ လေ့ကျင့်ကြတယ်။ အသက်ရှူတဲ့အခါ လေထိတဲ့နေရာကို အာရုံစိုက် သမာဓိလေ့ကျင့်လေ့ရှိကြတယ်။

သတိနဲ့သမာဓိ ဘာကွာတုန်းဆိုရင် အာရုံကို အမှတ်ရနေတာက သတိ၊ အာရုံပေါ်မှာ စူးစိုက်နေတာက သမာဓိဖြစ်တယ်။ ထွက်လေဝင်လေ ထွက်တိုင်းဝင်တိုင်းမှာ အမှတ်ထားနေတာက သတိ၊ အမှတ်ထားတဲ့အတိုင်း ဒီအာရုံကလွဲပြီး တစ်ခြားအာရုံပေါ် စိတ်ရောက်မသွားဘဲ ငြိမ်သွားတာက သမာဓိလို့ မှတ်ရမယ်။

http://www.dhammadownload.com

မိလိန္ဒမင်းကြီးက သမာဓိတရားရဲ့ အမှတ်အသားလက္ခဏာ characteristics က ဘာလဲလို့ မေးတာဖြစ်တယ်။

လူသားတွေမှာ **သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ** စိတ်စွမ်းအားတွေ ငါးမျိုးရှိတယ်။ အဲဒီငါးမျိုးထဲမှာ သမာဓိဆိုတဲ့ သဘာဝတရားရဲ့ သဘာဝလက္ခဏာက ဘာလဲလို့ဆိုရင် အာရုံတစ်ခုတည်းပေါ်မှာ စိတ်ကို ကြာရှည်စွာ စုစည်းထားနိုင်ခြင်းဟာ သမာဓိရဲ့ သဘာဝလက္ခဏာပဲ ဖြစ်တယ်။ အဲဒီ သမာဓိစွမ်းအားနဲ့ စိတ်သည် အာရုံတစ်ခုတည်းပေါ်မှာ ကြာရှည်စွာ တည်ရှိနိုင်တယ်။

ရှင်နာဂသေန အဖြေ

အဲဒီသမာဓိရဲ့ အမှတ်လက္ခဏာက ဘာလဲလို့ မေးတဲ့အခါမှာ ရှင်နာဂသေနက ဖြေတယ်။ **"ပမုခလက္ခဏော မဟာရာဇ သမာဓိ၊** သမာဓိဟာ အခြေအနေကောင်းတွေကို ဦးဆောင်ကြီးမှူးသွားတဲ့ အမှတ်အသားလက္ခဏာရှိတယ်။"

ယေ ကေစိ ကုသလာဓမ္မာ၊ သဗ္ဗေ တေ သမာဓိ ပမုခါ။ ကုသိုလ်မှန်သမျှဟာ သမာဓိရဲ့ စုစည်းမှုအောက်မှာ ရှိကြတယ်။ သမာဓိမှာ ကုသိုလ်အားလုံး စုမိသွားကြတယ်။

သမာဓိဆိုတာ ကုသိုလ်စိတ်တွေအားလုံး စုသွားအောင် လုပ်ပေးခြင်း ဖြစ်တယ်။ တစ်ခြားအာရုံဘက် ပျံ့ထွက်သွားတာ မရှိစေဘူး။ အာရုံတစ်ခုတည်းမှာ စုမိသွားအောင် လုပ်တယ်၊ အားလုံး တွေ့ဖူးကြလိမ့်မယ်။ magnifying glass (မှန်ဘီလူး) ကိုင်ပြီး နေရောင်ခြည်ကို စုစည်းလိုက်တဲ့အခါ စွမ်းအားဖြစ်လာ

http://www.dhammadownload.com

တယ်။ အဲဒီလိုပဲ စိတ်တွေ ဟိုရောက် ဒီရောက် မရောက်စေဘဲ တစ်နေရာတည်းမှာ စုပေးလိုက်တဲ့အခါ အစွမ်းထက်လာတယ်။ ဒါကြောင့်မို့ သမာဓိက ကုသိုလ်တရားအားလုံးကို စုစည်းပေးပြီး ဦးဆောင်သွားတယ်လို့ ဆိုတာဖြစ်တယ်။ အားလုံးဟာ သမာဓိ ဦးဆောင်ရာနောက်ကို လိုက်ကြရတယ်။

သမာဓိနိန္နာ သမာဓိဘက် အားလုံး ညွတ်သွားကြတယ်။ **သမာဓိပေါဏာ** သမာဓိဘက် ကိုင်းသွားကြတယ်။ **သမာဓိ-ပဗ္ဘာရာ** သမာဓိဘက် ရှိုင်းသွားကြတယ်။ သမာဓိ ဦးဆောင်မှု အောက် ကုသိုလ်တရားအားလုံး ရောက်သွားတယ်။ သမာဓိ စုစည်းပေးထားတဲ့အတိုင်း အာရုံတစ်ခုတည်းပေါ်မှာ စုသွားတယ်လို့ ဒီလိုဆိုလိုတာ။ အဲဒါကြောင့် သမာဓိဟာ ဦးဆောင်စုစည်းပေးတဲ့ အမှတ်အသားလက္ခဏာ ရှိတယ်လို့ ဆိုတာဖြစ်တယ်။

အဲဒီလို ဖြေလိုက်တဲ့အခါမှာ မိလိန္ဒမင်းကြီးက "အရှင်ဘုရား၊ ဥပမာ ပြောပါဦး"လို့ လျှောက်တယ်။

လောကမှာ ဥပမာဖြင့် ပြောဆိုခြင်းက အဓိပ္ပါယ်ကို ပိုပြီးတော့ ရှင်းလင်းပြတ်သားစေတယ်။ **"ဥပမာယမိဓေ ကစ္စေ၊ အတ္ထံ ဇာနန္တိ ပဏ္ဍိတာ-** ဥပမာနဲ့ ပြောမယ်ဆိုရင် အသိဉာဏ် ရှိတဲ့ ပုဂ္ဂိုလ်တွေဟာ အနက်အဓိပ္ပါယ်ကို ရှင်းလင်းပြတ်သားစွာ နားလည်နိုင်တယ်။"

အားလုံးဟာ စုပြီးတော့ တည်နေတယ်ဆိုတဲ့ သဘောတရားကို ရှင်နာဂသေနက ဘယ်လိုဥပမာပေးတုန်းဆိုရင် **"ယထာ မဟာရာဇ ကူဋာဂါရဿ ယာ ကာစိ ဂေါပါနသိယော** အချင်၊ ယနယ်၊ ဒိုင်း၊ မြားဆိုတာတွေ အားလုံးဟာ အိမ်အထွဋ်ကို

http://www.dhammadownload.com

ဗဟိုပြဦးတည်ပြီး ဆုံမိကြသလို အားလုံးစုမိကြသလို ကုသိုလ်တရားတွေ သမာဓိမှာ စုမိကြတယ်။"

ဥပမာ- ထီးကိုကြည့်လိုက်၊ ထီးမှာ ခရိုင်တွေအားလုံးဟာ ထီးရဲ့ဗဟိုချက်မှာ သွားစုကြတယ်။ အဲဒါလိုပဲ ကုသိုလ်တရားတွေ အားလုံးဟာ သမာဓိမှာစုကြတယ်လို့ မိလိန္ဒမင်းကြီးကို ရှင်းပြတယ်။

အဲဒီလို ရှင်းပြတဲ့အခါ **"ဘိယျော သြပမ္မံ ကရောဟိ** အရှင်ဘုရား၊ နောက်ထပ် ဥပမာတစ်ခု ထပ်ပေးနိုင်ဦးမလား။ ပိုပြီးတော့ ရှင်းလင်းအောင် ထပ်ပေးပါဦး"ဆိုတော့ ရှင်နာဂသေန က ရှင်းပြတယ်။

"ယထာ မဟာရာဇ ကောစိ ရာဇာ စတုရင်္ဂိနိယာ သေနာယ သဒ္ဓိံ သင်္ဂါမံ သြတရေယျ ဘုရင်ကိုယ်တိုင် ဦးဆောင်ပြီး စစ်ပွဲဆင်နွှဲတယ်။"

မြန်မာနိုင်ငံမှာ မင်းရဲကျော်စွာဆိုတာ စစ်ပွဲမှာ နာမည်ကြီးတယ်။ ၁၇-နှစ်အရွယ် စစ်ဘုရင်လုပ်ပြီး တိုက်ခိုက်ခဲ့တယ်။ စစ်တိုက်တဲ့အခါ နောက်လိုက် နောက်ပိုက်ပါ စစ်သည်တွေ ရှေးခေတ်က ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေလျင်တပ်ဆိုပြီး အချိုးကျ ဖွဲ့စည်းထားတဲ့အတိုင်း အဲဒီ စစ်တပ်တွေအားလုံးဟာ ဘုရင်ကိုပဲ ဝန်းရံကြတယ်။

"အဲဒီလိုပဲ ကုသိုလ်တရားတွေ မှန်သမျှဟာ သမာဓိကို ဝန်းရံကြတယ်၊ သမာဓိစွမ်းအားနဲ့ ကုသိုလ်တရားတွေရဲ့ အစွမ်းသတ္တိဟာ ပိုထက်လာတယ်။ သမာဓိက စုစည်းထားသည့် အတွက်ကြောင့် ကုသိုလ်တရားတွေကို ပိုကြံ့ခိုင်လာကြတယ်"လို့ ရှင်းပြတယ်။

http://www.dhammadownload.com

ဒါဖြင့် သမာဓိက စုစည်းထားတဲ့ ကုသိုလ်တရားတွေ ဆိုတာ ဘာတွေတုန်း။ ခုနတုန်းကပြောတဲ့ သဒ္ဓါ၊ သီလ၊ ဝီရိယ၊ သတိ၊ ပညာတို့ပဲ ဖြစ်တယ်။ သမာဓိက စုစည်းထားတော့ သမာဓိမှာ စုဝေးဝန်းရံနေကြတယ်လို့ ဆိုလိုတယ်။ ကုသိုလ်မှန်သမျှကို ဦးဆောင်ဦးရွက်လုပ်သဖြင့်၊ ဝန်းရံခြင်းခံရလို့ သမာဓိကို "**ပမုခ လက္ခဏော**- ဦးစီးဦးဆောင်လုပ်ခြင်းဆိုတဲ့ အမှတ်အသား ရှိပါတယ်။

မြတ်စွာဘုရားကိုယ်တိုင် သမာဓိနဲ့ပတ်သက်ပြီး ဟောကြားထားတာ ရှိပါတယ်။ "**သမာဓိ ဘိက္ခဝေ ဘာဝေထ**- ရဟန်းတို့ စိတ်တည်ငြိမ်မှု သမာဓိကို ကိုယ့်သန္တာန်မှာ ဖြစ်ပွားတိုးတက်အောင် ကြိုးစားကြ။ **သမာဟိတော ယထာဘူတံ ဇာနာတိ ပဿတိ**- သမာဓိရှိတဲ့ပုဂ္ဂိုလ်ဟာ အမှန်အကန်ကို နားလည်၏၊" တဲ့။ သမာဓိရှိရင် အမှန်အကန်သိနိုင်တယ်။ သဘာဝအစစ်အမှန်ကို မြင်နိုင်တယ်။

အဲဒီတော့ သိတယ်၊ မြင်တယ်ဆိုတာ သမာဓိရှိမှ ဖြစ်တယ်လို့ ဒီလိုပြောလိုရင်း ဖြစ်တယ်။ သမာဓိရဲ့ စုစည်းမှုရှိမှ **သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ပညာ** တွေ ထက်မြက်လာတယ်။ သမာဓိကို ဦးတည်ဝန်းရံပြီး စွမ်းဆောင်မှုတွေ ဖြစ်ပေါ်လာတယ်။

ကမ္မဋ္ဌာန်းအလုပ်အားထုတ်တဲ့ ပုဂ္ဂိုလ်တိုင်းဟာ သမာဓိကို ထူထောင်ကြရတယ်။ သမာဓိကိုထူထောင်လိုက်ပြီး စိတ်တည်ငြိမ်လာပြီဆိုတော့မှ ကိုယ့်ခန္ဓာကိုယ်မှာ ဖြစ်သမျှ သိရှိနားလည်လာကြတယ်။ မမြဲဘူးဆိုတာလည်း သဘောပေါက်လာတယ်။ စိတ်ထဲမှာ ခံစားချက်တွေကိုလည်းပဲ သိရှိလာတယ်။ စိတ်ရဲ့

http://www.dhammadownload.com

ဖြစ်ပေါ်တဲ့ အခြေအနေတွေကိုလည်း သိလာတယ်။ မည်သည့် အရာပဲဖြစ်ဖြစ် ခန္ဓာကိုယ်ထဲမှာ ဖြစ်ပေါ်လာတဲ့ အရာကို သမာဓိ ရှိလာပြီဆိုရင် ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား သိလာတယ်။

သမာဓိမရလို့ စိတ်တွေ စုစည်းနိုင်ခြင်း မရှိဘူးဆိုရင် ဘာတွေဖြစ်လာတုန်းဆိုရင် ဥဒ္ဓစ္စလို့ခေါ်တဲ့ စိတ်ပျံ့လွင့်တာတွေ ဖြစ်တယ်။ အာရုံအမျိုးမျိုးပေါ်မှာ စိတ်ဟာ လွင့်ပျံ့နေတယ်။ စိတ်ကိုစုစည်းလို့မရရင် စိတ်ရဲ့စွမ်းအားတွေဟာလည်း လျော့ကျသွားတယ်။

ရန်သူနဲ့ ယှဉ်ပြိုင်တိုက်ခိုက်တဲ့ စစ်တပ် တစ်တပ်ဟာ စုစည်းနိုင်ခြင်းမရှိဘူးဆိုရင် စစ်ရှုံးဖို့သေချာတယ်။ အားလုံးဟာ စုစည်းထားနိုင်ပြီဆိုလို့ရှိရင် တက်ညီလက်ညီ ဆောင်ရွက်သည့် အတွက်ကြောင့် ရန်သူကိုနိုင်အောင် တိုက်နိုင်တယ်။ ထို့အတူပဲ သမာဓိဟာ ဦးစီးဦးဆောင်လုပ်ပြီး ကုသိုလ်တရားကို စုစည်းထားနိုင်လို့ စွမ်းရည်သတ္တိ ရှိလာတယ်။

ယခုလို ရှင်းပြလိုက်တဲ့အခါ မိလိန္ဒမင်းကြီးက လက်ခံသွားတယ်။ **"ကလ္လောသိ ဘန္တေ နာဂသေန** အရှင်ဘုရားရှင်းပြတာ သင့်တင့်လျောက်ပတ်ပါတယ်။"

၁၅–ပညာလက္ခဏပဉှာ

သမာဓိလက္ခဏကို မေးပြီးနောက် ၁၅-ခုမြောက် မေးခွန်းက ပညာနဲ့ ပတ်သက်တယ်။

ပညာကို မြန်မာလူမျိုးတွေက အသံထွက်တဲ့အခါ 'ပြင်ညာ' လို့ ယရစ်ယပင့်သံနဲ့ ဖတ်လေ့ရှိကြတယ်။ အမှန်ကတော့ ယရစ်

http://www.dhammadownload.com

ယပင့်သံ မပါဘဲနဲ့ "ပညာ"လို့ပဲ ဖတ်သင့်တယ်။ ပညာဆိုတာ ကွဲကွဲပြားပြား ခွဲခွဲခြားခြား သိခြင်းလို့ အဓိပ္ပါယ်ရတယ်။

"ဘန္တေ နာဂသေန ကီလက္ခဏာ ပညာ အရှင် နာဂသေန၊ ပညာရဲ့ အမှတ်အသားလက္ခဏာက ဘာပါလဲ" လို့ မေးတယ်။

ပညာဆိုတာ ဘယ်လိုနားလည်ရမလဲ။ ဘယ်အရာပဲ ဖြစ်ဖြစ် အမှတ်အသား လက္ခဏာကနေ ကြည့်ပြောရတယ်။ characteristics လို့ခေါ်တဲ့ အမှတ်အသားလေးတွေ ရှိတယ်။ အဲဒီတော့ ပညာရဲ့ အမှတ်အသား၊ ပညာရဲ့သဘာဝလက္ခဏာက ဘာလဲလို့ မေးတာဖြစ်တယ်။

ရှင်နာဂသေနက ဖြေတယ်။ **"ပုဗ္ဗေဝ ခေါ မဟာရာဇ မယာ ဝုတ္တံ ဆေဒနလက္ခဏာ ပညာတိ** ရှေ့ပိုင်းနားမှာ ပြောခဲ့ပြီးသားပါတဲ့။ ပညာရဲ့ လက္ခဏာက **ဆေဒနလက္ခဏာ** လို့ ပြောခဲ့ပြီးသားပါတဲ့။ ပညာဟာ ဆုံးဖြတ်ခြင်းလက္ခဏာ ရှိတယ်။ **ဆေဒနလက္ခဏာ** ဖြတ်တောက်ခြင်း၊ ဆုံးဖြတ်ခြင်းလက္ခဏာ ရှိတယ်။"

"အပိစ ဩဘာသနလက္ခဏာ ပညာ-နောက်တစ်နည်း ပြောမယ်ဆိုရင် ပညာဆိုတာ အလင်းရောင် ဖြန့်ကျင်းခြင်း လက္ခဏာ ရှိတယ်။ အလင်းပေးခြင်းလက္ခဏာ ရှိတယ်။"

ပညာဆိုတာ အလင်းရောင်နဲ့ တူတယ်။ အလင်းရောင် အောက်မှာ အားလုံးဟာ ထင်ထင်ရှားရှား မြင်ရတယ်။ **ဩဘာသန လက္ခဏာ** အလင်းရောင်ပေးခြင်းလက္ခဏာရှိတယ်။ မှောင်နေရင် ရှင်းရှင်းလင်းလင်း မြင်ရမှာ မဟုတ်ဘူး။ လင်းချင်း နေပြီဆိုလို့ရှိရင် ကွဲကွဲပြားပြား မြင်ရတယ်။

http://www.dhammadownload.com

အလင်းရောင်နဲ့ ပညာနဲ့ နှိုင်းယှဉ်ပြီး ပြောတဲ့စကားပဲ။ ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား မြင်အောင် စွမ်းဆောင်ပေးခြင်းလက္ခဏာ ရှိတယ်။ မြင်စေတတ်တဲ့ စွမ်းရည်လက္ခဏာ ရှိတယ်၊ ဒီလိုဆိုတယ်ပေါ့။

အဲဒီလိုဖြေလိုက်တဲ့အခါ မိလိန္ဒမင်းကြီးက **"ကထံ ဘန္တေ ဩဘာသနလက္ခဏာ ပညာ-** ဘယ်လိုပညာက လင်းချင်းအောင် လင်းလင်းချင်းချင်းသိစေတဲ့ လက္ခဏာရှိတာတုန်း" လို့ မေးတဲ့အခါ ရှင်နာဂသေနက ယခုလိုဖြေတယ်။

"ပညာ မဟာရာဇ ဥပ္ပဇ္ဇမာနာ အဝိဇ္ဇန္ဓကာရံ ဝိဓမေတိ- လူတွေရဲ့အသိစိတ်ထဲမှာ အသိပညာဆိုတာ ဖြစ်လာပြီဆိုရင် မသိဘူးဆိုတဲ့ အမှောင်ဟာ ပျောက်သွားတယ်။"

ပညာ ဖြစ်လာပြီဆိုလို့ရှိရင် မသိဘူးဆိုတာ မရှိဘူး။ မသိခြင်းဟာ အမှောင်နဲ့ တူတယ်ပေါ့။ ကိုယ်မသိတဲ့ အကြောင်းအရာတစ်ခု သိလိုက်တာနဲ့ လင်းသွားတယ်။ ကိုယ်မသိရင် မှောင်နေတာပဲ၊ ကွယ်ထားသလို ဖြစ်နေတယ်။ အမှောင်တို့ အလင်းတို့ဆိုတာ တင်စားပြီးတော့ ပြောတာ။ မသိသေးတဲ့ အကြောင်းအရာ၊ မမြင်ရသည့် အကြောင်းအရာဟာ အမှောင်ထဲမှာရှိသလို သိလိုက်သည့် အကြောင်းအရာဟာ ရှင်းရှင်းကြီး ဖြစ်နေတာ ဖြစ်သောကြောင့် အလင်းထဲ ရောက်လာတာပဲ။

စိတ်ထဲမှာ ပညာ ဖြစ်လာပြီဆိုလို့ရှိရင် မသိဘူးဆိုတဲ့ အမှောင်ကို ဖယ်ရှားပစ်ပြီးသား ဖြစ်သွားတယ်။ မသိတာနဲ့ သိတာဟာ ကပ်နေတာဖြစ်သော်လည်း မသိသေးတဲ့ အကြောင်းအရာဆိုရင် ကိုယ့်အတွက်က ဖုံးကွယ်နေတာပဲ ဖြစ်တယ်။

http://www.dhammadownload.com

အမှောင်ထဲက အရာပဲဖြစ်တယ်။ သိလိုက်ပြီဆိုရင် အလင်းထဲ ရောက်သွားတာနဲ့ တူတယ်ပေါ့။

ဝိဇ္ဇောဘာသံ ဇနေတိ သိတယ်ဆိုတဲ့ အလင်းကို ဖြစ်ပေါ် စေတယ်။ **ဉာဏာလောကံ ဝိဒံသေတိ** အသိဉာဏ် ဆိုတဲ့ အလင်းရောင်ကို ဖြစ်ပေါ် စေတယ်။

အရိယသစ္စာနိ ပါကဋာနိ ကရောတိ သစ္စာတရားတွေ ဉာဏ်ထဲမှာ ပေါ်လွင်အောင် ထင်ရှားအောင်လုပ်ပေးတယ်။

တရားဓမ္မ ကျင့်ကြံကြိုးကုတ် အားထုတ်တဲ့ ပုဂ္ဂိုလ်တစ် ယောက်ဟာ ဝိပဿနာမလုပ်ခင်က မသိဘူး။ ဝိပဿနာအလုပ် ကို လုပ်ပြီဆိုတဲ့အခါမှာ ထွက်လေဝင်လေကို ဗဟိုပြုပြီး ကြည့်တာ ပဲဖြစ်စေ၊ ခန္ဓာကိုယ်ရဲ့လှုပ်ရှားမှုပဲ ဗဟိုပြုပြီး ကြည့်တာပဲဖြစ်စေ၊ စိတ်ခံစားမှုလေးကို ဗဟိုပြုပြီး ကြည့်တာပဲဖြစ်စေ၊ ကိုယ့်စိတ်လေး ကို ဗဟိုပြုပြီး ကြည့်တာပဲဖြစ်စေ၊ ကြည့်လိုက်တဲ့အခါမှာ ပေါ်လာ လိုက် ပျောက်သွားလိုက်ဆိုတဲ့ မမြဲတဲ့သဘောတရားကို နားလည် လာတယ်။ မမြဲမှုတွေက အစဉ်ထာဝရ တရစပ် ရပ်လို့မရအောင် နှိပ်စက်နေတယ်ဆိုတဲ့ ဒုက္ခသဘောတွေကိုလည်း နားလည်လာ တယ်။ အဲဒီ မမြဲတဲ့အရာကြီးကို မြဲအောင်လုပ်နိုင်စွမ်း ကိုယ့်မှာ မရှိဘူး။ ကိုယ့်ဆန္ဒအတိုင်း ဘာတစ်ခုမှ မဖြစ်ဘူးဆိုတဲ့ အနတ္တ သဘောတရားကိုလည်း နားလည်လာတယ်။

ထို့အတူပဲ ပရမတ္ထအားဖြင့် ရုပ်နဲ့နာမ်ကလွဲလို့ သိစရာ တခြားဘာမှမရှိဘူးဆိုတာ ရှင်းရှင်းလင်းလင်းကြီး မြင်လာတယ်။ အဲဒီရုပ်နာမ်တွေကလည်း ဆိုင်ရာအကြောင်းကြောင့်သာဖြစ်တာ။ အကြောင်းမဲ့ဖြစ်ကြတာ မဟုတ်ဘူး ဆိုတာကိုလည်း သိတယ်။

http://www.dhammadownload.com

ဖြစ်ပြီး ရပ်တည်နေတာ မဟုတ်ဘူး၊ မဖြစ်ခင် တစ်နေရာရာမှာ ရှိနေကြတာ မဟုတ်ဘူး၊ ဖြစ်ပြီး ပျက်သွားတဲ့ နောက်မှာလည်း တစ်နေရာမှာ စုပုံတည်ရှိနေတာ မရှိဘူးဆိုတာကိုလည်း ရှင်းရှင်းကြီး နားလည်သွားတယ်။ အဲဒီလို နားလည်သွားတာ ပညာနဲ့ နားလည်သွားခြင်း ဖြစ်တယ်။ **"အနိစ္စန္တိ ဝါ ဒုက္ခန္တိ ဝါ အနတ္တာတိ ဝါ သမ္မပ္ပညာယ ပဿတိ** မှန်ကန်တဲ့ ပညာ၊ ဝိပဿနာပညာနဲ့ ဒါတွေကို ရှုမြင်နိုင်တယ်။ ဒါကြောင့် ပညာဟာ **ဩဘာသနလက္ခဏာ** - အလင်းရောင်ပေးခြင်း သဘာဝ လက္ခဏာ ရှိတယ်။"

မိလိန္ဒမင်းကြီးက "အရှင်ဘုရား၊ နောက်ထပ် ဥပမာပေးပါဦး၊ ပိုပြီးတော့ ထင်ရှားအောင် ဥပမာနဲ့ ပြောပါဦး"တဲ့။

ရှင်နာဂသေန က ရှင်းပြတယ်၊ **"ယထာ မဟာရာဇ ပုရိသော အန္ဓကာရေ ဂေဟေ ပဒီပံ ပဝေသေယျ**- အိမ်တစ်အိမ်မှာ ပြတင်းပေါက်တွေကလည်း အကုန်လုံး ပိတ်ထားတယ်။ မှောင်နေတယ်။ သို့သော် မီးထွန်းလိုက်တဲ့အခါမှာ အဲဒီထွန်းလိုက်တဲ့မီးသည် အခန်းထဲမှာရှိတဲ့ အမှောင်ဟူသမျှကို ဖျောက်တယ်။ အလင်းရောင်ကို ပေါ်ပေါက်စေတယ်။ **ဩဘာသံ ဇနေတိ** အလင်းကို ဖြစ်ပေါ်စေတယ်။ **အာလောကံ ဝိဒံသေတိ** မျက်စိနဲ့ ကြည့်လို့ရတဲ့ အနေအထားမျိုး ဖြစ်စေတယ်။ **ရူပါနိ ပါကဋာနိ ကရောတိ** အခန်းထဲမှာ ဘာတွေရှိတယ်ဆိုတာ ပေါ်လွင်ထင်ရှားစေတယ်။"

"အဲဒါလိုပဲ **ပညာ ဥပ္ပဇ္ဇမာနာ** စိတ်ထဲမှာ ပညာဖြစ်ပေါ်လာပြီဆိုရင် အဝိဇ္ဇာဆိုတဲ့အမှောင်ကို ရှင်းပစ်တယ်။ ဝိဇ္ဇာဆိုတဲ့

http://www.dhammadownload.com

အလင်းရောင်ကို ဖော်ဆောင်တယ်။ ဉာဏ်ဆိုတဲ့အလင်းရောင်ကို ဖြစ်ပေါ်စေပြီး သစ္စာလေးပါးကို ထင်ရှားပြတယ်"။

"**ကလ္လောသိ ဘန္တေနာဂသေန** အရှင်ဘုရား ဖြေတာ ရှင်းပါတယ်၊ သင့်လျော်ပါတယ်"လို့ မိလိန္ဒမင်းကြီးက လက်ခံသွားတယ်။

၁၆-ဓကကိစ္စ အဘိနိပ္ပါဒနပဉှာ

မေးခွန်း ၁၅-ပုဒ်အထိ မေးလို့ ဖြေလို့ ပြီးသွားတဲ့အခါ ၁၆-ခုမြောက် မေးခွန်းကို မိလိန္ဒမင်းကြီးက ဆက်မေးတယ်။

သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ၊ ဒီ သဘာဝတရားတွေဟာ တစ်ခုနဲ့တစ်ခု မတူကြဘူး။ **သဒ္ဓါ**က စိတ်ကိုကြည်လင်စေတယ်၊ ပြတ်သားစေတယ်။ ဆုံးဖြတ်စေတယ်။ **ဝီရိယ**က ထောက်ပံ့ကူညီပေးတယ်၊ တွန်းထားပေးတယ်။ **သတိ**က အမှတ်ရစေတယ်။ **သမာဓိ**က ဦးဆောင်မှုပေးတယ်၊ စုစည်းပေးတယ်။ **ပညာ**က အလင်းရောင်ကိုပေးတယ်။ သဘာဝတရားတွေဟာ တစ်ခုနဲ့တစ်ခု ဆောင်ရွက်မှုကိစ္စချင်း တူညီမှု မရှိကြဘူး။

လူတွေရဲ့ ခေါင်းပိုင်းကိုကြည့်လိုက်၊ ခေါင်းပိုင်းမှာ မတူတဲ့ အင်္ဂါရုပ်တွေ စုထားတာ တွေ့ရလိမ့်မယ်။ မျက်စိက မြင်မှုကို ဆောင်ရွက်တယ်၊ နားက အသံကြားခြင်းကိစ္စကိုဆောင်ရွက်တယ်။ နှာခေါင်းက အနံ့ကိစ္စ၊ နမ်းမှုကိစ္စ။ လျှာက အရသာကိစ္စ။ ခန္ဓာကိုယ်က ထိတွေ့မှုကိစ္စ ဆောင်ရွက်တယ်။ အဲတော့ မျက်စိ၊ နား၊ နှာ၊ ကာယ ဆိုတဲ့ ကိုယ်အင်္ဂါတွေ ခေါင်းပိုင်းမှာ ရှိကြတယ်။ တစ်ခုနဲ့တစ်ခု ဆောင်ရွက်မှု မတူကြဘူး။

http://www.dhammadownload.com

အဲဒါလိုပဲ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာဆိုတဲ့ ဒီသဘောတရားတွေနဲ့ ပတ်သက်ပြီး မိလိန္ဒမင်းကြီးက မေးပြန်တယ်။

"ဘန္တေ နာဂသေန ဣမေ ဓမ္မာ နာနာ သန္တာ- သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာဆိုတဲ့ ဒီကုသိုလ်တရားတွေဟာ တစ်ခုနဲ့တစ်ခု မတူကြတာဖြစ်လျက်၊ **ဧကံ အတ္ထံ အဘိနိပ္ပါဒေန္တိ** အကျိုးကိစ္စကျတော့ တစ်ခုတည်းကို ဖြစ်စေနိုင်ကြတယ် မဟုတ်လား"တဲ့။

အားလုံးဟာ တစ်ခုနဲ့တစ်ခု သဘာဝချင်း မတူသော်လည်းပဲ တူညီသော အကျိုးတစ်ခုကိုတော့ ပြီးစေနိုင်ကြတယ် မဟုတ်လား။

ရှင်နာဂသေနက ဖြေတယ်၊ **"အာမ, မဟာရာဇ**- ဟုတ်တာပေါ့။ **ဧကံ အတ္ထံ အဘိနိပ္ပါဒေန္တိ**- အကျိုးကိစ္စ တစ်ခုတည်းကို ပြီးစေကြတယ်။ ဘယ်ကိစ္စတုန်းဆိုရင် **ကိလေသာကို ဖယ်ရှားခြင်းကိစ္စ** ဖြစ်တယ်။

ကမ္မဋ္ဌာန်းတရား အားထုတ်တဲ့အခါ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ပေါင်းပြီး အလုပ်လုပ်ကြတယ်၊ မဂ္ဂင်ရှစ်ပါးနဲ့ ပြောမယ်ဆိုရင် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိဆိုတဲ့ မဂ္ဂင်ငါးမျိုး စုပေါင်း အလုပ်လုပ်ကြတယ်။ ရလဒ်က ဘာတုန်းဆိုရင် ကိလေသာကို ဖယ်ရှားခြင်းပဲ။ တွယ်တာမှုကို ဖယ်ရှားတယ်၊ မုန်းတီးမှုကို ဖယ်ရှားတယ်၊ မသိမှုတွေကို ဖယ်ရှားတယ်။ ဖယ်ရှားခြင်းဆိုတဲ့ အကျိုးတစ်ခုတည်းကိုပဲ ဖြစ်ပေါ်စေကြတယ်။

http://www.dhammadownload.com

အဲဒီမှာ မိလိန္ဒမင်းကြီးက "**ကထံ ဘန္တေ ဣမေ ဓမ္မာ နာနာ, ဧကံ အတ္ထံ အဘိနိပ္ပါဒေန္တိ၊ ကိလေသေ ဟနန္တိ**- ဒီသဘာဝတရားတွေဟာ မတူညီတဲ့ကိစ္စတွေ ရှိကြသော်လည်း ကိလေသာကို ဖယ်ရှားခြင်းဆိုတဲ့ အကျိုးတစ်ခုတည်းကို ဘယ်ပုံ ပြီးစေတာတုန်း၊ ဥပမာနဲ့ ရှင်းပါဦး"လို့ လျှောက်တယ်။

ရှင်နာဂသေနက ရှင်းပြတယ်။ "**ယထာ မဟာရာဇ သေနာ နာနာ သန္တာ**- စစ်တပ်ဆိုတာ ဆင်တပ်ပဲဖြစ်စေ၊ မြင်းတပ်ပဲဖြစ်စေ၊ ရထားတပ်ပဲဖြစ်စေ၊ ခြေလျင်တပ်ပဲဖြစ်စေ၊ (ကနေ့ခေတ် အမြောက်တပ်ပဲဖြစ်စေ၊ သံချပ်ကာတပ်ပဲဖြစ်စေ၊ ရိုင်ဖယ်တပ်ပဲဖြစ်စေပေါ့နော်။ ကနေ့ခေတ် ဖွဲ့စည်းပုံနဲ့ ဘယ်လို တပ်မျိုးပဲဖြစ်စေ၊ ရေတပ်ပဲဖြစ်ဖြစ်၊ ကြည်းတပ်ပဲဖြစ်ဖြစ်၊ လေတပ် ပဲဖြစ်ဖြစ်) အဲဒီ စစ်တပ်တွေဟာ အကျိုးတစ်မျိုးတည်းကိုပဲ ဖြစ်ပေါ်စေတယ်။ ဘာတုန်းဆိုရင် စစ်ပွဲမှာ ရန်သူကို အနိုင်ရခြင်း ပဲ"တဲ့။

"အဲဒါလိုပဲ မင်းကြီး၊ ဒီတရားတွေဟာ သဘာဝအားဖြင့် မတူညီကြသော်လည်းပဲ ကိလေသာကို ဖယ်ရှားခြင်းကိစ္စ အကျိုး တစ်ခုကို ဖြစ်စေကြတယ်။"

မိလိန္ဒမင်းကြီးက "**ကလ္လောသိ ဘန္တေ** အရှင်ဘုရား ဖြေတာ သင့်တော်ပါတယ်။ ကျေနပ်ပါတယ်"လို့ လက်ခံတယ်။

အားလုံး မေးခွန်းပေါင်း ၁၆-ခု ရှိပြီ၊ တစ်ခုနဲ့တစ်ခု ချိတ် ဆက်ပြီး မေးသွားတာ။ အဲဒီ ၁၆-ခုထဲမှာ မိလိန္ဒမင်းကြီး မေးတာကတော့ ၁၅-ခု၊ အနန္တကာယဆိုတဲ့ အမတ်ကြီးမေးတာ က ၁-ခုပါတယ်။ အားလုံးပေါင်းတော့ မေးခွန်းပေါင်း ၁၆-ခုကို မေးလို့ ပြီးသွားပြီ။

http://www.dhammadownload.com

၁၇-ဓမ္မသန္တတိပဉှာ

အေး- နောက် ၁၇-ခုမြောက် မေးခွန်းကို မေးတယ်။ ကိလေသာမကင်းသေးလို့ ပြန်မွေးတယ်ဆိုတဲ့ ပုဂ္ဂိုလ်နဲ့ပတ်သက်တဲ့ မေးခွန်းဖြစ်တယ်၊ အဲဒီ မေးခွန်းကို **ဓမ္မသန္တတိ** မေးခွန်းလို့ ခေါ်တယ်။ ဓမ္မဖြစ်စဉ် သဘာဝဖြစ်စဉ် တစ်ခုနဲ့ ပတ်သက်ပြီး မေးတယ်။

ဘဝဆိုတာ on line လို့ ပြောလို့ရတယ်နော်။ သတ္တဝါတစ်ဦးမှာ သူ့လိုင်းနဲ့သူ သွားနေတာ။ မရောထွေးဘူး။ အဲဒီမှာ သတ္တဝါရဲ့ ဖြစ်စဉ်တစ်ခုနဲ့ ပတ်သက်ပြီး မေးခြင်းဖြစ်တယ်။

"ဘန္တေ နာဂသေန ယော ဥပပဇ္ဇတိ၊ သော စဝ သော ဥဒါဟု **အညော**- လူတစ်ယောက်သေပြီး မွေးလာလို့ရှိရင် အဲဒီ မွေးလာတဲ့လူဟာ ဟိုသေသွားတဲ့လူလား၊ သို့မဟုတ် နောက်တစ်ယောက်လား"။

ရှင်နာဂသေနက တိုတိုပဲ ဖြေလိုက်တယ်။ **"န စ သော၊ န စ အညော**- ဒီလူလည်း မဟုတ်ဘူး၊ တစ်ခြားလူလည်း မဟုတ်ဘူး။"

Double Negative နဲ့ဖြေတာ၊ Neither he nor others ပေါ့။ Neither the same nor different person. သူလည်း မဟုတ်ဘူး၊ တစ်ခြားလူလည်း မဟုတ်ဘူး။

"ဩပမ္မံ ကရောဟိ- အရှင်ဘုရား ဥပမာနဲ့ ရှင်းပြပါဦး"။

ရှင်နာဂသေနက **"တံ ကိံ မညသိ မဟာရာဇ**- အရှင်မင်းကြီး ဘယ်လိုအောက်မေ့သလဲ၊ အရှင်မင်းကြီး ထင်တဲ့အတိုင်း ဖြေကြည့်ပါ။

http://www.dhammadownload.com

"ယဒါ တွံ ဒဟရော၊ သော ယေဝ တွံ ဧတရဟိ မဟန္တော- ငယ်ငယ်လေးတုန်းက အရှင်မင်းကြီးဟာ အခုက အသက်အရွယ်ရတဲ့ မိလိန္ဒမင်းကြီးလား"။

ငယ်ငယ်လေးတုန်းက မိလိန္ဒမင်းကြီးပဲလား၊ ငယ်ငယ်လေးတုန်းက မိလိန္ဒမင်းကြီး ဆိုလို့ရှိရင်လေ သူက ကလေးပေါက်စအရွယ်၊ အခုအချိန် မိလိန္ဒမင်းကြီးက ကလေးပေါက်အရွယ် မဟုတ်တော့ဘူး။ နှုတ်ခမ်းမွေးကြီးနဲ့ မုတ်ဆိတ်မွေးကြီးနဲ့၊ ငယ်ငယ်လေးတုန်းက မုတ်ဆိတ်မွေး မပါသေးဘူး။ အဲတော့ ငယ်ငယ်လေးတုန်းက, ကလေးပေါက်စလေးတုန်းက ဒီ မိလိန္ဒမင်းကြီးလားတဲ့။

ဘုရင်ကြီးက အရိုးခံအတိုင်းပဲ ဖြေလိုက်တယ်။ **"နဟိ ဘန္တေ**- မဟုတ်ပါဘူး။ **အညော သော ဒဟရော၊ အညော အဟံ ဧတရဟိ မဟန္တော**- ငယ်ငယ်လေးတုန်းကဟာက တစ်ခြား၊ အခု မိလိန္ဒမင်းကြီးဖြစ်နေတာက တစ်ခြားပါ"။

တူတယ်လို့ ပြောလို့မှ မရတာကိုး။ တူတယ်လို့ ပြောလိုက်လို့ရှိရင်လည်း အေး မိလိန္ဒပေါက်စတုန်းက နှုတ်ခမ်းမွေး မပါဘူး၊ အခု နှုတ်ခမ်းမွေးကားကြီးနဲ့ ဖြစ်နေတယ်။ ဘယ်လိုလုပ် တူမှာတုန်း။ မိလိန္ဒပေါက်စက ငယ်ငယ်လေးလေ။ အခု မိလိန္ဒမင်းကြီးက ထွားထွားကြိုင်းကြိုင်းကြီး။ ဘယ်လိုလုပ် တူမှာတုန်း။ အဲဒီတော့ မိလိန္ဒမင်းကြီးက **အညော သော ဒဟရော**- ငယ်ငယ်လေးက တစ်ခြားလူ၊ အခု ကြီးလာတော့ တစ်ခြားလူပဲ ဖြစ်တယ်လို့ ဖြေလိုက်တယ်။

ရှင်နာဂသေနက မိလိန္ဒမင်းကြီးရဲ့ ဖြေဆိုချက်ကို စောဒက တက်လိုက်တယ်။

http://www.dhammadownload.com

"ဧဝံ သန္တေ မဟာရာဇ- အရှင်မင်းကြီး၊ **ဒီလိုဆိုရင် မာတာတိ ပိ န ဘဝိဿတိ-** မိလိန္ဒမှာ အမေဆိုတာလည်း မရှိနိုင်ဘူး၊ **ပိတာတိ ပိ န ဘဝိဿတိ-** အဖေဆိုတာလည်း မရှိနိုင်ဘူး၊ **အာစရိယောတိ ပိ န ဘဝိဿတိ-** ဆရာဆိုတာလည်း မရှိနိုင်ဘူး။ **သိပ္ပဝါတိ ပိ-** မိလိန္ဒမင်းဟာ အတတ်ပညာရှင် ဆိုတာလည်း မဖြစ်နိုင်ဘူး၊ **သီလဝါတိ ပိ-** ကိုယ်ကျင့်သီလကောင်းသူဆိုတာလည်းမဖြစ်နိုင်ဘူး၊ **ပညဝါတိ ပိ နဘဝိဿတိ-** ပညာရှိဆိုတာလည်း မဖြစ်နိုင်ဘူး။

အရှင်မင်းကြီး စဉ်းစားကြည့်။ အရှင်မင်းကြီးရဲ့ ဘဝဟာ အဆင့်ဆင့် ပြောင်းလဲလာတာ ဖြစ်တယ်။

ဒီနေရာမှာ ရှင်နာဂသေနက Embryologyနဲ့ ပတ်သက်ပြီး Embryology ဆိုတာ အခုခေတ်မှ ပေါ်လာတာ မဟုတ်ဘူး။ မြတ်စွာဘုရား ဟောခဲ့တာရှိတယ်၊ လူရဲ့ခန္ဓာကိုယ်ဆိုတာ ဘယ်ကစပြီး ဘယ်လို ဖွံ့ဖြိုးတိုးတက်လာတယ် ဆိုတာ လေ့လာတဲ့ ပညာရပ်ကို Embryology လို့ ခေါ်တယ်ပေါ့။

မိခင်ရဲ့ ဝမ်းထဲမှာ ကလလရေကြည်လေးက စတယ်။ အင်မတန်သေးငယ်တဲ့ အစက်အပြောက်လေးကို ကလလရေကြည်လို့ ခေါ်တယ်။ ovum နဲ့ sperm ဆိုတာ soil ပဲ။ မိုးစေ့က **ကလလ** သတ္တဝါဖြစ်တယ်။

ကနေ့ခေတ် ဆေးပညာမှာ ကလလအဆင်း အသက်ရှိတယ်လို့ မယူဆဘူး။ မြတ်စွာဘုရားရဲ့ တရားတော်အရ အဲဒီအချိန်ကစပြီး အသက်ရှိနေပြီ။ အသက်ရှိလို့ ကြီးထွားလို့ရတာ။ ဒါကြောင့်မို့ အဲဒီအဆင့်မှာ ကိုယ်ဝန်ကျဆေး ပေးတာကအစ

http://www.dhammadownload.com

ရဟန်းမှာ ပါရာဇိကကျတယ်၊ လူသတ်မှုမြောက်တယ်။ "**မနုဿ-ဝိဂ္ဂဟ လူသား**"လို့ သတ်မှတ်တာဟာ ဘဝသစ်မှာ ပထမဆုံး ပေါ်လာတဲ့ ဝိညာဏ်စိတ်ကစပြီး သတ်မှတ်တာ ဖြစ်တယ်။

အဲဒါနဲ့ ပတ်သက်ပြီး ကြက်ဥပြဿနာကို ကြည့်ရမယ်။ ကြက်ဥဆိုတာ soil ပဲလေ၊ အဲဒီ soil ထဲမှာ သန္ဓေသား ပါလာတယ်။ မပါဘူးဆိုရင် ကြက်ဥက ပုပ်သွားမှာပဲ။ ကြီးထွားလာဖို့ မဖြစ်နိုင်ဘူး။ ကံတရားကြောင့် ကြက်ဥထဲမှာ သန္ဓေသား ဖြစ်တယ်။ ဒီကြက်ဥဟာ တဖြည်းဖြည်းပြောင်းလာတာ ဖြစ်တယ်။

ကြက်ဥက သက်သက်လွတ်လားလို့ မေးစရာ ရှိတယ်။ တစ်ချို့ကျတော့ လေဥလို့ ပြောကြတယ်။ ကြက်ဥထဲမှာ သန္ဓေ ရှိတာတော့ သေချာတယ်။ အဲဒီထဲမယ် သန္ဓေရှိမှန်း သိရက်နဲ့ ဖျက်ဆီးရင်တော့ အကုသိုလ်ဖြစ်မှာပဲ။

လူလည်းပဲ ကလလရေကြည်အဆင့်မှစပြီး လူလို့ သတ်မှတ်တယ်။ ကလလ စသည်နဲ့ ပတ်သက်ပြီး-

'ပထမံ ကလလံ ဟောတိ၊
ကလလာ ဟောတိ အဗ္ဗုဒံ၊
အဗ္ဗုဒါ ဇာယတေ ပေသိ၊
ပေသိ နိဗ္ဗတ္တတိ ဃနော၊
ဃနာ ပသာခါ ဇာယန္တိ၊
ကေသာ, လောမာ, နခါ ပိစ' လို့

မြတ်စွာဘုရား ဟောတော်မူတယ်။

လူသားတစ်ယောက်ဟာ ဘယ်လို ဖွံ့ဖြိုးတိုးတက်လာတယ်၊ ရုပ်ခန္ဓာကြီးဟာ ဘယ်လိုကြီးထွားလာတယ်ဆိုတာနဲ့ ပတ်သက်ပြီး ဟောပြတာ ဖြစ်တယ်။

http://www.dhammadownload.com

အဲဒီတော့ ပထမရက်တစ်ပါတ်မှာ ကလလဆိုတဲ့ ရေပေါက် ရက်သတ္တတစ်ပတ်ကြာတဲ့အခါ အမြုပ် (အပ္ပုဒ) ဖြစ်လာတယ်။ အဲဒီအမြုပ်က တစ်ပတ်ကြာတဲ့အခါ အနှစ် (ပေသီ) ဖြစ်လာတယ်။ အဲဒီအနှစ်က နောက်တစ်ပတ်ကြာတဲ့အခါမှာ အတုံးအခဲ (ဃန) ဖြစ်လာတယ်။ အဲဒီအတုံးအခဲက နောက် တစ်ပတ်ကြာတဲ့အခါမှာ ခက်မငါးဖြာ (ပသာခါ) ပေါ်လာတယ်။

အဲဒီ ခက်မငါးဖြာ တစ်ခုက ခေါင်း၊ နှစ်ခုက လက်နှစ်ဖက်၊ နောက်နှစ်ခုက ခြေနှစ်ဖက် အရာပေါ်လာတယ်။ နောက် ရက်ပတ်တွေမှာ ဆံပင်တို့ ပေါ်လာတယ်၊ ခြေသည်း လက်သည်း ပေါ်လာတယ်။

မိလိန္ဒမင်းကြီးကို ရှင်နာဂသေနက မေးတယ်။

"ကိန္နုခေါ် မဟာရာဇ အညာ ဧဝံ ကလလဿ မာတာ -ကလလရေကြည်လေးရဲ့အမေက အခြားတစ်ဦးလား။ အမြုပ်ရဲ့အမေက အခြားတစ်ဦးလား၊ အနှစ်ရဲ့အမေက အခြားတစ်ဦးလား။ ဃန ဆိုတဲ့ အလုံးအခဲရဲ့အမေက အခြားတစ်ဦးလား။ ကလေးငယ်လေးရဲ့ အမေက အခြားတစ်ဦးလား၊ အသက်ကြီးသွားတဲ့နောက် အမေက အခြားတစ်ဦးလား။

ကျောင်းတက်တဲ့အချိန် ကျောင်းတက်တဲ့သူက အခြားတစ်ဦးလား၊ ပညာတတ်ကြီးဖြစ်သွားတဲ့အခါ အခြားတစ်ဦးလား။ မကောင်းမှု အကုသိုလ်တွေလုပ် အရက်တွေသောက်၊ ဖဲတွေရိုက် မဟုတ်တာ အကုန်လိုက်လုပ်နေတဲ့သူက အခြားတစ်ဦးလား။ ရာဇဝတ်မှုတွေ ကျူးလွန်ပြီး အဖမ်းခံထောင်ကျရတယ်။ ရာဇဝတ်မှု လုပ်သူက အခြားတစ်ဦးလား၊ ထောင်ကျခံရသူက အခြားတစ်ဦးလား"။

http://www.dhammadownload.com

အဲဒီလိုမေးလိုက်တဲ့အခါ မိလိန္ဒမင်းကြီးက "**နဟိ ဘန္တေ-** မဟုတ်ဘူး ကိုယ်တော်"တဲ့။

"**တွံ ပန ဘန္တေ ဧဝံဝုတ္တေ ကိံ ဝဒေယျာသိ-** အရှင်ဘုရားကို မေးရင်ကော ဘယ်လိုဖြေမလဲ"တဲ့။

ရှင်နာဂသေနက "ဒီလိုဖြေမယ်"လို့ ဆိုပြီး ရှင်းပြတယ်။ "**အဟညေဝ မဟာရာဇ ဒဟရော အဟောသိံ-** မိမိသည်ပင် ငယ်ရွယ်သူ ဖြစ်ခဲ့တယ်။ **အဟညေဝ တေရသိ မဟန္တော-** မိမိသည်ပင် အခု အသက်အရွယ်ကြီးသူ ဖြစ်လာတယ်။ **ဣမမေဝ ကာယံ နိဿာယ, သဗ္ဗေ တေ ဧကသင်္ဂဟိတာ-** အားလုံးဟာ ဒီကာယကိုအမှီပြုပြီး ဖြစ်နေတာတွေချည်းပဲ"။

ထိုအခါ မိလိန္ဒမင်းက "အရှင်ဘုရား ဥပမာပေးပြီးတော့ ရှင်းပါဦး"တဲ့၊

ရှင်နာဂသေနက "**ယထာ မဟာရာဇ ကောစိဒေဝ ပုရိသော ပဒီပံ ပဒီပေယျ-** မင်းကြီး လူတစ်ယောက်ဟာ ဆီမီးခွက်တစ်ခွက် ထွန်းတယ်။ အဲဒီထွန်းထားတဲ့ ဆီမီးခွက်ဟာ တစ်ညလုံးလင်းတယ် မဟုတ်လား"တဲ့။

မိလိန္ဒမင်းကြီးက "**အာမ သဗ္ဗရတ္တိံ ပဒီပေယျ-** မှန်ပါတယ်၊ တစ်ညလုံး လင်းနိုင်ပါတယ်"တဲ့။

အဲဒါဆိုလို့ရှိရင် "**ကိန္နု ခေါ မဟာရာဇ ယာ ပုရိမေ ယာမေ အစ္စိ-** ပထမယာမ်က မီးလျှံသည် မဇ္ဈိမယာမ်က မီးလျှံ ဖြစ်သလား။ မဇ္ဈိမယာမ်က မီးလျှံသည် ပစ္ဆိမယာမ်က မီးလျှံ ဖြစ်သလား။"

မိလိန္ဒမင်းကြီးကဖြေတယ်။ "မဟုတ်ပါဘူး၊ ပထမယာမ်က မီးတောက်က ကုန်သွားပြီ။ ဒုတိယယာမ် မီးတောက်က တစ်ခြား၊

http://www.dhammadownload.com

တတိယယာမ် မီးတောက်က တစ်ခြား။ သို့သော် ဆက်လင်းနေတာ။ **တံ ယေဝ နိဿာယ သတ္ထုရတ္တိ ပဒီပိတော-** အဲဒီဆီနဲ့ မီးစာကို အမှီပြုပြီး ဒီမီးတောက်က တစ်ညလုံး ရှိနေတာ"တဲ့။

မီးတောက်ကလေးဟာ တစ်ခုတည်းမဟုတ်ဘူး။ ပထမဆုံး ထွန်းလိုက်တဲ့ မီးတောက်က ပထမမီးစာ ပထမဆီနဲ့ ကုန်သွားပြီ။ မီးလောင်နေလို့ရှိရင် ဆီကလည်း ခန်းနေတာပဲလေ။ မီးစာကလည်း ကုန်တယ်၊ ဒုတိယမီးတောက်က ဒုတိယမီးစာနဲ့ တတိယမီးတောက်က တတိယမီးစာနဲ့ ကုန်သွားပြီး တစ်ညလုံးခံတယ် ဆိုတာ တစ်ဆက်တည်းဖြစ်နေလို့ မီးစာကလည်း တိုသွားတယ်။ ဆီကလည်း လျော့သွားတယ်လေ။ အဲဒါကြောင့် ပထမယာမ်က မီးလျှံသည် ဒုတိယယာမ်က မီးလျှံမဟုတ်ဘူး၊ သို့သော် ဒီတစ်ခုတည်းကို အမှီပြုပြီး တစ်ညလုံးလင်းနေတယ်လို့ ပြောနိုင်ပါတယ်။

အဲဒီ ဥပမာအတိုင်းပဲ သဘာဝတရားဟာ တစ်ခုနဲ့တစ်ခု ဆက်စပ်နေတာ။ ဆက်စပ်နေတာကို သဘောပေါက်ဖို့လိုတယ်။ အားလုံးဟာ နောက်ဆုံးမှာ ပေါင်းစပ်သွားတယ်။ ဆက်စပ်သွားမှုဟာ တစ်ခုနဲ့တစ်ခု အပြောင်းအလဲ ရှိသော်လည်း စပ်မိသွားတယ်။

"အညော ဥပ္ပဇ္ဇတိ၊ အညော နိရုဇ္ဈတိ- တစ်ခုက ဖြစ်လာတယ်။ တစ်ခုက ချုပ်သွားတယ်။ **အပုဗ္ဗံ အစရိမံ ဝိယ သန္ဒဟတိ-** ရှေ့ကမီးတောက်ကလေးက ချုပ်သွားတော့ နောက်ထပ် မီးတောက်ကလေးက ပေါ်လာတယ်။ ဆက်မိသွားတယ်။ ဆက်မိသွားလို့ ရှေ့မကျသလို နောက်လည်း မကျဘူး၊ တပြိုင်နက် စပ်မိသွားတယ်လို့ ဆိုလိုတယ်။

http://www.dhammadownload.com

အခုတရားပွဲမှာ တရားဟောနေတာပဲ ကြည့်လေ။ စဟော တဲ့အချိန်ကနေစပြီး အခုတစ်နာရီနီးပါး ရှိနေပြီ၊ အသံမပြတ် ကြားနေရတယ်။ သို့သော် ပထမအစက အသံတွေ ရှိသေးလား ဆိုရင် မရှိတော့ဘူး။ နောက်အသံတွေ ဆက်ဆက်ပေါ်နေတာ။ ဒါပေမယ့် တရားပွဲ မပြီးသေးဘူး။ ကြားနေရသေးတယ်လို့ပဲ ပြောကြတယ်၊ အဲဒါလိုပဲ process တစ်ခု ဖြစ်သွားတယ်။ ရှေ့က ဟာ မရှိတော့ဘူး၊ နောက်က ဆက်ဖြစ်နေတယ်။ အဲဒီသဘောကို ဆိုလိုတယ်လို့ မှတ်ရမယ်။

အညော ဥပ္ပဇ္ဇတိ- တစ်ခု ဖြစ်လာတယ်။ **အညော နိရုဇ္ဈတိ**- တစ်ခုက ချုပ်သွားတယ်။ ရှေ့အသံတွေ ချုပ်သွားလို့ နောက်အသံပေါ်လာတယ်။ **အပုဗ္ဗံ အစရိမံ ဝိယ သန္ဒဟတိ**- ရှေ့နောက် အဆက်မပြတ် တစ်ခုနဲ့တစ်ခု ဆက်မိတယ်။

ဒါကြောင့် **န စ သော၊ န စ အညော** သူလည်း မဟုတ်ဘူး။ တစ်ခြားသူလည်း မဟုတ်ဘူး၊ သို့သော် ဆက်စပ်မှု ရှိနေတယ်။ **ပုရိမဝိညာဏေ ပစ္ဆိမဝိညာဏံ သင်္ဂဟံ ဂစ္ဆတိ**- ရှေ့စိတ် နောက်စိတ် ပေါင်းစပ်မိသွားတယ်။

မြစ်ရေများ စီးနေသလို ရှေ့ရှေ့က ချုပ်သွားသော်လည်း နောက်နောက်တွေက စဉ်ဆက်မပြတ် ပေါ်နေတယ်။ ရှေ့နောက် ဆက်စပ်မှုရှိနေတယ်။ On Line ဖြစ်နေတယ်ဆိုတဲ့ သဘောကို ပြောပြတာနော်။ သို့သော် တစ်ခုတည်းလားဆိုတော့ တစ်ခုတည်း မဟုတ်ဘူး။ တစ်ခုတည်းပမာ ဆက်စပ်နေတဲ့ ဖြစ်စဉ်ကြီးသာ ဖြစ်တယ်။

အဲဒီတော့ မိလိန္ဒမင်းကြီးက "**ဘိယ္ယော ဩပမ္မံ ကရောဟိ** အရှင်ဘုရား ဥပမာထပ်ပေးစမ်းပါဦး"။

http://www.dhammadownload.com

ရှင်နာဂသေနက "အရှင်မင်းကြီးတဲ့၊ နွားမတစ်ကောင်ကို နို့ညှစ်လိုက်လို့ရှိရင် နွားနို့ရတယ်။ အဲဒီနွားနို့ဟာ တစ်ရက် နှစ်ရက်ကြာရင် ဒိန်ချဉ် **'ဒမိ'** ဖြစ်လာတယ်။ အဲဒီ ဒိန်ချဉ်ကို ချက်လိုက်တဲ့အခါ **'ဆီဉ'** ဖြစ်လာတယ်။ ဆီဉကို ချက်လိုက်တဲ့ အခါ **ထောပတ်** ဖြစ်လာတယ်။

ပထမအစက နွားနို့၊ နွားနို့ကနေ ဒိန်ချဉ်၊ ဒိန်ချဉ်ကနေ ဆီဉ၊ ဆီဉရဲ့နောက် ထောပတ်၊ အဲဒီလို ပြောင်းလွဲသွားတယ်။

ဒါကို ကြည့်ပြီး "နွားနို့သည်ပင်လျှင် ဒိန်ချဉ်၊ ဒိန်ချဉ် သည်ပင်လျှင် ဆီဉ၊ ဆီဉသည်ပင်လျှင် ထောပတ်လို့ ပြောလို့ ရမလား။ အဲဒီလိုပြောရင် မှန်ကန်တယ်လို့ ပြောလို့ရမလား"တဲ့။

နွားနို့ကို ဒိန်ချဉ်လို့ ပြောလို့မရဘူး၊ နွားနို့က နွားနို့ပဲ။ သို့သော် နွားနို့က ပြောင်းသွားတဲ့အခါ ဒိန်ချဉ်ဖြစ်တယ်၊ တစ်ခါ ဒိန်ချဉ်ကို ဆီဉလို့ပြောလို့ရမလား။ ပြောလို့မရဘူး။ ဒိန်ချဉ်က ပြောင်းသွားမှာ ဆီဉဖြစ်တာကိုး။ ဆီဉက ပြောင်းသွားမှ ထောပတ်ဖြစ်တာကိုး။ အဲဒီလို တစ်ခုပြီးတစ်ခု ပြောင်းလွဲသွား တာ ဖြစ်တယ်။ အဲဒါကို "နွားနို့သည်ပင်လျှင် ဒိန်ချဉ်၊ ဒိန်ချဉ် သည်ပင်လျှင် ဆီဉ၊ ဆီဉသည်ပင်လျှင် ထောပတ်လို့ ပြောလို့ ရမလား။ "မရဘူး"။ မရရင် ဘယ်လိုပြောမလဲ။ **"တံ ယေဝ နိဿာယ သမ္မှုတံ**- နွားနို့ကို အမှီပြုပြီး ပြောင်းသွားတယ်လို့ပဲ ပြောရမယ်။ အဲဒီ ဥပမာအတိုင်းပါပဲတဲ့။ သဘာဝတရားရဲ့ ဖြစ်စဉ်ကြီးတစ်ခုဟာ ဆက်စပ်နေတယ်"။

လူတစ်ယောက် သေသွားတဲ့အခါ ဒီဘဝက အမှတ်အသား နောင်ဘဝ ပါသွားတာမျိုး ရှိတယ်။ အဲဒါကျ ဘယ်လိုပြောမလဲ၊

http://www.dhammadownload.com

တစ်ချို့ဆိုလို့ရှိရင် ဒီဘဝမှာ ကြိုးတုတ်ပြီး သတ်ခံရလို့ သေသွား၊ နောင်ဘဝမှာ ကြိုးတုတ်လျက် ပုံစံနဲ့ မွေးလာတယ်တဲ့။ ဒီဘဝက လက်ပြတ်ရင် ဟိုဘဝမှာလည်း လက်ပြတ်လျက် ပါလာတယ်။ အဲဒီကျတော့ ဘာနဲ့သက်သလဲ။

မသေခင်မှာ စိတ်စွဲလမ်းမှုတွေ ဖြစ်သွားတယ်။ "ငါ့လက် ပြတ်သွားပြီ၊ လက်မပါတော့ဘူး" လို့ သူ့စိတ်ထဲမှာ စွဲသွားတယ်။ အဲဒီစွဲလမ်းချက်ကြောင့် နောင်ဘဝမှာ လက်မပါဘဲ ဖြစ်သွား တယ်။

ကြိုးတုပ်လျက် သေသွားတဲ့ လူတစ်ယောက်ဟာလည်း ငါ့ကို ကြိုးတွေတုပ်ထားတယ်လို့ စွဲသွားတယ်။ အမှတ်အသား လုပ်လိုက်လို့ရှိရင်လည်း အဲဒီအမှတ်အသားပေါ် စွဲလမ်းသွား တယ်။ ဒီဘဝမသေခင် တစ်ခုခု စွဲလမ်းသွားလို့ရှိရင် ဟိုဘဝမှာ ဖြစ်တတ်တယ်။

နိုင်ငံခြားမှာ လူဖြူ ဇနီးမောင်နှံ နှစ်ယောက်အကြောင်း ကြားဖူးတယ်၊ အဲဒီမှာ အမျိုးသမီးရဲ့ အခန်းထဲမှာ လူမဲရုပ်ပုံ ပန်းချီကား ချိတ်ထားတယ်၊ ကိုယ်ဝန်ရပြီး မွေးလာတဲ့ကလေးက အဲဒီလို လူမဲရုပ်မျိုး ဖြစ်နေတယ်။ အကြောင်းက စိတ်စွဲလမ်းမှု ဖြစ်သွားလို့ပဲ။

ဒါကြောင့်မို့ သန္ဓေရှိတဲ့ အမျိုးသမီးတွေ အနီးအပါး ရုပ်လှလှလေးတွေ ထားရတယ်တဲ့။ အရုပ်ဆိုးကြီးသွားထားရင် အရုပ်ဆိုးတဲ့ကလေး မွေးလာတတ်တယ်တဲ့၊ စိတ်စွဲလမ်းမှုဆိုတာ ရှိတယ်။ ဒါ ဥပါဒါန်လို့ခေါ်တယ်။

ဘုန်းကြီးတို့ ဇာတိရွာမှာ အမျိုးသမီးတစ်ယောက် မွေးလိုက် တဲ့ ကလေး ၂-ယောက် ရှိတယ်။ နှစ်ယောက်လုံး တကယ့်ကို

http://www.dhammadownload.com

ဥရောပသားရုပ်၊ အသားက နီစပ်စပ်၊ မျက်လုံးက အပြာရောင်နဲ့ ဆံပင်ကလည်း နီကြောင်ကြောင်၊ ဗမာစစ်စစ်က မွေးတာဟာ ဥရောပရုပ် ဖြစ်နေတယ်။

ဘာကြောင့် အဲလိုဖြစ်ရသလဲလို့ အကြောင်းရှာလိုက်တဲ့ အခါမှာ မြန်မာပြည်ကို ပြင်သစ်ကဆရာဝန်ကြီးတွေ လာတယ်။ မြစ်ရိုးတစ်လျှောက် ကျေးရွာတွေကို မော်တော်ဘုတ်နဲ့သွားပြီး လူတွေကို ကာကွယ်ဆေး လိုက်ထိုးပေးတယ်။ အဲဒီအမျိုးသမီးက ဥရောပ ဖြူစပ်စပ်ကြီးတွေကို မကြည့်ရဲဘူး၊ ကြောက်တယ်။ Phobia ပေါ့နော်၊ ကြောက်စိတ်ဆိုတာ ထိန်းလို့မရဘူးလေ။ ကျေးရွာလူကြီးတွေက အတင်းဆွဲခေါ် ဆေးထိုးခိုင်း၊ အဲဒီကြောက်ရွံ့လွန်းအားကြီးတဲ့ စိတ်စွဲလန်းမှုကြောင့် မွေးလာတဲ့ ကလေး ၂-ယောက်လုံးဟာ ဥရောပရုပ်တွေဖြစ်နေတယ်။

လူတွေမှာ အတိတ်ဘဝက အမှတ်အသားတွေ၊ အတိတ်ဘဝက အခြေအနေတွေ ပြန်ပြီးပါလာတယ်ဆိုတာ ဥပါဒါန်နဲ့ ပတ်သက်တယ်လို့ ဒီလိုပဲ မှတ်သားရတယ်ပေါ့နော်။

နစသော၊ နစအညော- သူလည်း မဟုတ်ဘူး။ တစ်ခြားလူလည်း မဟုတ်ဘူး။ သို့သော် သူ့ကိုအမှီပြုပြီး နောက်တစ်ယောက်ဖြစ်တာ ဒီလိုဆိုရမှာပေါ့နော်။ သူ့ကို အမှီပြုဖြစ်သဖြင့် သူနဲ့ ဆက်စပ်နေတာဖြစ်တယ်။

ရှေ့ဘဝခန္ဓာတွေ အကြောင်းပြုပြီး နောက်ဘဝခန္ဓာ ဖြစ်တာ။ အဲဒီတော့ အကြောင်းအကျိုးအနေနဲ့ ဆက်နေတယ်။ ဆီမီးထွန်းထားတဲ့အခါမှာ ဆက်သွားသလို ဆက်စပ်နေသောကြောင့် ဘဝတစ်ခုကလုပ်တဲ့ ကုသိုလ်ကံရဲ့အကျိုးကို နောက်

http://www.dhammadownload.com

ဘဝမှာ ခံစားရတယ်။ ဒီဘဝမှာလုပ်တဲ့ အကုသိုလ်ကံရဲ့ အကျိုး ကိုလည်း နောက်ဘဝမှာ ခံစားရတယ်။

အဲဒီလို **ဓမ္မသန္တတိ** ဓမ္မဖြစ်စဉ် သဘာဝဖြစ်စဉ်ကြီး တစ်ခု ဟာ တစ်ခုနဲ့တစ်ခု ဆက်စပ်နေတယ်။ ဒီဘဝမှာလည်း ဆက်စပ်မှု ရှိတယ်၊ နောက်ဘဝ ရောက်သွားရင်လည်း ဆက်စပ်မှုရှိတယ်။ သုမေဓာဘဝက ဗျာဒိတ်ခံပြီး ပါရမီတွေ ဖြည့်လိုက်တဲ့အခါ သိဒ္ဓတ္ထမင်းသားဘဝမှာ ရင့်ကျက်လာတယ်။ ဆက်စပ်နေသော ကြောင့်သာ ဖြစ်တယ်လို့ မှတ်ရမယ်။

နိဂုံးချုပ်

တရားချစ်ခင် သူတော်စင်ပရိသတ်အပေါင်းတို့၊ "မိလိန္ဒ မင်းကြီးနဲ့ ရှင်နာဂသေနတို့ရဲ့ ပုဒ္ဓဝါဒရေးရာ အချေအတင် ပြောဆိုချက်များ" ဟာ ဘဝနဲ့ပတ်သက်ပြီး အသိဉာဏ် ဖြစ်စေနိုင် သောကြောင့် ကြီးမားသော အကျိုးကျေးဇူးကို ဖြစ်ပေါ်စေနိုင် တယ်။ ကိုယ်စီကိုယ်စီ မှတ်သားပြီး မိမိတို့သန္တာန်မှာ မှန်ကန်တဲ့ အသိဉာဏ်တွေ ဖြစ်အောင် ကြိုးစားအားထုတ်နိုင်ကြပါစေကုန် သတည်း။

သာဓု ... သာဓု ... သာဓု

Transcribed by-**Ma Thida Lwin**
Typed by- **Wai Wai Lwin**

http://www.dhammadownload.com

မိလိန္ဒပဉ္ဟာ

မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ ဗုဒ္ဓဝါဒရေးရာ အခေါ်အတင်ပြောဆိုချက်များ အပိုင်း(၇)

မှတ်တမ်း

သာသနာတော်နှစ် ၂၅၆၀-ပြည့်နှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၈-ခုနှစ်၊ နယုန်လဆန်း (၁၀)ရက်၊ ၁၅-၆-၂၀၁၆ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ဇမ္ဗူသီရိဓမ္မာန်တော်အတွင်း ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် သာသနာ့ပူဇာ မြတ်မင်္ဂလာ တရားအလျှောတော် အထူးမွမ်းသဘင်အခမ်းအနား၌ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားလမ်း၊ အမှတ်(၁၄)၊ နှစ်ဖက်သောမိဘများဖြစ်ကြသော ဦးမောင်ချို+ဒေါ်သီတာအောင်၊ ဦးထွန်းလှိုင်+ဒေါ်ခင်နှင်းဝါ တို့အား အမှူထား၍ မောင်ဖြိုးသူ + မသက်နှင်းလှိုင်တို့၏ အမတဒါန၊ မွေးဒါနအဖြစ်ဖြင့် ဟောကြားအပ်သော **"မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ ဗုဒ္ဓဝါဒရေးရာ အခေါ်အတင်ပြောဆိုချက်များ အပိုင်း(၇)"** အကြောင်း တရားဒေသနာတော်။

၁၈–ပဋိသန္ဓေမာနပဉ္ဟာ

မိလိန္ဒမင်းက ဘဝတစ်ခုမှာ ပြန်လည်မွေးဖွားခြင်းနဲ့စပ်ပြီး မေးခွန်းကိုမေးတယ်။

"ဘန္တေ နာဂသေန ယော နု ပဋိသန္ဓဟတိ၊ ဇာနာတိ သော နု ပဋိသန္ဓဟိဿာမီတိ- နောင်ဘဝမှာ ပြန်မမွေးဘူးဆိုရင် အဲဒီပုဂ္ဂိုလ်က ပြန်မမွေးတော့ဘူးဆိုတာ သိသလား"တဲ့၊

http://www.dhammadownload.com

ရှင်နာဂသေနက ဖြေတယ်။ **"အာမ, မဟာရာဇ-**မင်းကြီး၊ ပြန်မမွေးဘူးဆိုတာ သိပါတယ်။"

"ကထံ, ဘန္တေ ဇာနာတိ သူပြန်မမွေးဘူးဆိုတာ သူ ဘယ်လိုလုပ် သိသလဲ။"

ဒီမေးခွန်းကို ရှင်နာဂသေနက General Point နဲ့ ဖြေထား တယ်။ **"ယော ဟေတု ယော ပစ္စယော ပဋိသန္ဓဟနာယ၊ တဿ ဟေတုဿ တဿ ပစ္စယဿ ဥပရမာ ဇာနာတိ-** ပြန်လည်မွေးဖွားခြင်းကို ဖြစ်စေတတ်တဲ့အကြောင်း၊ ထောက်ပံ့ ကူညီတတ်တဲ့အကြောင်း၊ အဲဒီအကြောင်းနှစ်ခု ရပ်စဲချုပ်ငြိမ်းသွား တာကိုသိပြီး ပြန်မမွေးဘူးလို့ သိတာဖြစ်တယ်။"

အဲဒီအဖြေမှာ **"ယော ဟေတု ယော ပစ္စယော"** လို့ ဟေတုနဲ့ ပစ္စယ နှစ်ခုခွဲပြီး ဖြေထားတယ်။ လောကလူတွေဟာ ပြန်ပြီးတော့မွေးနေတာ ဘာ့ကြောင့်မွေးလဲဆိုရင် အကြောင်းရှိလို့ မွေးတယ်။ မွေးရခြင်းအကြောင်းက ဘာတွေတုန်းဆိုရင် ကံနဲ့ ကိလေသာ ဖြစ်တယ်။

ကံတရားကို **ဟေတု**၊ ကိလေသာကို **ပစ္စယ** လို့ မှတ်ပါ။ လောကမှာ အကြောင်း နှစ်မျိုးရှိတယ်။ (၁)**ဇနက** (producing cause) ဆိုတဲ့ ထုတ်လုပ်တဲ့အကြောင်းက တစ်ခု၊ (၂) **ဥပတ္ထမ္ဘက** (supporting cause) ဆိုတဲ့ ထောက်ပံ့ကူညီတဲ့ အကြောင်းက တစ်ခု။ အကြောင်းနှစ်မျိုးရှိတယ်။

ဆိုပါစို့၊ မျိုးစေ့လေးတစ်စေ့က အပင်ပေါက်လာတယ် ဆိုရင် အဲဒီအပင်ကို ထုတ်လုပ်တဲ့အကြောင်းက မျိုးစေ့၊ ကူညီ ထောက်ပံ့တဲ့ အကြောင်းက မြေနဲ့ရေ။ မြေနဲ့ရေကြောင့် မျိုးစေ့

http://www.dhammadownload.com

ဟာ အပင်ကိုထုတ်တယ်။ အဲဒီမှာ မျိုးစေ့ကို ဟေတု၊ မြေနဲ့ရေကို ပစ္စယ။ အကြောင်းနှစ်မျိုးခွဲပြီး ပြောလိုက်တာ။ ဟေတု နဲ့ ပစ္စယ လို့ ၂-မျိုး မှတ်ရမယ်။ (ဟေတုပစ္စယောနဲ့ မတူဘူး။ ဟေတု-ပစ္စယောလို့ ပြောတာက အဓိပ္ပါယ်တစ်မျိုး၊)

သုတ္တန်ပါဠိတော်တွေမှာ ဟေတုနဲ့ပစ္စယ နှစ်ခုတွဲဖက်ပြီး ပြောတဲ့အခါ "ဟေတုဆိုတာ ဇနက- ထုတ်လုပ်တဲ့အကြောင်း၊ ပစ္စယဆိုတာ ဥပတ္ထမ္ဘက အကူအညီအကြောင်း"လို့ အကြောင်း နှစ်ခုလို့ နားလည်ရမှာဖြစ်တယ်။

ဆိုပါစို့၊ မှောင်နေတဲ့အခန်းထဲ မီးထွန်းလိုက်တယ်၊ ထွန်းလိုက်တဲ့အခါ အဲဒီအခန်းထဲမှာ ရှိနေပါလျက် မှောင်နေတုန်းက မမြင်ရတဲ့ စားပွဲ၊ ကုလားထိုင် စတဲ့ ပရိဘောဂတွေ မြင်လိုက်တယ်။ အဲဒီ စားပွဲ၊ ကုလားထိုင်တွေကို အလင်းရောင်က ထုတ်လုပ်ပေးတာလားဆိုရင် မဟုတ်ဘူး။ နဂိုကတည်းက ရှိနေတာ။ သို့သော် အလင်းရောင်ရဲ့ အကူအညီကြောင့် စားပွဲ၊ ကုလားထိုင်ကို မြင်ရတယ်။ အဲဒီအကြောင်းမျိုးကို အကူအညီအကြောင်းလို့ ခေါ်တယ်။ ထုတ်လုပ်တဲ့အကြောင်း မဟုတ်ဘူး။ producing cause နဲ့ supporting cause ဒီအကြောင်းနှစ်ခုကို ကွဲကွဲပြားပြား နားလည်ရမယ်။

အခုဒီမှာလည်း ရှင်နာဂသေနကဖြေတယ်။ "**ယော ဟေတု ယော ပစ္စယော ပဋိသန္ဓဟနာယ**- ဘဝတစ်ခုမှာ ပြန်လည်မွေးဖွားဖို့ ဟေတုဆိုတဲ့ ထုတ်လုပ်တဲ့အကြောင်းနဲ့ ပစ္စယဆိုတဲ့ အကူအညီ အကြောင်း ၂-ခုရှိတယ်။"

ဟေတုဆိုတဲ့ ထုတ်လုပ်တဲ့ အကြောင်းရယ်၊ ပစ္စယဆိုတဲ့ အကူအညီအကြောင်းရယ် ဒီ ၂-ခု ပြတ်စဲသွားပြီဆိုရင် ပြန်မမွေး

http://www.dhammadownload.com

တော့ဘူး။ အဲဒီအကြောင်း မရှိတာကိုသိခြင်းသည် ပြန်လည် မမွေးဖွားတော့ဘူးလို့ သိနိုင်ခြင်းရဲ့အကြောင်းပဲ၊ ဒီလိုဖြေလိုက်တာ။

အဲဒီမှာ မိလိန္ဒမင်းကြီးက ရှင်းအောင် ထပ်မေးတယ်။ "ဩပမ္မံ ကရောဟိ- အရှင်ဘုရား၊ ဥပမာလေးနဲ့ ပြောပါဦး"။

ရှင်နာဂသေနက "**ယထာ မဟာရာဇ ကဿကော ဂဟပတိကော ကသိတွာ စ ဝပိတွာ စ ဓညာဂါရံ ပရိပူရေယျ**- လယ်သမားဟာ သူ့မြေကွက်မှာ စပါးစိုက်ဖို့ ထွန်ယက်တယ်၊ စိုက်ပျိုးတယ်။ အဲဒီလို ထွန်ယက်စိုက်ပျိုးပြီး ရလာတဲ့စပါးတွေနဲ့ စပါးဂိုဒေါင်ကြီးကို ဖြည့်တင်းတယ်။"

တစ်ခါကျတော့ "လယ်သမားဟာ လယ်ယာလုပ်ငန်းကို မလုပ်နိုင်တော့ဘူး။ ထွန်လည်း မထွန်တော့ဘူး၊ စပါးလည်း မစိုက်တော့ဘူး၊ သိမ်းထားတဲ့ စပါးတွေကို ရောင်းပစ်တယ်၊ ဂိုဒေါင်ကို မဖြည့်တော့ဘူး။ အဲဒီ လယ်သမားက "စပါးဂိုဒေါင်ကြီးကို ငါမဖြည့်တော့ဘူးဆိုတာ သိနိုင်သလား။"

မိလိန္ဒမင်းက "**အာမ ဘန္တေ ဇာနေယျာတိ**-အရှင်ဘုရား၊ သိနိုင်တာပေါ့။"

"**ကထံ ဇာနေယျ**- သူ ဘယ်လိုလုပ် သိတာတုန်း" လို့ **ရှင်နာဂသေနက** ထပ်မေးတဲ့အခါ "**ယော ဟေတု ယော ပစ္စယော ဓညာဂါရဿ ပရိပူရဏာယ**- စပါးဂိုဒေါင်ကြီး ထပ်ဖြည့်ဖို့ အကြောင်းတရားတွေ သူ့မလုပ်တော့ဘူး။ ထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ စပါးစုဆောင်းခြင်းဆိုတဲ့ ဒီအလုပ်တွေ သူမလုပ်တော့ဘူး၊ မလုပ်တော့ အဲဒီစပါးဂိုဒေါင်ကြီးကိုဖြည့်တင်းမှုဆိုတဲ့ အကြောင်းတရား ရပ်ဆိုင်းလိုက်တာကို သူသိတယ်။

http://www.dhammadownload.com

သိသောကြောင့် စပါးဂိုဒေါင်ကြီး စပါးမဖြည့်နိုင်တော့ဘူးဆိုတာ သိတယ်။"

ဆိုလိုတာက ဖြည့်စရာအကြောင်း မရှိတော့ဘူး။ ဖြည့်ဖို့ မလုပ်တော့ဘူး။ မလုပ်တော့သည့်အတွက်ကြောင့် စပါးဂိုဒေါင်ကြီး မပြည့်တော့ဘူးဆိုတာ သူသိတယ်။

"အဲဒီအတိုင်းပဲ နောင်ဘဝဖြစ်ဖို့ ကံဆိုတဲ့ ထုတ်လုပ်တဲ့ အကြောင်းတရား၊ ကိလေသာဆိုတဲ့ အကူအညီ အကြောင်းတရားတွေ ရပ်စဲသွားပြီ။ နောင်ဘဝ ပြန်လည် မွေးဖွားစေနိုင်တဲ့ အကြောင်းတရားတွေ ရပ်စဲသွားပြီဆိုတာကိုသိလို့ သူဟာ နောင်ဘဝ မမွေးတော့ဘူးဆိုတာ သိတာပါ"လို့ ဒီလို ဖြေလိုက်တယ်။

အဲဒီလို ဖြေလိုက်တဲ့အခါ မိလိန္ဒမင်းကြီးက "**ကလ္လောသိ ဘန္တေ နာဂသေန** အရှင်ဘုရားအဖြေက သင့်လျော်ပါတယ်။"

ဆိုလိုတာက အကြောင်းမရှိတော့ရင် အကျိုးဟာမလာဘူး။ 'မိုးရွာမလား၊ မုန်တိုင်းတိုက်မလား' ဆိုတာ ဒီကနေ့ခေတ်မှာ ပင်လယ်ထဲမှာ ဖြစ်ပေါ်နေတဲ့ ဥတုရာသီ အခြေအနေတွေကို ကြည့်ပြီးပြောနိုင်သလိုပဲ အခြေအနေတစ်ခုကိုကြည့်ပြီး 'ဖြစ်မယ် မဖြစ်ဘူး' ဆိုတာ ပြောလို့ရတယ်လို့ ဒီလိုဆိုတယ်။

အဲဒီလိုပဲ နောင်ဘဝမွေးဖွားဖို့ ဖြစ်စေတတ်တဲ့အကြောင်း, အကူအညီဖြစ်တဲ့ အကြောင်းတွေ ရှိနေသေးလို့ရှိရင် ပြန်မွေးဦးမှာပဲ။ မရှိတော့ဘူး၊ အကြောင်းတွေ လုံးဝ ကင်းစင်သွားပြီဆိုရင် ပြန်မမွေးတော့ဘူးဆိုတာ သိနိုင်တယ်။

ဒါက ၁၈-ခုမြောက်မေးခွန်းနဲ့ ပတ်သက်ပြီး ကိုယ်ပြန်လည် မမွေးဖွားသူက မမွေးဖွားဘူးလို့ သိနိုင်သလားဆိုတဲ့ မေးခွန်းကို ဖြေဆိုခြင်း ဖြစ်တယ်။

http://www.dhammadownload.com

၁၉-ဉာဏပညာပဉ္စာ

၁၉-ခုမြောက် မေးခွန်းကတော့ **ဉာဏပညာပဉ္စာ** မေးခွန်း ဖြစ်တယ်။ ဉာဏ နဲ့ ပညာ၊ ဒီဝေါဟာရ ၂-မျိုးကို မြန်မာပြည်မှာ ခွဲခြားပြောလေ့မရှိဘူး။ ဉာဏဆိုတာကို ဉာဏ်လို့ပြန်ပြီး ပညာကိုလည်း ပညာလို့ပဲ ပြန်လေ့ရှိကြတယ်။

မိလိန္ဒမင်းကြီးက ဉာဏအသိနဲ့ ပညာအသိ၊ ဒီနှစ်ခုကို ကွဲပြားခြားနားစွာသိဖို့ ဒီမေးခွန်းကို မေးတာဖြစ်တယ်။

"ဘန္တေ နာဂသေန၊ ယဿ ဉာဏံ ဥပ္ပန္နံ၊ တဿ ပညာ ဥပ္ပန္နာ- ဉာဏ်ဖြစ်တဲ့ပုဂ္ဂိုလ်မှာ ပညာဖြစ်သလား။"

မြန်မာစကားမှာ ဉာဏ်ပညာလို့တွဲပြီး သုံးနေကြတာဆိုတော့ ဉာဏ်ကလည်း အသိပဲ၊ ပညာကလည်း အသိပဲ။ ကွဲပြားခြားနားမှု မရှိသလို ဖြစ်နေတယ်။ သို့သော် ဒီမှာ ဉာဏနဲ့ ပညာကို ခွဲပြီး ပြောထားတယ်။ အင်္ဂလိပ်ဘာသာမှာ Knowledgeနဲ့ Wisdom ခွဲသုံးတယ်။ ဉာဏကို Knowledge လို့သုံးပြီး၊ ပညာကိုတော့ Wisdom လို့ သုံးတယ်။

အဲဒီတော့ မိလိန္ဒမင်းကြီးက ဉာဏ်ဖြစ်တဲ့ပုဂ္ဂိုလ်မှာ ပညာဖြစ်သလား၊ Knowledge ရှိတဲ့ပုဂ္ဂိုလ်မှာ Wisdom ဆိုတာ ဖြစ်သလားလို့ ဒီလိုမေးခွန်းမျိုးမေးတာ ဖြစ်တယ်။

ရှင်နာဂသေနက ဖြေတယ်။ **"အာမ မဟာရာဇ-မင်းကြီး** ဉာဏ်ဖြစ်တဲ့ပုဂ္ဂိုလ်မှာ ပညာဆိုတာ ဖြစ်တယ်။"

အဲဒီတော့ မိလိန္ဒမင်းကြီးက မေးခွန်းတစ်ခု ထပ်မေးတယ်။ **"ကိ ဘန္တေ ယညေဝ ဉာဏံ၊ သာယေဝ ပညာ-** အဲဒီဉာဏ် သည်ပင်လျှင် ပညာလား။"

http://www.dhammadownload.com

ဉာဏသည်ပင်လျှင် ပညာဖြစ်သလားလို့ ဆက်မေးပြန်တယ်။ ဉာဏ်ကိုပဲ ပညာလို့ ခေါ်တာလား၊ **ဉာဏ်**ဆိုတာ သင်ပေးလို့ သိလာတဲ့အသိ။ **ပ**ညာကျတော့ သိလာတဲ့အသိပေါ်မှာ အခြေခံပြီးတော့ နားလည်နိုင်စွမ်းရှိတဲ့ အရည်အချင်းလို့ ဒီလို ဆိုလို့ရတယ်။

ရှင်နာဂသေနက ဖြေတယ်။ **"အာမ မဟာရာဇ** မှန်တယ်။ ဉာဏသည်ပင်လျှင် ပညာပဲ။"

ဒါက တိုးတက်ဖြစ်ပေါ်လာမှုကို အကြောင်းပြုပြီးပြောတာလို့ ဆိုနိုင်တယ်။

မိလိန္ဒမင်းကြီး က ဆက်ပြီးမေးပြန်တယ်။ **"ယဿ ပန, ဘန္တေ တညေဝ ဉာဏံ၊ သာယေဝ ပညာ ဉပ္ပန္နာ**-အရှင်ဘုရား ပုဂ္ဂိုလ်တစ်ယောက်တည်းမှာ အဲဒီ ဉာဏ်သည်ပင်လျှင် ပညာအနေနဲ့ ဖြစ်တာလား၊ ဘယ်လိုလဲ အဲဒီပုဂ္ဂိုလ်မှာ တွေဝေမှုရှိသလား၊ သို့မဟုတ် တွေဝေမှု မရှိဘူးလား။"

ဉာဏ်သည်ပင်လျှင် ပညာဖြစ်မယ်ဆိုလို့ရှိရင် တွေဝေမှုဖြစ်သလား၊ တွေဝေမှုမဖြစ်ဘူးလားလို့မေးတဲ့အခါ **ရှင်နာဂသေန**ကဖြေတယ်။ **"ကတ္ထစိ မဟာရာဇ သမ္မုယ္ဟေယျ, ကတ္ထစိ နသမ္မုယ္ဟေယျ**-တစ်ချို့ကိစ္စမှာတော့ တွေဝေမှုဖြစ်တယ်၊ အချို့ကိစ္စမှာတော့ တွေဝေမှုမဖြစ်ဘူး။"

"ကဟိံ, ဘန္တေ သမ္မုယ္ဟေယျ- ဘယ်နေရာ ဘယ်ကိစ္စမျိုးမှာ တွေဝေတတ်သလဲ။"

လောကမှာ ဉာဏ်နဲ့ပညာ ဖြစ်လာပြီးတဲ့နောက် တွေဝေမှုရှိသလားဆိုတာကို မေးတာ။ ဘယ်နေရာမျိုးမှာ တွေဝေတတ်

http://www.dhammadownload.com

သလဲ၊ တွေဝေတယ်ဆိုတာ မဆုံးဖြတ်နိုင်တာကို ပြောတာ။ ဘယ်လိုနေရာမျိုးမှာ အသိဉာဏ်စူးရောက်မှု မဖြစ်သလဲ။

ရှင်နာဂသေနက ဖြေတယ်။ **"အညာတပုဗ္ဗေသု ဝါ, မဟာရာဇ, သိပ္ပဌာနေသု-** ဘယ်တုန်းကမှ မသင်ဘူးတဲ့ အတတ်ပညာမျိုးမှာ ဉာဏ်မဖြစ်ဘူး။"

Knowledge လည်းမဖြစ်ဘူး၊ Wisdomလည်းမဖြစ်ဘူးလို့ ဆိုလိုတယ်။ **အဂတပုဗ္ဗာယ ဝါ ဒိဿာယ** ဘယ်တုန်းကမှ မရောက်ဖူးတဲ့ နေရာမှာလည်း အတွေ့အကြုံ မရှိသည့်အတွက်ကြောင့် ဉာဏ်လည်းမဖြစ်ဘူး၊ ပညာလည်းမဖြစ်ဘူး၊ တွေဝေတတ်တယ်။ **အဿုတပုဗ္ဗာယ ဝါ နာမပညတ္တိယာ-** မကြားဖူးတဲ့စကားလုံး၊ မကြားဖူးတဲ့ အမည်နာမနဲ့ ပတ်သက်ပြီးတော့လည်း တွေဝေတတ်တယ်။

ကိုယ်သိပြီးစကားလုံးဆိုရင် ချက်ချင်းသိတယ်။ ကိုယ်မသိတဲ့ စကားလုံးဆိုရင် လူဟာ တွေဝေသွားတယ်။ မသိနိုင်ဘူးလို့ ဆိုလိုတယ်။

သူမှာ ဉာဏ်မရှိဘူးလို့တော့ပြောလို့မရဘူး။ ဉာဏ်ရှိတယ်၊ အဲဒီရှိတဲ့ဉာဏ်ဟာ မကြားဖူးတဲ့နေရာမှာဆိုရင် မသိဘူး၊ မြန်မာစကားသာတတ်ပြီး အင်္ဂလိပ်ဝေါဟာရ မသိတဲ့ပုဂ္ဂိုလ်တစ်ယောက်ရှေ့မှာ အင်္ဂလိပ်လိုပြောရင် ဘာပြောတာပါလိမ့်လို့ တွေဝေမှုဖြစ်နေမှာပဲ။ မကြားဖူးတဲ့ အကြောင်းအရာတစ်ခုကို ပြောရင်လည်း ဘာပြောတာပါလိမ့်လို့ တွေးပေလိမ့်မယ်၊ သို့သော် အဲဒီပုဂ္ဂိုလ်မှာ အသိဉာဏ်မရှိတာတော့ မဟုတ်ဘူး။ တွေဝေမှု ဖြစ်နိုင်တယ်။ သိပြီးသားအရာဖြစ်ရင် မတွေဝေတော့ဘူးလို့ ဒီလိုဆိုလိုတယ်။

http://www.dhammadownload.com

ဆိုလိုတာက တွေဝေတယ်ဆိုတာ ဘယ်လိုနေရာမှာ ဖြစ်တတ်တုန်းဆိုလို့ရှိရင် မသင်ဘူးတဲ့ အတတ်ပညာမျိုး၊ မရောက်ဖူးတဲ့ အရပ်ဒေသမျိုး၊ မကြားဖူးတဲ့စကား၊ မကြားဖူးတဲ့ အသုံးအနှုံးမျိုးမှာ တွေဝေတတ်တယ်။

မိလိန္ဒမင်းကြီး က ဆက်မေးတယ်။ **"ကုဟိ နု သမ္မုယ္ဟေယျ** -ဘယ်လိုနေရာမှာ မတွေဝေတုန်း။"

"ယံ ခေါ ပန မဟာရာဇ၊ တာယ ပညာယ ကတံ အနိစ္စန္တိဝါ ဒုက္ခန္တိဝါ အနတ္တာတိဝါ, တဟိ နု သမ္မုယ္ဟေယျ- ပညာဖြင့်သိထားပြီးဖြစ်တဲ့ မမြဲဘူးဆိုတဲ့သဘောတရား၊ ဆင်းရဲတယ်ဆိုတဲ့သဘောတရား, ကိုယ်မပိုင်ဘူးဆိုတဲ့ အနတ္တသဘောတရား, ဉာဏ်နဲ့သိထားပြီဆိုလို့ရှိရင် အဲဒီနေရာမှာတော့ တွေဝေမှုကင်းတယ်"လို့ ဒီလိုဖြေတယ်။

ဒီအဖြေကို ကြည့်လိုက်မယ်ဆိုရင် သင်ကြားမှုကို အခြေခံပြီးဖြစ်တဲ့ အသိကို ဉာဏ်။ အဲဒီအသိကို အခြေခံပြီး လက်တွေ့စမ်းသပ် experience နဲ့ သိတဲ့အသိက ပညာလို့ ဒီလိုခွဲခြားမှတ်ဖို့လိုတယ်။

"တွေဝေတယ်၊ မတွေဝေဘူး"နဲ့ စပ်ပြီး မိလိန္ဒမင်းကြီးက မေးပြန်တယ်။

"မောဟော ပနဿ ဘန္တေ, ကုဟိ ဂစ္ဆတိ-အဲဒီလို ဉာဏ်ဖြစ်လာပြီဆိုရင် တွေဝေတယ်ဆိုတဲ့ မောဟက ဘယ်ရောက်သွားသလဲ။"

မောဟဆိုတာ လုပ်သင့်တာနဲ့ မလုပ်သင့်တာ မသိဘူး၊ အမှားနဲ့အမှန် မသိနိုင်ဘူး၊ မသိရုံတင် မကဘူး။ အမှားကို အမှန်

http://www.dhammadownload.com

ထင်တယ်။ အမှန်ကို အမှားထင်တယ်။ မလုပ်သင့်တာကို လုပ်သင့် တယ်လို့ ထင်တယ်၊ လုပ်သင့်တာကျတော့ မလုပ်သင့်ဘူးထင်တယ်၊ ဒါကို တွေဝေတယ်လို့ခေါ်တယ်။ ပညာဖြစ်ပေါ်လာလို့ မတွေဝေ တော့ဘူးဆိုရင် အဲဒီ မောဟဟာ ဘယ်ရောက်သွားလဲ၊ ဒီလို မေးတာ။

ရှင်နာဂသေန က ဖြေတယ်။ **"မောဟော မဟာရာဇ ဉာဏေ ဥပ္ပန္နမတ္တေ တတ္ထေဝ နိရုဇ္ဈတိ**- အသိဉာဏ်ဖြစ်လာတဲ့ အချိန်မှာ မောဟသည် ဖြစ်တဲ့နေရာမှာပဲ ချုပ်သွားတယ်။"

အသိဉာဏ်ဝင်လာတာနဲ့ တစ်ပြိုင်နက် မသိတာ ပျောက်သွားတယ်။ တွေဝေမှုဆိုတဲ့ မောဟဟာ ဘယ်ကိုမှ ရောက်သွားတာ မဟုတ်ဘူး။ အဲဒီနေရာမှာဘဲ ပျောက်ကွယ်သွားတယ်၊ အဲဒီလိုဖြေတာ။

အဲဒီနေရာမှာပဲ ပျောက်ကွယ်သွားတယ်ဆိုတော့ **မိလိန္ဒ မင်းကြီး**က **"ဩပမ္မံ ကရောဟိ ဘန္တေ**- အရှင်ဘုရား၊ ဥပမာနဲ့ ရှင်းပြစမ်းပါဦး။"

ရှင်နာဂသေန က ဥပမာပေးတယ်။ "မင်းကြီး၊ မှောင်နေတဲ့ အိမ်ထဲမှာ မီးအလင်းတိုင်လေး ထွန်းလိုက်၊ အဲဒီထွန်းလိုက်တဲ့အခါ အခန်းထဲက အမှောင်တွေဟာ အခန်းထဲမှာပဲ ပျောက်ကွယ်သွားတယ်။ အဲဒီ ဥပမာအတိုင်းပဲ ဉာဏ်ပေါ်လာတာနဲ့ တစ်ပြိုင်နက် မောဟဟာ အဲဒီနေရာမှာပဲ ပျောက်သွားတယ်။"

အလင်းရောက်လာတာနဲ့ တစ်ပြိုင်နက် အမှောင်ဟာ ဒီနေရာမှာပဲ ချုပ်ပျောက်သွားတယ်။ အဲဒီအတိုင်းပါပဲ၊ ဉာဏ ဆိုတဲ့အသိ ဖြစ်ပေါ်လာတာနဲ့ တစ်ပြိုင်နက် မောဟသည် ဖြစ်တဲ့ နေရာမှာပဲ ချုပ်သွားတာ၊ ပျောက်ကွယ်သွားတာ ဖြစ်ပါတယ်။

http://www.dhammadownload.com

မိလိန္ဒမင်းက ဆက်မေးပြန်တယ်။ **"ပညာ ပန ဘန္တေ ကုဟိ ဂစ္ဆတိ- အဲဒါဆိုလို့ရှိရင် ပညာက ဘယ်ရောက်သွားလဲ။"**

ရှင်နာဂသေနက ဖြေတယ်။ **"သကိစ္စယံ ကတွာ တတ္ထေဝ နိရုဇ္ဈတိ-** ပညာက သူ့အလုပ်လုပ်ပြီး အဲဒီနေရာမှာပဲ ချုပ်သွားတယ်။"

အလုပ်တစ်ခု လုပ်ပြီးတဲ့နေရာမှာ ပညာဟာလည်း အနိစ္စ သဘောရှိတာပဲ။ ဖြစ်ပြီးရင် ပျောက်ကွယ်သွားတဲ့ သဘောရှိလို့ သူ့ကိစ္စကို သူလုပ်ဆောင်ပြီးတဲ့နောက်မှာ ပညာဟာလည်း အဲဒီ နေရာမှာပဲ ချုပ်သွားပါတယ်။

ပညာက သူ့ကိစ္စ သူလုပ်တယ်ဆိုတာ ဘာတုန်းဆိုရင် သဘာဝတရားကို မမြဲဘူးဆိုတာ သိတယ်။ ဆင်းရဲတယ် ဆိုတာ သိတယ်၊ အတ္တမဟုတ်ဘူးဆိုတာ သိတယ်။ အဲဒီလို သိခြင်းကိစ္စ လုပ်ပြီးတဲ့နောက်မှာ ပညာက ချုပ်ကွယ်သွားတယ်။

ပညာ ချုပ်ငြိမ်းသွားသော်လည်းပဲ ပညာနဲ့ သိထားတဲ့ မမြဲတဲ့သဘာဝ၊ ဆင်းရဲတဲ့သဘာဝ၊ ကိုယ်မပိုင်တဲ့ သဘာဝက တော့ ချုပ်သွားတာ မဟုတ်ဘူး။ ရှိနေတယ်။ ပညာကတော့ ဖြစ်ပြီးရင်ချုပ်သွားတယ်။ သဘာဝတရားကြီးကတော့ ရှိနေတယ်။

အဲဒီတော့ **မိလိန္ဒမင်းကြီး** က **"ဩပမ္မံ ကရောဟိ** အရှင်ဘုရား ဥပမာပေးစမ်းပါဦး"တဲ့။

ရှင်နာဂသေနက "အရှင်မင်းကြီး၊ တစ်ယောက်ယောက်ဟာ ညအခါမှာ စာရေးပြီးပို့စရာရှိလို့ စာရေးကိုခေါ်တယ်။ မီးထွန်းပြီး စာရေးခိုင်းတယ်၊ စာရေးပြီးတဲ့အခါ မီးငြိမ်းတယ်။ မီးငြိမ်းလိုက်ပေမယ်လို့ ရေးထားတဲ့စာ ပျောက်မသွားဘူး၊ ကျန်ရစ်

http://www.dhammadownload.com

တယ်၊ အဲဒီလိုပဲ သူသိရမယ့်ကိစ္စကိုသိပြီး ပညာချုပ်သွားပေမယ့်လို့ ပညာနဲ့သိထားတဲ့ အကြောင်းအရာက ကျန်နေတယ်။"

ရေးထားတဲ့ စာတွေကတော့ ပျောက်မသွားသလို ပညာချုပ်သွားသော်လည်း ပညာနဲ့သိထားတဲ့ အကြောင်းအရာတွေကတော့ ပျောက်မသွားဘူးလို့ ဒီလိုဆိုလိုတယ်။

ပညာဆိုတာ သိပြီးရင်တော့ ချုပ်သွားမှာပဲ။ အင်မတန်လေးနက်တဲ့ သဘာဝတရားကို ထင်ရှားအောင်လို့ ဥပမာနဲ့ရှင်းပြတဲ့ အဘိဓမ္မာနဲ့ဆိုင်ရာ ဆွေးနွေးချက်တွေပဲ။

လူငယ်တွေ မူလတန်းသင်၊ သင်ပြီးရင် အလယ်တန်းတက်။ အလယ်တန်းရောက်ရင် မူလတန်းစာတွေ အကုန်မေ့တာပဲ။ အလယ်တန်းပြီးရင် အထက်တန်းတက်။ အထက်တန်းရောက်ရင် အလယ်တန်းစာတွေ မေ့သွားပြီ။ သို့သော် ဘာကျန်တုန်းဆိုရင် အရည်အချင်း ကျန်ရစ်တယ်။

ဆေးပညာသင်တယ်ဆိုရင် ပထမနှစ်က အရည်အချင်း၊ ဒုတိယနှစ်က အရည်အချင်း၊ အကြောင်းအရာ အချို့မေ့ချင်မေ့မယ်၊ အရည်အချင်း ကျန်ရစ်တယ်။ အဲဒီအရည်အချင်း ကျန်ရစ်သလိုပဲ အသိပညာနဲ့ သိထားတဲ့အရာဟာ ပျောက်မသွားတော့ဘူး။ ပညာသင်တဲ့ အလုပ်ကတော့ ပြီးသွားပြန်တယ်။

ညအခါ စာရေးစရာရှိလို့ မီးထွန်းပြီး စာရေး၊ မီးငြိမ်းလိုက်ပေမယ့် ရေးထားတဲ့စာတွေ ပျောက်မသွားသလို အသိပညာဖြင့် ဆုံးဖြတ်ပြီး သိမြင်ထားတဲ့ အကြောင်းအရာတွေဟာ ပျောက်မသွားဘူးတဲ့၊ ဒီလိုဆိုလိုတယ်။

"အရှင်ဘုရား ထပ်ပြီး ဥပမာနဲ့ ပြောပါဦး။"

http://www.dhammadownload.com

ရှင်နာဂသေနက ပြောတယ်။ "အရှင်မင်းကြီး အရှေ့ပိုင်းနိုင်ငံတွေမှာ (ဒီ အာရှနိုင်ငံတွေပြောတာ ဖြစ်လောက်တယ်) ဘာတွေလုပ်လေ့ရှိတုန်းဆိုရင် မီးဘေးကာကွယ်ရေးအတွက် အိမ်တိုင်းအိမ်တိုင်းမှာ ရေအိုးငါးလုံး ဆောင်ထားရတယ်။ မြန်မာပြည်မှာ တစ်ခါတုန်းက မီးကပ်တို့ ရေအိုးတို့ တောရွာတွေမှာ လုပ်လေ့ရှိတယ်။ မီးဘေးကာကွယ်ဖို့ရာအတွက် အိမ်တိုင်း အိမ်တိုင်းမှာ လုပ်ထားတယ်။ (ခုခေတ်ဆိုရင် မီးသတ်ပူးတွေပေါ့။) အိမ်တိုင်း အိမ်တိုင်းမှာ ရေပြည့်အိုးတွေ အဆင်သင့် ဆောင်ထားရတယ်။ အဲဒီလို ဆောင်ထားပြီး မီးလောင်တဲ့အခါ အဲဒီရေနဲ့ ပက်ပြီး မီးငြိမ်းသတ်ကြတယ်။

တချို့က အိမ်မီးလောင်တဲ့အခါမှာ ရေအိုးတွေ အိမ်ပေါ် ပစ်တင်ကြတယ်။ ပစ်တင်လိုက်ရင် ရေဖြန်းပြီး ဖြစ်သွားကာ မီးငြိမ်းသွားတယ်။ အဲဒီရေအိုးတွေနဲ့ပတ်သက်ပြီး နောက်ထပ် လုပ်စရာ မရှိဘူး။ ပြီးသွားပြီ၊ ဒီရေအိုးတွေကို ထပ်သုံးဦးမယ်ဆိုတဲ့ စိတ်ကူး ရှိပါ့မလား။"

"ဘယ်ရှိမလဲဘုရား။ ဒီအိုးတွေကို မသုံးတော့ပါဘူး"တဲ့။

"အဲဒီဥပမာအတိုင်းပဲ၊ တစ်အိမ် တစ်အိမ်မှာ ရေအိုးငါးလုံး ထားသလို ယောဂီပုဂ္ဂိုလ်မှာ ဣန္ဒြေငါးပါးလို့ဆိုတဲ့ စိတ်ရဲ့ အရည်အချင်း ငါးရပ်ရှိတယ်၊ **သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ**။

ဝိပဿနာတရား အားထုတ်ပြီဆိုရင် သဒ္ဓါဆိုတဲ့ ယုံကြည်ချက်၊ ယုံကြည်ချက်ရှိသည့် အားလျော်စွာ ကြိုးစားအားထုတ်မှု ဝီရိယ၊ စိတ်နဲ့လုပ်ရမယ့် အာရုံယူရမယ့်အပေါ်မှာ အမှတ်ရမှု သတိ၊ စိတ်အားလုံးကို စုစည်းထားနိုင်မှု သမာဓိနဲ့ အမှန်သိ

http://www.dhammadownload.com

အောင် စွမ်းဆောင်မှု ပညာဆိုတဲ့ ဒီ ruling faculty လို့ခေါ်တဲ့ စွမ်းအားရှိတဲ့သဘာဝတရားတွေ လုပ်ဆောင်နေကြတယ်၊ ရေအိုး ငါးလုံးကို မီးငြိမ်းတဲ့အခါမှာ အသုံးပြုလိုက်သလိုပဲ အဲဒီ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ဆိုတာတွေကို အသုံးချလိုက်တယ်။

ဒီနေရာမှာ ရေအိုးငါးလုံးနဲ့ ဣန္ဒြေငါးပါး တူတယ်။ အဲဒီ ရေကို အသုံးချပြီး မီးငြိမ်းတဲ့ ရွာသူရွာသားတွေနဲ့ ကမ္မဋ္ဌာန်း အားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်တူတယ်။ ကိလေသာနဲ့ လောင်တဲ့မီး တူတယ်။ အိမ်မီးလောင်ပြီဆိုရင် ရေအိုးတွေပစ်ခွဲပြီး မီးငြိမ်းကြ တယ်၊ ရေအိုးငါးလုံးနဲ့ မီးငြိမ်းသတ်သလိုပဲ ဣန္ဒြေငါးမျိုး စွမ်းအား ငါးခုနဲ့ ကိလေသာမီးကို ငြိမ်းသတ်ကြတယ်။ အဲဒီလို ငြိမ်းသတ် လိုက်တဲ့အခါမှာ ကိလေသာတွေဟာ နောက်ထပ် ပြန်မဖြစ်နိုင် တော့ဘူး။

အဲဒါလိုပဲ အရှင်မင်းကြီး၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ သိခြင်း ကိစ္စဆောင်ရွက်ပြီး သိသွားတဲ့အခါမှာ ပညာဟာ ချုပ်သွားသော် လည်းပဲ အဲဒီပညာနဲ့ သိပြီးသားအသိဟာ ပျောက်သွားတာ မဟုတ်လို့ ပြန်လုပ်စရာ မလိုတော့ဘူးလို့ ဆိုလိုတယ်။

မိလိန္ဒမင်းက "ဘိယျော သြပမ္မံ ကရောဟိ - အရှင်ဘုရား၊ ဥပမာတစ်ခု ထပ်ပြောပါဦး။"

ရှင်နာဂသေနက ဥပမာတစ်ခု ထပ်ပေးတယ်။ "အရှင် မင်းကြီး၊ ဝိန္ဓောဆရာတစ်ဦးဟာ ဆေးမြစ်ငါးမျိုး ပေါင်းစပ်ပြီး ဆေးဖော်စပ်တယ်။ ဖော်စပ်ပြီး နေမကောင်းတဲ့လူကို ဆေးတိုက် တယ်။ ဖြစ်နေတဲ့ရောဂါကို ကုသတယ်။ အဲဒီလို ကုလိုက်လို့

http://www.dhammadownload.com

ဖြစ်နေတဲ့ရောဂါ ပျောက်သွားပြီဆိုလို့ရှိရင် ဆေးဆရာဟာ ဒီဆေးကို သူပြန်သုံးမယ်လို့ သူစိတ်ထဲမှာ ရှိပါဦးမလား။"

မိလိန္ဒမင်းကြီးက "ဘယ်ရှိမလဲဘုရား။"

ဒီနေရာမှာလည်း ဆေးဝါးနဲ့ ကျန္ဆေးမျိုး တူတယ်၊ ဆေးဆရာနဲ့ ယောဂီပုဂ္ဂိုလ် တူတယ်။ ရောဂါနဲ့ ကိလေသာ တူတယ်။ ရောဂါရှိတဲ့လူနဲ့ ပုထုဇဉ်ပုဂ္ဂိုလ် တူတယ်။ အဲဒီလို အမြစ်ငါးမျိုးနဲ့ ဖော်စပ်တဲ့ဆေးနဲ့ လူသန္တာန်မှာ ဖြစ်နေတဲ့ရောဂါကို ကုပြီးတဲ့ အခါမှာ ပကတိ ကျန်းမာသွားတယ်။

အဲဒီလိုပဲ ကျန္ဆေးမျိုးနဲ့ သူသန္တာန်မှာရှိတဲ့ ကိလေသာတွေကို ဖယ်ရှားပစ်လိုက်တယ်။ ဖယ်ရှားပစ်လိုက်တဲ့ အခါမှာ ဒီဖယ်ရှားပြီးတဲ့အရာဟာ ပြန်ဖြစ်တော့မှာ မဟုတ်တော့ဘူး။ အဲဒီလိုပဲ ပညာနဲ့သိထားတဲ့ အသိတရားတွေဟာ ပျောက်ကွယ်သွားတာ မဟုတ်ဘူး။ ပညာချုပ်ငြိမ်းသွားသော်လည်း သိထားတဲ့ အရာက ပျောက်ကွယ်မသွားသည့် အတွက်ကြောင့် ကိလေသာတွေ ဖယ်ရှားဖို့ နောက်ထပ်ပြန်လုပ်စရာ မလိုတော့ဘူး။

ဒီလိုရှင်းပြလိုက်တဲ့အခါ **မိလိန္ဒမင်းကြီး**က "အရှင်ဘုရား၊ ဥပမာတစ်ခုနဲ့ ထပ်ရှင်းပါဦး၊"

ရှင်နာဂသေနက ထပ်ရှင်းတယ်။ "ဥပမာမယ် စစ်မြေပြင်မှာ လေးလက်နက်ကို ကိုင်ပြီး ရန်သူကို တိုက်ပွဲဝင်တဲ့ စစ်သူရဲကောင်းတစ်ယောက်ဟာ မြားငါးစင်းနဲ့ ရန်သူတွေကို ချေမှုန်းလိုက်လို့ နိုင်သွားတယ်။ ရန်သူတွေ အကုန်လုံး ကျဆုံးသွားပြီ၊ အဲဒီမြားတွေကို ပြန်သုံးဦးမယ်လို့ သူမှာ စိတ်ကူးရှိပါ့မလား" တဲ့။

http://www.dhammadownload.com

မိလိန္ဒမင်းကြီးက "မရှိတော့ပါဘူး"လို့ ဖြေတယ်။

သူတို့ရဲ့ ဆောင်ရွက်တဲ့ကိစ္စတွေ အကုန်လုံးပြီးသွားလို့ စစ်ပွဲကြီးဟာ အဆုံးသတ်သွားတယ်။ အဲဒါလိုပဲ ယောဂီပုဂ္ဂိုလ်ဟာ ကျန္ခြေငါးပါးဆိုတဲ့ မြားငါးစင်းကို အသုံးချပြီး ကိလေသာရန်သူတွေကို အနိုင်တိုက်လိုက်တယ်။ အနိုင်တိုက်လိုက်လို့ ကိလေသာတွေအားလုံး ချုပ်ငြိမ်းသွားပြီဆိုရင် နောက်ထပ် ကိလေသာတွေကိုတိုက်ဖို့ လိုဦးမလား။ အသိပညာနဲ့ သိထားပြီးပြီဆိုရင် နောက်ထပ် ထပ်ပြီးလုပ်စရာ ရှိပါဦးမလား။

ဒီနေရာမှာလည်းပဲ မြားငါးစင်းနဲ့ကျန္ခြေငါးပါး၊ သူရဲကောင်းလေးသမားနဲ့ ယောဂီပုဂ္ဂိုလ်၊ ကိလေသာနဲ့ ရန်သူတွေ တူတယ်။ အဲဒီ ကျန္ခြေငါးပါးဆိုတဲ့ မြားငါးစင်းနဲ့ ကိလေသာ အားလုံးကို ဖယ်ရှားပစ်ပြီး အောင်ပွဲရလိုက်ပြီဆိုရင် တိုက်ပွဲဟာ ပြီးဆုံးသွားတယ်။ သို့သော် သူရဲ့အောင်ပွဲဟာ အောင်ပွဲအနေနဲ့ ရှိနေသလိုပဲ ဒီအသိပညာနဲ့ သိထားတဲ့ မမြဲတဲ့သဘော၊ ဆင်းရဲတဲ့သဘော၊ အစိုးမရတဲ့သဘောဆိုတဲ့ အဲဒီ သဘာဝတရားတွေကတော့ ပျောက်ကွယ်သွားတာ မဟုတ်ဘူး။ ပညာချုပ်ငြိမ်းသွားသော်လည်း ပညာကသိထားတဲ့ အကြောင်းအရာကတော့ ရှိနေတယ်လို့ မှတ်ရမယ်။

ဒီလိုဖြေလိုက်တဲ့အခါ **မိလိန္ဒမင်းကြီး** က သဘောကျသွားပြီး "**ကလ္လောသိ ဘန္တေ နာဂသေန- အရှင်နာဂသေန၊ အရှင်ဘုရားဖြေတာ ကျေနပ်ဖွယ်ကောင်းပါတယ်။**"

ဒီကနေ့ မေးခွန်းနှစ်ခုထဲမှာ (၁၉)နံပါတ်မေးခွန်းက ဉာဏနဲ့ ပညာ။ ဒီအကြောင်းအရာနဲ့ ပတ်သက်ပြီးတော့ သူဟာ

http://www.dhammadownload.com

အသေးစိတ် မေးသွားတာကို ရှင်နာဂသေနက အသေးစိတ် ဖြေတာ ဖြစ်ပါတယ်။

နိဂုံးချုပ်

တရားချစ်ခင် သူတော်စင်ပရိသတ်ပေါင်းတို့၊ ဗုဒ္ဓဝါဒရေးရာ ဗဟုသုတတွေနဲ့ ပတ်သက်လာလို့ မေးသူကလည်း ကတ်ကတ် သတ်သတ် မေးတတ်သလို ဖြေတဲ့ပုဂ္ဂိုလ်ကလည်း လိပ်ပတ်လည် အောင် သေသေချာချာ နှံ့နှံ့စပ်စပ် ဖြေထားတာ ဖြစ်သောကြောင့် **မိလိန္ဒပဉှာ**ဆိုတဲ့ ကျမ်းကြီးဟာ၊ ဗုဒ္ဓဝါဒကိုလေ့လာတဲ့ ပုဂ္ဂိုလ်တို့ အဖို့ အသိဉာဏ်ကြွယ်ဝစေတတ်တာ ဖြစ်ပါတယ်။

ဘုရားပရိနိဗ္ဗာန်စံပြီး နှစ် (၅၀၀) နောက်မှာ ပေါ်လာတဲ့ **ဒီမိလိန္ဒပဉှာ**ဆိုတဲ့ကျမ်းကြီးကို နှစ် (၁၀၀၀) ကြာမှ အဋ္ဌကထာ တွေ ရေးဖို့ပေါ်လာတဲ့ အရှင်ဗုဒ္ဓဃောသက သူ့ရဲ့ အဋ္ဌကထာ တွေထဲမှာ မကြာခဏကိုးကားဖော်ပြတာ ဖြစ်ပါတယ်။

မြတ်ဗုဒ္ဓရဲ့တရားတော်တွေဟာ အင်မတန်လေးနက်တာ ဖြစ်သောကြောင့် ဥပမာနဲ့ ရှင်းမပြနိုင်ဘူးဆိုရင် တစ်ချို့တရား တွေဟာ အလွန်လေးနက်သည့်အတွက် သိဖို့ရာ ခက်ခဲတယ်။

အခုလို မြတ်ဗုဒ္ဓရဲ့ အဆုံးအမတရားတော်တွေကို ရှင်းရှင်း လင်းလင်းနဲ့ သိရပြီး နောက်ဆုံးမှာ ကိုယ့်ဘဝခရီးကို ရှင်းရှင်းကြီး မြင်နိုင်ပြီး အလင်းရောင်ထဲမှာ ခရီးသွားရသလို သံသရာခရီးထဲ မှာလည်း အသိဉာဏ်နဲ့ ခရီးသွားရမယ်၊ ရှောင်သင့်တာ ရှောင်နိုင် တယ်။ ဆောင်သင့်တာ ဆောင်နိုင်တယ်။ ရှောင်ခြင်း, ဆောင်ခြင်း ကြောင့် ဆင်းရဲဒုက္ခတွေ နည်းပါးပြီး ချမ်းသာသုခတွေများလို့

http://www.dhammadownload.com

နောက်ဆုံးမှာ သံသရာထွက်ပေါက်ကို တွေ့ရှိပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မှာဖြစ်တယ်လို့ ကိုယ်စီ ကိုယ်စီ သဘောကျပြီး မြတ်ဗုဒ္ဓရဲ့ အဆုံးအမအတိုင်း လိုက်နာ ကျင့်သုံးနိုင်ကြပါစေ ကုန်သတည်း။

သာဓု ... သာဓု ... သာဓု

Transcribed by-**Ko Thu Rein Aung**
Typed by- **Wai Wai Lwin**

http://www.dhammadownload.com

မိလိန္ဒပဉ္ဟာ

မိလိန္ဒမင်းနှင့် ရှင်နာဂစေနတို့၏ ဗုဒ္ဓဝါဒရေးရာ အချေအတင်ပြောဆိုချက်များ အပိုင်း(၈)

မှတ်တမ်း

သာသနာတော်နှစ် ၂၅၆၀-ပြည့်နှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၈-ခုနှစ်၊ နယုန်လဆန်း (၁၁)ရက်၊ (၁၆-၆-၂၀၁၆) ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ဇမ္ဗူသီရိဗိမာန်တော်အတွင်း ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် သာသနာ့ပူဇော မြတ်မင်္ဂလာတရားအလှူတော် အထူးဓမ္မသဘင်အခမ်းအနား၌ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ FMI City ကန်သာယာလမ်း၊ B-5, နှစ်ဖက်မိဘများ အမှူထား၍ ဦးဇေယျာထက်လွင် + ဒေါ်သီရိမွန်၊ သား မောင်လင်းသော်တာ မိသားစုတို့၏ အမတဒါန၊ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားအပ်သော **"မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ ဗုဒ္ဓဝါဒရေးရာ အချေအတင်ပြောဆိုချက်များ အပိုင်း(၈)"** အကြောင်း တရားဒေသနာတော်။

၂၀–ပဋိသန္ဓဟနပဉ္ဟလဓဝိယနပဉ်ာ

မိလိန္ဒမင်းကြီးဟာ ဗုဒ္ဓဝါဒရေးရာနဲ့ပတ်သက်ပြီး မေးခွန်းတွေကို မေးလာခဲ့တာ ယခု (၂၀)ခုမြောက် မေးခွန်းဖြစ်တယ်။ ဒီမေးခွန်းကို ရှေ့မှာဖော်ပြခဲ့တဲ့ "လောကမှာ ပြန်လည်မွေးဖွားတဲ့ ပုဂ္ဂိုလ်နဲ့ ပြန်လည်မွေးဖွားခြင်းမရှိတဲ့ပုဂ္ဂိုလ်"နဲ့ ဆက်စပ်ပြီး မေးတာဖြစ်တယ်။

http://www.dhammadownload.com

"ဘန္တေ နာဂသေန ယော န ပဋိသန္ဓဟတိ၊ ဝေဒေတိ သော ကိဉ္စိ ဒုက္ခံ ဝေဒနံ- နောက်ဘဝမှာ ပြန်လည်မွေးဖွားခြင်း မရှိတဲ့ပုဂ္ဂိုလ်ဟာ တစ်စုံတစ်ခုသော ဒုက္ခမျိုးကို ခံစားရသေးသလား။"

ကိုယ်နဲ့အဆင်မပြေလို့ ခံရခက်တဲ့ ဝေဒနာမျိုးကို ဒုက္ခဝေဒနာလို့ ခေါ်တယ်။ အဲဒီ ဒုက္ခဝေဒနာမျိုးကို ခံစားရသေးသလားလို့ မေးတာဖြစ်တယ်။

ဘဝမှာ ပြန်လည်မွေးဖွားခြင်းမရှိတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်လို ပုဂ္ဂိုလ်လဲဆိုရင် ကိလေသာကင်းပြီးပုဂ္ဂိုလ် ဖြစ်တယ်။ ကိလေသာကင်းပြီးပုဂ္ဂိုလ်ဆိုတာ ရဟန္တာပုဂ္ဂိုလ်ပဲ။ အဲဒီ ရဟန္တာပုဂ္ဂိုလ်ဟာ တစ်စုံတစ်ခုသော ဒုက္ခဝေဒနာ ခံစားရသေးသလားဆိုတဲ့ မေးခွန်းကို မေးခြင်းပဲဖြစ်တယ်။

အဲဒီတော့ သုခ, ဒုက္ခနဲ့ ပတ်သက်လာလို့ရှိရင် အခြေခံအားဖြင့် သိထားဖို့ရာက သုခဟာ **ကာယိကသုခ၊ စေတသိကသုခ**လို့ နှစ်မျိုးရှိတယ်။ ကိုယ်ကာယနဲ့ဆက်စပ်ပြီး ကိုယ်ကာယမှာ စတင်ဖြစ်ပေါ်လာပြီး စိတ်မှာခံစားရတဲ့အရာကို **ကာယိကသုခ**။ ကိုယ်ကာယနဲ့ ဆက်စပ်မှုမရှိဘဲနဲ့ စိတ်မှာတင် ဖြစ်ပေါ်လာတဲ့ သုခဝေဒနာမျိုးကို **စေတသိကသုခ**။ ဒီလို နှစ်မျိုးခွဲခြား မှတ်သားရမယ်။

ထို့အတူပဲ ဒုက္ခဟာလည်း **ကာယိကဒုက္ခ၊ စေတသိကဒုက္ခ** လို့ နှစ်မျိုးရှိတယ်။ ကိုယ်ကာယနဲ့ ဆက်စပ်ပြီး ကိုယ်ကာယမှာ စတင်ဖြစ်ပေါ်လာတဲ့ ခံရခက်တဲ့ဝေဒနာသည် **ကာယိကဒုက္ခ**။ စိတ်မှာ ဖြစ်ပေါ်တဲ့ ခံရခက်တဲ့ဝေဒနာသည် **စေတသိကဒုက္ခ**။ ဒုက္ခကိုလည်း နှစ်မျိုးခွဲတယ်။

http://www.dhammadownload.com

စာပေကျမ်းဂန်မှာ ကာယိကသုခကို **သုခ**လို့ ပြောပြီး စေတသိကသုခကိုတော့ **သောမနဿ**လို့ ပြောတယ်။ ဝမ်းသာတယ်၊ ကြည်နူးတယ်ဆိုတဲ့ စိတ်ခံစားချက် ဖြစ်တယ်။ ထို့အတူ **ကာယိကဒုက္ခ** ကို **ဒုက္ခ**လို့ ပြောပြီး၊ **စေတသိကဒုက္ခ** ကိုတော့ **ဒေါမနဿ** လို့ပြောတယ်။ ဒါကြောင့် သုခ, သောမနဿ, ဒုက္ခ, ဒေါမနဿ လို့ မှတ်သားရတယ်။

ကာယိကသုခဖြစ်ပုံ

လူတွေမှာ စိတ်ခံစားမှုရှိတယ်။ ဒီစိတ်ခံစားမှုနဲ့ ပတ်သက်ပြီး ထင်ရှားအောင် ပြောရမယ်ဆိုလို့ရှိရင် သုခနဲ့ ပတ်သက်ပြီးတော့ ကာယိကသုခဆိုတာ ဘယ်ပုံဖြစ်လာတုန်းလို့ဆိုရင် စားလို့ကောင်းတယ်၊ သောက်လို့ကောင်းတယ်၊ နေလို့ထိုင်လို့ ကောင်းတယ်။ ညောင်းညာပင်ပန်းခြင်း မရှိဘူး။ နေရထိုင်ရတာလည်း အဆင်ပြေတယ်။ ဆိုပါစို့-နွေရာသီမှာပူအိုက်တဲ့အခါမှာ air con လေးနဲ့ နေလိုက်ရလို့ရှိရင် အေးသွားတယ်။ သစ်ပင်ရိပ်အောက် ဝင်လိုက်လို့ရှိရင်လည်း အေးမြသွားတယ်။ သို့မဟုတ် ပူအိုက်နေတဲ့ အချိန်လေးမှာ ရေအေးအေးလေး ချိုးလိုက်ရလို့ရှိရင် အေးသွားတယ်။ မာမာကျောကျော အိပ်ရာကြီးပေါ်မှာ အိပ်နေရတာ အဆင်မပြေလို့၊ အိအိစက်စက် မွေ့ယာလေးနဲ့ အိပ်လိုက်ရပြီဆိုရင် လူက အိပ်လို့ ပိုကောင်းလာတယ်။ အဲဒီလို ခန္ဓာကိုယ်နဲ့ ဆက်စပ်ပြီးတော့ ဖြစ်ပေါ်လာတဲ့ ချမ်းသာမှု၊ အဆင်ပြေမှုကို သုခလို့ ခေါ်တယ်၊ ဒါက **ကာယိကသုခ**။

http://www.dhammadownload.com

ရုပ်ခန္ဓာမှာ စတင်ပြီး စိတ်ခံစားမှု ဖြစ်ပေါ်လာတာကို ကာယိကသုခလို့ ဆိုတာ။ body origin mind effect လို့ ပြောလို့ ရတယ်။ body ဆိုတာ လူရဲ့ရုပ်ခန္ဓာကိုယ်ပေါ်မှာ အခြေပြုလာပြီး စိတ်ထဲမှာ ခံစားရခြင်း။ ဆိုပါစို့၊ ပူအိုက်နေတဲ့ အချိန်မှာ ရေအေး အေးလေး သောက်လိုက်ရရင် သို့မဟုတ် ရေအေးအေးလေး ချိုးလိုက်ရရင် အေးချမ်းမှုက ခန္ဓာကိုယ်က စတာ။ စပြီးတော့ စိတ်ကလည်း ကြည်နူးသွားတယ်။ အဲဒါမျိုးကို body origin ရုပ်ခန္ဓာကိုယ်ကြီးပေါ်မှာ စတင်ပြီးတော့ စိတ်ထိရောက်သွားတဲ့ ခံစားမှုလို့ ဒီလိုဆိုလိုတယ်။

စေတသိကသုခဖြစ်ပုံ

သောမနဿကျတော့ အဲဒီလိုဟာမျိုး မဟုတ်ဘူး။ လူက တော့ နေပူထဲ လမ်းလျှောက်နေတယ်။ ပင်ပင်ပန်းပန်း ချွေး တဒီးဒီးနဲ့ အလုပ်လုပ်နေတယ်။ ဒါပေမယ့်လို့ သတင်းကောင်း လေး ကြားလိုက်ရတယ်။ ကိုယ်ဖြစ်ချင်တာလေး ဖြစ်ပြီဆိုရင် ပူတာ ပင်ပန်းတာတွေ အကုန်လုံးမေ့သွားတယ်။ ပျော်သွားတယ်။ အဲဒါကျတော့ **သောမနဿ** လို့ ခေါ်တယ်။

ထီပေါက်တယ်လို့ပဲ သတင်းကြားကြား, ရာထူးတိုးတယ် လို့ပဲ သတင်းကြားကြား၊ ကိုယ်လုပ်ထားတဲ့ အလုပ်တစ်ခုခု အောင်မြင်တယ်လို့ပဲ သတင်းကြားကြား သတင်းကြားလိုက်ရတာ နဲ့ တစ်ပြိုင်နက် စိတ်ထဲမှာ ပျော်သွားတယ်။ လူအနေနဲ့ကတော့ ပင်ပင်ပန်းပန်း တစ်ခုခု လုပ်နေရတယ်။ စိတ်ထဲမှာ ပျော်သွား တယ်။ အဲဒါမျိုးကျတော့ mind origin mental effect စိတ်ကစပြီး စိတ်မှာပဲဖြစ်တဲ့ ခံစားချက်။

http://www.dhammadownload.com

ကာယိကဒုက္ခဖြစ်ပုံ

ထို့အတူပဲ ဒုက္ခဝေဒနာမှာလည်း ထို့အတူပဲ သွားကိုက်တယ်၊ နားကိုက်တယ်၊ နေထိုင်မကောင်းဘူး။ တုတ်ကွေးဖြစ်တယ်။ ဖြစ်လာတာကို အကြောင်းပြုပြီး စိတ်ထိအောင် ပင်ပန်းဆင်းရဲမှုဖြစ်တာ။ စတာကတော့ ရုပ်ခန္ဓာကိုယ်ကစတာ။ သို့သော် စိတ်ပါကူးစက်သွားတယ်။ body origin mind effect ရုပ်ခန္ဓာမှာ စတင်ပြီး စိတ်ထိအောင် ထိခိုက်သွားတဲ့ ဒုက္ခမျိုးကို ကာယိကဒုက္ခလို့ခေါ်တယ်။

စေတသိကဒုက္ခဖြစ်ပုံ

လူက သူငယ်ချင်း အပေါင်းအသင်းတွေနဲ့ ပျော်နေတယ်၊ အဲဒီလိုပျော်ရွှင်နေတဲ့အချိန်မှာ ကိုယ်မဖြစ်ချင်တဲ့ သတင်းတစ်ခုခုကို ကြားလိုက်တာနဲ့ လူဟာ ချက်ချင်းကြီး ပြောင်းလဲသွားတယ်။ ပျော်ရွှင်နေတဲ့ စိတ်တွေက ဝမ်းနည်းကြေကွဲမှုဘက်ကို ရောက်သွားတယ်။ ဝိုးရိမ်သောကဘက်ကို ရောက်သွားတယ်။ ရယ်မောနေရတဲ့ အကြောင်းအရာလေးတစ်ခုမှ မဆုံးခင် မျက်ရည်ကျရမယ့် အကြောင်းအရာတစ်ခု ဖြစ်သွားတယ်။ အဲဒါကျတော့ စိတ်မှာပဲ စတင်ပြီး စိတ်မှာခံစားရတဲ့ ဒုက္ခမျိုးမို့ **ဒေါမနဿ** လို့ခေါ်တယ်။

နောက်တစ်နည်းကတော့ သူငယ်ချင်း အပေါင်းအသင်းတွေနဲ့ ပျော်နေတဲ့အခါမှာ တစ်ယောက်နဲ့တစ်ယောက် အဆင်မပြေလို့ စကားများကြပြီ ဆိုတဲ့အခါလည်း လူဟာ ပျော်ရွှင်မှုရပ်ဆိုင်းပြီး ဒေါသတွေ ဖြစ်ကြတယ်။ ဒါလည်း ဒေါမနဿပဲ။

http://www.dhammadownload.com

ပျက်စီးဆုံးရှုံးမှုတော့ မဟုတ်ဘူး။ စိတ်ဆိုးတယ်၊ အလိုမကျ ဖြစ်သွားတယ်။ အဲဒီအချိန်မှာ ဒေါသဖြစ်တယ်။ အဲဒါကြောင့် ဒေါမနဿဆိုတာ စိတ်ပေါ်မှာပဲ အခြေခံပြီး စိတ်ထဲဖြစ်တဲ့ ခံစားမှု။

အာရုံနဲ့ ဝေဒနာ

မြင်တဲ့အာရုံကို တွေ့ပြီးတော့ ကိုယ်ကြိုက်တာ မကြိုက်တာရှိတယ်။ ကြိုက်တဲ့အာရုံလေး တွေ့လိုက်လို့ရှိရင် မြင်တဲ့အာရုံပေါ်မှာလည်း သုခ၊ ဒုက္ခဖြစ်တယ်။ ကြားတဲ့အာရုံပေါ်မှာလည်း သုခ၊ ဒုက္ခဖြစ်တယ်။ နမ်းရှုတဲ့အနံ့၊ လျှာပေါ်မှာလျက်ရတဲ့အရသာ၊ ခန္ဓာကိုယ်အထိအတွေ့နဲ့ ပတ်သက်ပြီးတော့လည်း သုခ၊ ဒုက္ခဆိုတာ ဒီပုံစံနဲ့ပဲ လာဖြစ်တယ်။ အာရုံပေါ်မှာ စိတ်ခံစားမှုလေးတွေဟာ မတူညီတဲ့ စိတ်ခံစားမှုလေးတွေ လူတိုင်း လူတိုင်းမှာ အခါအားလျော်စွာ ဖြစ်နေကြတယ်။

ရဟန္တာ နဲ့ ဒုက္ခဝေဒနာ

ရဟန္တာပုဂ္ဂိုလ်မှာ သုခဆိုတာ ရှိတယ်။ သာမန်လူတွေလိုပဲ ရဟန္တာပုဂ္ဂိုလ်မှာ ကျန်းမာရေးကောင်းလို့ အဆင်ပြေနေတဲ့အခါမှာ ကာယိကသုခဖြစ်တယ်။ တရားနှလုံးသွင်းနေတဲ့အခါမှာ တရားဓမ္မကို အာရုံပြုပြီး သောမနဿဆိုတာ ဖြစ်တယ်။ ဒါဖြင့် ရဟန္တာပုဂ္ဂိုလ်မှာ အဲဒီခံရခက်တဲ့ ဒုက္ခဝေဒနာနှစ်မျိုး ဖြစ်နိုင်သေးလား၊ ဒီမေးခွန်းမေးတာ။ ဘယ်လိုဒုက္ခမျိုး ရဟန္တာမှာ ဖြစ်သလဲတဲ့။

http://www.dhammadownload.com

အဲဒီတော့ ဘဝမှာ ပြန်လည်မွေးဖွားခြင်း မပြုတော့တဲ့ ရဟန္တာပုဂ္ဂိုလ်ဟာ တစ်စုံတစ်ခုသော ဒုက္ခဝေဒနာမျိုးကို ခံစားရသေးလား လို့ **မိလိန္ဒမင်းကြီး**က မေးတယ်။

ရှင်နာဂသေနက ဖြေတယ်။ **"ကိဉ္စိ ဝေဒေတိ၊ ကိဉ္စိ န ဝေဒေတိ**- တစ်ခို့ ဒုက္ခဝေဒနာကို ခံစားရသေးတယ်။ တစ်ခို့ ဒုက္ခဝေဒနာကိုတော့ မခံစားရဘူး"၊

ဒုက္ခဝေဒနာ တစ်ခို့ကိုတော့ ခံစားရတယ်၊ ဒုက္ခဝေဒနာ တစ်ခို့ကို မခံစားရဘူး။ **မိလိန္ဒမင်းကြီး** က ထပ်မေးပြန်တယ်။ **"ကိ ဝေဒေတိ၊ ကိ န ဝေဒေတိ**- ဘယ်ဒုက္ခကို ခံစားရပြီး ဘယ်ဒုက္ခကို မခံစားရပါသလဲ။"

ရှင်နာဂသေန က **"ကာယိကံ မဟာရာဇ ဝေဒနံ ဝေဒေတိ၊ စေတသိကံ ပန ဝေဒနံ န ဝေဒေတိ**-ရဟန္တာပုဂ္ဂိုလ်တွေ ခံစားရတဲ့ဒုက္ခသည် ကာယိကဒုက္ခ၊ သို့သော် စေတသိကဒုက္ခဆိုတာကို ရဟန္တာပုဂ္ဂိုလ်တွေ မခံစားရဘူး။"

ကာယိကဒုက္ခကတော့ ဘုရား၊ ရဟန္တာလည်း မလွတ်ဘူး။ ရဟန္တာဖြစ်ပေမယ်လို့ ခေါင်းကိုက်ချင် ကိုက်မှာပဲလေ။ သွားနာချင် နာမှာ၊ ကျောအောင့်ချင်အောင့်မှာ။ မြတ်စွာဘုရားကိုယ်တိုင်ပဲ တရားဟောရင်းက ကျောအောင့်လို့ **"ပိဋ္ဌိမေ အာဂိလာယတိ**-ငါ ကျောညောင်းနေတယ်။ ခဏဆန့်လိုက်ဦးမယ်"လို့ မိန့်တယ်။

မြတ်စွာဘုရား၏ ကာယိကဒုက္ခ

ဂိဇ္ဈကူဋ်တောင်စောင်း ကမ္မဋ္ဌာန်းကျောင်းအနီးမှာ လမ်းလျှောက်နေတဲ့အချိန် ကြိုတင်စီမံထားတဲ့ ကျောက်တုံးကြီးကို

http://www.dhammadownload.com

ဒေဝဒတ်က လှိမ့်ချတယ်။ ကံအားလျော်စွာ လှိမ့်ကျလာတဲ့ ကျောက်တုံးကြီးက ကျောက်ဆောင်တစ်ခုနဲ့ဝင်ဆောင့်လိုက်တယ်။ ဝင်ဆောင့်လိုက်တဲ့အခါမှာ ကျောက်ဖတ်တစ်ခုဟာ ပဲ့ထွက်လာပြီး မြတ်စွာဘုရား ခြေထောက်ကို လာမှန်တယ်။

မြတ်စွာဘုရားမှာ အင်မတန်မှ နာကျင်တဲ့ ဒုက္ခဝေဒနာ ဖြစ်တယ်။ သာမန်ပုဂ္ဂိုလ်တစ်ယောက်ဆိုရင် ခွေလျက်လဲကျသွားမှာပေါ့။ အနီးအပါးရှိတဲ့ ရဟန်းတော်တွေဟာ မြတ်စွာဘုရားထံ ဝိုင်းအုံရောက်ရှိလာပြီး မြတ်စွာဘုရားကို ထမ်းစင်ပေါ်တင်ပြီး ဇီဝကကြီးရဲ့ သရက်ဥယျာဉ်ကျောင်းသို့ ပင့်သွားကြတယ်။ ဇီဝကကြီးရဲ့ သရက်ဥယျာဉ်ကျောင်းထဲ ရောက်တဲ့အခါ မြတ်စွာဘုရား အိပ်ရာခုတင်ညောင်စောင်းပေါ်မှာ လဲလျောင်းပြီးတော့ နေရတယ်။

ဆရာဇီဝကကြီးက ဆေးကုပေးတယ်။ ခုခေတ်လို Pain killer တွေလည်း ရှိမယ်မထင်ဘူး၊ နာတယ်။ နာတာ သက်သာအောင် မော်ဖီးယားတို့ ဘိန်းတို့ဆိုတာမျိုးနဲ့ အာရုံကြောတွေ ထုံသွားအောင် လုပ်တာမျိုး မရှိလို့ အင်မတန်မှနာတယ်။

သို့သော် မြတ်စွာဘုရားသည် ကာယိကဒုက္ခ နာကျင်မှုအပေါ် စေတသိကဒုက္ခ ဖြစ်တာမျိုး မရှိဘူး။ "ရုပ်ခန္ဓာက နာနေပေမယ့်လို့ စိတ်က မနာဘူး။"

သကလိကသုတ်

အဲဒီမှာ မြတ်စွာဘုရား ခြေထောက် ဒဏ်ရာရသွားတဲ့အချိန်မှာ ညသန်းခေါင်ယံ လူသံတိတ်ဆိတ်သွားပြီဆိုတဲ့အချိန်

http://www.dhammadownload.com

စာတုမဟာရာဇ် နတ်မင်းကြီးတို့လာပြီး ဘုရားကို သတင်းမေးကြတယ်။ သိကြားမင်းလည်း လာတယ်၊ ဗြဟ္မာမင်းလည်း လာတယ်။ ညအခါမှာ အရောင်တဝင်းဝင်းနဲ့ မြတ်စွာဘုရား သီတင်းသုံးတဲ့ကျောင်းလာပြီး သတင်းမေးကြတယ်။

နတ်ဗြဟ္မာတွေက မြတ်စွာဘုရားကို ခိုးမွမ်းသွားကြတယ်။ "အံ့သြဖွယ်ကောင်းလိုက်တာ၊ ဒီလောက် ဒဏ်ရာပြင်းတာတောင် မငြီးဘူး၊ အပြုံးမပျက်ဘူး"လို့ ခိုးမွမ်းသွားကြတယ်။ ဒီအကြောင်းကို သံယုတ္တနိကာယ်၊ သကလိကသုတ်မှာ ဖော်ပြထားတယ်။

သာမန် ပုထုဇဉ်ပုဂ္ဂိုလ်က ဖြစ်ပေါ်လာတဲ့ ကာယိကဒုက္ခ ပေါ်မှာ စေတသိကဒုက္ခ တွဲဖက်ပါလာတဲ့အခါ အရုပ်ကြိုးပြတ် ဘုန်းဘုန်းလဲတာပဲ။ သွားကိုက်ရင်လည်း မျက်နှာညှိုးတယ်၊ နားကိုက်ရင်လည်း မနေနိုင် မထိုင်နိုင်၊ တစ်ခုခုဖြစ်ရင်လည်း စိတ်ဆင်းရဲကြတယ်။ ကာယိကဒုက္ခကို အကြောင်းပြုပြီး စေတသိကဒုက္ခပါ ဖြစ်ကြတယ်။

ရဟန္တာပုဂ္ဂိုလ်တွေကျတော့ ကာယိကဒုက္ခကို ခံစားရသော်လည်း စေတသိကဒုက္ခဆိုတာ မဖြစ်ဘူး။ ဘာဖြစ်လို့ မဖြစ်တာတုန်းဆိုရင် စိတ်ထဲမှာ ခံပြင်းမှုကိုဖြစ်စေတတ်တဲ့ ဒေါသ မရှိတော့လို့ ဒေါသနဲ့တွဲဖက်လာတဲ့ ဒေါမနဿ ခံစားချက်ဆိုတာ မဖြစ်ဘူး။

အဲဒါကြောင့် မိလိန္ဒမင်းကြီးကို ရှင်နာဂသေနက ဖြေတဲ့ အခါမှာ "**ကာယိကံ မဟာရာဇ ဝေဒနံ ဝေဒေတိ၊ စေတသိကံ ပန ဝေဒနံ န ဝေဒေတိ** - နောက်ဘဝမှာ ပြန်လည်မွေးဖွားခြင်း မရှိတော့တဲ့ ရဟန္တာပုဂ္ဂိုလ်ဟာ ကာယိက

http://www.dhammadownload.com

ဒုက္ခကိုတော့ ခံစားရသေးတယ်၊ စေတသိကဒုက္ခဆိုတာ မခံစားရတော့ဘူး" လို့ ဒီလိုဖြေတာ။

သလ္လသုတ်

ဒါနဲ့ပတ်သက်ပြီး သံယုတ္တနိကာယ်၊ သလ္လသုတ်မှာ မြတ်စွာဘုရား ဟောထားတာက မှတ်သားဖွယ်ကောင်းတယ်။ "ပုထုဇဉ် ပုဂ္ဂိုလ်တွေ တရားမပြည့်တဲ့ပုဂ္ဂိုလ်တွေဟာ ရုပ်ခန္ဓာကိုယ်ကြီးမှာ တစ်ခုခု ဒုက္ခဖြစ်ပြီဆိုရင် စိတ်ဆင်းရဲမှုက တွဲဖက်လာတယ်။ အဲဒီလို တွဲဖက်လာရုံတင်မကဘူး၊ ဒီဒုက္ခကြီးက လွတ်ချင်လိုက် တာလို့ဆိုတဲ့ အတွေးကလည်း ဝင်လာပြန်တယ်။"

"လူတစ်ယောက်ကို ရန်သူကပစ်လိုက်တဲ့ မြားတံလာစူး တယ်။ အဲဒီ မြားတံစူးတဲ့အပေါ်မှာ နောက်ထပ်မြားတစ်ချက် စူးပြန်တယ်။ အဲဒီ နှစ်ချက်စူးတဲ့နေရာမှာ နောက်ထပ်တစ်ချက် စူးပြန်တယ်။ တစ်ယောက်တည်းမှာ မြားဒဏ်သုံးချက် စူးခံရသလို ပဲတဲ့ ပုထုဇဉ်တွေမှာ ပထမ ကာယိကဒုက္ခဆိုတဲ့ မြားတံစူးတယ်၊ အဲဒီပေါ်မှာ စိတ်ဆင်းရဲမှု ထပ်ပြီး ပိုးလိုက်သည့်အတွက် စေတသိကဒုက္ခလို့ဆိုတဲ့ ဒုတိယမြားတံတစ်ခု ထပ်စူးတယ်။ အဲဒီပေါ်မှာ ဒီဒုက္ခတွေကလွတ်ချင်တဲ့စိတ်နဲ့ မငြိမ်မသက်ဖြစ်ပြီး တောင်းဆိုမှုတွေကြောင့် နောက်မြားတံတစ်ခုထပ်စူးပြန်တယ်။"

အကုသိုလ်တွေ ထပ်ပိုးလာတာကို ပြောတာ။ အရိယာ ဘုရား, ရဟန္တာတို့ကျလို့ရှိရင် မြားတံတစ်ချက်နဲ့ပဲ ရပ်သွားတယ်။ ဒုတိယမြားတံ၊ တတိယမြားတံ မလာတော့ဘူးလို့ ဆိုလိုတယ်။

http://www.dhammadownload.com

နကုလပိတုသုတ်

နကုလပိတာ ဒကာကြီးကို မြတ်စွာဘုရားက ဆုံးမတယ်။ "ရုပ်ခန္ဓာကိုယ် နာချင်နာပါစေ၊ စိတ်မနာပါစေနဲ့။"

ရုပ်ခန္ဓာကိုယ်နာပေမယ်လို့ စိတ်မနာအောင် ငါနေမယ်လို့ ကျင့်ပါလို့ဆိုတာ ရဟန္တာဖြစ်အောင် ကျင့်ခိုင်းတာပဲ။ ပုထုဇဉ်တွေကျတော့ ရုပ်ခန္ဓာကိုယ်နာလို့ရှိရင် စိတ်နာမှုက တွဲဖက်လာတယ်။ ဖြစ်ရလေခြင်းဆိုတဲ့ စိတ်ခံစားမှုက ဝင်လာတယ်။ မရှောင်လွှဲနိုင်ဘူး၊ ရဟန္တာပုဂ္ဂိုလ်တွေကျတော့ ဖြစ်ရလေခြင်းဆိုတဲ့ စေတသိကဒုက္ခ မလာဘူး၊ ကာယိကဒုက္ခကို ရှုမှတ်ပြီး ထိုကာယိကဒုက္ခလွတ်မြောက်ဖို့ရာ ကြိုးစားနိုင်သွားတယ်။

ပုထုဇဉ်ကျတော့ ထွက်ပေါက်မသိသည့် အတွက်ကြောင့် ဖြစ်နေတဲ့ဒုက္ခကိုပဲ စိတ်ကမကျေမနပ်တွေ ဖြစ်တယ်။ နောက်မြားတစ်ချက် ထပ်စူးတာနဲ့တူတယ်။ တကယ့်ထွက်လမ်းကို မသိသည့်အတွက်ကြောင့် မတောင့်တရမယ့်ဟာ ထပ်တောင့်တတဲ့အခါကျတော့ နောက်ထပ်မြားတစ်ချက် ထပ်စူးတယ်။ တစ်ခါတစ်ခါဒုက္ခဖြစ်ရင် သုံးချက် သုံးချက် အစူးခံရတယ်လို့ ဒီလိုဆိုလိုတယ်။

အဲဒါကို ရည်ရွယ်ပြီး ရှင်နာဂသေနက ဖြေဆိုတာ၊ **"ကာယိကံ မဟာရာဇ ဝေဒနံ ဝေဒေတိ၊ စေတသိကံ ပန ဝေဒနံ န ဝေဒေတိ**- ကာယိကဒုက္ခတော့ ခံစားရတယ်၊ စေတသိကဒုက္ခ ဝေဒနာတော့ မခံစားရဘူး။"

မိလိန္ဒမင်းကြီးက အကြောင်းတရားကို ဆက်မေးတယ်။ "အရှင်ဘုရား၊ ကာယိကဒုက္ခကို ခံစားရတယ်ဆိုတာ ဘာကြောင့်

http://www.dhammadownload.com

လဲ။ ဘာကြောင့် ကာယိကဒုက္ခတော့ ခံစားရလဲ။ စေတသိက ဒုက္ခဝေဒနာကို မခံစားရဘူးဆိုတာကျတော့လည်း ဘာကြောင့် မခံစားရတာလဲ။"

အဲဒီလို မေးတဲ့အခါ ရှင်နာဂသေနက အကြောင်းမရှိလို့ အကျိုးမရှိတာဆိုတဲ့ စကားမျိုးနဲ့ ဖြေတယ်။ လောကမှာ အကြောင်းရှိမှ အကျိုးဆိုတာ ဖြစ်ပေါ်လေ့ရှိတယ်။ အကြောင်း မရှိဘဲနဲ့ အကျိုးဆိုတာ ဖြစ်ပေါ်တာမရှိဘူး။

"ယော ဟေတု ယော ပစ္စယော ကာယိကဿ ဒုက္ခဿ ဥပ္ပတ္တိယာ တဿ ဟေတုဿ တဿ ပစ္စယဿ အနုပရမာ ကာယိကဒုက္ခံ ဝေဒေတိ၊ ကာယိကဒုက္ခ ဖြစ်ပေါ် စေတတ်တဲ့ အကြောင်းတရားတွေ မကင်းသေးလို့ ကာယိကဒုက္ခ ခံရတာ။"

ဆိုလိုတာက ခန္ဓာကိုယ်ကြီးရှိလို့ရှိရင် ခန္ဓာကိုယ်ကြီးရဲ့ ဒုက္ခကို ခံရမှာပဲ။ ခန္ဓာကိုယ်ကြီးရှိနေသမျှ အကြောင်းရှိနေသေးတယ်။ ခန္ဓာကိုယ်ပေါ်မှာ ဖြစ်ပေါ်နေတဲ့ သွားကိုက်ခြင်း၊ နားကိုက်ခြင်း၊ ကျောအောင့်ခြင်း၊ နေထိုင်မကောင်းဖြစ်ခြင်း၊ ရောဂါဝေဒနာရရှိခြင်းဆိုတဲ့ ကာယိကဒုက္ခ ခံစားရတယ်။

စေတသိကဒုက္ခကိုတော့ မခံစားရဘူး။ ဘာဖြစ်လို့ စေတသိကဒုက္ခကို မခံရလဲလို့ဆိုရင် **"ယော ဟေတု ယော ပစ္စယော စေတသိကဿ ဒုက္ခဿ ဥပ္ပတ္တိယာ၊ တဿ ဟေတုဿ တဿ ပစ္စယဿ ဥပရမာ စေတသိကံ ဒုက္ခံ နဝေဒေတိ-**စေတသိကဒုက္ခကို ဖြစ်စေနိုင်တဲ့အကြောင်းတရား လုံးဝပြတ်စဲသွားသောကြောင့် စေတသိကဒုက္ခကို မခံစားရဘူး"။

http://www.dhammadownload.com

စေတသိကဒုက္ခ ဖြစ်တယ်ဆိုတာ ဒေါသရှိမှဖြစ်တာ။ ဒေါသဆိုတာလည်း တွယ်တာမှုတွေရှိနေမှဖြစ်တာ။ သောကတို့ ဒေါသတို့ဆိုတာ တွယ်တာမှုရှိရာမှ လာလို့ရတယ်။ စဉ်းစားကြည့်၊ တွယ်တာမှုရှိတဲ့နေရာ သောကတို့ စိတ်ပူပန်မှုတွေ လာတယ်။ နေ့စဉ်နဲ့အမျှ လူတွေ အသက်ဆုံးရှုံးနေသော်လည်း ကိုယ်နဲ့ မသိဘူးဆိုရင် ဘာမှမဖြစ်ကြဘူး၊ ကိုယ့်အမျိုးထဲကဆိုလို့ရှိရင် လှုပ်လာတယ်။ အဲဒါ ဘာဖြစ်လို့တုန်းဆိုရင် တွယ်တာမှုရှိလို့။

တွယ်တာမှုကြောင့် သောကဖြစ်

ကိုယ့်ပစ္စည်း မဟုတ်ရင်၊ ကိုယ်နဲ့မဆိုင်ရင် ပျက်ချင် သလောက် ပျက်နေ၊ လူတွေဟာ မမှုကြဘူး။ သို့သော် ကိုယ့် ပစ္စည်းဆိုရင်တော့ နည်းနည်းလေးပဲဖြစ်ဖြစ်၊ "ဟယ် ငါဟာလေး သွားပါပြီ" ဆိုပြီး သောက ဖြစ်တာပဲ။ အဲဒါ ဘာကြောင့်ဖြစ်လဲ။ Attachment လို့ခေါ်တဲ့ တွယ်တာမှုကြောင့်ပဲ။

တွယ်တာမှုဆိုတာလည်း ပြောင်းလဲသွားတတ်သေးတယ်။ ကားတစ်စီး ဝယ်ထားတယ်၊ ဘယ်မှာတွယ်တုန်း။ ကားမှာ တွယ်တယ်။ အဲဒီကားကို တစ်စုံတစ်ခုကြောင့် ရောင်းလိုက်တယ်၊ ကားပေါ်မှာ မတွယ်တော့ဘူး။ ကားရောင်းလို့ရတဲ့ ငွေထုပ်ကြီး ပေါ်မှာ သွားတွယ်ပြန်တယ်။ ပြောင်းသွားပုံကို ပြောပြတာ။

လူကိုခင်မင်လို့ လက်တွဲတယ်ဆိုလို့ရှိရင် အဲဒီ ခင်မင်တဲ့ လူအတွက် သောက ဖြစ်ပြန်တယ်။ ကဲ-လက်တွဲဖြုတ်လိုက်ပြီ၊ divorce လုပ်လိုက်ပြီဆို မတွယ်ပြန်တော့ဘူး။ သူနဲ့ပတ်သက်ရင် သောက မဖြစ်ပြန်ဘူး။ ကိုယ်နဲ့ပြတ်စဲလိုက်တာနဲ့ တစ်ပြိုင်နက် သောက ဆိုတာ မလာတော့ဘူး။

http://www.dhammadownload.com

ဒါကြောင့်မို့ Where there is attachment, there is worry. စိတ်ပင်ပန်းမှု၊ စိတ်ဆင်းရဲမှုဆိုတာ တွယ်တာမှုကို အကြောင်းပြု ဖြစ်တာ။

'တဏှာယ ဇာယတေ သောကော၊
ကာမတော ဇာယတေ သောကော၊
ပေမတော ဇာယတေ သောကော'

ချစ်ခင်မှုကြောင့် လူတွေဟာ သောကဆိုတာ ဖြစ်တယ်လို့ မြတ်စွာဘုရားက ဟောတာ။

ရဟန္တာပုဂ္ဂိုလ်မှာ သူခန္ဓာကိုယ်တောင် သူ ချစ်ခင်မှု မရှိတော့ဘူး။ အဲဒီတော့ သောကဆိုတာ မလာဘူး၊ ဒါကို ပြောလို ရင်းပဲ။ စေတသိကဒုက္ခ ဖြစ်ဖို့ရာအတွက် အကြောင်းတရား တွေဟာ ပြတ်စဲသွားပြီ။ ဒါကြောင့်မို့ သူ့မှာ စေတသိကဒုက္ခ မဖြစ်တော့ဘူးလို့ **ရှင်နာဂသေန**က ဒီလိုဖြေတာ။

ရှင်နာဂသေန က မြတ်စွာဘုရားရဲ့ မိန့်ကြားချက်ကို ကိုးကားပြီး ယခုလို ဖော်ပြတယ်၊ **"သော ဧကံ ဝေဒနံ ဝေဒေတိ ကာယိကံ, န စေတသိကံ**- ရဟန္တာပုဂ္ဂိုလ်ဟာ ကာယိကဒုက္ခ ဝေဒနာတစ်မျိုးကိုသာ ခံစားရတယ်။ စေတသိကဒုက္ခဝေဒနာကို မခံစားရဘူး"။

အဲဒီမှာ **မိလိန္ဒမင်းကြီး** က ထပ်မေးတယ်။ **"ဘန္တေ-နာဂသေန ယော ဒုက္ခံ ဝေဒနံ ဝေဒေတိ၊ ကဿာ သော န ပရိနိဗ္ဗာယတိ**- ရဟန္တာပုဂ္ဂိုလ်ကြီးဟာ ကာယိကဒုက္ခဝေဒနာကို ခံစားရပါလျက်နဲ့ ဘာဖြစ်လို့ ပရိနိဗ္ဗာန် မစံသလဲ"။

http://www.dhammadownload.com

ဘာကြောင့် ဒီလောက်ဒုက္ခများတာ မြန်မြန် သေလိုက်ပါတော့လားလို့ ပြောချင်တာ။ လောကလူတွေဆိုရင် suicide လုပ်တယ်လေ။ တစ်ချို့နိုင်ငံခြားတွေမှာ suicide doctor ဆိုတာရှိတယ်။ နေမကောင်းလို့ရှိရင် အဲဒီဆရာဝန်ဆီသွားပြီး ဆေးထိုးခိုင်းတာ။ အဲဒီဆရာဝန်က ဆေးထိုးပေးတယ်။ ရောဂါသက်သာတဲ့ဆေး မဟုတ်ဘူး။ သေဆေးထိုးတာ။ အဲဒီဆေးထိုးပြီးရင်တော့ ပြုံးပြုံးလေး သေသွားတယ်။ ဒီဒုက္ခကြီးကို မခံစားနိုင်သည့် အတွက်ကြောင့် ဆေးထိုးခံကြတယ်။

ဒီလိုပဲ ဒုက္ခကို မခံစားနိုင်တော့ဘူးဆိုတဲ့လူတွေ ကိုယ့်ကိုယ်ကို သတ်သေလေ့ရှိကြတယ်။ ရဟန္တာပုဂ္ဂိုလ်တွေက ဒီလို အလွန်ဆိုးဝါးတဲ့ ဒုက္ခဖြစ်နေတယ်။ ဘာဖြစ်လို့ ရဟန္တာပုဂ္ဂိုလ်တွေဟာ ပရိနိဗ္ဗာန်မစံကြသလဲ။ ပရိနိဗ္ဗာန်စံအောင် ဘာ့ကြောင့် မလုပ်ကြသလဲ။ ဒီဒုက္ခကြီးက မခံချင်တော့ပါဘူး ဆိုပြီးတော့ မြန်မြန်သေလိုက်ပါတော့လားလို့ ပြောချင်ပုံရပါတယ်။

ရှင်နာဂသေန က ဖြေတယ်၊ **"နတ္ထိ မဟာရာဇ, အရဟတော အနုနယော ဝါ ပဋိယော ဝါ-** ရဟန္တာပုဂ္ဂိုလ်မှာ တွယ်တာမှု လိုက်လျောမှုဆိုတဲ့ လောဘ၊ ဆန့်ကျင်မှုဆိုတဲ့ ဒေါသ မရှိဘူး။"

အနုနယဆိုတာ လိုက်လျောတာ။ လူတွေဟာ စိတ်ကြည်နေလို့ရှိရင် လိုက်လျောကြတယ်။ မကြည်ဘူး မုန်းတယ်ဆိုရင် ဆန့်ကျင်တယ်၊ ဒါ လူ့သဘာဝ။ **အနုနယ** ဆိုတာ လိုက်လျောခြင်း။ **ပဋိယ** ဆိုတာ ဆန့်ကျင်ခြင်း၊ **အနုရောဓ ဝိရောဓ** လို့လည်း သုံးလေ့ရှိတယ်။ **အနုရောဓ-** လိုက်လျောခြင်း။

http://www.dhammadownload.com

တစ်ယောက်နဲ့တစ်ယောက် ခင်မင်နေတဲ့အချိန် လိုက်လျော်တယ်။ ခင်မင်မှု ပျက်ပြားသွားရင် အနုရောဓ မရှိတော့ဘူး။ **ဝိရောဓ**- ဆန့်ကျင်ဘက်တွေ ဖြစ်လာတယ်။

အဲဒီတော့ ရဟန္တာပုဂ္ဂိုလ်မှာ **အနုနယ** လိုက်လျောတဲ့ လောဘ၊ **ပဋိဃ** လို့ဆိုတဲ့ ဆန့်ကျင်တဲ့ **ဒေါသ**၊ လောဘ ဒေါသ မရှိဘူး။

"န စ အရဟန္တော အပက္ကံ ပါတေန္တိ ပရိပါကံ အာဂမေန္တိ- ရဟန္တာပုဂ္ဂိုလ်တွေဟာ သရက်သီးအစိမ်းကို မှည့်အောင် မလုပ်သလို သေချိန်မတန်သေးရင် အတင်းသေမှာ မဟုတ်ဘူး"၊ အချိန်ကို စောင့်ကြတယ်။"

ဆိုလိုတာက ရဟန္တာပုဂ္ဂိုလ်တွေဟာ ကိုယ့်ကိုယ်ကို သေအောင်တော့ မလုပ်ဘူး။ သူဟာသူ သေချိန်တန်လို့ရှိရင် သေလိမ့်မယ်ဆိုပြီး အချိန်ကိုတော့ စောင့်တယ်။

ရှင်သာရိပုတ္တရာမထေရ်မြတ်က ဟောခဲ့တယ်။

"နာဘိနန္ဒာမိ မရဏံ၊ နာဘိနန္ဒာမိ ဇီဝိတံ-

သေဆုံးမှုကိုလည်း သူ မလိုလားဘူး၊

အသက်ရှင်မှုကိုလည်း သူ မလိုလားဘူး"။

ဆိုလိုတာက သေချင်တာလည်း မဟုတ်ဘူး၊ နေချင်တာလည်း မဟုတ်ဘူး။ သူ့သဘာဝအတိုင်း ရှိစေတယ်။

လူတွေကျတော့ စိတ်ညစ်ရင်လည်း သေချင်တယ်လေ။ ဒါကြောင့်မို့ လူတွေကပြောတာ "ငါသေချင်လိုက်တာနဲ့"။ ရဟန္တာပုဂ္ဂိုလ်ဟာ ငါသေချင်လိုက်တာလို့လည်း မရှိဘူး။ နေချင်လိုက်တာလို့လည်း မရှိဘူး။

http://www.dhammadownload.com

ကာလဒ္ဓ ပဋိကခ်ီမိ- သေမယ့်အချိန်လေးကိုတော့ သူက စောင့်ဆိုင်းပေးနေတယ်။ ဘာနဲ့ ဥပမာတူတုန်းဆို "**နိဗ္ဗိသံ ဘတကော ယထာ ဝန်ထမ်းဟာ လခရမယ့်နေ့တော့မျှော်တယ်**"။

ရဟန္တာပုဂ္ဂိုလ်တွေဟာ ဘယ်နေ့ကျရင် ဒီဒုက္ခတွေ အဆုံးသတ်မလဲ။ ဒုက္ခအဆုံးသတ်မယ့်နေ့ကိုတော့မျှော်တယ်။ ရောက်လာမှာပဲဆိုတဲ့ အသိတော့ ရှိတယ်။

ရှင်သာရိပုတ္တရာ၏ နောက်ဆုံးနေ့

ရှင်သာရိပုတ္တရာမထေရ်မြတ်က သက်တော် ၇၅-နှစ် အရွယ်လောက် မြတ်စွာဘုရားက အသက် (၈၀)အရွယ် ရှိခဲ့ပြီ။ တန်ဆောင်မုန်းလဆန်း(၇)ရက်လောက် အချိန်မှာ သမာပတ် ဝင်စားပြီး သမာပတ်မှထတဲ့အခါ တွေးမိတယ်။ "မြတ်စွာဘုရားလည်း အသက်(၈၀)တောင် ရှိသွားပြီ။ ငါလည်း (၇၅)နှစ် ရှိပြီ။ အဲဒီတော့ ထုံးတမ်းစဉ်လာအရ ဘုရားနဲ့ တပည့်ကြီး ဘယ်သူကမှား အရင် ပရိနိဗ္ဗာန်စံကြသလဲ။"

ထုံးတမ်းစဉ်လာ ဖြစ်နေတာက ဘုရားထက်အရင် အဂ္ဂသာဝကကြီးတွေက ပရိနိဗ္ဗာန်စံလေ့ ရှိကြတယ်။ ထုံးစံလို့ ပြောတာဟာ ဓမ္မနိယာမလို့ ပြောတာဖြစ်တယ်။ ဖြစ်စဉ်ကြီး တစ်ခုပဲ။ ဥပမာ- ဆောင်းကုန်လို့ရှိရင် နွေရောက်တာ ဖြစ်စဉ်ပဲ။ ဘယ်သူကမှ လုပ်တာ မဟုတ်ဘူး။ နွေပြီးရင် မိုးလာမယ်ဆိုတာ ဖြစ်စဉ်။ မိုးပြီးရင် ဆောင်းလာမယ်၊ ဥတုသုံးပါးဆိုတာ ဒီလိုပဲ လည်ပတ်နေတယ်။

http://www.dhammadownload.com

အဲဒီလို ဓမ္မနိယာမ ဖြစ်စဉ်အရ မြတ်စွာဘုရား ပရိနိဗ္ဗာန်မစံခင် တပည့်ကြီးတွေက အရင် ပရိနိဗ္ဗာန်စံလေ့ ရှိကြတယ်။ "ငါရော ဘယ်လောက်နေရဦးမလဲ"လို့ ကြည့်တယ်။ ကြည့်လိုက်တဲ့အခါ (၇)ရက်ဆိုရင် သက်တမ်းကုန်ပြီ၊ (၇)ရက်ပဲ ကျန်တော့တယ်ဆိုတာ သိသွားတယ်။

(၇)ရက် ကြိုတင်ပြီးတော့ သိလိုက်တဲ့အခါ ဘုရားထံ သွားရောက်ပြီး လျှောက်တယ်။ မြတ်စွာဘုရားက ဘယ်မှာ ပရိနိဗ္ဗာန်စံမလဲလို့ မေးတဲ့အခါ "မယ်တော်ကြီးက ဇမ္ဗာကိုးကွယ်တုန်းပဲ ရှိသေးတယ်။ မယ်တော်ကြီးကို နောက်ဆုံး တရားပြချင်လို့ ဇာတိရွာမှာ ဖြစ်ပါ့မယ်"လို့ လျှောက်တယ်။

သားလေးယောက်၊ သမီးသုံးယောက်က ရဟန္တာတွေချည်းပဲ။ သားလေးယောက်က ဥပတိဿ (ရှင်သာရိပုတ္တ)၊ ဥပသေန (ဒုတိယသား)၊ စုန္ဒ (တတိယသား)၊ ရေဝတ (စတုတ္ထသား)။ သမီးသုံးယောက်ကတော့ စာလာ၊ ဥပစာလာ၊ သီသုပစာလာ အားလုံးဟာ သာသနာ့ဘောင်ဝင်ပြီး ရဟန္တာချည်းပဲ ဖြစ်ကြတယ်။ သို့သော် မယ်တော်ကြီးဟာ ဇမ္ဗာကို ကိုးကွယ်တုန်းပဲ ရှိသေးတယ်။ အဲဒီတော့ သူမယ်တော်ကြီးကို တရားဟောဖို့အတွက် အိမ်ပြန်မယ်။

ရှေးတုန်းက သူဌေးတွေ မိသားစုတွေဟာ အိမ်ကို ထိန်းသိမ်းစောင့်ရှောက်ထားကြတယ်။ ချမ်းသာကြွယ်ဝတဲ့ ပုဂ္ဂိုလ်တွေဟာ မိသားစု သားဖွားခန်းဆိုတာကို သီးသန့်ထားတယ်။ အဲဒီတော့ ရှင်သာရိပုတ္တရာက သူမွေးဖွားခဲ့တဲ့အခန်းကို ပြန်ပြီး အဲဒီမှာ ဘဝအဆုံးသတ်မယ်လို့ဆုံးဖြတ်တယ်။ ဘာဖြစ်လို့ အဲဒီကို သွားချင်တာတုန်းဆိုရင် မယ်တော်ကြီးကို တရားဟောချင်လို့ပဲ။

http://www.dhammadownload.com

ရှင်သာရိပုတ္တရာဟာ တစ်နေ့ တစ်ယူဇနာနဲ့ (၇)ရက် သွားတာ၊ လပြည့်နေ့ ဟိုရောက်၊ ညမှာ ရောဂါဖောက်ပြီး မနက်လင်းအားကြီးမှာ ပရိနိဗ္ဗာန်ပြုသွားတယ်။

အဲဒီတုန်းက ရှင်သာရိပုတ္တရာ မိန့်ခဲ့တဲ့စကားက-

"သေခြင်းကိုလည်း သူ မလိုလားဘူး၊ အသက်ရှင်နေမှုကိုလည်း သူ မလိုလားဘူး။ သေမယ့်အချိန်လေးကိုတော့ သူ မျှော်လင့်ထားတယ်။ သိထားတယ်ပေါ့။ ဝန်ထမ်းတစ်ယောက်ဟာ လခရမယ့်နေ့ကို မျှော်လင့်ထားသလိုပဲ။"

ဆိုလိုတာက ခန္ဓာကိုယ်ကြီးရှိနေရင် သူ့ဒုက္ခ ငါ ခံနေရဦးမယ်။ ဒါ မရှိတော့ဘူးဆို ငါလိုချင်တဲ့ဆုလာဘ် အပြည့်အဝရပြီဆိုတဲ့ဟာမျိုးကိုတော့ သူမျှော်လင့်တယ်တဲ့။

"နာဘိနန္ဒာမိ မရဏံ၊ နာဘိ ကင်္ခါမိ ဇီဝိတံ၊
ကာလဉ္စ ပဋိကင်္ခါမိ၊ သမ္ပဇာနော ပဋိဿတော။

သမ္ပဇာနော ပဋိဿတော ဒါ သဘာဝတရားပဲ ဆိုတာ အသိညာဏ်နဲ့ ဆင်ခြင်ထားတယ်။ သဘာဝတရားပေါ်မှာ စဉ်ဆက်မပြတ် သတိထားတယ်။"

သဘာဝတရားကြီးဟာ ဒီကနေစပြီး ဒီလိုသွားတာ။ သူ အဆုံးသတ်မယ့်အချိန်မှာ အဆုံးသတ်မှာပဲ၊ ပစ်စင်တစ်ခုကနေပြီးတော့ လောင်ချာနဲ့ လွှတ်လိုက်တဲ့ဒုံးပျံကြီးဟာ အရှိန်ကုန်တဲ့နေရာမှာ ကျမှာပဲ။ ကံတရားက လွှတ်တင်လိုက်တဲ့ ဘဝအရှိန်ရှိနေသမျှသွားပြီး အရှိန်ကုန်တဲ့ အခိုန်ကျတော့ ကျသွားတာပဲ။ ကောင်းကင်ကို ပစ်တင်လိုက်တဲ့ မြားတံဟာ ပစ်တင်လိုက်တဲ့လေးကြိုးရဲ့အင်အားနဲ့ သူက အပေါ်တက်နေမှာပဲ။ အဲဒီ တက်တဲ့အရှိန် ကုန်တဲ့အခါ ပြန်ကျလာတယ်၊ ဒီသဘောပဲ။

http://www.dhammadownload.com

ဘဝဆိုတာ စမွေးဖွားလိုက်တဲ့အချိန်မှာ သူက သတ်မှတ်လိုက်ပြီးသားပဲ။ သတ်မှတ်တယ်ဆိုတာ ပစ်တင်လိုက်တဲ့အရှိန်က ဘယ်လောက်ရှိသလဲ။ အဲဒီအရှိန်အတိုင်း သွားမှာပဲ။ ကံအရှိန်ကြီးမားရင် ရှည်ကြာမှာ ဖြစ်တယ်။ သို့သော် ဒီကြားထဲမှာ ဒုံးခွင်းဒုံးဆိုတာ ရှိသေးတယ်။ ဒုံးခွင်းဒုံးနဲ့ တွေ့သွားလို့ကတော့ အပေါ်မရောက်ခင် ပြုတ်သွားတာလည်း ရှိတာပေါ့။ accident နဲ့ သေတယ်ဆိုတာမျိုး။

"ကာယိကဒုက္ခနဲ့ ကြုံရဲ့သားနဲ့ ဘာကြောင့် ပရိနိဗ္ဗာန် မစံရသလဲ" ဆိုတဲ့ **မိလိန္ဒမင်းကြီး**ရဲ့ မေးခွန်းကို **ရှင်နာဂသေန**က ရှင်သာရိပုတ္တရာ မိန့်ကြားတဲ့စကား ကိုးကားပြီးတော့ ဖြေဆိုလိုက်တယ်။

မိလိန္ဒမင်းကြီးက ကျေနပ်အားရသွားပြီး **"ကလ္လောသိ ဘန္တေနာဂသေန**- ရှင်နာဂသေနရဲ့ ဖြေဆိုချက်ဟာ သင့်တော်ပါတယ်"။

နိဂုံးစာပိုဒ်

တရားချစ်ခင် သူတော်စင် ပရိသတ်အပေါင်းတို့၊ စိတ်ခံစားမှုနဲ့ပတ်သက်ပြီး ပုထုဇဉ်နဲ့ ရဟန္တာပုဂ္ဂိုလ်တို့ရဲ့ ခံစားမှုခြင်းဟာ ကွဲပြားခြားနားမှုရှိတယ်။ ပုထုဇဉ်တွေမှာ ကာယိကဒုက္ခ၊ စေတသိကဒုက္ခ နှစ်မျိုးလုံး ခံစားရသော်လည်း ရဟန္တာပုဂ္ဂိုလ်တွေမှာတော့ ကာယိကဒုက္ခတစ်မျိုးသာ ခံစားရပြီး စေတသိကဒုက္ခ မရှိတဲ့အကြောင်း အခုလို ရှင်းလင်းပြတ်သားစွာ သိကြသည့်အတွက်ကြောင့် ကာယိကဒုက္ခဆိုတာ ခန္ဓာကိုယ်ရနေသမျှ ခံစား

http://www.dhammadownload.com

ရမှာဖြစ်ပြီး စေတသိကဒုက္ခမှ လွတ်မြောက်အောင် ကျင့်ကြံကြိုးကုတ် အားထုတ်ရမှာဖြစ်တယ်လို့ ကိုယ်စီကိုယ်စီ သတိထားပြီး မြတ်ဗုဒ္ဓရဲ့ အဆုံးအမအတိုင်း လိုက်နာကျင့်သုံးနိုင်ကြပါစေကုန်သတည်း။

သာဓု ... သာဓု ... သာဓု

Transcribed by-**Ko Thu Rein Aung**
Typed by- **Wai Wai Lwin**

http://www.dhammadownload.com

မိလိန္ဒပဉ္ဟာ

မိလိန္ဒမင်းနှင့် ရှင်နာဂဆေနတို့၏ ဗုဒ္ဓဝါဒရေးရာ အချေအတင်ပြောဆိုချက်များ အပိုင်း(၉)

မှတ်တမ်း

သာသနာတော်နှစ် ၂၅၆၀-ပြည့်နှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၈-ခုနှစ်၊ နယုန်လဆန်း(၁၂)ရက်၊ (၁၇-၆-၂၀၁၆) ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန၊ ဇမ္ဗူသိရိဗိမာန်တော်အတွင်း ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် သာသနာ့ပူဇော မြတ်မင်္ဂလာ တရားအလှူတော် အထူးဓမ္မသဘင်အခမ်းအနား၌ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ၅-ရပ်ကွက်၊ ရွှေနှင်းဆီလမ်း၊ ဦးထွန်းညွှန့် + ဒေါ်ရင်ထွေး မိသားစုတို့၏ အမတဒါန၊ ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားအပ်သော **'မိလိန္ဒမင်းနှင့် ရှင်နာဂဆေနတို့၏ ဗုဒ္ဓဝါဒရေးရာ အချေအတင် ပြောဆိုချက်များ အပိုင်း(၉)'** အကြောင်း တရားဒေသနာတော်။

ဒီကနေ့ ၂၁-ခုမြောက် ဝေဒနာနဲ့ ပတ်သက်တဲ့ မေးခွန်းအကြောင်း ဟောမှာဖြစ်တယ်။ ဝေဒနာနဲ့ပတ်သက်ပြီး အပိုင်း(၈) တုန်းက ပြန်လည်မွေးဖွားခြင်းမရှိတဲ့ ပုဂ္ဂိုလ်ဟာ ကာယိကဒုက္ခတော့ ခံစားရတယ်။ စေတသိကဒုက္ခ မခံစားရဘူးလို့ ဖြေခဲ့တဲ့ စကားရှိတယ်။။

ရဟန္တာပုဂ္ဂိုလ်တွေဟာ ကာယိကဒုက္ခတော့ ရှိတယ်၊ စေတသိကဒုက္ခတော့ မရှိဘူး။ အင်မတန်မှ သက်သာသွားပြီလို့ ဆိုနိုင်တယ်။ လောကလူတွေမှာ စိတ်ခံစားမှုတွေက အလွန်ပြင်း

http://www.dhammadownload.com

ထန်တယ်၊ စိတ်ခံစားမှုတွေကြောင့် လူတွေရဲ့ဘဝဟာ ဆိုးချင်လည်း ဆိုးသွားတယ်၊ ကောင်းချင်လည်း ကောင်းသွားတယ်။ မျှားသောအားဖြင့် အဆိုးဘက် လဲသွားတတ်တယ်။ စိတ်ခံစားမှုကို မထိန်းနိုင်ဘူးဆိုလို့ရှိရင် လူတွေမှာ တစ်ခုခု ကျူးလွန်မှုတွေ ပြုလုပ်တတ်ကြတယ်။

၂၁–ဝေဒနာပဉှာ

မိလိန္ဒမင်းကြီးက ဝေဒနာနဲ့ ပတ်သက်တဲ့ မေးခွန်းကို မေးပြန်တယ်၊ "**ဘန္တေ နာဂသေန သုခါ ဝေဒနာ ကုသလာ ဝါ အကုသလာ ဝါ အဗျာကတာ ဝါ**- သုခဝေဒနာဆိုတဲ့ ချမ်းသာတဲ့ခံစားမှုက အပြစ်ကင်းတဲ့ကုသိုလ်လား၊ အပြစ်ရှိတဲ့ အကုသိုလ်လား၊ ကုသိုလ် အကုသိုလ်နှစ်မျိုးမှ အခြားလား"။

အဘိဓမ္မာတရားကို မြတ်စွာဘုရား ဟောကြားတဲ့အခါ နာမ်တရားတွေကို သုံးမျိုးခွဲပြီး ဟောကြားတယ်။ ကုသိုလ် wholesome ဆိုတာတစ်မျိုး၊ အကုသိုလ် unwholesome ဆိုတာတစ်မျိုး၊ အဗျာကတဆိုတဲ့ neither wholesome nor unwholesome ကုသိုလ်လည်းမဟုတ်၊ အကုသိုလ်လည်း မဟုတ်ဘူးဆိုတာ တစ်မျိုး၊ သုံးမျိုးခွဲပြီး ဟောတယ်။

ကုသလ က အပြစ်ကင်းပြီး ကောင်းကျိုးချမ်းသာပေးတတ်တဲ့အရာ၊ **အကုသလ** က အပြစ်ရှိပြီး ဆိုးကျိုးကိုပေးတတ်တဲ့အရာ၊ နှစ်မျိုးလုံးနဲ့ မသက်ဆိုင်တာက **အဗျာကတ**။ ဒီလိုဆိုလိုတယ်။

http://www.dhammadownload.com

သုခဝေဒနာက အပြစ်ကင်းပြီး ကောင်းကျိုးချမ်းသာ ပေးတတ်တဲ့ ကုသိုလ်နဲ့ သက်ဆိုင်သလား၊ သို့မဟုတ် အပြစ်ရှိပြီး မကောင်းတဲ့အကျိုးကို ပေးတတ်တဲ့ အကုသိုလ်နဲ့ သက်ဆိုင်သလား၊ သို့မဟုတ် နှစ်မျိုးလုံးနဲ့ မဆိုင်တဲ့တရားလား"တဲ့။

ရှင်နာဂသေန က ဖြေတယ် "**သီယာ မဟာရာဇ ကုသလာ၊ သီယာ အကုသလာ၊ သီယာ အဗျာကတာ**- တစ်ချို့ကတော့ ကုသိုလ်၊ တစ်ချို့ကတော့ အကုသိုလ်၊ တစ်ချို့ကတော့ ကုသိုလ်လည်း မဆိုရဘူး၊ အကုသိုလ်လည်း မဆိုရဘူး"။

သုခဝေဒနာဆိုတိုင်း ကုသိုလ်မဟုတ်ဘူး။ သုခဝေဒနာဆိုတိုင်းလည်း အကုသိုလ်မဟုတ်ဘူး။ သုခဝေဒနာဟာ တစ်ချို့က ကုသိုလ်နဲ့သက်ဆိုင်တယ်၊ တစ်ချို့က အကုသိုလ်နဲ့ သက်ဆိုင်တယ်။ တစ်ချို့က နှစ်မျိုးလုံး မဆိုင်ရတဲ့အရာဖြစ်တယ်။

မိလိန္ဒမင်းကြီး မေးချင်တဲ့မေးခွန်းက ဒါမဟုတ်သေးဘူး၊ ခြေဆင်းအနေနဲ့ မေးတာ။ သူမေးချင်တဲ့ မေးခွန်းက အခုမှလာတာ။

"**ယဒိ ဘန္တေ ကုသလာ န ဒုက္ခာ**- အကယ်၍ သုခဝေဒနာဟာ ကုသိုလ်ဆိုရင် ဒုက္ခမဟုတ်ရဘူး"။

ဆိုလိုတာက ကုသိုလ်ဆိုတဲ့တရားဟာ ဒုက္ခမဟုတ်ရဘူး၊ ကုသိုလ်မှန်လို့ရှိရင် ဆင်းရဲတဲ့အကျိုးကို မပေးရဘူး၊ ကောင်းကျိုးချမ်းသာပေးတယ်လို့ဆိုတဲ့အရာသည် ဒုက္ခနဲ့ မသက်ဆိုင်ရဘူး။ အကယ်၍ ဒုက္ခဆိုရင်လည်း ကုသိုလ်လို့ မဆိုနိုင်ဘူး။ **ကုသလံ ဒုက္ခန္တိ နုပပဇ္ဇတိ**- ကုသိုလ်က ဒုက္ခဖြစ်တယ်ဆိုတာ မဖြစ်နိုင်ဘူး။

ဒီမေးခွန်း မေးတုန်းက သုခဝေဒနာနဲ့ ပတ်သက်ပြီး မေးတယ်။ သုခဝေဒနာကို ရဲခါ ကုသိုလ်၊ ရဲခါ အကုသိုလ်၊ ရဲခါ

http://www.dhammadownload.com

အဗျာကတလို့ဆိုတဲ့ အဖြေပေါ်မှာ။ ကုသိုလ်ဆိုလို့ရှိရင် ဒုက္ခဆိုတာ မရှိရဘူး။ အကယ်၍ ဒုက္ခဆိုရင် ကုသိုလ်ဆိုတာ မဖြစ်ရဘူး။ အဲဒီတော့ ကုသိုလ်မှန်ရင် ဒုက္ခမဖြစ်စေရဘူးလို့ တင်ဆိုပြန်တယ်။

ရှင်နာဂသေန က သူ့ထင်မြင်ချက်ကို ပြန်မေးတယ်။ တစ်ချို့မေးခွန်းတွေက ထင်မြင်ချက်ကို ပြန်မေးပြီးမှ ဖြေရတယ်။ မမေးဘဲနဲ့ ဖြေလို့မရဘူး။ ဖြေပုံဖြေနည်း အမျိုးမျိုးရှိတယ်။

"တံ ကိံမညသိ မဟာရာဇ- ကဲ မင်းကြီး၊ ဘယ်လို အောက်မေ့သလဲ။ ယောက်ျားတစ်ယောက်ရဲ့ လက်တစ်ဖက်ထဲ ရဲရဲတောက်ပူနေတဲ့ သံလုံးကြီးကို ထည့်လိုက်မယ်။ နောက် တစ်ဖက်ကိုတော့ အေးစက်နေတဲ့ ရေခဲတုံးကြီးကို ထည့်လိုက်မယ်။ အဲဒီလို ထည့်လိုက်မယ်ဆိုရင် **ကိ နုခေါ မဟာရာဇ ဥဘောပိ တေ ဒဟေယျုံ**- ဘယ့်နှယ်လဲ မင်းကြီး။ ဒီနှစ်မျိုးလုံးဟာ လက်ကိုလောင်သွားမှာလား၊"

အပူကလည်း လက်ကိုလောင်တာပဲ။ အအေးကလည်း လက်ကိုလောင်တာပဲ။ လူတွေက အပူလောင်တယ် ဆိုတာတော့ သဘောပေါက်ကြတယ်။ အအေးလောင်တယ်ဆိုတာ သိပ် မသိကြဘူး။

အအေးလောင်တယ်ဆိုတာ သိပ်အေးခဲနေတဲ့နေရာမှာ အအေးလောင်လို့ရှိရင် နားရွက်ဖျား နှာခေါင်းဖျားဟာ ညှိမည်းလာတယ်။ ဒါ အအေးလောင်တာပဲ။ အေးခဲနေတဲ့ အရပ်ဒေသတွေမှာ ဖြစ်တတ်တယ်။ အင်မတန်အေးတဲ့ ဧဝရက်တောင်တို့လို အကာအကွယ် မရှိဘူးဆိုရင် သွေးမရောက်တော့ဘဲနဲ့ မည်းလာ

http://www.dhammadownload.com

တယ်။ အဲဒါ ဖြစ်လာပြီဆိုလို့ရှိရင် သွေးမလျှောက်တော့လို့ မည်းသွားတယ်။ အင်္ဂလိပ်လို frost bite အအေးကိုက်တယ်လို့ သုံးတယ်။ သို့သော် အအေးလောင်တယ်လို့ ဒီမှာသုံးတယ်။

မိလိန္ဒမင်းကြီး က "**အာမ ဘန္တေ ဥဘောပိ တေ ဒဟေယျုံ**- နှစ်ဖက်စလုံး လောင်မယ်။ အေးတဲ့ဘက်ကလည်း အေးလွန်းအားကြီးလို့ လောင်တယ်၊ ပူတဲ့ဘက်ကလည်း ပူလို့ လောင်တယ်။ အပူလောင်တာနဲ့ အအေးလောင်တာ ဒီနှစ်ခုလုံး ဖြစ်မယ်"လို့ ဖြေတယ်။

အဲဒီလိုဖြေတဲ့အခါ **ရှင်နာဂသေန**က ပြန်မေးတယ်။ "**ကိံ နု ခေါ, တေ မဟာရာဇ ဥဘောပိ ဥဏှာ**- လောင်တယ်ဆိုလို့ ရှိရင် အဲဒီ နှစ်ခုစလုံးဟာ အပူလားတဲ့။"

လောင်တယ်ဆိုတဲ့ စကားလုံးနဲ့ တွဲလိုက်တဲ့အခါကျတော့ တစ်ဖက်က မီးဖုတ်ထားလို့ ရဲနေတဲ့သံတုံး၊ တစ်ဖက်က အေးခဲနေတဲ့ ရေခဲတုံး၊ နှစ်ဖက်စလုံး လောင်တယ်ဆိုရင် နှစ်ခုစလုံးဟာ အပူလား။

မိလိန္ဒမင်းကြီးက "မဟုတ်ပါဘူး"တဲ့။

"ဒါဖြင့် နှစ်ခုစလုံးဟာ အအေးလား"။

"မဟုတ်ပါဘူး"လို့ဖြေတယ်။

တစ်ဖက်က အအေး၊ တစ်ဖက်က အပူ။ သို့သော် လောင်တယ်ဆိုတာကျတော့ နှစ်ဖက်လုံး လောင်ကြတယ်။ အဲဒီမှာ **ရှင်နာဂသေန**က "**အာဇာနာတိ နိဂ္ဂဟံ** သင်မင်းကြီး ဖြေတဲ့အဖြေနဲ့ ပတ်သက်ပြီးတော့ အသင်မင်းကြီးရဲ့ ဝါဒကို အပြစ်တင်ချီးနှိမ်ရလိမ့်မယ်၊" ပြောလိုက်တဲ့စကားနဲ့ ပတ်သက်ပြီး အပြစ်ကို ထောက်ပြမယ်။

http://www.dhammadownload.com

"**ယဒိ တတ္ထ ဒဟတိ၊ န စ တေ ဥဘောပိ ဥဏှာ**-ပူလောင်နေတဲ့ သံခဲက လောင်တယ်ဆိုရင် နှစ်ခုစလုံးကလည်း အပူမဟုတ်ဘူး။ အပူမဟုတ်သည့် အတွက်ကြောင့် လောင်တယ်ဆိုတာ မဖြစ်သင့်ဘူး။ အကယ်၍ အအေးက လောင်တယ်ဆိုရင်လည်း နှစ်ခုစလုံးဟာ အအေးမဟုတ်သည့် အတွက်ကြောင့် လောင်တယ်ဆိုတာ မဖြစ်နိုင်ဘူး။ တစ်ခုနဲ့တစ်ခုက ဆန့်ကျင်တယ်၊ သို့သော် "လောင်တယ်"ဆိုတာ ဖြစ်နေတယ်။

"**ကိဿ ပန မဟာရာဇ ဥဘောပိ ဒဟန္တိ**- ဘာကြောင့် နှစ်ခုစလုံးကို လောင်တယ်လို့ ပြောနိုင်တာလဲ။ **န စ တေ ဥဘောပိ ဥဏှာ၊ န စ တေ ဥဘောပိ သီတလာ**- နှစ်ခုစလုံးဟာ အပူချည်းလည်း မဟုတ်ဘူး။ နှစ်ခုစလုံးဟာ အအေးချည်းလည်း မဟုတ်ဘူး။ **ဧကံ ဥဏှံ၊ ဧကံ သီတလံ**-တစ်ခုက အပူ၊ တစ်ခုက အအေး၊ **ဥဘောပိ တေ ဒဟန္တိ၊ တေန နုပ္ပဇ္ဇတိ** နှစ်ခုစလုံးက လောင်တယ်လို့ပြောတာ မဖြစ်နိုင်ဘူး" **ရှင်နာဂသေန** က ဒီလိုထောက်ပြတယ်။

အဲဒီအခါ **မိလိန္ဒမင်းကြီး** ခေါင်းရှုပ်သွားတယ်၊ "**နာဟံ ပဋိဗလော တယာ ဝါဒိနာ သဒ္ဒိ သလ္လပိတုံ**- ကိုယ်တော်လို စကားတတ်တဲ့ပုဂ္ဂိုလ်နဲ့ ယှဉ်ပြိုင်ပြီး မပြောနိုင်တော့ပါဘူးတဲ့။ ဘာဖြေရမှန်း မသိတော့ဘူး။ **သာဓု အတ္ထံ ဇပ္ပေဟိ**- အရှင်ဘုရား ပြောချင်တဲ့ အဓိပ္ပာယ်ကို ပြောပါ"လို့ တောင်းဆိုတယ်။

အဘိဓမ္မာသဘောအရ ရှင်နာဂသေနက ဝေဒနာဆိုတဲ့ စိတ်ခံစားချက်တွေကို (၁၀၈)မျိုးထိအောင် မြတ်စွာဘုရားရဲ့ ဒေသနာတော်ကို ကိုးကားပြီးတော့ ရှင်းပြတယ်။

http://www.dhammadownload.com

စိတ်ခံစားမှု ဘစ်ရောရှစ်မျိုး

စိတ်ရဲ့ခံစားမှု (၁၀၈)မျိုးရှိတယ်။ လူတွေမှာ ဝမ်းသာမှုဟာ နှစ်မျိုးရှိတယ်။ လောကလူတွေဟာ ဝမ်းသာကြတယ်။ သို့သော် ဝမ်းသာမှုဆိုတဲ့ အကျိုးတစ်ခုကို ထုတ်လုပ်တဲ့ အကြောင်းက တော့ မတူဘူး။ ကာမဂုဏ်အာရုံတွေကို မှီပြီးတော့ ဝမ်းသာတာ ရှိတယ်။ ကာမဂုဏ်အာရုံမှီပြီး ဝမ်းသာတာကို **ဂေဟနိဿိတ သောမနဿ** လို့ ခေါ်တယ်။

ဂေဟဆိုတာ လူတွေပျော်မွေ့တဲ့ ဧရိယာ၊ လူတွေဘယ်မှာ ပျော်မွေ့ကြလဲ။ မျက်စိကမြင်တဲ့ အာရုံပေါ်မှာ ပျော်မွေ့တယ်၊ နားနဲ့ကြားတဲ့ အသံအာရုံ၊ နှာခေါင်းနဲ့ နမ်းရှူရတဲ့ မွှေးကြိုင်တဲ့ နှစ်သက်စရာအာရုံ၊ လျှာနဲ့အရသာခံရတဲ့ အရသာရှိတဲ့အာရုံ၊ ခန္ဓာကိုယ်နဲ့ ထိတွေ့ရတဲ့ ကျေနပ်စရာကောင်းတဲ့ အာရုံတွေမှာ ပျော်မွေ့ကြတယ်။ အဆိုပါ အာရုံများသည် စိတ်ရဲ့နေထိုင်ရာ ဖြစ်သောကြောင့် **ဂေဟ**။ ကာမဂုဏ်အာရုံများကို **ဂေဟ** လို့ ခေါ်တယ်။

ကာမဂုဏ အဓိပ္ပါယ်

ကာမ ဆိုတာ ကျေနပ်စရာ ကောင်းတယ်။ လိုချင်စရာ ကောင်းတယ်။ **ဂုဏ** ဆိုတာ စိတ်ကို နှောင်ဖွဲ့တတ်တဲ့အရာ။ ဒီနေရာမှာ နှောင်ဖွဲ့တယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ ပြောတာဖြစ်တယ်။ သီလဂုဏ်၊ သမာဓိဂုဏ်ဆိုတဲ့ နေရာမှာ အရည်အချင်းတွေကို **ဂုဏ** လို့ ပြောတာ။

http://www.dhammadownload.com

လောကလူတွေဟာ နှစ်သက်စရာအာရုံတွေကို အမှီပြုပြီး ဝမ်းသာမှုတွေ ဖြစ်ကြတယ်။ အဲဒီ အာရုံမှာ ဝမ်းသာမှုတင် ဖြစ်သလားလို့ဆိုတော့ မဟုတ်ဘူး။ အဲဒီ အာရုံတွေပေါ်မှာ ဝမ်းနည်းကြေကွဲမှုတွေလည်း ဖြစ်တတ်သေးတယ်။

ဝမ်းသာမှုကို **ဂေဟနိဿိတသောမနဿလို့** ခေါ်တယ်။ ဝမ်းနည်းကြေကွဲမှုကို **ဂေဟနိဿိတဒေါမနဿလို့** ခေါ်တယ်။ ကာမဂုဏ်တွေကို အမှီပြုပြီး အလိုကျလျှင် သောမနဿ၊ အလို မကျဘူးဆိုရင် ဒေါမနဿ။ ကာမဂုဏ်အာရုံပေါ်မှာ ဝမ်းသာတာလည်း မဟုတ်ဘူး၊ ဝမ်းနည်းတာလည်း မဟုတ်ဘူး။ အသင့်အတင့် ခံစားမှုဆိုတဲ့ ဥပေက္ခာ neutral feeling ဖြစ်တယ်။

ဂေဟဆိုတဲ့ ကာမဂုဏ်အာရုံတွေပေါ်မှာပဲ တစ်ယောက်က ဝမ်းသာမှု သောမနဿဖြစ်တယ်၊ တစ်ယောက်က ဝမ်းနည်းမှု ဒေါမနဿဖြစ်တယ်။ တစ်ယောက်ကျတော့ ဝမ်းသာမှုလည်း မထင်ရှားဘူး၊ ဝမ်းနည်းမှုလည်း မထင်ရှားတဲ့ ဥပေက္ခာဖြစ်တယ်။

ထို့အတူပဲ အကြောင်းတစ်ခုကိုကြည့်လိုက်၊ **ဂေဟနိဿိတ**ရဲ့ ဆန့်ကျင်ဘက်က **နေက္ခမ္မနိဿိတ**၊ ကာမဂုဏ်အာရုံတွေကို စွန့်လွှတ်လိုက်တယ်။ ကမ္မဋ္ဌာန်းကျောင်းသွား၊ ရိပ်သာဝင် တရားကျင့်၊ သမာဓိအာရုံနဲ့နေ၊ သို့မဟုတ် ဈာန်ရတယ်။ ကျင့်ကြံကြိုးကုတ်အားထုတ်လို့ ကာမဂုဏ်အာရုံနဲ့ဝေးတာကို ကျေနပ်တယ်။ အဲဒီ ဈာန်အာရုံကို အမှီပြုပြီး ဝမ်းသာမှုဖြစ်တယ်၊ **နေက္ခမ္မနိဿိတသောမနဿ**။

တစ်ခါ အဲဒီဈာန်အာရုံတွေ လက်လွတ်ဆုံးရှုံးသွားတာကို အကြောင်းပြုပြီး ဝမ်းနည်းမှု ဖြစ်ပြန်တယ် **နေက္ခမ္မနိဿိတဒေါမနဿ**၊ ဒီလိုဆိုလိုတယ်။

http://www.dhammadownload.com

ဝမ်းသာမှုလည်း မထင်ရှား၊ ဝမ်းနည်းမှုလည်း မထင်ရှားတဲ့ ဥပေက္ခာဆိုတာ ဖြစ်တယ်။ အဲဒါကျ **နေက္ခမ္မနိဿိတဥပေက္ခာ**။

သောမနဿက**ဧဟနိဿိတ သောမနဿ, နေက္ခမ္မ-နိဿိတ သောမနဿလို့** နှစ်မျိုး။

ဒေါမနဿက **ဧဟနိဿိတ ဒေါမနဿ, နေက္ခမ္မ-နိဿိတ ဒေါမနဿ** လို့ နှစ်မျိုး၊

ဥပေက္ခာက **ဧဟနိဿိတ ဥပေက္ခာ, နေက္ခမ္မနိဿိတ ဥပေက္ခာ** လို့ နှစ်မျိုး၊

ဝေဒနာ တစ်ဥ့ှစ်

အဲဒီတော့ တစ်ခုတစ်ခုကို အာရုံ(၆)ပါးနဲ့ မြှောက်လိုက်တဲ့ အခါ ဧဟနိဿိတ သောမနဿက(၆)ခု၊ နေက္ခမ္မနိဿိတ သောမနဿက (၆)ခု။ ဧဟနိဿိတ ဒေါမနဿက (၆)ခု, နေက္ခမ္မနိဿိတ ဒေါမနဿက (၆)ခု။ ဧဟနိဿိတ ဥပေက္ခာက (၆)ခု, နေက္ခမ္မနိဿိတ ဥပေက္ခာက (၆)ခု၊ ၆×၆ လီး ၃၆ ခု ဖြစ်သွားတယ်။ စိတ်ရဲ့ခံစားချက်တွေက (၃၆)မျိုး ဖြစ်သွားတယ်။

အာရုံဆိုသည်မှာ အဆင်း, အသံ, အနံ့, အရသာ, အထိ အတွေ့, ကြံတွေးအာရုံ အာရုံ(၆)ပါး ရှိတယ်။ အဲဒီ အာရုံ (၆)ပါးနဲ့ ဖြစ်ပေါ်လာတဲ့ သောမနဿ၊ ဒါကြောင့်မို့ ၆-ခု ဖြစ်တယ်။ ဒေါမနဿလည်း ထို့အတူပဲ ၆-ခု ဖြစ်တယ်၊ ဒီလိုဆိုတယ်။ အဲဒီတော့ ပေါင်းလိုက်တော့ ၃၆-ခု ရတယ်။

အဲဒီ ၃၆-ခုကို ကာလသုံးပါးနဲ့ မြှောက်တယ်၊ အတိတ် ၃၆-ခု၊ ပစ္စုပ္ပန် ၃၆-ခု၊ အနာဂတ် ၃၆-ခု၊ ဒီလို မြှောက်ပွားလိုက်

http://www.dhammadownload.com

တာ၊ ပေါင်းလိုက်တဲ့အခါ ဝေဒနာပေါင်း (၁၀၈)ပါး ဖြစ်သွားတယ်လို့ ဆိုတယ်။

ဒီလိုဝေဒနာဖြစ်တာဟာ အကြောင်းကိုအမှီပြုပြီးဖြစ်တယ်၊ အကြောင်းတူပေမယ့် တစ်ခုနဲ့တစ်ခု မတူကြဘူး။ ဒါကြောင့် ကုသိုလ်ဆိုပေမယ်လို့ ဒုက္ခဖြစ်ချင်ဖြစ်တယ်။ ဒုက္ခဆိုရင် ကုသိုလ်မဟုတ်ဘူးလို့လည်း ပြောလို့မရဘူး။ ကုသိုလ် ဆိုတာလည်း ဒုက္ခဖြစ်နိုင်တယ်လို့ အဘိဓမ္မာသဘောအရ အခုလို ရှင်းပြတယ်။

"ကလ္လောသိ ဘန္တေ နာဂသေန အရှင်နာဂသေန ပြောပြတာ ကျေနပ်လောက်ပါတယ်" လို့ မိလိန္ဒမင်းကြီးက ဆိုတယ်။

သဘောတရားတစ်ခုဟာ ယတိပြတ် ပြောလို့မရတဲ့အကြောင်း ရှင်းပြတာဖြစ်တယ်။ မိလိန္ဒမင်းကြီးက ကုသိုလ်ဆိုရင် ဒုက္ခမဖြစ်ရဘူး။ ဒုက္ခဆိုရင်လည်း ကုသိုလ်မဖြစ်ရဘူးဆိုတဲ့ အယူအဆနဲ့ ပြောတာ။ အကြောင်းတရားက ကောင်းနေရင် ဒုက္ခဆိုတာ မဖြစ်ရဘူး။ အကျိုးကို ကြည့်ပြီးတော့ ဒုက္ခလို့ ပြောလို့မရဘူး၊ ဒီလိုဆိုလိုတယ်။ အဲဒါကို ရှင်နာဂသေနက အဘိဓမ္မာသဘောအရ အမျိုးစုံဖြစ်နိုင်တယ်ဆိုတာကို ရှင်းပြခြင်းဖြစ်တယ်။

၂၄-ပစ္စည်းမှာ အာရမ္မဏပစ္စယော၊ ဥပနိဿယပစ္စယော ဆိုတာ ဒီအတိုင်းပဲ။ ကုသိုလ်ကို အကြောင်းပြုပြီး ကုသိုလ်ဖြစ်သလို, အကုသိုလ်လည်းဖြစ်တယ်။ အကုသိုလ်ကို အကြောင်းပြုပြီး အကုသိုလ်ဖြစ်သလို, ကုသိုလ်လည်း ဖြစ်နိုင်တယ်၊ ဒီလိုဆိုတာ။ ဒီနှစ်ခုဟာ သေချာပေါက်ကြီးပြောလို့မရဘူး။ ဒါကြောင့်မို့ ဘယ်အရာပဲဖြစ်ဖြစ် တစ်ပိုင်းစီ မှတ်ရမယ်။

http://www.dhammadownload.com

ကရဏာဒေါသော

ကရုဏာဒေါသောလို့ ပြောကြတယ်၊ ကရုဏာကတော့ ကုသိုလ်ပဲ၊ ကရုဏာကို အခြေခံပြီး ဒေါသဖြစ်ရင် ဒေါသကတော့ အကုသိုလ်။ ရှေ့က ကုသိုလ်၊ နောက်က အကုသိုလ်။

ကုသိုလ် အကုသိုလ် တစ်ပိုင်းစီ

အဲဒါလိုပဲ သတ္တဝါတွေကိုသတ်ပြီး အသားကို ဘုရားလျှို့တယ်။ သို့မဟုတ် သံဃာတွေကို ဆွမ်းကပ်တယ်ဆိုရင် သတ်တာက အကုသိုလ်၊ ဆွမ်းကပ်တာက ကုသိုလ်၊ သူ့အပိုင်းနဲ့သူပဲ။ သလဲသီးလို သူ့အကန့်နဲ့သူ မှတ်ရမယ်။ ကုသိုလ်က ကုသိုလ်ပဲ၊ အကုသိုလ်က အကုသိုလ်ပဲ။

ဆိုပါစို့-ခြင်ဆိုတဲ့သတ္တဝါတွေရှိရင် လူကိုကိုက်မယ်၊ ခြင်ကိုက်ခံရတဲ့လူက သွေးလွန်တုတ်ကွေး စတဲ့ရောဂါတွေ ဖြစ်မယ်။ ခြင်တွေသတ်မှ လူတွေချမ်းသာမယ်။ လူတွေ ချမ်းသာအောင် ခြင်သတ်တယ်။ လူတွေ ချမ်းသာအောင်လို့ တွေးတာတော့ ကုသိုလ်ပဲ။ ခြင်သတ်တာကျတော့ အကုသိုလ်လို့ ဒီလိုပြောရမှာပဲ။

စိတ်ဆိုတာ တစ်မျိုးတည်းတော့ မဖြစ်ဘူး။ နှစ်ခုပြိုင်တူ ဖြစ်သလား မဖြစ်ဘူးလား။ ကိုယ့်ဟာကိုယ် စဉ်းစားကြည့်။ အကျိုး ဖြစ်ထွန်းစေချင်နေတဲ့ အချိန်လေးမှာ ခြင်သတ်တာ မဖြစ်သေးဘူး။ ခြင်သတ်ပြီဆိုတဲ့အချိန်ကျတော့ ခြင်ရဲ့အကျိုးကို မလိုလားတော့ဘူး။ လူရဲ့အကျိုးကိုတော့ လိုလားတယ်၊ ခြင်ကျတော့ သတ်တယ်။ အဲဒီတော့ သတ်တဲ့ပြစ်မှုကတော့ ပါဏာတိပါတပဲ။

http://www.dhammadownload.com

ပါဏာတိပါတ ကံ

မြတ်စွာဘုရားရဲ့ တရားတော်မှာ ပါဏာတိပါတနဲ့ ပတ်သက်ပြီး ခြွင်းချက်မရှိဘူး။ လောကီဥပဒေကျတော့ရှိတယ်။ ပါဏာတိပါတကံကြောင့် ဆုရတယ်ဆိုတာ ရှိတယ်။ စစ်တိုက်တယ်လေ၊ ရန်သူတပ်ကို ချေမှုန်းတယ်၊ သတ်ပစ်တယ်။ ပြန်လာတဲ့အခါ သူရဘွဲ့တို့ ဘာတို့ ရတယ်။ အဲဒီလို ရန်သူကိုသတ်လို့ ဘွဲ့ထူးဂုဏ်ထူးတွေ ဆုလာဘ်တွေရတာ ရှိတယ်။ ဘုရင်ရဲ့ ရန်သူတွေကို သတ်သည့်အတွက်ကြောင့် ဘုရင်ကဆုချတယ်။ အဲဒီတော့ အကုသိုလ်ကနေ ကောင်းကျိုးပေးတယ်လို့ ပြောရမလိုဖြစ်တယ်။

အဲဒီမှာ မြတ်စွာဘုရားနဲ့ ဂျိန်းဘုရား(နိဂဏ္ဌနာဋပုတ္တ)တို့က တစ်ခေတ်တည်း ပေါ်ကြတာ။ ဂျိန်းဘုရားက ပါဏာတိပါတနဲ့ ပတ်သက်ပြီး ဘယ်လိုဟောတုန်းဆို "**ယော ကောစိ ပါဏမတိ-ပါတေတိ။ သဗ္ဗော သော နိယယံ ဥပပဇ္ဇတိ-** ပါဏာတိပါတ လုပ်သူမှန်သမျှ အပါယ်ငရဲကျတယ်"လို့ ဟောတယ်။

မြတ်စွာဘုရားကတော့ အဲဒီလို မဟောဘူး။ "**ပါဏာတိ-ပါတော နိရယသံဝတ္တနိကော-** ပါဏာတိပါတသည် ငရဲ၌ဖြစ်စေနိုင်တယ်"လို့ ဟောတယ်။

အဲဒီ စကားနှစ်ခုဟာ အလွန် ကွဲပြားခြားနားတယ်။ ပါဏာတိပါတ လုပ်သူတိုင်း ငရဲကျတယ်လို့ပြောတာမဟုတ်ဘူး။ ပါဏာတိပါတသည် အကျိုးပေးမယ်ဆိုရင် ငရဲ၌အကျိုးပေးတယ်။ ငရဲမှာ ဖြစ်ချင်မှဖြစ်မယ်။ အခြားအကြောင်းတွေက အများကြီးရှိတယ်။ အခြားအကြောင်းတွေကို ထည့်စဉ်းစားရမယ်။ ဟောပုံချင်း ကွာတယ်။

http://www.dhammadownload.com

၂၂-နာမရူပ ဧကတ္တနာနတ္တပဉှာ

၂၂-ခုမြောက် မေးခွန်းက "**နာမရူပ ဧကတ္တနာနတ္တ**-နာမ်ရုပ်သည်ပင် နောက်ဘဝမှာ ဖြစ်သလားဆိုတဲ့ မေးခွန်း ဖြစ်တယ်။

"**ဘန္တေ နာဂသေန ကော ပဋိသန္ဓဟတိ**- အရှင်ဘုရား ပြန်လည်မွေးတယ်ဆိုတာ ဘယ်အရာသည် ပြန်လည်မွေးဖွားတာလဲ။"

ရှင်နာဂသေနက "နာမရူပံ ခေါ မဟာရာဇ ပဋိသန္ဓ-ဟတိ- ဒီဘဝမှာ သေဆုံးပြီး နောင်ဘဝမှာ ပြန်လည်ဆက်တယ်ဆိုတာ နာမ်ရုပ် ပြန်ဆက်တာပါ"လို့ ဖြေတယ်။

မိလိန္ဒမင်းကြီးက ထပ်မေးတယ်။ "**ကိံ ဏ္ဍမံ ယေဝ နာမရူပံ ပဋိသန္ဓဟတိ**-အခုလက်ရှိ နာမ်ရုပ်သည်ပင် ပြန်ဆက်တာလား။"

ရှင်နာဂသေနက ဖြေတယ်။ "**ဏ္ဍမိနာ ပန မဟာရာဇ နာမရူပေန ကမ္မံ ကရောတိ သောဘနံ ဝါ ပါပကံ ဝါ**-အခုလက်ရှိဘဝမှာရှိတဲ့ နာမ်ရုပ်က ပြန်ဆက်သွားတာ မဟုတ်ပါဘူး၊ ဒီနာမ်ရုပ်နဲ့ ကုသိုလ်လုပ်တယ်၊ အကုသိုလ်လုပ်တယ်၊ **တေန ကမ္မေန အညံ နာမရူပံ ပဋိသန္ဓဟတိ** အဲဒီလုပ်တဲ့ ကံရဲ့ အစွမ်းကြောင့် အခြား နာမ်ရုပ် ပြန်ဆက်တယ်"။

ဆိုလိုတာက အကုသိုလ်ကံလုပ်တုန်းက နာမ်ရုပ်ဟာ နောင်ဘဝမှာ ပြန်မွေးတဲ့ နာမ်ရုပ်မဟုတ်ဘူး။ လုပ်တဲ့အချိန်က နာမ်ရုပ်တစ်ခု၊ အဲဒီကံရဲ့အစွမ်းကြောင့် ပြန်ပြီးပေါ်လာတဲ့ နာမ်ရုပ်ကတစ်ခု ဖြစ်တယ်။

http://www.dhammadownload.com

မိလိန္ဒမင်းကြီးက "ယဒိ ဘန္တေ နာဂသေန ကွမံ ယေဝ နာမရူပံ ပဋိသန္ဓဟတိ၊ နနု သော မုတ္တော ဘဝိဿတိ ပါပကေဟိ ကမ္မေဟိ-အရှင်ဘုရား ယခုရုပ်နာမ်က ပြန်ဆက်တာ မဟုတ်ဘူးဆိုရင် သူဟာ မကောင်းမှုအကုသိုလ်မှ လွတ်သွားမှာပေါ့"လို့ ထောက်ပြတယ်။

ရှင်နာဂသေန က "ယဒိ နာဂသေန ပဋိသန္ဓဟေယျ- အခုရုပ်နာမ် ပြန်မဆက်ဘူးဆိုရင်, မုတ္တော ဘဝေယျ ပါပကေဟိ ကမ္မေဟိ- သူလုပ်တဲ့ မကောင်းမှု အကုသိုလ်မှ လွတ်သွားနိုင်တာပေါ့။ ယသ္မာ စ ခေါ ပဋိသန္ဓဟတိ တသ္မာ နာဂသေန ပါပကေဟိ ကမ္မေဟိ- သို့သော် ပြန်ဆက်စပ်တာ ဖြစ်သောကြောင့် မကောင်းမှု အကုသိုလ်ကံမှ မလွတ်နိုင်ဘူး" လို့ အကြောင်းပြတယ်။

ဒီသဘောတရားတွေက လေးနက်တော့ အသေအချာစဉ်းစားမှ သဘောပေါက်နိုင်တယ်။ ရုပ်နာမ်က ပြန်မဆက်ဘူးဆိုရင် လုပ်ခဲ့တဲ့ မကောင်းမှုအကုသိုလ်မှ လွတ်ကောင်းလွတ်လိမ့်မယ်။ ဒါပေမယ့် လုပ်ခဲ့တဲ့ကံကြောင့် အခြားရုပ်နာမ် ပြန်ဆက်တယ်။ ဒါကြောင့်မို့ မကောင်းမှုအကုသိုလ်က မလွတ်ဘူးလို့ ဒီလိုဆိုတယ်။

မိလိန္ဒမင်းကြီးက "အရှင်ဘုရား ဥပမာနဲ့ ရှင်းပြပါဦး၊" ဆိုတယ်။

ရှင်နာဂသေနကရှင်းတယ်။ "မင်းကြီး လူတစ်ယောက်က သရက်ပင် စိုက်တယ်။ အဲဒီမှာ အခြားလူတစ်ယောက်က သရက်သီးကို ခိုးတယ်၊ သူခိုးမိတဲ့အခါ ပိုင်ရှင်က သူ့သရက်သီးကို ဒီလူ ခိုးပါတယ်လို့ တရားစွဲတယ်။

http://www.dhammadownload.com

အဲဒီမှာ တရားခံက ဘယ်လိုထုချေတုန်းဆိုရင် **"နာဟံ ဒေဝ ဣမဿ အမ္မေ အဝဟရာမိ**- ကျွန်တော် သူ့သရက်သီး မခိုးပါဘူးတဲ့။ သူစိုက်တဲ့ သရက်သီးက တစ်ခြားပါ။ သူခိုးတဲ့ သရက်သီးက နောက် သရက်သီးပါ" တဲ့။

ဟုတ်တယ်လေ။ ဟိုလူစိုက်တဲ့ သရက်သီးက မရှိတော့ဘူး၊ စိုက်လိုက်တဲ့အခါ အပင်ဖြစ်သွားပြီ။ သူစိုက်တာက သရက်သီးတစ်ခု၊ အခုဟာက သူစိုက်တဲ့ သရက်ပင်ကသီးတဲ့ အသီးဖြစ်တယ်။

"သူစိုက်တဲ့သရက်သီးကို ကျွန်တော် မခိုးပါဘူး။ သူစိုက်တဲ့ သရက်သီးက တစ်ခြား၊ ကျွန်ုပ်ခိုးတဲ့သရက်သီးက တစ်ခြား သရက်သီးပဲ ဖြစ်တယ်။ **နာဟံ ဒဏ္ဍာပ္ပတ္တော** ဒဲ့ကြောင့် ကျွန်တော် အပြစ်ဒဏ်မထိုက်ပါဘူး"။

သူစိုက်တဲ့ သရက်သီးကို ခိုးတာမဟုတ်ဘူး၊ တစ်ခြား သရက်သီးကို ခိုးတာ။ ဒါကြောင့် သူ့ကို အပြစ်မပေးထိုက်ဘူးလို့ ဒီလို ပြန်လည်ချေပတယ်။

"ကဲ- မင်းကြီး၊ အဲဒီအမှုကို အသင်မင်းကြီး ဘယ်လို စီရင်ချက် ချမှာလဲ။ အဲဒီလူဟာ သရက်သီးခိုးမှုနဲ့ အရေးယူခံရ မလား။"

"အရှင်ဘုရား အရေးယူခံရမှာပေါ့။"

"ဘာကြောင့် အရေးယူခံရတာတုန်း။"

"အရှင်ဘုရား၊ သူ ဒီလိုပြောပေမယ့်လို့ ပထမ ဟိုလူစိုက်တဲ့ သရက်သီးမပါဘဲနဲ့ နောက်သရက်သီးဆိုတာ မဖြစ်နိုင်ဘူး။ နောက် သရက်သီးဟာ သူစိုက်တဲ့သရက်သီးနဲ့ ဆက်စပ်နေတယ်။ သူစိုက်တဲ့ သရက်သီးကို အကြောင်းပြုပြီးပေါက်တဲ့ သရက်ပင်က သီးတာဖြစ်တာ။ ဒါကြောင့်မို့ သူဟာ အပြစ်ဒဏ်ထိုက်ပါတယ်"။

http://www.dhammadownload.com

ရှင်နာဂသေနက ပြောပြတယ်။ "ဒီအတိုင်းပဲ မင်းကြီး သတ္တဝါတွေဟာ အခုလက်ရှိ ရုပ်နာမ်နဲ့ မကောင်းမှု အကုသိုလ်ကံတွေ ပြုလုပ်ကြတယ်။ အဲဒီကံကြောင့် တစ်ခြားနာမ်ရုပ်တွေဟာ ပြန်ပြီး ဆက်မိလာတယ်။ အဲဒါကြောင့် မကောင်းမှု အကုသိုလ်မှ မလွတ်နိုင်ဘူး။

ဆိုလိုတာက on line ဖြစ်နေတယ်လို့ ဆိုလိုတာ။ ဒီဘဝ ဒီရုပ်နာမ်က လုပ်ထားတဲ့ အကုသိုလ်ကံကြောင့် နောက်ဘဝ နောက်ရုပ်နာမ် ဖြစ်ပေါ်လာရတာ ဖြစ်သောကြောင့် ဒီရုပ်နာမ်က လုပ်ထားတဲ့ အကုသိုလ်ကံကို နောက်ဘဝမှာလည်း ဒီလူပဲ ခံရတယ်။"

မိလိန္ဒမင်းကြီးက "အရှင်ဘုရား၊ ဥပမာထပ်ပြောပါဦး။"

ရှင်နာဂသေနက အလားတူ ဥပမာတွေနဲ့ ပြောတယ်။ အလားတူ ဥပမာကတော့ **သလေးစပါး ဥပမာ**နဲ့ ပြောတယ်။ **ကြံရဲ့ဥပမာ** နဲ့လည်း ပြောတယ်။ ဒီ ဥပမာတွေကတော့ သရက်သီး ဥပမာနဲ့ အလားတူတယ်။

မီး ဥပမာ

နောက် ဥပမာတစ်ခုကတော့ "အရှင်မင်းကြီး၊ လူတစ်ယောက်ဟာ ဆောင်းရာသီမှာ မီးမွေးပြီး မီးလှုံတယ်။ မီးလှုံပြီး အဲဒီမီးကို မငြိမ်းခဲ့ဘဲ ထသွားတယ်။ အဲဒီမီးက အနီးအနားမှာ ရှိတဲ့ လယ်ထဲကို လောင်ပါလေရော။ စပါးခင်းတွေ မီးလောင်တယ်။ လယ်ပိုင်ရှင်က သူ့ကိုဖမ်းပြီး သူ့လယ်ကို မီးရှို့ပါတယ်လို့ ဆိုပြီး တရားစွဲတယ်။

http://www.dhammadownload.com

အဲဒီလို တရားစွဲတဲ့အခါ သူက ဘာပြောတုန်းဆိုရင် ကျွန်တော်မျိုးက သူ့လယ်ကို မရှိုရပါဘူး။ ကျွန်တော် လုံ့တဲ့မီးက တစ်ခြား၊ လယ်လောင်တဲ့မီးက တစ်ခြားပါလို့ ငြင်းဆိုတယ်။ အဲဒီလို ငြင်းဆိုလို့ရှိရင် သူ အပြစ်ဒဏ် လွတ်ပါ့မလား။"

မိလိန္ဒမင်းကြီးက "ဘယ်လွတ်မလဲဘုရား။ သူ့မီးကို အကြောင်းပြုပြီး လောင်မှုဖြစ်တာကိုး။"

မိလိန္ဒမင်းကြီးက "နောက်ဥပမာတစ်ခုနဲ့ ရှင်းပါဦး"တဲ့။

ရှင်နာဂသေနက ထပ်ရှင်းတယ်။ "လူတစ်ယောက်ဟာ မီးထွန်းပြီး ညစာထမင်းစားတယ်။ အဲဒီ ထွန်းလိုက်တဲ့မီးက အိမ်ကို လောင်ပါရော။ အဲဒီအိမ်ကနေ ဆက်ပြီးတော့ တစ်ရွာလုံး မီးလောင်သွားတယ်။

ရွာသူရွာသားတွေက မီးထွန်းသူကို တရားစွဲကြတယ်။ ဒီလူကြောင့် တစ်ရွာလုံး မီးလောင်ခံရတယ်။ သူဟာ အပြစ်ဒဏ် ထိုက်တယ်။ ဒီအမှုကို အသင်မင်းကြီး ဘယ်လိုဆုံးဖြတ်မလဲတဲ့။ ဘယ်သူ့ကို အနိုင်ပေးမလဲ။

မိလိန္ဒမင်းကြီးက "ရွာသားတွေ အနိုင်ပေးရမှာ"ပေါ့။ ရွာသားတွေပြောတာ မှန်တယ်။ ဘာကြောင့်တုန်းဆိုရင် ဒီလူက သူထမင်းစားတုန်းက ထွန်းတဲ့မီး မဟုတ်ပါဘူး။ ရွာလောင်တာက ဒီ့ပြင်မီးပါလို့ သူငြင်းလို့ မရဘူးလေ။ သူ့မီးကို အကြောင်းပြုပြီး တော့ လောင်မှုဖြစ်တာ ဖြစ်သောကြောင့် သူဟာ တရားခံဖြစ်ရ တယ်။

အဲဒီလိုပဲ လူတစ်ယောက်ဟာ သေခါနီးကာလမှာ နာမ်ရုပ်နဲ့ အကုသိုလ်တွေ လုပ်လိုက်တယ်။ အဲဒီ အကုသိုလ်ကံကြောင့်

http://www.dhammadownload.com

နောက်ဘဝ ပဋိသန္ဓေအချိန်မှာ နာမ်ရုပ် ဖြစ်လာတယ်။ အဲဒီ နာမ်ရုပ် ဖြစ်လာလို့ရှိရင် သေခါနီးကာလမှာ ဖြစ်တဲ့ နာမ်ရုပ်ကို အကြောင်းပြုပြီး နောက် နာမ်ရုပ်ဖြစ်တာ ဖြစ်သောကြောင့် သူဟာ မကောင်းမှုအကုသိုလ်မှ မလွတ်ဘူး။

အဲဒီတော့ ဒီနေရာမှာ သဘောပေါက်ဖို့ ပြောမယ်ဆိုလို့ ရှိရင် သေခါနီး မိန်းမောသွားတဲ့ အချိန်လေးမှာ အိပ်မက်မက်သလို ဖြစ်တယ်။ ထင်ယောင် မြင်ယောင်တွေ ဖြစ်တတ်တယ်။ အဟုတ်မြင်တာလည်း ဖြစ်နိုင်တယ်။ ကံတရားရယ်၊ ကမ္မနိမိတ်ရယ်၊ ဂတိနိမိတ်ရယ် ဒီသုံးခု တစ်ခုခု သူ့ရဲ့စိတ်အာရုံမှာ ပေါ်လာတယ်။ ပေါ်လာတဲ့အာရုံကို အာရုံပြုပြီး သေဆုံးတယ်၊ အဲဒီ အာရုံနဲ့ပဲ နောက်ဘဝမှာ ဖြစ်တယ်။

ဒီဘဝရုပ်နာမ် သေခါနီးအထိ ဖြစ်သော်လည်း ပဋိသန္ဓေ အခါမှာ ပေါ်လာတဲ့ ရုပ်နာမ်က အသစ်၊ အဲဒါကြောင့်မို့ ဒီဘဝက ကံတရားကြောင့် နောက်ဘဝမှာ ရုပ်နာမ် ဖြစ်ရတာ။ ဒါကြောင့် မကောင်းမှုအကုသိုလ်ဟာ မလွတ်ပါဘူးလို့ ဒီလိုဆိုလိုတယ်။

မိလိန္ဒမင်းကြီးက "နောက်ဥပမာတစ်ခု ပြောစမ်းပါဦး" တဲ့။

ပုစက်တွင်းမှ မိန်းကလေး

အိန္ဒိယနိုင်ငံရဲ့ထုံးစံ မိန်းကလေးတစ်ယောက် မွေးလာလို့ ရှိရင် ကြိုတင်ပြီးတော့ ဦးထားတာတွေ ရှိတယ်။ ဒါကြောင့်မို့ ငယ်ငယ်လေးနဲ့ ၇-နှစ်, ၈-နှစ်နဲ့ လက်ထပ်ထားတာလည်း ရှိတယ်၊ အိန္ဒိယမှာ။ အိန္ဒိယသွားရင်လည်း သတိထားကြည့်ပေါ့။

http://www.dhammadownload.com

အမျိုးသမီးတွေ ခေါင်းမှာ ဆံပင်ထက်ခြမ်း ခွဲထားတဲ့နေရာလေး ရှိတယ်။ ခုခေတ် ခွဲလား မခွဲလား မသိဘူး။ အဲဒီဆံပင် ဟိုဘက် ဒီဘက် နှဖူးမှာ ဟိုဘက်ဒီဘက် ခွဲထားတဲ့နားလေးမှာ အနီသုတ် ထားလို့ရှိရင် ပိုင်ရှင်ရှိတယ်လို့သာ မှတ်ပေတော့၊ ငယ်ငယ်ကြီးကြီး နဲ့ မဆိုင်ဘူး။

တစ်ခို့ အိန္ဒိယနိုင်ငံမှာဆိုလို့ရှိရင် ငယ်ငယ်လေးတွေနဲ့ လက်ထပ်ထားတာ။ အဲဒီ ဥပမာကို ရှင်နာဂသေနက ပေးတာ။ မြန်မာပြည်အနေနဲ့ နားလည်ချင်မှ နားလည်မယ်။

မိန်းကလေးတစ်ဦး မွေးလာကာစမှာ စရံပေးထားတယ်။ "ဒီကလေးမလေးကြီးရင် သူ့သားနဲ့ ပေးစားပါ"ပေါ့။ အပို့အရွယ်လေး ရောက်လာတဲ့အခါ နောက်ယောက်ျားတစ်ယောက်က ဝင်ယူသွားတယ်။ သိတဲ့အခါ တရားစွဲတယ်။ ဟိုလူက တရားရုံးကျတော့ ငြင်းတယ်။ မဟုတ်ပါဘူး။ သူမှတ်တုန်းက ကလေးပေါက်စပါ။ ကျုပ်ယူတာတဲ့၊ အရွယ်ရောက်နေပြီ၊ သူမှတ်တဲ့သူ မဟုတ်ပါဘူးလို့ ငြင်းတယ်။

အဲဒီလိုပြောလို့ရှိရင် ဒီလူဟာ အပြစ်ဒဏ်က ကင်းလွတ်သွားသလားလို့ ရှင်နာဂသေနက မေးလိုက်တယ်။ "အဲဒီလို ပြဿနာပေါ်လာလို့ရှိရင် အသင်မင်းကြီး ဘယ်လိုပြောမလဲ၊ ဘယ်သူ့ကို အနိုင်ပေးမတုန်း။"

မိလိန္ဒမင်းကြီးက "အရင်ဦးထားတဲ့လူကိုပဲ အနိုင်ပေးရမှာပဲ။ ဒါ သူနဲ့ လက်ထပ်ထားပြီးပြီလေ။"

အဲဒါလိုပဲ မသေမီ ရုပ်နာမ်နဲ့ အကုသိုလ် လုပ်တယ်၊ အဲဒီ အကုသိုလ်ကံကြောင့် နောက် ရုပ်နာမ်ဖြစ်တယ်၊ ကံနဲ့ ဆက်စပ်

http://www.dhammadownload.com

နေတဲ့ ရုပ်နာမ်ဖြစ်သောကြောင့် အကုသိုလ်ကံရဲ့ အကျိုးမှ မလွတ်နိုင်ဘူး။

အဲဒီလို ရှင်နာဂသေနက ရှင်းပြတဲ့အခါမှာ **မိလိန္ဒ မင်းကြီး** က "**ကလ္လောသိ ဘန္တေ** အရှင်ဘုရားရှင်းတာ ယုတ္တိရှိပါတယ်" လို့ ဒီလိုလက်ခံသွားတယ်။

နိဂုံးချုပ်

တရားချစ်ခင် သူတော်စင်ပရိသတ်အပေါင်းတို့၊ ဘဝကူးတာနဲ့ ပတ်သက်လို့ရှိရင် အဘိဓမ္မာကို သေသေချာချာ နားလည်မှသာလျှင် နားရှင်းမှာ ဖြစ်တယ်။ ဇာတက story တွေ ဖတ်တယ်၊ လူတစ်ယောက်ဟာ ဒီဘဝ မကောင်းမှုအကုသိုလ်တွေလုပ်တယ်။ နောင်ဘဝမှာ ခံရတယ် ဆိုတာတွေကြည့်ပြီး ဘဝတစ်ခုဟာ အကြောင်းနဲ့အကျိုး ဆက်နေတာ ဖြစ်သော်လည်း ဒီဘဝက ရုပ်နာမ်က ကူးသွားတယ်လို့ ထင်မှတ်ကြတယ်။

မဟုတ်ဘူး။ ဒီဘဝ ရုပ်နာမ်က ဒီဘဝမှာပဲ အဆုံးသတ်သွားပြီး ဒီဘဝလုပ်တဲ့ ကံတွေကြောင့် နောင်ဘဝ ရုပ်နာမ်အသစ်တစ်ခု ဖြစ်ခြင်းသာ ဖြစ်တယ်။ ဒါကြောင့်မို့ reincarnation ဆိုတဲ့ စကားလုံးဟာလည်း ထေရဝါဒဗုဒ္ဓဘာသာတွေ သုံးတဲ့စကားလုံး မဟုတ်ဘူး။ ထေရဝါဒဗုဒ္ဓဘာသာတွေ အလိုအရကျရင် '**ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ**' နောင်ဘဝ၌ ထပ်မံဖြစ်ခြင်းလို့သာ ပြောရမှာ ဖြစ်တယ်။

ဒီသဘောတရားတွေ အသေးစိတ် နားလည်နိုင်အောင် မြတ်ဗုဒ္ဓရဲ့ အဆုံးအမဖြစ်တဲ့ အဘိဓမ္မာတရားကို လေ့လာမှ

http://www.dhammadownload.com

သေသေချာချာ သိရှိနားလည်နိုင်တာ ဖြစ်သောကြောင့် ဘဝကူးပုံ ကျကျနနသိဖို့ အဘိဓမ္မာတရားကိုလေ့လာကြပါ။ အဲဒီ အဘိဓမ္မာ တရားကို လေ့လာခြင်းဖြင့် မိမိတို့သန္တာန်မှာ အသိဉာဏ်တွေ တိုးတက်လိုက်နာ ကျင့်သုံးနိုင်ကြပါစေ။

သာဓု ... သာဓု ... သာဓု

Transcribed by-**Ko Thu Rein Aung**
Typed by- **Wai Wai Lwin**

http://www.dhammadownload.com

မိလိန္ဒပဉ္ဟာ

မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ ပုဗ္ဗဝါဒရေးရာ အချေအတင်ပြောဆိုချက်များ အပိုင်း(၁၀)

မှတ်တမ်း

သာသနာတော်နှစ် ၂၅၆၀-ပြည့်နှစ်၊ ကောဇာ သက္ကရာဇ် ၁၃၇၈-ခုနှစ်၊ နယုန်လပြည့်ကျော်(၁၁)ရက်၊ (၁-၇-၂၀၁၆) ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန၊ ဇမ္ဗူသိရိမဟာန်တော်အတွင်း ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် သာသနာ့ပူဇော် မြတ်မင်္ဂလာ တရားအလှူတော် အထူးဓမ္မသဘင်အခမ်းအနား၌ နှစ်ဖက်သောမိဘများအား အမှုထား၍ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ Dr. ပြည့်ပြည့်သိန်း၏ ၃၄-နှစ်ပြည့် မွေးနေ့မင်္ဂလာနှင့် သမီး မေပြည့်စုံရှိန်း၏ ၅-နှစ်ပြည့် မွေးနေ့မင်္ဂလာတို့ကို အကြောင်းပြု၍ ဦးရှိန်းသူအောင် + Dr. ပြည့်ပြည့်သိန်း (မျက်စိအထူးကုဆရာဝန်)၊ သမီး လင်းလပြည့်ရှိန်း၊ မေပြည့်စုံရှိန်း မိသားစုတို့၏ အမတဒါန၊ ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားအပ်သော **'မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ ပုဗ္ဗဝါဒရေးရာ အချေအတင် ပြောဆိုချက်များ အပိုင်း(၁၀)'** တရားဒေသနာတော်။

၂၃--ဇာဏပဒီသန္ဓဟနာ' ပဒီသန္ဓဟနပဉ္ဟာ

မိလိန္ဒမင်းကြီးက ပုဗ္ဗဝါဒနဲ့ပတ်သက်တဲ့ ခဲရာခဲဆစ်မေးခွန်းတွေကို မေးမြန်းလာခဲ့တာ ဒီကနေ့ ၂၃-ခုမြောက် မေးခွန်းကို မေးမြန်းခြင်းဖြစ်တယ်။ မေးခွန်းတွေက တစ်ခုနဲ့တစ်ခု ဆက်သွယ်နေပြီး ပါဝင်လာတဲ့ အချက်အလက်တွေကို ထပ်ဆင့်မေးတာ

http://www.dhammadownload.com

ဖြစ်တယ်။ ကောက်နှံပုံကြီးမှ တစ်မျှင်ဆွဲထုတ်လိုက်တာနဲ့ နောက်တစ်မျှင် ထွက်လာသလို, tissue paper တစ်စ ဆွဲထုတ်လိုက်ရင် နောက်တစ်စ ထွက်လာသလို မေးခွန်းတွေက ပေါ်ပေါ်လာတယ်။

အခု ၂၃-ခုမြောက် မေးခွန်းက **ထေရပဋိသန္ဓဟန အပဋိသန္ဓဟန** တဲ့၊ ဆိုလိုတာက "ရှင်နာဂသေနဟာ ဘဝမှာ ပြန်ပြီး မွေးဦးမလား၊ မမွေးတော့ဘူးလား" ဆိုတဲ့ မေးခွန်းပဲ။ ပထမတွေ့စ အချိန်တုန်းကလည်း ဒီမေးခွန်းကို မေးပြီးပြီ။ မေ့လောက်တဲ့အချိန် ထပ်မေးပြန်တယ်။

"ဘဝတစ်ခုမှာ ပြန်လည်မွေးဖွားတဲ့ပုဂ္ဂိုလ်နောက် ဘယ်လို လုပ်ပြီး ဒီဘဝမှာလုပ်ထားတဲ့ ကံကြမ္မာတွေ နောက်ဘဝမှာ ပါလာတာတုန်း" ဆိုတာနဲ့ ဆက်စပ်ပြီး "ကိုယ်တော်ရော နောက်ထပ်မွေးဦးမလား" ဆိုတဲ့မေးခွန်းကို အငိုက်ဖမ်းပြီးမေးတဲ့ သဘောပေါ့။

ရဟန်းတော်များအနေနဲ့ ဝိနည်းသိက္ခာပုဒ်ကို ရှောင်တိမ်းပြီး ဖြေရတာမျိုး ရှိတယ်။ ကိုယ့်ကိုယ်ကို ရဟန္တာ သို့မဟုတ် သောတာပန်, သကဒါဂါမ်, အနာဂါမ် ဖြစ်တယ်။ တရားထူး တရားမြတ်ရတယ်ဆိုတာ လျှို့ဝှက်ထားကြတယ်။ သောတာပန် ပုဂ္ဂိုလ်ဟာ သူသောတာပန်ဖြစ်တယ် ဆိုတာကို လူသိမှာ အလွန်စိုးတယ်။ မြှုပ်ထားတဲ့ရွှေအိုးကြီးကို လူသိမှာစိုးသလိုပဲ သူ,ရထားတဲ့ တရားထူးတရားမြတ်ကို ထုတ်ပြောဖို့ ဝန်လေးတယ်။ သူသောတာပန်ဖြစ်ပါတယ်ဆိုတာ လူကြားထဲမှာ ကြေငြာဖို့နေနေသာသာ လူသိမှာ စိုးတယ်လို့ ဆိုတယ်။ ဒါက အရိယာပုဂ္ဂိုလ်တွေရဲ့ စိတ်နေသဘောထားပဲ။

http://www.dhammadownload.com

သောတာပန်ပုဂ္ဂိုလ်ရဲ့ စိတ်ဆန္ဒ

စာပေကျန်းဂန်မှာဆိုရင် သောတာပန်ဖြစ်ပါပြီလို့ဆိုတာ သူများကို အသိမပေးဘူး၊ လျှို့ဝှက်ထားတယ်။ သို့သော် သူစိတ်ထဲမှာ ဒုတိယအချက်က ဘာတုန်း။ "ငါ တရားထူးတရားမြတ် ရသလို လူတိုင်းရရင် ကောင်းမှာပဲ" ဆိုတဲ့ ဆန္ဒရှိတယ်။ သောတာပန်ရဲ့ စိတ်နေသဘောထားအဖြစ် စာပေကျမ်းဂန်မှာ ဒီနှစ်ချက်ကို ဖော်ပြတယ်။

ရွှေအိုးကြီးကို လူသိမှာစိုးသလို၊ သူ့ရထားတဲ့ တရားထူး တရားမြတ်ကို လျှို့ဝှက်ထားတယ်။ သို့သော် လူအားလုံး သူလို သောတာပန်ဖြစ်ရင် ကောင်းမှာပဲဆိုတဲ့ စိတ်ဓာတ်ရှိကြတယ်။ ဒါ အရိယာသူတော်စင်တို့ရဲ့ စိတ်ဓာတ်။

ရဟန္တာပုဂ္ဂိုလ်တွေကလည်း ငါ ရဟန္တာဆိုတာ ပြောလေ့မရှိကြဘူး။ လူသိမခံချင်ကြဘူး။ ရဟန္တာဆိုလို့ရှိရင် လူတွေက ဝိုင်းအုံတာလည်း ဖြစ်တတ်တယ်၊ ဝိုင်းအုံလိုက်ခြင်းကြောင့် သူ့အဖို့မှာ ငြိမ်းချမ်းတဲ့ အခွင့်အရေးတွေလည်း ဆုံးရှုံးသွားတယ်။ လူသူနဲ့ ဝေးကွာတဲ့အရပ်မှာ တရားမမှန်လုံးသွင်းပြီး အေးချမ်းစွာ နေချင်ကြတယ်။ ဒါကြောင့်မို့ လူသိမခံချင်ကြဘူး။

တရားထူး တရားမြတ်ရတဲ့ သူတော်စင်ပုဂ္ဂိုလ်တွေမှာ အပ္ပိစ္ဆဂုဏ်ဆိုတာရှိတယ်၊ လူသိမှာစိုး၍ လျှို့ဝှက်ကြတယ်။ ဒီလို လျှို့ဝှက်ခြင်းဟာ အရိယာသူတော်စင်တို့ရဲ့ စိတ်ဆန္ဒပဲလို့ မှတ်ရတယ်။ နှေးတုန်းက ရဟန်းအချင်းချင်းတောင်မှ လျှို့ဝှက်ကြတယ်။

http://www.dhammadownload.com

ရဟန္တာကို မြင်ဘူးချင်သူ

သီဟိုဠ်ကျွန်းက စိတ္တလတောင်မှာ ရဟန္တာပုဂ္ဂိုလ်တွေ သီတင်းသုံးတော်မူကြတယ်။ အဲဒီမှာ အသက်အရွယ်ကြီးမှ သက်နိုးဝတ်လာတဲ့ ဦးဇင်းကြီးတစ်ပါးက သူ့ဆရာ မထေရ်ကြီး တစ်ပါးရဲ့နောက်ကလိုက်ပြီး ဆွမ်းခံကြွတယ်။ လမ်းမှာ စကား စမြည် ပြောကြတယ်။ အဲဒီဦးဇင်းကြီးက "အရှင်ဘုရား၊ လောက မှာ ရဟန္တာဆိုတာ ဘယ်လိုပုဂ္ဂိုလ်ပါလဲ ဘုရား" မေးတယ်။ ရှေ့ကမထေရ်ကြီးက မိန့်တယ်။ "ရဟန္တာပုဂ္ဂိုလ်ဆိုတာ သိဖို့ အလွန်ခက်တယ် ငါရှင်။ ဘယ်လောက်ထိအောင် ခက်တုန်းလို့ ဆိုရင် ရဟန္တာရဲ့နောက်က သပိတ်၊ သင်္ကန်းပိုက်ပြီး လိုက်နေပေ မယ့် ကိုယ့်ရှေ့ကပုဂ္ဂိုလ်ဟာ ရဟန္တာဆိုတာမသိနိုင်ဘူး" လို့ ဒီလို မိန့်တယ်။

တကယ်ကတော့ အဲဒီမထေရ်ကြီးက ရဟန္တာပုဂ္ဂိုလ်ကြီးပဲ၊ အဲဒီရဟန္တာပုဂ္ဂိုလ်ကြီးနဲ့ အတူပါလျက် ဒီဦးဇင်းကြီးက ရဟန္တာ ဆိုတာ ဘယ်လိုဟာတုန်းလို့ သိချင်နေတယ်။ သို့သော် သူနဲ့ စကားပြောနေတဲ့ပုဂ္ဂိုလ်က ရဟန္တာပုဂ္ဂိုလ်ကြီးပဲ။

ဒါကြောင့် အရိယာပုဂ္ဂိုလ်တွေဟာ သူတို့သိတဲ့ အဆင့်ကို ပြောလေ့ပြောထ မရှိကြဘူး။ အတင်းအကြပ် မေးရင်တောင်မှပဲ ပြောဖို့ ရှောင်ကြတယ်။ ရဟန်းတွေမှာ ကိုယ်ကျင့်သီလ ပို၍ ဖြူစင်အောင် ဓုတင်အကျင့်ကို ကျင့်ကြတယ်။ အဲဒီ ဓုတင် အကျင့်ကိုတောင်မှပဲ လူသိမခံချင်ဘူး။ လူဝတ်ကြောင်မပြောနဲ့ ကိုယ့်ရဟန်းအချင်းချင်း၊ သီတင်းသုံးဖော် အချင်းချင်းတောင်မှ လျှို့ဝှက်ကြတယ်။

http://www.dhammadownload.com

ကိုယ်ရဲ့ အကျင့်တရား

ရဟန်းတော်နှစ်ပါး ခရီးအတူတူသွားရင်း ရဟန်းတစ်ပါးက ကြံချောင်းလေး ရလာတယ်။ ဆွမ်းစားပြီး နောက်ကိုယ်တော်က "အရှင်ဘုရား၊ ဒါလေး ဘုဉ်းပေးပါဦး"၊

"ငါ့ရှင်၊ တော်ပြီ၊ မဘုဉ်းပေးတော့ဘူး"။

ဒါဖြင့် အရှင်ဘုရားက ကောသနိက်လားလို့ဆိုတော့ "ငါ့ရှင် ယူခဲ့ ယူခဲ့" ဆိုပြီး ကောသနိတ်ခုတင်ကို ဖျက်လိုက်တယ် တဲ့။ လူသိမှာ အလွန်စိုးတယ်။ အဲ့ဒါမျိုးကို **အပို့စ္ဆဂုဏ်** လို့ ပြောတာ။

အပို့စ္ဆဆိုတာ ဂုဏ်သတင်းကျော်ကြားမှုကို မလိုလားဘူး။ ကိုယ့်ရှိတဲ့ဂုဏ်ကို လူသိမှာ စိုးတယ်။ အင်မတန်မှ လျှို့ဝှက်ကြတယ်။ အရိယာသူတော်စင်တွေဟာ သူတို့ရဲ့ ဂုဏ်သတင်းကို လူသိမှာ စိုးကြတယ်။

အပို့စ္ဆ ၃-မျိုး

အပို့စ္ဆနဲ့ ပတ်သက်လို့ စာပေကျမ်းဂန်မှာ-

(၁) **ပရိယတ္တိ အပို့စ္ဆ**- စာတတ်တယ်ဆိုတာလည်း သူများကို အသိမပေးချင်ဘူး။

(၂) **ပုတဂ် အပို့စ္ဆ**- ခုတင်အကျင့်ကို ကျင့်တယ်ဆိုတာလည်း အသိမပေးချင်ဘူး။

(၃) **အဓိဂမ အပို့စ္ဆ**- ဘာတရားထူးရတယ် ဆိုတာကိုလည်း လူသိမှာစိုးတယ်။

အပွ ဆိုတာ ဒီနေရာမှာ မရှိဘူးဆိုတဲ့အဓိပ္ပါယ်၊ တစ်ခြားနေရာမှာ နည်းတယ်ဆိုတဲ့ အဓိပ္ပါယ်။ **ဣဿာ** လူသိထင်ရှား

http://www.dhammadownload.com

ကျော်ကြားလိုမှု၊ ရိုးရိုးကုပ်ကုပ် ထိန်ထိန်ဝှက်ဝှက် နေလေ့နေထ ရှိကြတယ်လို့ ဒီလိုဆိုတယ်။

မိလိန္ဒမင်းကြီးက ရှင်နာဂသေနကို "တရားထူးတရားမြတ် ရသလား၊ မရဘူးလား"ဆိုတာ အငိုက်ဖမ်းပြီး မေးတဲ့သဘော။ ရှင်နာဂသေနကလည်း ဖြေတတ်တယ်လေ။

၂၃-ခုမြောက် မေးခွန်းမှာ မိလိန္ဒမင်းကြီးက ထပ်မေးပြန်တယ်။ "**ဘန္တေ နာဂသေန တွံ ပန ပဋိသန္ဒဟိဿသိ**- အရှင် နာဂသေန ဘယ့်နယ့်လဲ။ အရှင်ဘုရားရော ပြန်မွေးဦးမှာလား"၊

ရှင်နာဂသေနက ဒီမေးခွန်း သူကိုမေးခဲ့ဖူးတဲ့ မေးခွန်းဆိုတာ မမေ့ဘူး။ "**နနု မယာ ပဋိကစ္စေဝ အက္ခာတံ**- မင်းကြီး အရင်တုန်းကလည်းဖြေပြီးပြီ မဟုတ်လား။ **သစေ သဉ္ဉပါဒါနော ပဋိသန္ဒဟိဿာမိ**- အကယ်၍ တဏှာ, ဒိဋ္ဌိအစွဲ ရှိနေသေးတယ်ဆိုရင် ပြန်မွေးမှာ။ တဏှာ, ဒိဋ္ဌိအစွဲ မရှိတော့ဘူးဆိုရင် **မ**မွေး တော့ဘူးလို့ အရင်တုန်းက ပြောခဲ့ပြီးသား မဟုတ်လား။"

အဲဒီလို ပြောလိုက်တာကိုပဲ **မိလိန္ဒမင်းကြီး**က "ကိုယ်တော် ဥပမာလေးနဲ့ ပြောစမ်းပါဦး"လို့ဆိုပြန်တယ်။

ရှင်နာဂသေနက ဥပမာတစ်ခု ပြောတယ်။ "ဥပမာ လူတစ်ယောက်က တိုင်းပြည်အုပ်ချုပ်တဲ့ မင်းတရားကြီးကို ကျေးဇူးပြုတယ်။ အထူးတလည် ဘုရင့်အမှုကိစ္စကို အောင်မြင်အောင် ဆောင်ရွက်ပေးဖူးတယ်။

အဲဒီ ကျေးဇူးပြုခဲ့တဲ့အချက်ကို အကြောင်းပြုပြီး ဘုရင်ကြီးကလည်း အလွန်ဝမ်းသာအားရဖြစ်ပြီး သူကို ဆုတော်လာဘ်တော်

http://www.dhammadownload.com

ချတယ်။ ဘုရင်ဆုချတယ်ဆိုတာ ရွာစားရာထူးပေးတာ သို့မဟုတ် ပစ္စည်းဥစ္စာတွေပေးတာ။

ရှေးတုန်းကတော့ ဘုရင်တွေက ကျေနပ်အားရရင် ရွာစားအဖြစ် ခန့်တယ်ပေါ့။ မြို့စားအဖြစ် ခန့်အပ်တယ်။ စည်းစိမ်ဥစ္စာတွေ ပေးတယ်၊ ရာထူးတွေ ပေးတယ်။ ဘုရင်ချတဲ့ဆုနဲ့ သူဟာ လူဘဝမှာ မိသားစုနဲ့ ပျော်ရွှင်ချမ်းမြေ့စွာ နေနိုင်ကြတယ်။

အဲဒီလို ချမ်းချမ်းသာသာ နေနိုင်သူ ဖြစ်ပါလျက်သားနဲ့ တစ်ခြားလူတွေကို **နမေ ရာဇာ ကိဉ္စိ ပဋိကရောတိ** ဘုရင်ကြီးက ငါ့အပေါ်မှာ ဘာမှ ကျေးဇူးမပြုပါဘူးလို့ အဲဒီလို ပြောမယ်ဆိုရင် သူဟာ သင့်တော်တဲ့အလုပ်ကို လုပ်တယ်လို့ ပြောနိုင်ပါ့မလား။"

ဘုရင်ကြီးက ကျေးဇူးပြုရက်သားနဲ့ သူ့ကျေးဇူးမပြုပါဘူးလို့ သူများကိုပြောမယ်ဆိုရင် သူ့စကား ဟုတ်ပါ့မလားလို့ဆိုတော့ "ဘယ်ဟုတ်မလဲဘုရား"တဲ့။

ဒီနေရာလေးမှာ သူပြောချင်တဲ့ စကားလေးကတော့ မမှန်မကန်ပြောတာ မကောင်းဘူးဆိုတဲ့ အဓိပ္ပာယ်မျိုးပြောတာ၊ မေးပြီဆိုရင်တော့ အမှန်ပဲပြောရမှာ။ ဆိုလိုတာက အခုလည်း အသင်မင်းကြီးကို ငါပြောခဲ့ပြီးပြီပဲတဲ့။ အသင်မင်းကြီး မေးတုန်းက ပြောခဲ့တယ်။ တဏှာဒိဋ္ဌိ အစွဲအလမ်းရှိသူဖြစ်ရင် ပြန်မွေးမယ်။ တဏှာဒိဋ္ဌိအစွဲအလမ်း မရှိဘူးဆိုလို့ရှိရင် ပြန်မမွေးဘူးလို့ ပြောခဲ့တဲ့စကားဟာ ပြည့်စုံလုံလောက်နေတယ်။ ဒီထက် ထပ်ပြောရင်တော့ မမှန်မကန်ပြောရာ ရောက်လိမ့်မယ်လို့ ဒီလိုပြောတာ။

http://www.dhammadownload.com

အဲဒီကျတော့မှ ဘုရင်ကြီးက လက်လျော့သွားပြီး အရှင်ဘုရား ဖြေဆိုချက် သင့်တော်ပါတယ်။ သူကတော့ အငိုက်ဖမ်းပြီးတော့ မေးတဲ့သဘော။ သို့သော် ရှင်နာဂသေနက လိမ္မာပါးနပ်စွာ ပြန်ပြီးဖြေတော့ သဘောကျသွားတယ်။

၂၄-နာမရူပပဋိသန္ဓဟနပဉှာ

နောက်မေးခွန်းတစ်ခု ဆက်ပြီး မေးပြန်တယ်။ ၂၄-ခုမြောက် မေးခွန်းက **နာမရူပပဋိသန္ဓဟန** ပြန်မွေးခြင်းနဲ့ ပတ်သက်တဲ့ မေးခွန်းဖြစ်တယ်။ "ပြန်ပြီး ဆက်စပ်တယ်ဆိုတာ ရုပ်သာ ဆက်စပ်တာလား၊ နာမ်သာ ဆက်စပ်တာလား" လို့ မေးခြင်းဖြစ်တယ်။

"**ဘန္တေ နာဂသေန ယံ ပနေတံ ပြူသိ နာမရူပန္တိ** ကိုယ်တော်ပြောတဲ့ စကားထဲမှာ **နာမရူပ**- နာမ်ရုပ်ဆိုတာ ပါတယ်။ ပြန်မွေးတယ်ဆိုတဲ့ ကိစ္စနဲ့ပတ်သက်ပြီး နာမရူပဆိုတဲ့ စကားလုံးကို ပြောခဲ့တယ်။ **တတ္ထ ကတမံ နာမံ၊ ကတမံ ရူပံ** အဲဒီ နှစ်မျိုးထဲမှာ နာမ်ဆိုတာ ဘယ်ဟာလဲ၊ ရုပ်ဆိုတာ ဘယ်ဟာလဲ"။

ဘယ်အရာက နာမ်၊ ဘယ်အရာက ရုပ်လဲလို့ မေးတာဖြစ်တယ်။ ယခုခေတ်မှာ တစ်မျိုး ဖြေကောင်းဖြေလိမ့်မယ်။ ဝိသုဒ္ဓိမဂ်မှာ လာတဲ့အတိုင်း "စားချင်တာက နာမ်၊ စားတာက ရုပ်။ သွားချင်တာက နာမ်၊ သွားတာက ရုပ်" ဒီလိုဖြေတာတွေ ရှိတယ်။

http://www.dhammadownload.com

ဒီမှာ **ရှင်နာဂသေနက ဘယ်လိုဖြေတုန်း။ "ယံ တတ္ထ မဟာရာဇ ဩဇောရိကံ၊ ဧတံ ရူပံ** သိသာထင်ရှားတဲ့အရာက ရုပ်။"

မျက်လုံးနဲ့လည်း မြင်ရတယ်၊ လက်နဲ့စမ်းလို့လည်းရတယ်၊ နားထောင်လို့လည်း ရတယ်။ ဩဇောရိကဆိုတာ သိသာထင်ရှားတယ်။ မြန်မာလို ဩဇောရိကကို ကြမ်းတမ်းတယ်လို့ ပြန်ကြတယ်၊ ကြမ်းတမ်းတယ်ဆိုတဲ့ အသုံးက နားလည်မှု လွဲမှားနိုင်တယ်။ သိသာထင်ရှားတယ်လို့ဆိုတာ ပိုကောင်းတယ်။

လူခန္ဓာကိုယ်မှာ သိသာထင်ရှားတာ မျက်စိ, နား, နှာ, လျှာ, ကာယဆိုတာ သိသာထင်ရှားတဲ့ အရာတစ်ခုပဲ။ အဲဒီ သိသာထင်ရှားတဲ့အရာသည် ရုပ်လို့ပြောလိုက်တာဟာ General point ကိုပြောတယ်လို့ သိရမယ်။ မသိသာ မထင်ရှားတဲ့ ရုပ်ကလည်း ရှိသေးတယ်။ သို့သော် ရှင်နာဂသေနက လူတွေမှာ သာမန်အားဖြင့် ရုပ်ဆိုတာ ဖော်ပြလို့ရတယ်၊ ရုပ်ဆိုတာက သိသာတယ်၊ အဲဒီ သိသာထင်ရှားတာကရုပ်လို့ သူဒီလို ဖြေလိုက်တာ ဖြစ်တယ်။

"ယေ တတ္ထ သုခုမာ စိတ္တစေတသိကာ ဓမ္မာ၊ ဧတံ နာမံ-အဲဒီထဲမှာ သိမ်မွေ့လို့ သိဖို့ခက်ခဲတဲ့အရာက နာမ်တရား"။

အဲဒီ ဖြေပုံဖြေနည်းက မိလိန္ဒမင်းကြီးကို တစ်မျိုး အဓိပ္ပါယ်ရအောင် ဖြေတဲ့သဘောလည်း ဖြစ်နိုင်တယ်။ ဒီ ဖြေပုံဖြေနည်းက တစ်ခြားနေရာမှာတွေ့ရခဲတယ်။ ရုပ်နဲ့နာမ် နှစ်မျိုးမှာ သိသာထင်ရှားတာက ရုပ်၊ မသိမသာ သိမ်မွေ့တာက နာမ်လို့ဖြေတာ။

http://www.dhammadownload.com

ဝိသုဒ္ဓိမဂ်မှာတော့ "စားချင်တာက နာမ်၊ စားတာက ရုပ်။ သွားချင်တာက နာမ်၊ သွားတာက ရုပ်၊" လို့ ဆိုတယ်။ ဒါလည်း သိသာထင်ရှားအောင်လို့ သဘာဝချင်း မတူတဲ့ရှုထောင့်က ပြောတယ်လို့ ဆိုနိုင်တယ်။

ရုပ်နာမ်ရဲ့ သဘာဝလက္ခဏာနဲ့ ပြောမယ်ဆိုရင် အပူအအေး စသော ဆန့်ကျင်ဖက် အကြောင်းကြောင့် သိသိသာသာ ပြောင်းလဲဖြစ်ပေါ်တတ်သည့်သဘာဝသည် ရုပ်၊ ဒါက အဘိဓမ္မာကျမ်းတွေ ဖွင့်တဲ့အတိုင်းဖြစ်တယ်။

အာရုံရှိတဲ့ဘက်သို့ ကိုင်းညွှတ်တတ်တဲ့ သဘာဝသည် နာမ်။ ကိုင်းညွှတ်တယ်ဆိုတာ အာရုံရှိတဲ့ဘက်ကို မျက်နှာမူတယ်။ အာရုံရှိတဲ့ဘက်ကို ဦးလှည့်သွားတတ်တယ်။ နာမ်တရားဟာ အာရုံရှိတဲ့ဘက်ကို ညွှတ်နေတယ်။

အသိစိတ်ကလေးဟာ အာရုံရှိတဲ့နေဲ့က် လိုက်တယ် ဆိုတာ စဉ်းစားကြည့်၊ ညအခါ တိတ်ဆိတ်နေတဲ့ အချိန်မှာ တစ်နေရာရာက ဒေါက်ကနဲအသံကြားရင် စိတ်ကရောက်သွားတယ်။ နှာခေါင်းထဲမှာ အနံ့လေးဝင်လာရင်လည်း အဲဒီအနံ့ဘက် စိတ်ရောက်သွားတယ်။ မျက်စိထဲက တစ်ခုခုမြင်ရင်လည်း မြင်တဲ့ဘက် စိတ်ရောက်သွားတယ်။ အာရုံရှိတဲ့ဘက်ကို ဦးလှည့်သွားတတ်လို့ နာမ်လို့ခေါ်တယ်။

အဲဒီတော့ ရှင်နာဂသေနရဲ့ အဖြေနဲ့ အဘိဓမ္မာစာပေကျမ်းဂန် အဆိုတို့ဟာ မတူညီကြဘူး။ သို့သော် အဓိပ္ပါယ်အားဖြင့်တော့ ကွဲလွဲခြားနားတာတော့ မဟုတ်ဘူး။ ရှုထောင့်တစ်ခုက ဖြေတယ်လို့ပဲ မှတ်ရမယ်။

http://www.dhammadownload.com

မိလိန္ဒမင်းကြီးရဲ့ ရုပ်နဲ့နာမ်အမေးကို ရှင်နာဂသေနက ဒီလိုဖြေတာ။ အဲဒီလို ဖြေလိုက်တဲ့အခါမှာ **မိလိန္ဒမင်းကြီး**က ထပ်ဆင့်ပြီး မေးခွန်းတစ်ခု မေးပြန်တယ်။

"ဘန္တေ နာဂသေန, ကေန ကာရဏေန နာမံ ယေဝ န ပဒိသန္တိဟတိ, ရူပံ ယေဝ ဝါ- အဲဒီ ရုပ်နဲ့နာမ် နှစ်မျိုးရှိတဲ့ အထဲမယ် ရုပ်တစ်မျိုးတည်းသာ ပြန်မဆက်စပ်ဘဲ (သို့မဟုတ်) နာမ်တစ်မျိုးတည်းသာ ပြန်မဆက်စပ်ဘဲ ဘာကြောင့် နှစ်မျိုးစလုံး ပြန်ဆက်စပ်ရသလဲ"။

လူတွေဟာ ဘဝတစ်ခု အဆုံးသတ်သွားပြီး နောက်ဘဝ မှာလည်း ရုပ်နဲ့နာမ် နှစ်ခုဖြစ်တာပဲလေ။ အဲဒီတော့ နောင်ဘဝ ပြန်ဖြစ်တဲ့အခါ ရုပ်ချည်းပဲဖြစ်ပါလား၊ နာမ်ချည်းပဲ ဖြစ်ပါလား။

လူသားတွေကို ကြည့်မယ်ဆိုရင်တော့ နာမ်နဲ့ရုပ်နဲ့ နှစ်ခု ဖြစ်တယ်။ ရုပ်ချည်းပဲ ပြန်လည်မွေးဖွားတဲ့ဘုံလည်း ရှိတယ်။ နာမ်ချည်းပဲ ပြန်လည်မွေးဖွားတဲ့ဘုံလည်း ရှိတယ်။ ရုပ်ချည်း ပြန်လည်မွေးဖွားတဲ့ဘုံကို အသညသတ်ဘုံလို့ ခေါ်တယ်။ နာမ် တရားချည်းပဲ ပြန်ဖြစ်တဲ့ဘုံကတော့ အရူပဗြဟ္မာဘုံ ဖြစ်တယ်။ လူသားတွေကျတော့ ဒီလိုမဟုတ်ဘူး။ ရုပ်ရောနာမ်ရော ပြန်ပြီး ဆက်စပ်ကြတယ်။

အဲဒီတော့ **မိလိန္ဒမင်းကြီး** က "ရှင်နာဂသေန၊ ဘယ် အကြောင်းကြောင့် နာမ်တစ်မျိုးတည်းသာ မဆက်စပ်ဘဲ ရုပ် တစ်မျိုးတည်းသာ မဆက်စပ်ဘဲ ရုပ်နာမ် နှစ်မျိုးစလုံး ဆက်စပ် ရပါသလဲ" လို့ မေးတယ်။

http://www.dhammadownload.com

ရှင်နာဂသေနက ဖြေတယ်။ "**အညမညူပနိဿိတာ ဧတေ ဓမ္မာ** ရုပ်နာမ်ဆိုတာ အချင်းချင်း အပြန်အလှန် မှီပြီး ဖြစ်ကြတာ။ ရုပ်က နာမ်ကို မှီတယ်။ နာမ်က ရုပ်ကို မှီတယ်၊ အပြန်အလှန် မှီတင်းပြီး ဖြစ်ကြတာ။ အဲဒီလို အပြန်အလှန် မှီတင်းပြီး **ကေတောဝ ဥပဓိန္တိ** အတူတကွ ပူးပေါင်းပြီး ဖြစ်လာကြတယ်။ ဒါကြောင့်မို့ ရုပ်သက်သက်ချည်း ပြန်မဆက်ဘူး။ နာမ်သက်သက်ချည်း ပြန်မဆက်ဘူး။ ရုပ်နဲ့နာမ် နှစ်မျိုးပေါင်းပြီး ဆက်စပ်တာ" ဖြစ်တယ်။

အဲဒီလို ဖြေလိုက်တဲ့အခါ "အရှင်ဘုရား၊ ဥပမာနဲ့ ပြောပါဦးတဲ့။" တစ်ခုနဲ့တစ်ခု ဆက်စပ်တယ်ဆိုတာကို ဘယ်လို နားလည်ရမလဲလို့ **မိလိန္ဒမင်းကြီး**က ဆိုပြန်တယ်။

ရှင်နာဂသေနက ဥပမာနဲ့ ရှင်းပြတယ်၊ "**ယထာ ကုက္ကုဠိယာ ကလလံ နာ ဘဝေယျ**' ကြက်မမှာ ကြက်ဥဆိုတာ ရှိတယ်။ အဲဒီကြက်ဥမှာ အနှစ်ညွှန် (ကလလ)ဆိုတာ ရှိတယ်။ **ကုက္ကုဠိယာ ကလလံ နာ ဘဝေယျ** အဲဒီ ကြက်မမှာ ဥဖြစ်ဖို့ရာ အတွက် အရည်ကြည် အနှစ်ကလေး (ကလလ) မရှိဘဲ **အဏ္ဍမ္ပိ နာ ဘဝေယျ** ကြက်ဥဆိုတာ မဖြစ်လာဘူး။ **ယဉ္စ တတ္ထ ကလလံ, ယဉ္စ အဏ္ဍံ** ဥဘောပေတေ **အညမညူပနိဿိတာ** အဲဒီ ကလလဆိုတဲ့ အရည်အနှစ်နဲ့ ကြက်ဥတို့ဟာ အပြန်အလှန် မှီနေကြတယ်။

အတွင်းအနှစ်မရှိဘဲနဲ့ အပြင်ကအခွံဆိုတာမဖြစ်ဘူး။ အခွံမရှိဘဲလည်း အတွင်းအနှစ်ကလေးက မရစ်တည်နိုင်ဘူးလို့ ဒီလို ဆိုလိုတဲ့ သဘောရှိတယ်။

http://www.dhammadownload.com

ကြက်ဥထဲက အနှစ်အရည်ရယ်၊ အပြင်ဘက်က အခွံရယ်၊ အဲဒီနှစ်ခုသည် အပြန်အလှန် မှီပြီးနေတယ်။ အပြန်အလှန် မှီနေသည့်အတွက် **အညမညူပနိဿိတာ** အချင်းချင်းမှီပြီး **ကေတောဝ နေသံ ဥပ္ပတ္တိ ဟောတိ** အတူတကွ တစ်ပေါင်းတည်း ဖြစ်မှုဆိုတာ ဖြစ်တယ်။

အဲဒါလိုပဲ နာမ်တရား မဖြစ်ဘူးဆိုရင်လည်း ရုပ်တရားလည်း မဖြစ်ဘူး၊ နာမ်သက်သက်လည်း မဖြစ်ဘူး၊ ရုပ်သက်သက်လည်း မဖြစ်ဘူး။ အဲဒီနှစ်မျိုးဟာ တစ်ခုနဲ့တစ်ခုမှီပြီး အတူတကွ ဖြစ်ကြတယ်။

သံသရာခရီးမှာ နာမ်နဲ့ရုပ် နှစ်ခုပေါင်းစပ်ဖြစ်နေကြတယ်။ နာမ်တရားက ရုပ်ကိုမှီတယ်၊ ရုပ်တရားကလည်း နာမ်ကို အပြန်အလှန်မှီတယ်။ အဲဒီ အချင်းချင်း အပြန်အလှန် အမှီပြုပြီး ရုပ်နဲ့နာမ်ဟာ ပေါင်းစပ်ဖြစ်ပေါ် နေတယ်။ ရှည်ကြာလှသော သံသရာခရီးမှာ သတ္တဝါတွေ ပြေးသွားနေကြရတယ်လို့ ရှင်နာဂသေနက ဒီလိုဖြေတာ။

ဒါကြောင့်မို့လို့ ရုပ်ချည်းသက်သက် မွေးဖွားတာ မဟုတ်ဘူး၊ နာမ်ချည်းသက်သက် မွေးဖွားတာ မဟုတ်ဘူး၊ ရုပ်နဲ့နာမ် နှစ်ခုပေါင်းစပ်ပြီး မွေးဖွားတယ်လို့ ဒီလိုဖြေလိုက်တော့ **မိလိန္ဒမင်းကြီး**က လက်ခံသွားတယ်။ **"ကလ္လောသိ ဘန္တေနာဂသေန** အရှင်ဘုရားဖြေတာ သင့်လျော်ပါတယ်"တဲ့။

http://www.dhammadownload.com

၂၅–အဒ္ဓါနပဉ္ဟာ

ရှင်နာဂသေန ဖြေလိုက်တဲ့ ၂၄-ခုမြောက် မေးခွန်းမှာ ပါတဲ့ **အဒ္ဓါန** အကြောင်းကို မေးပြန်တယ်။

"ရှင်နာဂသေန၊ ရှည်ကြာသော ကာလ (အဒ္ဓါန) ပတ်လုံး သံသရာထဲမှာ ပြေးသွားနေရတယ်လို့ အရှင်ဘုရားပြောတယ်၊ **ကိမေတံ အဒ္ဓါနံ နာမ**- အဲဒီ ရှည်ကြာသောကာလ **(အဒ္ဓါန)** ဆိုတာဘာလဲ" လို့ **မိလိန္ဒမင်းကြီး**က မေးတယ်။

အချိန်ကာလ (အဒ္ဓါန) သုံးမျိုးရှိတယ်။ **အတီတော အဒ္ဓါ**-ပြီးခဲ့တဲ့အချိန်ပိုင်း။ **အနာဂတော အဒ္ဓါ**- ရောက်မလာသေးတာလည်း အချိန်ပိုင်း။ **ပစ္စုပ္ပန္နော အဒ္ဓါ**-လက်ရှိရောက်ဆဲ အချိန်ပိုင်း။

လောကမှာ လူတွေက "အချိန်မရှိဘူး၊ အချိန်မရှိဘူး" နဲ့ ပြောတတ်ကြတယ်။ အချိန်ကတော့ ရှိနေမှာပဲ။ ကုန်သွားတာလည်း အချိန်ပဲ၊ မရောက်လာသေးတာလည်း အချိန်ပဲ၊ အခု ရောက်နေတာလည်း အချိန်ပဲ။ အဲဒီမှာ ကုန်သွားတဲ့အချိန်ကို အတိတ်လို့ခေါ်တယ်၊ မရောက်လာသေးတဲ့အချိန်ကို အနာဂတ်လို့ ခေါ်တယ်။ အတိတ်နဲ့ အနာဂတ်တို့ရဲ့ အလယ်မှာရှိတဲ့ အချိန်ကို ပစ္စုပ္ပန်လို့ခေါ်တယ်။

အဲဒီလို ကာလသုံးမျိုးရှိတယ်လို့ ရှင်းပြလိုက်တဲ့အခါ **မိလိန္ဒမင်းကြီး**က ထပ်ပြီးမေးပြန်တယ်။

"**ကိ ပန ဘန္တေ သဗ္ဗေ အဒ္ဓါ အတ္ထိ**- အရှင်ဘုရား၊ ဘယ်လိုလဲ။ အရာခပ်သိမ်းမှာ အချိန်ဆိုတာ ရှိသလား။"

ရှင်နာဂသေနက ဖြေတယ်၊ "**ကောစိ အတ္ထိ၊ ကောစိ န အတ္ထိ (နတ္ထိ)**- တစ်ချို့ရှိတယ်၊ တစ်ချို့မရှိဘူး"။

http://www.dhammadownload.com

"ဒါဖြင့် အရှင်ဘုရား ရှိတာကဘယ်ဟာတုန်း၊ မရှိတာက ဘယ်ဟာတုန်း။"

ဒီအခါမှာ ရှင်နာဂသေနက ရှိတာနဲ့မရှိတာကို ခွဲပြတယ်။ **"ယေ တေ မဟာရာဇ သခီါရာ အတီတာ ဝိဂတာ နိရုဒ္ဓါ ဝိပရိဏတာ, သော အတ္ထါ နတ္ထိ**- ကုန်ဆုံးသွားတဲ့ အချိန်ဟာ ကုန်ဆုံးသွားပြီ ဖြစ်သောကြောင့် ရှိနေတယ်လို့ ပြောလို့မရဘူး"။

မနေ့က အချိန်တွေ ကုန်ခဲ့ပြီ။ မနေ့ကဆိုတာကို ဒီကနေ့ ပြန်ယူလို့မရဘူး၊ မနေ့ကဟာတွေ တစ်ခုမှ မရှိတော့ဘူး၊ ပြီးသွားပြီ။ သခီါရဆိုတာ အကြောင်းတရားတွေကို စွဲမှီပြီးဖြစ်တဲ့အရာ ဖြစ်တယ်၊ ဖြစ်ပြီး ပျက်သွားတယ်။ အဲဒီ ဖြစ်ပြီးပျက်သွားတယ် ဆိုတဲ့ သခီါရမှာ အချိန်ဆိုတာမရှိဘူး"။

ဆိုပါစို့၊ မနေ့က အခန့်မသင့်လို့ စိတ်ဆိုးတယ်၊ အဲဒီ စိတ်ဆိုးမှုက ပျောက်သွားပြီ၊ အဲဒီ ပျောက်သွားတဲ့ အရာသည် ပစ္စုပ္ပန်လား၊ အနာဂတ်လား၊ အတိတ်လားလို့ မေးလို့ရှိရင် ဘာမှ မဟုတ်တော့ဘူး၊ မရှိမှ မရှိတော့တာကိုး။ ပျောက်သွားပြီလို့ပဲ ပြောရမယ်၊ အဲဒီလိုပဲ သခီါရတရားတစ်ခုဟာ ချုပ်ငြိမ်းသွားပြီ ဆိုရင် အချိန်ကာလနဲ့ ပြောလို့မရဘူး။

တစ်ခါ **"ယေ ဓမ္မာ ဝိပါကာ, ယေ စ ဝိပါကဓမ္မဓမ္မာ, ယေ စ အညတြ ပဋိသန္ဓိ ဒေန္တိ, သော အတ္ထါ အတ္ထိ**- ဝိပါက ဆိုတဲ့ ရင့်ကျက်ပြီး အနေအထားရှိတဲ့ အကျိုးတရားတွေ၊ ဝိပါကဓမ္မဓမ္မဆိုတဲ့ အကျိုးပေးနိုင်တဲ့ အကြောင်းတရားတွေ၊ နောက်ဘဝမှာ ပဋိသန္ဓေအကျိုးကိုပေးမယ့်တရားတွေကိုတော့ အချိန်ရှိတယ်လို့ ပြောရမယ်။"

http://www.dhammadownload.com

ဆိုလိုတာက ရှိနေတဲ့တရားမှာ အချိန်ရှိတယ်လို့ ပြောလို့ ရမယ်။ အကျိုးမပေးသေးတဲ့အနေနဲ့ ရှိနေတယ်။ နောင်အခါမှာ အကျိုးပေးဦးမှာ၊ ဒီသဘောပြောတာ။

တစ်ခါ **"ယေ သတ္တာ ကာလင်္ကတာ အညတြ ဥပ္ပန္နာ, သော စ အဒ္ဓါ အတ္ထိ**- သေသွားပြီး နောက်ဘဝရောက်မယ့် ပုဂ္ဂိုလ်။ သေသွားတာက အတိတ်၊ နောက်ဘဝ ဖြစ်မှာက အနာဂတ်၊ ဖြစ်ဆဲက ပစ္စုပ္ပန်၊ အဲဒီ သတ္တဝါတွေလည်း အချိန်ဆိုတာ ရှိတယ်လို့ ပြောတယ်။"

"ယေ သတ္တာ ကာလင်္ကတာ အညတြ အနုပ္ပန္နာ, သော စ အဒ္ဓါ-နတ္ထိ- သေသွားပြီးနောက် ဘယ်မှာမှ မဖြစ်တော့ဘူးဆိုတဲ့ ပုဂ္ဂိုလ်ကျတော့ ဖြစ်ဆဲလို့လည်း ပြောလို့မရဘူး၊ ဖြစ်လတ္တံ့လို့လည်း ပြောလို့မရဘူး၊ အဲဒီပုဂ္ဂိုလ်တွေမှာ အဒ္ဓါဆိုတဲ့ ကာလမရှိဘူးလို့ ဆိုရတယ်။

ကာလမှ လွတ်တဲ့အရာကို ကာလဝိမုတ်လို့ သုံးတယ်။ ပညတ်ဆိုတာ လူတွေရဲ့ထင်မြင်ယူဆချက်တစ်ခုမျှသာ ဖြစ်သောကြောင့် ကာလဝိမုတ်။ နိဗ္ဗာန်ကိုလည်း ကာလဝိမုတ်လို့ ခေါ်တယ်။ တစ်စုံတစ်ခုကို စွဲပြီးဖြစ်တဲ့ သခ်ၤါရကိုသာ ဖြစ်ခဲ့ပြီ၊ ဖြစ်နေဆဲ၊ ဖြစ်လတ္တံ့လို့ အချိန်ကာလနဲ့ ဆိုနိုင်တယ်။ အချိန်ကာလနဲ့ ပြောလို့မရတဲ့အရာတွေက ပညတ်နဲ့ နိဗ္ဗာန်ပဲဖြစ်တယ်။

နောက်တစ်ခုက **"ယေ စ သတ္တာ ပရိနိဗ္ဗုတာ၊ သော စ အဒ္ဓါ နတ္ထိ၊ ပရိနိဗ္ဗုတတ္တာ**- ရဟန္တာပုဂ္ဂိုလ်တွေဟာ ကိလေသာ အာသဝေါ ကုန်သွားလို့ နောက်ဘဝမှာ ပြန်မဖြစ်တော့ဘူး။ ခန္ဓာငြိမ်းသွားတာ ဖြစ်သောကြောင့် သူတို့မှာလည်း

http://www.dhammadownload.com

အချိန်ကာလဆိုတာ မရှိတော့ဘူး။" ဆိုလိုတာက နိဗ္ဗာန်ရောက်သွားရင်လည်း အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်နဲ့ ဆက်စပ်ပြီး ပြောလို့မရဘူး၊ ဒီလိုဆိုတယ်။

အဲဒီလို ရှင်နာဂသေနက ရှင်းပြတယ်၊ အဒ္ဓါနဆိုတဲ့ ကာလနဲ့ပတ်သက်ပြီးတော့ ရှင်းပြပုံ ရှင်းပြနည်းက တစ်ခြားကျမ်းတွေမှာ ရှင်းပြပုံ ရှင်းပြနည်းနဲ့ မတူဘူး။ သို့သော် အဓိပ္ပာယ်အားဖြင့်တော့ ဒီပုံစံထဲဝင်တယ်။

အဲဒီလို ရှင်းပြလိုက်တဲ့အခါ **မိလိန္ဒမင်းကြီး** က **"ကလ္လောသိ ဘန္တေ နာဂသေန-** အရှင်ဘုရားပြောတာ သင့်တော်ပါတယ်လို့" လက်ခံတယ်။

နိဂုံးချုပ်

တရားချစ်ခင် သူတော်စင်ပရိသတ်အပေါင်းတို့၊ ရှင်နာဂသေနကလည်း မေးသမျှတွေကို ကျကျနနဖြေသလို အမေးသန်တဲ့ မိလိန္ဒမင်းကြီးကလည်း မေးခွန်းတွေ တစ်ခုပြီးတစ်ခု ဆက်မေးတယ်။ မေးလို့မဆုံးနိုင်သေးဘူး။ ဆက်မေးနေဦးမှာပဲ။

ဒီကနေ့ မေးခွန်းနဲ့ အဖြေတွေကို မှတ်သားနာယူပြီး လေးနက်တဲ့ တရားအသိတွေ ရရှိအောင် ကြိုးစားအားထုတ်ကြရမှာ ဖြစ်တယ်လို့ ကိုယ်စီ ကိုယ်စီ မှတ်သား အသိဉာဏ်တိုးပွားအောင် ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု ... သာဓု ... သာဓု

Transcribed by-**Ko Thu Rein Aung**
Typed by- **Wai Wai Lwin**

http://www.dhammadownload.com

မိလိန္ဒပဉှာ

မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ ဗုဒ္ဓဝါဒရေးရာ အချေအတင်ပြောဆိုချက်များ အပိုင်း(၁၁)

မှတ်တမ်း

သာသနာတော်နှစ် ၂၅၆၀-ပြည့်နှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၈-ခုနှစ်၊ နယုန်လပြည့်ကျော်(၁၂)ရက်၊ (၁-၇-၂၀၁၆) ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ဇမ္ဗူသိရိဓမ်မာန်တော်အတွင်း ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် သာသနာ့ပူဇာမြတ်မင်္ဂလာ တရားအလှူတော် အထူးဓမ္မသဘင်အခမ်းအနား၌ ကျေးလူးရှိသူများအား ကျေးလူးဆပ်သောအားဖြင့် ရန်ကုန်မြို့၊ အားငါးပါး ညီအစ်မများ၏ အမတဒါန၊ ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားအပ်သော **'မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ ဗုဒ္ဓဝါဒရေးရာ အချေအတင်ပြောဆိုချက်များ အပိုင်း(၁၁)'** တရားဒေသနာတော်။

ရှင်နာဂသေနက ဖြေဆိုတဲ့ထဲမှာပါတဲ့ အချက်တစ်ချက်ကို မေးခွန်းပစ်ထာလုပ်ပြီး မိလိန္ဒမင်းကြီးက မေးမြန်းပြန်တယ်။ မေးခွန်းတစ်ခုနဲ့တစ်ခုဟာ ကွင်းဆက်ဖြစ်တယ်။ အဲဒီလို တစ်ခုနဲ့တစ်ခု ဆက်စပ်ပြီး မေးတဲ့မေးခွန်းတွေထဲက မေးခွန်းပေါင်း ၂၅-ထိ အောင် ရှင်းပြပြီးသွားပြီ။

http://www.dhammadownload.com

၂၆–အဒ္ဓါနမူလပဉှာ

၂၆-ခုမြောက် မေးခွန်းက 'အဒ္ဓါန မူလပဉှာ'တဲ့။ အဒ္ဓါန ကာလရဲ့ အကြောင်းရင်းက ဘာလဲဆိုတဲ့ မေးခွန်းဖြစ်တယ်။ မနေ့က အဒ္ဓါဆိုတဲ့ ရှည်ကြာတဲ့ကာလဟာ သုံးမျိုးရှိကြောင်းကို ပြောတဲ့အခါမှာ အဲဒီသုံးမျိုးရဲ့ အကြောင်းရင်းက ဘာလဲဆိုတဲ့ မေးခွန်းကို မိလိန္ဒမင်းကြီးက မေးတာဖြစ်တယ်။

"ဘန္တေ နာဂသေန အတီတဿ အဒ္ဓါနဿ ကိ မူလံ အရှင်နာဂသေန အတိတ်ကာလရဲ့ အကြောင်းအရင်းကဘာလဲ"။

"အနာဂတဿ အဒ္ဓါနဿ ကိ မူလံ မဖြစ်လာသေးတဲ့ အနာဂတ်ကာလရဲ့ အကြောင်းရင်းက ဘာလဲ။"

"ပစ္စုပ္ပန္နဿ အဒ္ဓါနဿ ကိ မူလံ အကြောင်းစုံလင်လို့ ဖြစ်ပေါ်နေဆဲ ပစ္စုပ္ပန်ကာလရဲ့ အကြောင်းရင်းက ဘာလဲ။"

အဲဒီမေးခွန်းကို တရားသဘောနဲ့ ရှင်နာဂသေနက ဖြေတယ်။

"အတီတဿ စ အဒ္ဓါနဿ အနာဂတဿ စ အဒ္ဓါနဿ ပစ္စုပ္ပန္နဿ စ အဒ္ဓါနဿ အဝိဇ္ဇာ မူလံ အတိတ်ကာလ၊ အနာဂတ်ကာလ၊ ပစ္စုပ္ပန်ကာလဆိုတဲ့ အချိန်ကာလ သုံးပိုင်းရဲ့ အကြောင်းရင်းက မသိခြင်း(အဝိဇ္ဇာ) ဖြစ်ပါတယ်။"

ဒီအဖြေက ပဋိစ္စသမုပ္ပါဒ်ကို ရည်ညွှန်းပြီးဖြေတဲ့ အဖြေပဲ။ ပဋိစ္စသမုပ္ပါဒ်မှာ **အဝိဇ္ဇာပစ္စယာ သင်္ခါရာ** ဆိုပြီး အဝိဇ္ဇာက အစပြုတယ်။ "သံသရာအစ အဝိဇ္ဇာက"လို့ ဒီလို ရေးလေ့ရှိကြတယ်။ ပဋိစ္စသမုပ္ပါဒ်ရဲ့အစ အဝိဇ္ဇာကလို့ ဆိုရလောက်အောင် ပဋိစ္စသမုပ္ပါဒ်ကို မသိခြင်းအဝိဇ္ဇာက စပြီးဖော်ပြတယ်။

http://www.dhammadownload.com

သို့သော် မသိခြင်း (အဝိဇ္ဇာ)ဟာ အစလားလို့ ဆိုတဲ့အခါ မသိခြင်း(အဝိဇ္ဇာ)ရဲ့ ရှေ့မှာရှိသေးတယ်။ သို့သော် ဖြစ်စဉ်တစ်ခုကို ဦးဆောင်သွားတာကတော့ အဝိဇ္ဇာ ဖြစ်တယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ ရှင်နာဂသေနက ပဋိစ္စသမုပ္ပါဒ်ကို ရည်ညွှန်းပြီး "အဒ္ဓါနရဲ့အစ အဝိဇ္ဇာက" လို့ ဖြေဆိုတာဖြစ်တယ်။

အဒ္ဓါနဆိုတဲ့ ကာလကိုပြောချင်ရင် **ကာလဝန္တ**နဲ့ တွဲဖက်ပြီး ပြောရတယ်။ **ကာလဝန္တ**ဆိုတာ ကာလရှိတဲ့အရာ။ အချိန်ကာလရှိတဲ့အရာဆိုတာ သတ္တဝါတွေ၊ သခါရတွေမှာ အချိန်ကာလရှိတယ်။

ဒီအဒ္ဓါနဆိုတဲ့ အချိန်ပိုင်းသုံးခုရဲ့ အကြောင်းရင်းဟာ အဝိဇ္ဇာပဲ။ ဘုန်းကြီးတို့ဘဝဟာ ဘယ်ကစသလဲလို့ဆိုတဲ့ အချိန်ကို ပြောမယ်ဆိုလို့ရှိရင် ပြောဖို့တော်တော်ခက်တယ်။ သို့သော် "ဒို့ရဲ့ ဘဝ မသိခြင်းကစတာ"လို့ ပြောနိုင်တယ်။

မသိခြင်းက စလာပုံကို ပြောရမယ်ဆိုရင် ဘုန်းကြီးတို့တတွေ လုပ်သင့်တာနဲ့ မလုပ်သင့်တာကို မသိကြဘူး။ မသိသည့်အတွက်ကြောင့် မလုပ်သင့်တာတွေ လုပ်မိတယ်။ လုပ်သင့်တာတွေလည်း လုပ်မိတယ်။ မသိဘူးဆိုရင် နှစ်မျိုးလုံးလုပ်မိမှာပဲလေ။

လုပ်သင့်တာနဲ့ မလုပ်သင့်တာကို အမှန်မသိတာက **အဝိဇ္ဇာ**။ မသိလို့ လုပ်မိလုပ်ရာ လုပ်မိတာက **သခါရ**။ ဟုတ်ပြီ၊ သံသရာလည်တယ်ဆိုတာ မသိခြင်းက စလိုက်တာ။ လုပ်မိလုပ်ရာတွေ လုပ်လိုက်တယ်။ လုပ်လိုက်တဲ့အခါ လုပ်ခြင်းရဲ့ အကျိုးဆက် **ဝိညာဏ်** လို့ ဆိုတဲ့ ပဋိသန္ဓေစိတ် ပေါ်လာရတယ်။

မသိတဲ့အဝိဇ္ဇာကစပြီး လုပ်မိလုပ်ရာလုပ်တယ်၊ လုပ်တာက သခါရဆိုတဲ့ ကံတရား။ မသိတဲ့**အဝိဇ္ဇာ**က ကိလေသာ၊ လုပ်မိ

http://www.dhammadownload.com

လုပ်ရာလုပ်တဲ့ **သခီါရက** ကံ၊ ကိလေသာနဲ့ကံ ပေါင်းစပ်လိုက်တဲ့အခါ **ဝိညာဏ**ဆိုတဲ့ ဘဝအပင်လေးတစ်ခု ပေါက်လာတယ်။ ဝိညာဏပေါ်လာတာနဲ့ တစ်ပြိုင်နက် ဝိညာဏနဲ့တွဲဖက်လာတဲ့ နာမ်တွေရုပ်တွေဟာ ဖြစ်လာတယ်။

မိုးစေ့လေးတစ်စေ့ကို မြေရေနဲ့ ထိတွေ့ပြီး မြေထဲမှာ ချစိုက်လိုက်တာနဲ့ တစ်ပြိုင်နက် အမြစ်ထွက်လာတယ်။ အညှောင့် တက်လာတယ်။ အဲဒီ အမြစ်တွယ်လိုက်ပြီဆိုရင် အဲဒီအမြစ်က မြေဆီ ရေဆီတွေကို စုပ်ယူလိုက်တဲ့အခါ အညှောင့်ဟာ တဖြည်းဖြည်း အကိုင်းအခက်တွေနဲ့ ရှင်သန်ထွားကြိုင်းပြီး နောက်ဆုံးမှာ အပွင့်တွေ အသီးတွေ ပြန်ဖြစ်လာတယ်။

အဲဒီမှာ ရေသောက်မြစ်မရှိဘဲ အပင်ဟာ စည်ကားနိုင်တာမှ မဟုတ်တာ။ အခုလည်း ဒီလိုပဲ။ အဝိဇ္ဇာဆိုတဲ့ အမြစ်နဲ့ သခီါရလို့ဆိုတဲ့ အညှောင့်ထွက်လာတဲ့အခါမှာ ဘဝဆိုတဲ့အပင်လေးဟာ ရှင်သန်လာတယ်။ ရှင်သန်ပြီး အပွင့်တွေ အသီးတွေ ဝေဆာလာသလိုပဲ နာမ်တွေ ရုပ်တွေပေါ်လာတယ်။ အဲဒါကို **'ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ'** လို့ ဟောတာ။

ရုပ်တွေ နာမ်တွေထဲမယ် ဘာတွေပါလာတုန်းဆိုတော့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကာယ၊ မနဆိုတဲ့ sense organs, ဆက်သွယ်ရေး အင်္ဂါတွေ ပါလာတယ်။ မျက်စိပါလာတော့ မြင်စရာအာရုံကို မြင်တယ်၊ ကြည့်တယ်။ နားပါလို့ အသံတွေကို နားထောင်တယ်၊ နှာခေါင်းပါတော့ အနံ့တွေကို ရှုရှိုက်ကြတယ်။ လျှာပါတော့ အရသာတွေ မြည်းစမ်းကြတယ်။ ခန္ဓာကိုယ်ပါတော့ ထိတွေ့ စမ်းသပ်ကြတယ်။ **မန**ပါတော့ စိတ်ကူးကြံစည်ကြတယ်။

http://www.dhammadownload.com

ပြင်ပအာရုံတွေနဲ့ ဆက်သွယ်ထိတွေ့လာတာက **ဖဿ**။ ထိတွေ့မှုကို အကြောင်းပြုပြီး ကောင်းတဲ့အရသာ၊ ဆိုးတဲ့အရသာ ခံစားတာက **ဝေဒနာ**။ ကောင်းတယ်ဆိုးတယ်လို့ သိလာတယ်။ သိလာတဲ့အခါ ကောင်းတယ်ဆိုတဲ့အပေါ်မှာ လိုချင်တယ်ဆိုတဲ့ တဏှာ ပေါ်လာတယ်။ **ဝေဒနာပစ္စယာ တဏှာ**။ လိုချင်ရုံတင် မကဘူး။ စွဲစွဲလမ်းလမ်းဖြစ်လာတယ်။ **တဏှာပစ္စယာ ဥပါဒါနံ၊**

ပဋိစ္စသမုပ္ပါဒ်က ဘဝအကြောင်းကို ပြောပြနေတယ်။ လုပ်သင့်တာနဲ့ မလုပ်သင့်တာ မသိဘူး၊ **အဝိဇ္ဇာ**။ မသိလို့ ကုသိုလ်လည်း လုပ်တယ်၊ အကုသိုလ်လည်း လုပ်တယ်၊ **သင်္ခါရ**။ အဲဒီလုပ်ရပ်ကြောင့် အကျိုးဖြစ်လာတယ်၊ **ဝိညာဏ**။ စိတ်ကို အကြောင်းပြုပြီး နာမ်ရုပ်တွေပါလာတယ်၊ **နာမရူပ**။ နာမ်ရုပ်ထဲမှာ အာရုံ ၆-ပါးကို ရယူနိုင်တဲ့ အင်္ဂါရုပ်တွေ ပါတယ်၊ **သဠာယတန**။ အဲဒီအင်္ဂါတွေနဲ့ ဆက်သွယ်မှုထိတွေ့မှု ဖြစ်တယ်၊ **ဖဿ**။ ထိတွေ့မှုကို အကြောင်းပြုပြီး ခံစားမှုဖြစ်တယ်။ **ဝေဒနာ**။ ခံစားမှုကို အကြောင်းပြုပြီး လိုချင်မှုတပ်မက်မှုဖြစ်တယ်။ **တဏှာ**။ စွဲလမ်းမှုဖြစ်တယ်။ **ဥပါဒါန**။ ဘဝဆိုတာ ဒါပဲလေ။

အဲဒီ ဥပါဒါနဆိုတာ ဖြစ်လာတဲ့အခါ ဥပါဒါန်ကြောင့် ဘာတွေဖြစ်တုန်းဆိုရင် '**ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသာ**' ဆိုတာတွေအားလုံး တစ်ခုပြီးတစ်ခု ဖြစ်လာတယ်။ '**ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ အဒ္ဓါနဿ**' ဒီ အဒ္ဓါနဆိုတဲ့ ကာလတစ်ခုဟာ ဖြစ်ပေါ်လာတယ်။

ဘုန်းကြီးတို့ ဘဝဟာ ဒီကာလတစ်ခုကို ဖြတ်ကျော်နေတာ ဖြစ်တယ်။ သောက ဖြစ်ကြတယ်။ ပရိဒေဝ ဖြစ်တယ်။ အိုခြင်း

http://www.dhammadownload.com

ဆိုတဲ့ အစိတ်အပိုင်းကြီးကို ဖြတ်ကျော်နေကြတယ်။ နာခြင်း, သေခြင်းဆိုတဲ့အချိန်ပိုင်းကို ဖြတ်ကျော်ရမယ်၊ နောက်ဆုံးမှာ အားလုံးဟာ ဒုက္ခအစုအဝေးမျှသာ ဖြစ်တယ်။

ဘာကြောင့် ဒုက္ခလို့ ပြောတာတုန်းဆို ဘယ်အရာမှ မတည်မြဲဘူး။ အားလုံးဟာ ပြောင်းလဲဖြစ်ပျက်နေတဲ့အရာတွေ ဖြစ်သောကြောင့် ဒုက္ခအစုအဝေးမျှသာ ဖြစ်တယ်။ အဲဒီဒုက္ခ အစုအဝေးကြီးတစ်ခုလုံးကို ဖြတ်ကျော်နေတဲ့ အချိန်ပိုင်းကြီး တစ်ခုဟာ အဒ္ဓါနပဲ။

အဲဒီအချိန်ပိုင်းကြီးရဲ့ **ပုရိမာ ကောဋိ နာ ပညာယတိ** အဲဒီအချိန်ပိုင်းကြီးရဲ့ အစဆိုတာကို မသိရဘူး၊ ဘယ်တုန်းက ဒီဖြစ်စဉ်ကြီးတစ်ခု စတင်လာသလဲဆိုတဲ့ အစရှာလို့မရနိုင်ဘူးလို့။

မြတ်စွာဘုရားက**အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော** လို့ ဟောတယ်။ သံသရာကြီးရဲ့ အစဆိုတာ မသိနိုင်ဘူးလို့ ဒီလို ဆိုလိုတာ။ ဒီနေရာမှာ မရှိဘူးလို့ ပြောတာမဟုတ်ဘူး၊ မသိနိုင် ဘူးလို့ ပြောတာ။ မရှိတာကို မရှိမှန်းသိလို့ရှိရင်လည်း သိတယ်လို့ ပြောရမှာပဲ။ မြတ်စွာဘုရားက သံသရာရဲ့အစ မရှိဘူးပြောတာ မဟုတ်ဘူး၊ မသိနိုင်ဘူးလို့ ပြောတာ။ ဒါဟာ သိခြင်းပဲ။

ဒီမှာလည်း မြတ်စွာဘုရားရဲ့ စကားအတိုင်းပဲ **ရှင်နာဂသေန** က "ကာလသုံးပါးရဲ့ အစဆိုတာ မသိခြင်း အဝိဇ္ဇာပဲ"လို့ ဖြေတယ်။

သို့သော် 'ပုရိမာ ကောဋိ နာ ပညာယတိ' ဘယ်ခေတ် ကာလမှ စခဲ့တယ်ဆိုတဲ့ ပထမဆုံးရဲ့ အစဆိုတာကို မသိနိုင်ဘူး လို့ ဒီလိုဆိုလိုတယ်။

http://www.dhammadownload.com

မိလိန္ဒမင်းကြီးက "ကလ္လောသိ ဘန္တေ နာဂသေန-အရှင်ဘုရားဖြေတာ သင့်တော်ပါတယ်"လို့ လက်ခံလိုက်တယ်။

၂၇-ပုရိမကောဋိမဉ္စာ

ပြီးတဲ့အခါမှာ မေးခွန်းတစ်ခု ထပ်မေးပြန်တယ်။ ရှေ့မေးခွန်းအဖြေထဲမှာ **'ပုရိမာ ကောဋိ န ပညာယတိ'** ကာလရဲ့အစကို မသိနိုင်ဘူးလို့ ဖြေလိုက်တဲ့စကားကို မှတ်ယူပြီးတော့ သူက ဒုတိယမေးခွန်းကို ဆက်မေးတယ်။ အဲဒီမေးခွန်းက ၂၇-ခုမြောက် မေးခွန်းပဲ။

"ဘန္တေ နာဂသေ, ယံ ပနေသံ ဗြူသိ ပုရိမာ ကောဋိ န ပညာယတိ- အရှင်ဘုရား ပြောတယ်။ ရှေ့ပိုင်းအစကို မသိနိုင်ဘူးလို့၊ ရှေ့ပိုင်းကို မသိနိုင်ဘူးဆိုတာ ဥပမာတစ်ခုနဲ့ ရှင်းပြပါဦး"လို့ **မိလိန္ဒမင်းကြီး**က တောင်းဆိုတယ်။

ရှင်နာဂသေနက ပြောတယ်၊ "ဥပမာ- လူတစ်ယောက်ဟာ မျိုးစေ့တစ်စေ့ကို မြေကြီးမှာ ချစိုက်လိုက်တယ်။ အဲဒီမျိုးစေ့က အမြစ်ဆင်းပြီး အပေါ်မှာအညွှန့်တက်လာတယ်။ အဲဒီအညွှန့်ကနေ ပင်စည်တွေ ကြီးထွားလာပြီး အကိုင်းအခက်တွေ ဖြစ်လာတယ်။ အချိန်ရာသီအားလျော်စွာ အပွင့်ပွင့်တယ်၊ အသီးသီးတယ်။"

အဲဒီမှာ သစ်ပင်ကနေ မျိုးစေ့ရ၊ မျိုးစေ့ကနေ အပင်ရ၊ တစ်ခါ အပင်ကနေ အသီးရ၊ အသီးကနေ မျိုးစေ့ရ၊ မျိုးစေ့ကနေ အပင်ရတယ်။

http://www.dhammadownload.com

သစ်ပင်တစ်ပင်ဟာ မျိုးစေ့လေးချလိုက်ပြီး အဲဒီမျိုးစေ့က နေပြီးတော့ အညွှန့်တက်၊ အညွှန့်တက်လာတဲ့အခါ နောက် အသီး,သီး၊ အဲဒီ အသီးလေးက တစ်ခါပြန်ပြီးတော့ အစေ့၊ အစေ့ လေးကို စိုက်လိုက်ရင် ဒီအလားတူ အပင်ဖြစ်တယ်။ အဲဒီလို နည်းနဲ့ ဖြစ်စဉ်ကြီးတစ်ခုရဲ့အဆုံးဆိုတာ မသိတော့ဘူး။

အပင်က စတာလား၊ အစေ့က စတာလား၊ အပင်က စတာလား၊ အစေ့က စတာလား။ မျိုးစေ့ကစတာ ဆိုလို့ရှိရင် အဲဒီမျိုးစေ့ ဘယ်ကရတုန်းဆိုတော့ အပင်ဖြစ်သွားပြန်တယ်။ ဘယ်သူကစတယ်ဆိုတာ သိပါ့မလား၊ မသိနိုင်ဘူး။

ကိုယ့်ကိုယ်လည်း ကိုယ့်ဘဝကိုယ်ပြန်ကြည့်။ ကိုယ့်အမေ ဟာ အစဆိုရင် အမေ့မှာလည်း အမေရှိတယ်၊ အဲဒီအမေမှာ လည်း အမေရှိတယ်ဆိုတော့ ဘယ်သူကစမှန်း မသိတော့ဘူး၊ အဲဒီမှာ။ သံသရာဖြစ်စဉ်ကြီးတစ်ခုက ရှေ့ပိုင်းအစဆိုတာ မသိနိုင်လောက်အောင် ရှည်လျားတယ်။

ဒီလို ရှင်းပြောလိုက်တဲ့အခါ **မိလိန္ဒမင်းကြီးက "ဘိယျော သြပမ္မံ ကရောဟိ-** အရှင်ဘုရား၊ နောက် ဥပမာတစ်ခု ထပ်ပြောနိုင်ဦးမလား" လို့ဆိုတယ်။

ရှင်နာဂသေနက ပြောတယ်။ "ကြက်မက ဥတစ်ဥ ဥတယ်၊ အဲဒီ ကြက်ဥကနေပြီး ကြက်မ ရပြန်တယ်။ တစ်ခါ အဲဒီကြက်မကနေ ကြက်ဥရပြန်တယ်။ ကြက်ဥရယ်၊ ကြက်မရယ် ဘယ်ဟာကစမှန်း မသိဘူး။"

ပြောကောင်း ပြောလိမ့်မယ်။ ကြက်မ ဘယ်ကရတုန်း။ ကြက်ဥကရတယ်။ ဒါဖြင့် ကြက်ဥ ဘယ်ကရတာလဲဆို ကြက်မ

http://www.dhammadownload.com

က ရတယ်။ အဲဒီတော့ ဒါလည်း ဘယ်ကစမှန်း မသိဘူး။ ကြက်ဥက စတာလား၊ ကြက်မက စတာလား၊ ပြောလို့မရဘူးလေ။ အစဆိုတာ ရှာလို့မတွေ့နိုင်ဘူး။ ဖြစ်စဉ်ကြီးတစ်ခုရဲ့အစဆိုတာ ပြောလို့မရသလိုဘဲ ဒီအချိန်ပိုင်းကြီးတစ်ခုရဲ့ ရှေ့ပိုင်းအစဆိုတာလည်း မသိနိုင်ဘူးလို့ ဒီလို **ရှင်နာဂသေန** က ဖြေလိုက်တာဖြစ်တယ်။

မိလိန္ဒမင်းကြီးက မျိုးစေ့နဲ့ သစ်ပင်၊ ကြက်ဥနဲ့ ကြက်မ၊ ဥပမာပေးပြီး ဖြေဆိုမှုကို မကျေနပ်သေးဘူး၊ ထပ်ပြီးတော့ ဥပမာပေးပါဦးလို့ ဆိုတဲ့အခါ **ရှင်နာဂသေန**က တုတ်ကလေးနဲ့ စက်ဝိုင်းကြီးတစ်ခု ခြစ်ပြတယ်။ ခြစ်လိုက်ပြီး **မိလိန္ဒမင်းကြီး**ကို မေးတယ်။

"**အတ္ထိ ဣမဿ စက္ကဿ အန္တော** ဒီစက်ဝိုင်းလေးတစ်ခုရဲ့ အစနဲ့အဆုံးဆိုတာ ရှိရဲ့လား။"

အဝိုင်းကြီးကို ဘယ်လိုလုပ် အစနဲ့အဆုံး ပြောလို့ရမှာလဲ။ ဆက်မိသွားပြီလေ၊ အစအဆုံးဆိုတာ ရှိလားဆိုတော့ မရှိဘူးတဲ့။ အဲဒီစက်ဝိုင်းကြီးမှာ အစတို့ အဆုံးတို့ဆိုတာ မရှိသလိုဘဲ မြတ်စွာဘုရားက ဖြစ်စဉ်ကြီးတစ်ခုကို ဟောတာပဲ ဖြစ်တယ်လို့ ရှင်းပြလိုက်တယ်။

မျက်စိရှိလို့မြင်တယ်၊ မျက်စိနဲ့မြင်တာကို အကြောင်းပြုပြီး မြင်သိစိတ်ဖြစ်တယ်။ အဲဒီ မျက်စိရယ်၊ မြင်စရာအာရုံရယ်၊ မြင်သိစိတ်ရယ် ပေါင်းလိုက်တဲ့အခါ ဆုံစည်းမှု ဖြစ်လာတယ်။ ဆုံစည်းမှုကြောင့် စိတ်ခံစားမှု ဖြစ်လာတယ်။ စိတ်ခံစားမှုကြောင့် လိုချင်မှုတွေ ဖြစ်လာတယ်။ လိုချင်မှုကြောင့် စွဲလမ်းမှုတွေ

http://www.dhammadownload.com

ဖြစ်လာတယ်။ စွဲလမ်းမှုကြောင့် ကံဖြစ်လာတယ်လို့ ရှင်နာဂသေန ဖြေတာ။

ဥပါဒါနပစ္စယာ ဘဝေါ နဲ့ အတူတူပဲ။ **ဥပါဒါနပစ္စယာ ဘဝေါ** ဆိုတာ ကမ္မဘဝကို ပြောတာ၊ သူကတော့ တိုက်ရိုက် ပြောလိုက်တယ်။ **ဥပါဒါနပစ္စယာ ကမ္မံ** ကံဖြစ်လာတယ်။

ကမ္မပစ္စယာ ပုန စက္ခု ဇာယတိ ကံကြောင့် မျက်စိ ပြန်ရတယ်၊ နား ပြန်ရတယ်၊ နှာခေါင်း ပြန်ရတယ်၊ လျှာ ပြန်ရ တယ်၊ အဲဒီ အာရုံခံတဲ့ဟာတွေ အားလုံးပြန်ရတယ်။ စိတ်ကူး ကြံစည်တဲ့ **မန** ဆိုတာတွေ ပြန်ရလာတယ်။ ပြန်ရလာတော့ အဲဒီ ကံကြောင့် ဒါတွေ ပြန်ဖြစ်လာတယ်။ ပြန်ဖြစ်လာလို့ ပြန်ခံစား တယ်ဆိုတဲ့ ဒီဖြစ်စဉ်ကြီးတစ်ခုဟာ မဆုံးနိုင်တော့ဘူး။

အဲဒီအတိုင်းပဲ **'ဧဝမေဝ အဒ္ဓါနဿ ပုရိမာ ကောဋိ နပညာယတိ'** ရှေ့ပိုင်းအစ ဘယ်ကစလဲဆိုတာ ပြောလို့ မရဘူး တဲ့။ မျက်စိဆိုရင် မျက်စိပေါင်းများစွာ၊ နားဆိုရင်လည်း နားပေါင်း မြောက်များစွာ၊ နှာခေါင်းဆိုရင်လည်း ထို့အတူ၊ လျှာ ဆိုရင်လည်း ထို့အတူ၊ စိတ်ခံစားမှုကိုစွဲပြီးတော့ ပြန်ပြန်ပြီး ဖြစ်နေဦးမှာပဲလို့ ဆိုလိုတယ်။

အဲဒါလိုမျိုးပဲ သံသရာကြီးမှာ အခုလိုပဲ **'ပုရိမာ ကောဋိ န ပညာယတိ'** ရှေ့ပိုင်းအစတွေဟာ မထင်ရှားဘူးလို့ ရှင်နာဂသေန ဖြေလိုက်တဲ့အခါမှာ မိလိန္ဒမင်းကြီးက အရှင်ဘုရား ဖြေတာ သင့်တော်ပါပေတယ်လို့ ဒီအဖြေကိုလည်းပဲ သူ လက်ခံ ကျေနပ်လိုက်တယ်။

http://www.dhammadownload.com

နိဂုံးချုပ်

တရားချစ်ခင် သူတော်စင်ပရိသတ်အပေါင်းတို့၊ မိလိန္ဒမင်းကြီးဟာ ရှင်နာဂသေနဖြေဆိုချက်ထဲက စကားအစအနကို ကောက်ယူပြီးတဲ့အခါမှာ သူသိချင်တဲ့ မေးခွန်းတွေကို ဆင့်ကာဆင့်ကာပြီးတော့ မေးမြန်းလာခဲ့တာ အခု ၂၇-မေးခွန်းအထိ ရောက်ရှိလာခဲ့ပြီ ဖြစ်တယ်။

"အမေးအဖြေဆိုတာ **ဉာဏဝဒ္ဓန**- အသိဉာဏ်တွေကို တိုးတက်စေနိုင်တယ်။ မေးတယ် ဖြေတယ်ဆိုတာကို နားထောင်ရခြင်းအားဖြင့် အသိဉာဏ်တွေဟာ ပိုပိုပြီးတော့ တရားဓမ္မနဲ့ ပတ်သက်ပြီးတော့ ရှင်းလင်းပြတ်သားစွာ သိနိုင်တာဖြစ်သောကြောင့် မိလိန္ဒမင်းကြီးရဲ့ အမေးနဲ့ ရှင်နာဂသေနဖြေချက်တွေကို ကြည့်ခြင်းအားဖြင့် ဘုန်းကြီးတို့တတွေ အသိဉာဏ်တိုးပွားကြမှာ။ အသိဉာဏ်ရမှသာလျှင် အမှန်တရားကို သိနိုင်မှာဖြစ်သောကြောင့် အသိဉာဏ်ရအောင် အလေးထားပြီးတော့ ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု ... သာဓု ... သာဓု

Transcribed by-**Ko Thu Rein Aung**
Typed by- **Wai Wai Lwin**

http://www.dhammadownload.com

မိလိန္ဒပဉှာ

မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ ဗုဒ္ဓဝါဒရေးရာ အချေအတင်ပြောဆိုချက်များ အပိုင်း(၁၂)

မှတ်တမ်း

သာသနာတော်နှစ် ၂၅၆၀-ပြည့်နှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၈-ခုနှစ်၊ နယုန်လပြည့်ကျော် (၁၅)ရက်၊ (၄-၇-၂၀၁၆) ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ဇမ္ဗူသီရိပိမာန်တော်အတွင်း ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် သာသနာ့ပူဇော မြတ်မင်္ဂလာ တရားအလှူတော် အထူးမွမ်းသဘင်အခမ်းအနား၌ ရန်ကုန်ဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ နှစ်ဖက်သော မိဘ ဆွေမျိုးများအား အမှုထားလျက် Dr. ဗိုးနိုင် + Dr.ခင်ဗိုးရီ သမီး မစုဝင်းနိုင်မိသားစုတို့၏ အမတဒါန၊ ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားအပ်သော **'မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ ဗုဒ္ဓဝါဒရေးရာ အချေအတင်ပြောဆိုချက်များ အပိုင်း (၁၂)'** တရားဒေသနာတော်။

မိလိန္ဒမင်းကြီးက ရှင်နာဂသေန ဖြေဆိုချက်ထဲမှာပါတဲ့ စကားနဲ့ ဆက်စပ်ပြီး မေးခွန်းထုတ်လာခဲ့တာ ဒီနေ့ ၂၈-ခုမြောက် မေးခွန်းဖြစ်တယ်။ ၂၈-ခုမြောက် မေးခွန်းက **ကောဇ္ဇိပညာယန ပဥှာ** ဆိုတဲ့ မေးခွန်းပဲ။

ကောဇ္ဇိပညာယန ဆိုတာ အစကို သိနိုင်ခြင်းဆိုတာနဲ့ ပတ်သက်တဲ့ မေးခွန်းပဲ။ ရှေ့မေးခွန်းရဲ့အဖြေမှာ **ပုဗ္ဗာ ကောဇ္ဇိန ပညာယတိ** ရှေ့ပိုင်းအစကို မသိနိုင်ဘူး။ သံသရာရဲ့အစ ဆိုတာ မသိနိုင်ဘူးလို့ ပြောခဲ့တဲ့စကား ပါရှိတယ်။ အဲဒီစကား ထောက်ထားပြီး အစနဲ့ ပတ်သက်ပြီး မေးခွန်းထုတ်ပြန်တယ်။

http://www.dhammadownload.com

၂၈–ကောဋိပညာယနပဉှာ

"ဘန္တေ နာဂသေန၊ ယံ ပနေတံ ဗြူသိ ပုရိမာ ကောဋိ န ပညာယတိ- အရှင်နာဂသေန၊ အရှင်ဘုရား ပြောတဲ့ အထဲမှာ ရှေ့ပိုင်းအစ မသိနိုင်ဘူးလို့ အရှင်ဘုရား ပြောခဲ့တယ်။ ကတမာ စ သာ ပုရိမာကောဋိ အဲဒီ မသိနိုင်ဘူးဆိုတဲ့ ရှေ့ပိုင်းအစဟာ ဘာလဲ၊"

ရှင်နာဂသေနက ဖြေတယ်။ "**ယော ခေါ မဟာရာဇ အတီတော အဒ္ဓါ၊ သော ပုရိမာ ကောဋိ**- ရှေ့ပိုင်းအစဆိုတာ အတိတ်ကာလကို ပြောတာပါ။"

ထိုအခါ မိလိန္ဒမင်းကြီးက "**ကိံ ပန ဘန္တေ သဗ္ဗာပိ ပုရိမာ ကောဋိ န ပညာယတိ**- အတိတ်ကာလ, ရှေ့ပိုင်းအစ ဟူသမျှဟာ မသိနိုင်တဲ့ အရာတွေချည်းပဲလား"လို့ ထပ်မေးပြန်တယ်။

အဲဒီတော့ ရှင်နာဂသေနက "**ကာစိ ပညာယတိ, ကာစိ န ပညာယတိ**- တစ်ချို့ အရှေ့ပိုင်းအစကိုတော့ သိနိုင်တယ်။ တစ်ချို့ကိုတော့ မသိနိုင်ဘူး" လို့ ဖြေတယ်။

အဲဒါလို ဖြေတဲ့အခါမှာ "**ကတမာ ဘန္တေ ပညာယတိ၊ ကတမာ န ပညာယတိ**- သိနိုင်တာ ရှိတယ်၊ မသိနိုင်တာ ရှိတယ်ဆိုတော့ သိနိုင်တာက ဘယ်ဟာလဲ၊ မသိနိုင်တာက ဘယ်ဟာလဲ" မိလိန္ဒမင်းကြီးက မေးပြန်တယ်။

ရှင်နာဂသေနက "**ဣတော ပုဗ္ဗေ မဟာရာဇ သဗ္ဗေန သဗ္ဗံ သဗ္ဗထာ သဗ္ဗံ အဝိဇ္ဇာ န ဟောသိတိ၊ ဧသော ပုရိမာ**

http://www.dhammadownload.com

ကောဋိ နာ ပညာယတိ- ယခုအချိန်မတိုင်မီ ရှေးယခင်က အဝိဇ္ဇာဆိုတဲ့တရား လုံးဝဖြစ်ပေါ်လာခဲ့ခြင်း မရှိဘူးဆိုတဲ့ အစကို မသိနိုင်ဘူး" ဖြေတယ်။

ပဋိစ္စသမုပ္ပါဒ်မှာ **အဝိဇ္ဇာပစ္စယာ သင်္ခါရာ** လို့ အဝိဇ္ဇာက စပြီး ဟောခဲ့တယ်။ အဲဒီ အဝိဇ္ဇာဆိုတာ ရှေးယခင် **သဗ္ဗေန သဗ္ဗံ သဗ္ဗထာ သဗ္ဗံ** လုံးဝ မရှိခဲ့သေးဘူး။ အဝိဇ္ဇာဟာ တစ်ချိန်တုန်းက လုံးဝမရှိခဲ့ဘူး၊ အဲဒီမရှိခဲ့တဲ့ အဝိဇ္ဇာဟာ အခုမှ ရှိလာတယ်ဆိုရင် မရှိခဲ့တာက ရှိလာခြင်းဟာ အစပဲ။ ဘယ်တုန်းကမှ ဒီအဝိဇ္ဇာဟာ မဖြစ်ခဲ့ဖူးဘူးဆိုတဲ့ အစ၊ အဲဒီအစမျိုးတော့ မသိနိုင်ဘူးလို့ ပြောတာ။

ဆိုလိုတာက အဝိဇ္ဇာ ဘယ်ခေတ်ကမှ စပေါ်လာတာလို့ ပြောလို့မရဘူး။ ဒီ့ပြင်ဟာတွေတော့ ပြောလို့ရတယ်။ ကားဆိုတာ ဘယ်ခေတ်က စပေါ်လာတာလဲ။ လေယာဉ်ပျံဆိုတာ ဘယ်ခေတ်က စပေါ်လာတာလဲလို့ အစကို ပြောလို့ရတယ်။ သို့သော် သတ္တဝါတွေရဲ့သန္တာန်မှာ လုံးဝမဖြစ်ဘူးတဲ့ အဝိဇ္ဇာဟာ ဘယ်တုန်းက စဖြစ်လာခဲ့တာဆိုတဲ့ အစကိုတော့ မသိနိုင်ဘူးလို့ ပြောတာ။

အဝိဇ္ဇာတင်လားလို့ဆိုရင် မဟုတ်ပါဘူး။ သတ္တဝါတွေရဲ့ အစ မသိနိုင်သလို သစ်ပင်ရဲ့အစ ဆိုတာလည်း မသိနိုင်ဘူး၊ ကြက်ဥရဲ့အစ ဆိုတာလည်း မသိနိုင်ဘူး။ ယခင်ပေးခဲ့တဲ့ ဥပမာလို သစ်ပင်ဘယ်ကရ၊ မျိုးစေ့ကရ။ မျိုးစေ့ ဘယ်ကရ၊ သစ်ပင်ကရတယ်ဆိုတော့ ဒါတွေက အပြန်အလှန် ဆက်နွယ်နေတာဖြစ်သောကြောင့် ဘယ်သူ့ကို အစလို့ပြောမလဲ။ ပြောလို့မရဘူး။

http://www.dhammadownload.com

ကြက်ဥက စတာလား၊ ကြက်မက စတာလား၊ ပြောမယ် ဆိုရင် ကြက်မက စတယ်ဆိုရင် အဲဒီကြက်မ ဘယ်ကရလဲ။ အဲဒီတော့ ကြက်မဟာ အစ မဖြစ်ပြန်ဘူး။ ကြက်ဥက အစလား ဆိုတာ့ ဒါဖြင့် အဲဒီကြက်ဥ ဘယ်ကရတာတုန်းဆို ကြက်မက။ အဲဒီကြက်မက ဘယ်က ရတာတုန်းဆို ကြက်ဥက၊ ဒီလိုဆိုတော့ အစကို မရှိဘူး။

ပဋိစ္စသမုပ္ပါဒ်မှာ မြတ်စွာဘုရားက အဝိဇ္ဇာကို ပထမနေရာ မှာထားပြီး ဟောတယ်ဆိုတာ first cause မို့ထားတာ မဟုတ်ဘူး။ ဘဝတစ်ခုမှာ မသိခြင်းကနေ ဆက်သွယ်ပြီး ဖြစ်ပေါ်လာတာလို့ ဆိုလိုတာ။ မသိရင် တစ်ပတ်ပတ်, သိမှ အဖြစ်တွေရပ်သွားပြီ။ မသိလို့ အဖြစ်တွေဟာ စတင်လာပြီး သိသည့်အတွက်ကြောင့် သံသရာဟာ ရပ်စဲသွားတယ်။ မသိခြင်းနဲ့ သိခြင်း ဒီနှစ်ခုရဲ့ ကွဲပြားခြားနားပုံကို မြတ်စွာဘုရားက ရှင်းပြခြင်း ဖြစ်တယ်။

သံသရာမှာ ဘုန်းကြီးတို့တတွေ အမှန်မသိဘူး၊ အမှန် မသိတာ အဝိဇ္ဇာ။ အမှန်မသိလို့ လုပ်မိလုပ်ရာလုပ်တာ၊ ကောင်း တာလည်း လုပ်တယ်၊ မကောင်းတာလည်း လုပ်တယ်၊ လုပ်တာက သခါရ။ အဝိဇ္ဇာနဲ့ သခါရကို အတိတ်ကာလလို့ သတ်မှတ်တယ်။ အတိတ်တုန်းက လုပ်သင့်တာနဲ့ မလုပ်သင့်တာ မသိဘူး။ မသိလို့ လုပ်မိလုပ်ရာ လုပ်တယ်။ အဲဒါဟာ အကြောင်းတရားပဲ။ အဲဒီ အကြောင်းကြောင့် ဒီဘဝမှာ ဖြစ်လာတယ်။

ဖြစ်လာတဲ့အခါ ဘာတွေဖြစ်တာတုန်းလို့ မေးလို့ရှိရင် ဝိညာဏ်၊ ဝိညာဏ်နဲ့ယှဉ်ဖက်ပြီး နာမ်ရုပ်တွေ၊ နာမ်ရုပ်နဲ့တွဲဖက်ပြီး တော့ မြင်ဖို့၊ ကြားဖို့၊ နမ်းရှူဖို့၊ လျက်ဖို့၊ ထိတွေ့ဖို့၊ ကြုံစည်

http://www.dhammadownload.com

စိတ်ကူးဖို့ဆိုတဲ့ အင်္ဂါရုပ်တွေ ပေါ်လာတယ်။ အဲဒီအင်္ဂါရုပ်တွေ ပေါ်လာသည့် အတွက်ကြောင့် ပြင်ပအာရုံတွေနဲ့ ဆက်သွယ်လာတယ်။ ဆက်သွယ်လာလို့ အတွေ့အကြုံ ခံစားမှုတွေ ပေါ်လာတယ်။ ခံစားမှုတွေပေါ်လာလို့ လိုချင်မှုတွေ ပေါ်လာတယ်။ လိုချင်မှုတွေ ပေါ်လာတော့ စွဲလမ်းလာကြတယ်။ စွဲလမ်းလာသည့်အတွက်ကြောင့် ဘဝဆိုတဲ့ ကမ္မဘဝကို ဖန်တီးလာကြတယ်။ ကမ္မဘဝဖန်တီးလို့ ဇာတိဆိုတဲ့ ဥပပတ္တိဘဝကို ရလာကြပြန်တယ်။ ဒါသတ္တဝါတွေရဲ့ အခြေအနေတစ်ခုကို မြတ်စွာဘုရားက ရှင်းပြတာ။

ဒီထဲမှာ ထာဝရဘုရားသခင် ဖန်ဆင်းလို့ဆိုတာ တစ်ခုမှ မပါဘူး။ အကြောင်းနဲ့အကျိုးနဲ့ ဆက်သွယ်ပြီး ဖြစ်သွားပုံကို ဟောတာ ဖြစ်တယ်။ နိဂုံးချုပ်တဲ့အခါ **'ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယောဟောတိ'** အခုပြောတဲ့ အဝိဇ္ဇာကစပြီးတော့ **ဇာတိ, ဇရာ, မရဏ** ထိအောင် ဒီတရားတွေဟာ ဒုက္ခသက်သက် ဒုက္ခအစုတွေသာ ဖြစ်တယ်။ ဖြစ်ပြီးရင် ပျက်သွားတဲ့အရာတွေသာ ဖြစ်တယ်။

အဲဒါတွေရဲ့ ဖြစ်မှုပျက်မှု အကြောင်းတရားတွေက အခုလို တစ်ခုပြီးတစ်ခု ဆက်သွယ်ပြီး ဆင့်ကဲဆင့်ကဲ ပေါ်လာခြင်းသာ ဖြစ်တယ်လို့ မြတ်စွာဘုရားက ဟောတယ်။ creator God အယူဝါဒကို ငြင်းပယ်ပြီး ပဋိစ္စသမုပ္ပါဒ်ကို ရှင်းပြတာသာဖြစ်တယ်။

creator ဆိုတဲ့ God ကို ငြင်းပယ်ရုံမျှမကဘူး၊ ထာဝရ မြဲတယ်ဆိုတဲ့ **သဿတဝါဒ**ကိုလည်း ငြင်းပယ်တယ်။ ထာဝရ ပြတ်စဲသွားတယ်ဆိုတဲ့ **ဥစ္ဆေဒဝါဒ** ကိုလည်း ငြင်းပယ်တယ်။

http://www.dhammadownload.com

ဘယ်လိုငြင်းပယ်တုန်း ဆိုလို့ရှိရင် ထာဝရမြဲတယ်ဆိုတာ မဟုတ်ဘူး။ အဝိဇ္ဇာချုပ်သွားလို့ သခ်ါရဖြစ်တာ။ သခ်ါရချုပ်သွားလို့ ဝိညာဏ်ဖြစ်တာဆိုတော့ မြဲတာ တစ်ခုမှမရှိဘူးလေ။ အားလုံးဟာ တစ်ခုပြီးမှ တစ်ခုဖြစ်တာ။

ချုပ်ပျက်မှုတွေရှိသည့်အတွက်ကြောင့် သဿတ-ထာဝရ မြဲနေတာဆိုတာ မရှိဘူး။ အကြောင်းရှိရင် ပြန်ပြန်ဖြစ်နေတာကို သိသောအားဖြင့် ထာဝရပြတ်စဲသွားတယ်ဆိုတဲ့ ဥစ္ဆေဒဆိုတာ မဟုတ်ဘူး။ အကြောင်းချုပ်လို့ရှိရင် အကျိုးချုပ်သွားမယ်၊ အကြောင်းပေါ်လာရင် အကျိုးပေါ်လာလိမ့်မယ်ဆိုတဲ့ အကြောင်းအကျိုး နှစ်မျိုးကိုသာလျှင် မြတ်စွာဘုရား ရှင်းလင်းဟောကြားတာပဲ ဖြစ်တယ်။

အဝိဇ္ဇာကို အစလို့ပြောခြင်းဟာ ဘဝတစ်ခုကို သရုပ်ဖော်ခြင်းမျှသာ ဖြစ်တယ်။ တကယ်တော့ အဝိဇ္ဇာရဲ့အစမှာ ဘာတွေရှိသေးတုန်းဆိုရင် **'အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော'** တဲ့။ လောဘတွေ၊ ဒိဋ္ဌိတွေ၊ မောဟတွေ ဒီသဘာဝတရားတွေသတ္တဝါတွေရဲ့သန္တာန်မှာ လွှမ်းမိုးလာလို့ရှိရင် သိနိုင်စွမ်းမရှိတဲ့ အဝိဇ္ဇာဟာ အားကောင်းလာတယ်။ အာသဝကြောင့် အဝိဇ္ဇာဖြစ်တယ်၊ အဝိဇ္ဇာဖြစ်လို့ သခ်ါရဖြစ်တယ်ဆိုပြီး ပြန်ပြီးတော့ ပတ်သွားပြန်တယ်။

ဒါကြောင့်မို့ ပဋိစ္စသမုပ္ပါဒ်ကို ဘဝစက္ကလို့ ခေါ်တယ်။ စက်ဝိုင်းကြီးတစ်ခုဟာ ဘယ်ကစတယ်ဆိုတာ မရှိဘူး။ အဲဒါလိုပဲ ဒီအကြောင်းတရားနဲ့ အကျိုးတရားတွေဟာ ဆက်စပ်ပြီးတော့ ဖြစ်ပေါ်နေတယ်ဆိုတဲ့ ဒီပဋိစ္စသမုပ္ပါဒ် တရားတော်ဟာ ထာဝရ

http://www.dhammadownload.com

ရှိနေတယ်ဆိုတဲ့ သဿတဝါဒကိုလည်း ငြင်းဆိုတယ်၊ ထာဝရ ပြတ်စဲသွားတယ်ဆိုတဲ့ ဥစ္ဆေဒဝါဒကို ငြင်းဆိုတယ်။ ဘုရားသခင် ဖန်ဆင်းလို့ ဖြစ်လာတယ်ဆိုတဲ့ **ဣဿရနိမ္မာနဝါဒ** ကိုလည်းပဲ ငြင်းဆိုတယ်။ အကြောင်းမဲ့ ဖြစ်တယ်ဆိုတဲ့ **အဟေတုကဝါဒ** ကိုလည်း ငြင်းဆိုတယ်။

ဒီအကြောင်းရှိလို့ ဒါဖြစ်တယ်လို့ပြောသဖြင့် အကြောင်းမဲ့ ဖြစ်တယ်ဆိုတာလည်း မဟုတ်ဘူးလို့ အားလုံးကို ငြင်းဆိုပယ်ဖျက်တယ်။ ဒီ အယူအဆတွေအားလုံးကို reject လုပ်ပစ်လိုက်တာ။

သဘာဝတရားတွေနဲ့ ပတ်သက်ပြီး ဒီဘုရားလက်ထက်က စပြီး အဝိဇ္ဇာတွေ ပေါ်လာတယ်လို့ ဒီလိုပြောစရာမရှိဘူး။ ဘဒ္ဒကမ္မာမတိုင်ခင်က တစ်ခြားကမ္ဘာတစ်ခုက စတင်ပြီးတော့ အဝိဇ္ဇာ ပေါ်လာတယ်။ ဒီကမ္ဘာရဲ့ ဟိုးအရင်တုန်းက အဝိဇ္ဇာ ဆိုတာ မရှိခဲ့ဘူးလို့ ပြောစရာမရှိဘူး။ ဒါကြောင့် **ပုဗ္ဗာ ကောဋိ န ပညာယတိ** ရှေ့ပိုင်းအစ မသိနိုင်ဘူး၊ ရှေ့ပိုင်းအစဆိုတာ မရှိဘူးလို့ ဆိုလိုတယ်။ အဲဒီအဓိပ္ပာယ်မျိုးကို ရှင်နာဂသေနက ဖြေဆိုတာပဲဖြစ်တယ်။

သိနိုင်တဲ့ အစ

ကတမာ ပညာယတိ' ကတမာ န ပညာယတိ ဆိုတဲ့ မေးခွန်းမှာ မသိနိုင်တာကို အရင်ဖြေလိုက်ပြီး သိနိုင်တာကို ဆက်ဖြေတယ်။

"ယံ အဟုတွာ သမ္ဘောတိ၊ ဟုတွာ ပဋိဝဂ္ဂတိ၊ ဧသာ ပုရိမာ ကောဋိ ပညာယတိ သဘာဝတရားတစ်ခုဟာ

http://www.dhammadownload.com

နဂိုကရှိနေတာမဟုတ်ဘဲ ဆိုင်ရာဆိုင်ရာ အကြောင်းတွေကြောင့် ဖြစ်ပေါ်လာတယ်။ ဖြစ်ပေါ်ပြီးတဲ့နောက်မှာ ပျောက်ကွယ်သွားပြန်တယ်။ အဲဒီ အနိစ္စသဘာဝသခ်ါရတရားရဲ့ အစကိုတော့ သိနိုင်တယ်"လို့ ဖြေတယ်။

ဖြစ်လာတာကို ဥပါဒ်လို့ ခေါ်တယ်။ ရပ်တည်နေတာကို ဌိတိ- ဌိလို့ ခေါ်တယ်။ ပျက်စီးသွားတာကို ဘင်။ ဖြစ်, တည်, ပျက်ပေါ့။ ဒီသဘာဝတရားဟာ ဖြစ်မှုဆိုတဲ့အစ ရှိတယ်။ ဥပမာ စောင်းတီးလိုက်တဲ့အခါ စောင်းသံလေး ပေါ်လာပြီ။ စပေါ်လာတာ ဥပါဒ်။ မပျောက်ကွယ်ခင် ရှိနေတာ ဌိတိ။ ပြီးရင် ပျောက်ကွယ်သွားတယ် ဘင်။ အချိန်ပိုင်းလေး သုံးခုရှိတယ်။

အဲဒီအချိန်ပိုင်းလေးသုံးခုမှာ ဥပါဒ်သည် အစဖြစ်သည့် အတွက်ကြောင့် ဌိတိ၊ ဘင်တို့ရဲ့ရှေ့ပိုင်းက အစဟာ ဥပါဒ်ပဲလို့ သခ်ါရတရားရဲ့ အစကို သိနိုင်တယ်လို့ ပြောတာ။ အဲဒီအစမျိုးတော့ ရှိတယ်လို့ ဆိုလိုတယ်။

အဲဒီလိုဖြေရှင်းလိုက်တဲ့အခါမိလိန္ဒမင်းကြီးက **ထပ်ဆင့်ပြီးတော့ မေးပြန်တယ်။ "ဘန္တေ နာဂသေန, ယံ အဟုတ္ဝာ သမ္ဖောတိ, ဟုတ္ဝာ ပဋိဝိဂစ္ဆတိ၊ နနု တံ ဥဘတော ဆိန္နံ အတ္ထံ ဂစ္ဆတိ**- အဲဒီ သဘာဝတရားတွေဟာ ပင်ကိုယ်ရှိနေတာ မဟုတ်ဘဲ အကြောင်းတိုက်ဆိုင်လို့ ဖြစ်လာတယ်။ ဖြစ်လာပြီးတဲ့နောက်မှာ လုံးဝပျောက်ကွယ်သွားတယ်။ တစ်နေရာမှာ သွားရောက်ပြီး ရှိနေတာ မရှိဘူး။ လုံးဝပျောက်ကွယ်သွားတယ်။ မဖြစ်ခင်ကလည်း မရှိဘူး၊ ဖြစ်ပြီးပျက်သွားတဲ့ နောက်မှာလည်း မရှိဘူး၊ အစနဲ့အဆုံး နှစ်ခုလုံး ပြတ်သွားတာ မဟုတ်လားတဲ့။

http://www.dhammadownload.com

အစရော အဆုံးရော နှစ်ခုစလုံး ပြတ်မနေဘူးလား။ ပြတ်နေတယ်။ အဲဒီလို နှစ်ခုစလုံးပြတ်ပြီး ပျောက်သွားတာကို တိုးပွါးအောင် လုပ်လို့ရတယ်။ **ယဒိ မဟာရာဇ, ဥဘတော ဆိန္နံ အတ္ထံ ဂစ္ဆတိ, ဥဘတော ဆိန္နာ သက္ကာ ဝမေတုံ** နှစ်ခုစလုံး ပျောက်သွားတဲ့အရာကို ထပ်မံဖြစ်အောင်လုပ်ဖို့ ဖြစ်နိုင်တယ်။ ပျောက်သွားပြီဆိုရင် အဲဒီ ပျောက်သွားတာမျိုး ထပ်ဖြစ်အောင် တိုးပွါးအောင်လုပ်တယ်။

ဆိုပါစို့၊ တစ်နေကုန် က,ကြီးရွတ်နေမယ်ဆိုရင် ပထမရွတ်တာ က, က, ကနဲ့ ရွတ်နေမယ်ဆိုလို့ရှိရင် အစနဲ့အဆုံး အပြတ်အပြတ်နဲ့ အသံတွေ ကြားနေရမှာပဲလေ။ ဆက်တိုက်အသံတွေဟာ တိုးပွားပြီးတော့ လာနိုင်တယ်လို့။ မလာနိုင်ဘူးလားလို့ မေးတဲ့အခါကျတော့ **'အာမ သာပိ သက္ကာ ဝမေတုံ'** ဖြစ်နိုင်ပါတယ်တဲ့။

မိလိန္ဒမင်းကြီးက "နာဟံ ဘန္တေ ဧတံ ပုစ္ဆာမိ ကောဋိတော သက္ကာ ဝမေတုံ-အစကစပြီးတော့ တိုးပွါးအောင် လုပ်နိုင်တယ်ဆိုတာကို တပည့်တော်မေးတာ မဟုတ်ပါဘူး" လို့ ဆိုတယ်။

ထပ်ပြီးဖြစ်အောင် လုပ်နိုင်တယ်လို့ ပြောတာ မဟုတ်ပါဘူးတဲ့၊ အဲဒီ ထပ်ဖြစ်နေတဲ့အရာတစ်ခုဟာ ဖြစ်ပြီး ပျောက်သွားတယ်။ ပျောက်သွားတဲ့ အရာဝတ္ထုတစ်ခုပေါ်မှာ အသိဉာဏ်တွေ တိုးတက်သွားအောင် ပွားများအားထုတ်လို့ ဝိပဿနာရှုလို့ ဖြစ်နိုင်သလားလို့ မေးလိုတာတဲ့။

http://www.dhammadownload.com

အသိစက်တဲ့ မေးခွန်း

သို့သော် ဒီမေးခွန်းဟာ သိဖို့ရာ အင်မတန်ခဲယဉ်းတဲ့ မေးခွန်းမျိုးဖြစ်တယ်။ မိလိန္ဒမင်းကြီး ပြောတာနဲ့ ရှင်နာဂသေန ပြောတာ ဖွင့်ဆိုတဲ့အဓိပ္ပာယ် မသိရလို့ရှိရင် သိဖို့တော်တော်ခက်တယ်။ သူမေးလိုက်ပုံက "ရှိနေတာ မဟုတ်ဘဲနဲ့ အကြောင်းကြောင့် ဖြစ်ပေါ်လာတယ်။ အကြောင်းကြောင့် ဖြစ်ပေါ်ပြီးတဲ့နောက် ပျောက်ကွယ်သွားတယ်" ဆိုတဲ့ အရာတစ်ခုဟာ နှစ်ဖက်စလုံး ပျက်သွားတယ်ပေါ့။ ဖြစ်ခြင်း ဥပါဒ်ရှေ့မှာ ပျက်ခြင်း ဘင်ရှိတယ်၊ ပျက်ခြင်း ဘင်ရဲ့နောက်မှာ ဥပါဒ်ရှိတယ်။

အဲဒီလို အစအဆုံး ချုပ်သွားလို့ရှိရင် ဘယ်လိုလုပ်ပြီးတော့ ရှေ့ဆက်သွားမလဲလို့ သူမေးချင်တာ။ ဘယ်လိုလုပ် ရှေ့ဆက်သွားမလဲဆိုတော့ ရှေ့ဆက်သွားလို့ရတယ်လို့ ဆိုတဲ့အခါမှာ တပည့်တော် အဲဒါကိုမေးလိုရင်းမဟုတ်ပါဘူးဆိုပြီး သူက အစကစပြီးတော့ ဝိပဿနာဉာဏ်ဖြစ်အောင် တိုးပွားအောင် ဥဒယဗ္ဗယဉာဏ်ဖြစ်အောင် သွားလို့ရသလားလို့ ဒီလိုမေးလိုရင်းဖြစ်တယ်လို့ ဆိုတယ်။ သို့သော် ဒီမေးခွန်းက မထင်ရှားတဲ့မေးခွန်း တစ်ခုဖြစ်တယ်။

မိလိန္ဒပဉ္ဉာကျမ်းအပွင့်

မိလိန္ဒပဉ္ဉာပါဠိကို ဖွင့်ဆိုတဲ့ သီဟိုဠ်နိုင်ငံကရေးတဲ့ အဋ္ဌကထာကျမ်း မရှိဘူး။ ဋီကာလည်း မရှိဘူး။ ဖွင့်ဆိုထားပြီးတော့ ရှင်းလင်းတဲ့ကျမ်း မရှိဘူး။ သို့သော် မြန်မာနိုင်ငံမှာ မူလမင်းကွန်းဇေတဝန်ဆရာတော်ကြီး ရေးထားတဲ့ မိလိန္ဒပဉ္ဉာ အဋ္ဌကထာ ဆိုတာရှိတယ်။ ပါဠိဘာသာနဲ့ ရေးတဲ့ကျမ်းပဲ။

http://www.dhammadownload.com

မူလမင်းကွန်းဆရာတော်ဆိုတာ မြန်မာပြည်မှာ ပိန်ဖောင်းကမ္မဋ္ဌာန်းကို စတင် တီထွင်သွားတဲ့ ဆရာတော်ကြီး ဖြစ်တယ်၊ မဟာစည်ဆရာတော်ကြီးက အဲဒီ ဆရာတော်ဆီမှာ နည်းယူပြီးတော့ ကမ္မဋ္ဌာန်းအားထုတ်တာ။ ပိန်တယ်, ဖောင်းတယ် မှတ်တယ် ဆိုတဲ့ ကမ္မဋ္ဌာန်းရှုကွက်ဟာ ဒီ မူလမင်းကွန်းဇေတဝန် ဆရာတော်ကြီးရဲ့ နည်းပဲ။

အဲဒီ မူလ မင်းကွန်းဆရာတော်ကြီးရေးတဲ့ အဋ္ဌကထာထဲမှာ ဒီအပိုဒ်လေးကို ရှင်းပြတယ်။ မိလိန္ဒမင်းကြီးက လျှောက်တော့ ရှင်နာဂသေနက **'အာမ သက္ကာ ဝမှုတုံ'** လို့ ဖြေတယ်။

အဲဒီမှာ တိုးပွားအောင်လုပ်လို့ရတယ်ဆိုတာ ဘာကို ပြောလိုတာတုန်းလို့ ဆိုတဲ့အခါမှာ "ဥဒယဗ္ဗယဉာဏ်နဲ့ ဖြစ်မှု ပျက်မှု အသိဉာဏ်တွေ တိုးပွားအောင် လုပ်လို့ရတယ်" ဆိုလိုတဲ့ အဓိပ္ပာယ်ကို ဆရာတော်ကြီးက ရှင်းပြတယ်။

အတ္တနော မတိ

မေးတဲ့ပုဂ္ဂိုလ်နဲ့ ဖြေတဲ့ပုဂ္ဂိုလ်က ဘာကို ရည်ရွယ်တယ် ဆိုတာ ဒီပါဠိကြည့်ရုံနဲ့က တော်တော်လေးကို သိရခက်တယ်။ ဘာဖြစ်လို့တုန်းဆိုတော့ သူက အစကို မေးတဲ့အချိန်မှာ အစနှစ်ခုကို ပြောရမယ်။ အဝိဇ္ဇာက စဖြစ်တယ်ဆိုတဲ့ အစရှိတယ်၊ အဝိဇ္ဇာဟာ ဟိုးရှေးတုန်းက မရှိဘူး။ အခုမှ ဖြစ်လာတယ်ဆိုတဲ့ အစမျိုးတော့ မရှိဘူးတဲ့။

အကြောင်းတရားတိုက်ဆိုင်လာလို့ ဖြစ်ပေါ်လာတယ်ဆိုတဲ့ **'အဟုတ္ဝာ သမ္ဘောတိ ဟုတ္ဝာ ပဋိဝဂ္ဂတိ'** ဆိုတဲ့ အနိစ္စလို့ ပြောရမယ့် သခ်ါရတရားရဲ့ အစဆိုတာတော့ ရှိတယ်။

http://www.dhammadownload.com

သို့သော် ဒီသဘာဝတရားဟာ ဘယ်ခေတ်ကစတယ်ဆိုတဲ့ အစတော့ မရှိဘူး။ အကြောင်းတရားတိုက်ဆိုင်လို့ ဖြစ်ပေါ်လာတဲ့ ဥပါဒ်ဆိုတာတော့ ရှိတယ်လို့ ဒီလိုဆိုလိုတယ်။ ဥပါဒ်တော့ ရှိတယ် သို့မဟုတ် ခေတ်ကာလအနေနဲ့ ပြောမယ်ဆိုရင် အစဆိုတာ မသိနိုင်ဘူး။ ဘယ်တရားပဲဖြစ်ဖြစ် သဘာဝတရားရဲ့ အစဆိုတာဟာ ဥပါဒ်ကိုပြောတာ။ အကြောင်းတရားတွေ တိုက်ဆိုင်လို့ ဖြစ်ပေါ်လာတဲ့အစမျိုးကို သိလို့ရတယ်။ ခေတ်ကာလက ဘယ်ခေတ်မှာ ဖြစ်ခဲ့ပြီ။ ဘယ်ခေတ်တုန်းက မပေါ်ခဲ့ဘူး၊ ဘယ်ခေတ်ကမှာ စပေါ်လာတယ်ဆိုတဲ့အစမျိုး မရှိဘူးလို့ဆိုလိုတယ်။

ဆိုလိုတာက အကြောင်းတရားတွေက ဆက်,ဆက်သွားသည့် အတွက်ကြောင့် အကျိုးတရားတွေဟာ ဆက်,ဆက်ပြီး တိုးတက်များပြားလာတယ် ဆိုတာမျိုးတော့ ဖြစ်နိုင်တယ်လို့ ဒီလိုဖြေဆိုတဲ့သဘောရှိတယ်။ ဒါကတော့ စဉ်းစားကြည့်ဖို့ ပြောပြတာ။ အဲဒီလို အစမျိုးတော့ရှိတယ်။

မိလိန္ဒမင်းကြီးက "အရှင်ဘုရား၊ ဥပမာနဲ့ပြောပါဦး"။

ရှင်နာဂသေနက သစ်ပင်ရဲ့ ဥပမာကိုပဲ ပြောတယ်။ သစ်ပင်ရဲ့ ဥပမာဟာ သစ်ပင်တွေဟာ ဘယ်ကစတယ်ဆိုတဲ့ အစကို မသိနိုင်ဘူး မဟုတ်လား။ သို့သော် "သစ်ပင်တစ်ပင်ရဲ့ အစသည် မျိုးစေ့က" လို့တော့ ပြောလို့ရတယ်။ မျိုးစေ့ကစပြီး စိုက်လိုက်တာ။ ဥပမာမယ် ကိုယ့်အိမ်ထဲမှာ သရက်ပင်စိုက်လိုက်တယ်၊ နဂိုတုန်းက ကိုယ့်အိမ်ထဲမှာ သရက်ပင် မရှိဘူး။ တစ်ခြားအပင်တစ်ပင်က ယူပြီးတော့ စိုက်လိုက်တယ်။ အဲဒီနေရာမှာ သစ်ပင်ပေါက်တယ်။ အဲဒါဟာ ကိုယ့်အိမ်ထဲမှာတော့ ဒါ ပထမဆုံး သစ်ပင်ပဲ၊ စတာ။

http://www.dhammadownload.com

ဒါဖြင့် အဲဒီသစ်ပင်တွေ တိုးအောင် လုပ်လို့မရဘူးလားဆို ဒီသရက်ပင်က သရက်သီး သီးတယ်၊ အဲဒီ အစေ့တွေကိုယူပြီး နောက်ထပ် စိုက်တယ်။ နောက်ထပ် စိုက်တယ်။ တိုးလို့ရသွားတယ်။ အဲဒီလို အစမျိုးတော့ ရတယ်လို့ ဆိုလိုတဲ့အဓိပ္ပာယ်လို့ ဒီလိုထင်တယ်။ ဒါကြောင့်မို့ **ရှင်နာဂသေန** က သစ်ပင်ဥပမာနဲ့ ရှင်းပြတယ်။

အဲဒီ သစ်ပင်ဥပမာလိုပဲ ခန္ဓာငါးပါးဟာ မျိုးစေ့သဖွယ် ဖြစ်ပြီးတော့ ဆင်းရဲဒုက္ခရဲ့ မျိုးစေ့သဖွယ် ဖြစ်တယ်။ ခန္ဓာတွေဟာ ဒုက္ခရဲ့မျိုးစေ့တွေလို့ ဒီလိုဆိုလိုတယ်။ ခန္ဓာရှိရင် ဒုက္ခရှိမယ်၊ ခန္ဓာကြောင့် ဒုက္ခဖြစ်လာတယ်၊ ဒုက္ခကြောင့် ခန္ဓာဖြစ်လာတယ်။ ခုနကလို အစေ့ကနေ အပင်ပေါက်တယ်၊ အပင်ကနေ အစေ့ ရတယ်။ အစေ့က တစ်ခါ အပင်ပေါက်တယ်။ ဒီလိုနဲ့ပဲ စဉ်ဆက်မပြတ် ဆက်ပြီးတော့ ဖြစ်စဉ်ကြီးတစ်ခုဟာ တိုးတက်များပြားသွားတယ်။

အဲဒါလိုပဲ ခန္ဓာရှိနေသည့်အတွက်ကြောင့် ဒုက္ခရှိနေတယ်။ ခန္ဓာရဖို့ ဒုက္ခဖြစ်တယ်။ ဒုက္ခရသည့်အတွက်ကြောင့် ခန္ဓာက ရလာပြန်တယ်။ ဘာကြောင့် ခန္ဓာရတုန်းဆိုတော့ ဒုက္ခရတဲ့အခါလူတွေက ချမ်းသာချင်လာတယ်။ ချမ်းသာချင်လာတဲ့ အခါကျတော့ ချမ်းသာမှုကို ရှာကြံပြီး ကံတွေလုပ်လာပြန်တယ်။ ကံတွေလုပ်လာပြန်တော့ ဘာတွေဖြစ်ပြန်လဲဆို ဒုက္ခပဲပြန်ရပြန်တယ်။

မျိုးစေ့နဲ့ သစ်ပင်လိုပဲ မျိုးစေ့ကနေ သစ်ပင်ဖြစ်တယ်၊ သစ်ပင်ကနေ မျိုးစေ့ဖြစ်ပြန်တယ်။ သစ်ပင်မျိုးစေ့ ရပြန်တယ်။ ရလာတဲ့မျိုးစေ့က သစ်ပင်ဖြစ်ပြန်တယ်။ ထို့အတူပဲ ခန္ဓာဆိုတဲ့

http://www.dhammadownload.com

မျိုးစေ့ရှိနေသမျှ ဒုက္ခဆိုတာ လာပြန်တယ်။ ဒုက္ခရှိနေသမျှ ခန္ဓာရဖို့ အကြောင်းတွေ ဖန်တီးလာပြန်တယ်။ ခန္ဓာကြောင့် ဒုက္ခဖြစ်တယ်။ ဒုက္ခကြောင့် ခန္ဓာပြန်ရလာပြန်တယ်။ အဲဒီခန္ဓာကြောင့် တစ်ခါ ဒုက္ခဖြစ်တယ်။ ခန္ဓာနဲ့ ဒုက္ခ၊ ဒုက္ခနဲ့ ခန္ဓာ စဉ်ဆက်မပြတ် ဖြစ်အောင် တိုးပွားလာတယ်ပေါ့။ အဲဒီလို အစမျိုးတော့ ရှိတယ်လို့ ဒီလိုဆိုလိုတယ်။

အဲဒီတော့ မိလိန္ဒမင်းကြီးရဲ့ မေးခွန်းကို **ရှင်နာဂသေန**က မျိုးစေ့နဲ့သစ်ပင် ဥပမာနဲ့ ဖြေလိုက်တဲ့အခါမှာ **မိလိန္ဒမင်းကြီး** သဘောပေါက် နားလည်သွားတယ်။ ပရိသတ်က နားလည်မလည်တော့ မသိဘူး၊ မိလိန္ဒမင်းကြီးတော့ သင့်လျော်ပါတယ်လို့ လက်ခံလိုက်တယ်။

တို့ပွါးနေတဲ့ ဖြစ်ပျက်အစဉ်

သခ်ါရမှန်သမျှဟာ အဖြစ်ရှိတယ်၊ ဥပါဒ်ရှိတယ်။ ဥပါဒ်ဟာ အစပဲ။ ဥပါဒ်ရှိသည့်အတွက်ကြောင့် သစ်ပင်မှာ ဆုံးတယ်။ ဖြစ်, တည်, ပျက်။ တည်ကို ဖယ်ထားလိုက်၊ ဖြစ်, ပျက်။ ဖြစ်လာပြီးရင် ပျက်သွားတယ်ဆိုတော့ အစလေးရှိနေတယ်။ ဆိုလိုတာက ဖြစ်ပြီးရင် ပျက်တယ်လို့ဆိုတော့ ဖြစ်မှုရဲ့ရှေ့မှာ ဘာရှိတုန်းလို့ မေးလိုက်ရင် ဒီဖြစ်စဉ်ကြီးတစ်ခုကို ပြန်ကြည့်လိုက်။

လူတစ်ယောက်ရဲ့ဘဝကို ကြည့်မယ်ဆိုရင် မွေး, သေ၊ ဆိုပါစို့၊ လူဟာ မွေးလာတယ်။ မွေးပြီးရင် သေတယ်၊ သေပြီးရင် မွေးဦးမယ်။ မွေးပြီးရင် သေဦးမယ်။ မွေးခြင်းရဲ့ရှေ့မှာ သေခြင်းရှိတယ်။ မသေဘဲနဲ့ ထပ်မှမမွေးတာ။ မသေဘဲနဲ့ ထပ်မွေးချင်လို့ မရဘူး။ သေပြီးမှ မွေးမှာ။

http://www.dhammadownload.com

အဲဒါမျိုးလိုပဲ သဘာဝတရားတစ်ခုဟာ ဖြစ်ပြီးရင် ပျက်မယ်။ ပျက်ပြီးမှ ဖြစ်တယ်ဆိုတာလာမယ်။ တစ်ခါ အဲဒီ ဖြစ်ပြီးတဲ့နောက်မှာ ပျက်တယ်ဆိုတာ လာဦးမယ်။ ပျက်တယ်ရဲ့နောက်မှာ ဖြစ်တယ်ဆိုတာ လာဦးမယ်။ ဒီဖြစ်စဉ်ကြီးဟာ တိုးပွားနေတယ်။ စဉ်ဆက်မပြတ် ဖြစ်နေတယ်၊ ဒီလိုဆိုလိုတယ်။

၂၉–သခ်ၤါရဇာယမာနပဉှာ

မိလိန္ဒမင်းကြီးက ဆက်မေးပြန်တယ်။ **"ဘန္တေ နာဂသေန အတ္ထိ ကေစိ သင်္ခါရာ၊ ယေ ဇာယန္တိ-** အရှင်ဘုရား၊ ဖြစ်ဆဲ သင်္ခါရဆိုတာ ရှိသလား"တဲ့။

ရှင်နာဂသေနက "အာမ မဟာရာဇ- ဖြစ်ဆဲသင်္ခါရဆိုတာ ရှိတာပေါ့"လို့ ဖြေတယ်။

မိလိန္ဒမင်းကြီး က အဲဒီ ဖြစ်လာတဲ့ သင်္ခါရဆိုတာ ဘယ်ဟာတွေတုန်းလို့ မေးတယ်။

သင်္ခါရဆိုတာ ဘယ်ဟာတွေတုန်းလို့ မေးတဲ့အခါ **ရှင်နာဂသေနက** တစ်ခုချင်း ရှင်းပြတယ်။ သူ ရှင်းပြပုံက အဘိမွာသဘောအရ ရှင်းပြတာ။ ကိုယ့်ဟာကိုလည်း နားလည်လို့ရပါတယ်။

"စက္ခုသ္မိဉ္စ ခေါ မဟာရာဇ သတိ ရူပေသုစ စက္ခုဝိညာဏံ ဟောတိ- လူတွေသန္တာန်မှာ မျက်စိရှိတယ်၊ မြင်စရာအာရုံရှိတယ်၊ မျက်စိနဲ့ မြင်စရာအာရုံ နှစ်ခုဆုံစည်းသောကြောင့် မြင်သိစိတ် ဖြစ်လာတယ်။"

http://www.dhammadownload.com

"မြင်သိစိတ်ဖြစ်လာရင် ထိတွေ့မှု ဖဿ ဆိုတာ ဖြစ်လာတယ်။ ဖဿ ဖြစ်လာရင် စိတ်ခံစားမှုဝေဒနာဆိုတာ ဖြစ်လာတယ်။ စိတ်ခံစားမှု ဝေဒနာ ဖြစ်လာရင် လိုချင်တဲ့ တဏှာ ဖြစ်လာတယ်။ လိုချင်တဲ့ တဏှာ ဖြစ်လာရင် စွဲလမ်းမှု ဥပါဒါန် ဖြစ်လာတယ်။ စွဲလမ်းမှု ဥပါဒါန် ဖြစ်လာရင် ဘဝလို့ဆိုတဲ့ ကံတရား ဖြစ်လာတယ်။ ဘဝဆိုတဲ့ ကံတရား ဖြစ်လာရင် ဇာတိဆိုတဲ့ မွေးဖွားခြင်း လာတာပဲ။

ဇာတိဆိုတဲ့ မွေးဖွားခြင်းလာလို့ရှိရင် အိုခြင်း၊ သေခြင်း ဆိုတာ လာတယ်။ တစ်ဆက်တည်းမှာပဲ ကြုံတွေ့ရမယ့်အရာတွေကတော့ စိုးရိမ်ရတယ်၊ ငိုကြွေးရတယ်၊ ကိုယ်ဆင်းရဲမှုတွေနဲ့ ကြုံရတယ်။ စိတ်ဆင်းရဲမှုတွေနဲ့ ကြုံရတယ်။ စိတ်ပင်ပန်းမှုတွေနဲ့ ကြုံရတယ်ဆိုတာ ဒါတွေလည်း ဖြစ်လာတယ်တဲ့။ အဲဒီနည်းနဲ့ လူတွေရဲ့သန္တာန်မှာ ဒုက္ခတွေဟာ အမျိုးစုံဖြစ်သွားတယ်"။

ဒါ အဘိဓမ္မာသဘောအရ ပဋိစ္စသမုပ္ပါဒ်နဲ့ ရှင်းပြောတဲ့ စကားပဲ။ ဘုန်းကြီးတို့တတွေဟာ ဒီပုံစံအတိုင်းပဲ ဖြစ်နေတယ်။ ကိုယ့်ကိုယ်ကို ဆင်ခြင်သုံးသပ်ကြည့်။ contemplation ဆိုတာ ဝိပဿနာရှုတာပဲ။

မျက်စိဖွင့်ထားလို့ မျက်စိနဲ့အဆင်းအာရုံ ဆုံတဲ့အခါ ဒီလို ဆက်တိုက်ဖြစ်သွားတယ်။ ထို့အတူပဲ နားစွင့်ထားတဲ့အချိန်မှာ အသံကြားလို့ရှိရင်လည်း ဒီပုံစံနဲ့ ဖြစ်သွားတယ်။ အဲဒါ အကြောင်းရှိလို့ ဖြစ်လာတယ်လို့ ဒီလိုဆိုလိုတယ်။

http://www.dhammadownload.com

ပဋိစ္စသမုပ္ပါဒ

လူတစ်ယောက်မှာ မျက်စိပျက်သွားပြီ၊ မမြင်ရတော့ဘူး။ မမြင်ရလို့ရှိရင် မြင်သိစိတ်ဆိုတာ မဖြစ်တော့ဘူး။ မြင်သိစိတ် မဖြစ်လို့ရှိရင် ဖဿဆိုတာ မဖြစ်ဘူး။ ဖဿ မဖြစ်လို့ရှိရင် ဝေဒနာဆိုတဲ့ စိတ်ခံစားမှု မဖြစ်တော့ဘူး။ ဝေဒနာမဖြစ်ရင် တဏှာလို့ဆိုတဲ့ တွယ်တာမှုတွေ မဖြစ်တော့ဘူး။ တဏှာဆိုတဲ့ တွယ်တာမှု မဖြစ်တော့ဘူးဆိုလို့ရှိရင် ဥပါဒါန်ဆိုတဲ့ စွဲလမ်းမှုတွေ မဖြစ်တော့ဘူး။ ဥပါဒါန်ဆိုတဲ့ စွဲလမ်းမှုမဖြစ်ရင် ဘဝဆိုတဲ့ ကံတရားတွေ မဖြစ်ဘူး။ ကံတရားမဖြစ်ရင် ကံကြောင့် အကျိုးဖြစ်ပေါ်တဲ့ ဥပပတ္တိဘဝဆိုတဲ့ ဇာတိမဖြစ်ဘူး။

ဇာတိမဖြစ်ရင် အိုတာလည်း မလာဘူး၊ သေတာလည်း မလာဘူးဆိုတော့ ဒီနည်းနဲ့ ဒုက္ခတွေဟာ ချုပ်ငြိမ်းသွားတယ်လို့ ဒီလိုဆိုလိုတယ်။ ဒီဖြစ်စဉ်တစ်ခုဟာ ဒီနည်းနဲ့ ရပ်သွားတယ်။

သခီါရတရားတွေဟာ အခုလို အကြောင်းတိုက်ဆိုင်လို့ ဖြစ်လာတာလို့ ဒီစကားကို ရှင်းလင်းပြောပြလိုက်တဲ့အခါ မိလိန္ဒမင်းကြီးက "**ကလ္လောသိ ဘန္တေနာဂသေန** အရှင်ဘုရား ဖြေဆိုမှုဟာ သင့်တော်လျောက်ပတ်ပါပေတယ်"လို့ ဒီလိုဆိုတယ်။

သခီါရတရား

ဒီမှာ သခီါရတရားဆိုတာ ဘာတွေကို ပြောတာတုန်းဆိုတော့ မျက်စိကလည်း သခီါရပဲ၊ အဆင်းအာရုံကလည်း သခီါရပဲ။ သူတို့ကို မပြောဘဲနဲ့ စက္ခုဝိညာဏ်စိတ်က သခီါရ၊ စက္ခုဝိညာဏ်ရှိလို့ ဖြစ်လာတဲ့ ဖဿက သခီါရ၊ ဝေဒနာက သခီါရ၊

http://www.dhammadownload.com

တဏှာက သခ်ၤါရ၊ ဥပါဒါန်က သခ်ၤါရ၊ ဘဝဆိုတဲ့ ကမ္မဘဝက သခ်ၤါရ၊ ဥပပတ္တိဘဝဆိုတဲ့ ဇာတိက သခ်ၤါရ။ အဲဒီ သခ်ၤါရတရား တွေဟာ အခုလို ဆိုင်ရာဆိုင်ရာ အကြောင်းတရားတွေကြောင့် ဖြစ်လာတယ်ဆိုတာကို ရှင်းလင်းပြသခြင်းပဲဖြစ်တယ်။

မိလိန္ဒမင်းကြီးက "ဖြစ်လာတဲ့ သခ်ၤါရတွေ ရှိသလား" မေးလို့ "ရှိတယ်"လို့ **ရှင်နာဂသေန**က ဖြေတယ်။ သခ်ၤါရဆိုတာ အကြောင်းကို စွဲမှီပြီးတော့ ဖြစ်တဲ့တရား။ အကြောင်းမရှိဘဲနဲ့ မဖြစ်ဘူး၊ အကြောင်းကြောင့် ဖြစ်တယ်ဆိုတဲ့ အချက်ကို ၂၉-ခုမြောက် မေးခွန်းမှာ မိလိန္ဒမင်းကြီးကမေးတာကို ရှင်နာဂသေန က ဖြေဆိုခဲ့တာ ဖြစ်ပါတယ်။

နိဂုံးချုပ်

တရားချစ်ခင် သူတော်စင်ပရိသတ်အပေါင်းတို့၊ မိလိန္ဒ မင်းကြီးရဲ့မေးခွန်းတွေဟာ သဘာဝတရားနဲ့ ဆက်စပ်ပြီးတော့ မေးတာဖြစ်တယ်။ ရှင်နာဂသေနကလည်း သဘာဝရှုထောင့်၊ အဘိဓမ္မာရှုထောင့်က ဖြေဆိုတာ ဖြစ်သောကြောင့် တစ်ချို့ မေးခွန်းနဲ့ တစ်ချို့အဖြေတွေဟာ နက်နဲခက်ခဲလာတယ်။

ခက်ခဲနက်နဲမှုကို သိနိုင်တဲ့ စွမ်းအားသတ္တိရှိတဲ့ အသိဉာဏ် တစ်ခုကိုရအောင် ကြိုးစားအားထုတ်ကြရမှာဖြစ်တယ်လို့ ကိုယ်စီ ကိုယ်စီ သဘောကျပြီး အသိဉာဏ်ရအောင် ကြိုးစားအားထုတ် နိုင်ကြပါစေ ကုန်သတည်း။

သာဓု ... သာဓု ... သာဓု

Transcribed by-**Ko Thu Rein Aung**
Typed by- **Wai Wai Lwin**

http://www.dhammadownload.com

မိလိန္ဒပဉှာ

မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ ဗုဒ္ဓဝါဒရေးရာ အချေအတင်ပြောဆိုချက်များ အပိုင်း(၁၃)

မှတ်တမ်း

သာသနာတော်နှစ် ၂၅၆၀-ပြည့်နှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၈-ခုနှစ်၊ ဝါဆိုလဆန်း (၁)ရက်၊ (၅-၇-၂၀၁၆) ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန၊ ဇမ္ဗူသီရိဓမ္မာန်တော်အတွင်း ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် သာသနာ့ပူဇော မြတ်မင်္ဂလာ တရားအလှူတော် အထူးဓမ္မသဘင် အခမ်းအနား၌ မင်္ဂလာတောင်ညွှန်ပြုနယ်၊ သံသရာအဆက်ဆက်တွင် တော်စပ်ခဲ့ဖူးသော မိဘ ဘိုးဘွား ဆွေမျိုးများနှင့် ဦးတင်စိုးတို့အား အမျှဝေထား၍ ဒေါ်လှခင်နှင့် သားသမီး မြေးတစ်စု (ကိုကျော်သင်း ဆေးဆိုင် - မင်္ဂလာစွေး) ၏ အမတဒါန၊ ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားအပ်သော **'မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ ဗုဒ္ဓဝါဒရေးရာ အချေအတင် ပြောဆိုချက်များ အပိုင်း (၁၃)'** တရားဒေသနာတော်။

ဒီကနေ့ ၃၀-ခုမြောက် **'ဘဝန္တု သဒ္ဒါရဇာယ မာန'** ဆိုတဲ့ မေးခွန်းကို ဖြေဆိုထားပုံနဲ့ပတ်သက်ပြီး ရှင်းလင်းဟောကြားမှာ ဖြစ်တယ်။ မိလိန္ဒမင်းကြီးက မေးခွန်းမေးလိုက်၊ ရှင်နာဂသေနက ပြန်ဖြေလိုက်၊ ဖြေဆိုချက်ထဲက စကားအဆက်တစ်ခုရရင် ထပ်ဆင့်ပြီး မိလိန္ဒမင်းကြီးက မေးလိုက်၊ ရှင်နာဂသေနက ဖြေလိုက်နဲ့ မေးခွန်းပုဒ်ပေါင်း ၂၉-ပုဒ်ထိအောင် မေးဖြေပြီးခဲ့ကြပြီ။

http://www.dhammadownload.com

တရားဓမ္မနဲ့ ပတ်သက်တဲ့မေးခွန်းတွေ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် Philosophy နဲ့ ပတ်သက်တဲ့ မေးခွန်းတွေပေါ့။ အတွေးအခေါ်ပညာရပ်တွေနဲ့ဆိုင်တဲ့မေးခွန်းမျိုးတွေ။ Philosophy လို့ ပြောရသော်လည်း ဗုဒ္ဓရဲ့အဆုံးအမ တရားတော်တွေဟာ တကယ်တော့ Philosophy ဆိုတာထက် ပိုပြီးမြင့်မားတယ်လို့ ဆိုရမယ်။ ဒီ Philosophy ဆိုတာ အမြင်တို့ အတွေးတို့မျှသာ ဖြစ်ပြီး လက်တွေ့ကျင့်သုံး ထုတ်ဖော်လို့ ရချင်မှရတာ။

မြတ်စွာဘုရားရဲ့ အဆုံးအမတရားတော်တွေကတော့ သိဖို့သက်သက်၊ ဆွေးနွေးဖို့အချက် သက်သက်မျှသာ မဟုတ်ဘဲနဲ့ လက်တွေ့လုပ်ဆောင်ပြီး ထိုလုပ်ဆောင်ချက်အတိုင်း အကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေတတ်တဲ့ တရားတွေသာလျှင် ဖြစ်တယ်။

လမ်းစဉ်နဲ့ လုပ်ထုံးနဲ့ သေချာစွာ ရှင်းလင်းဖော်ပြထားတဲ့ တရားတွေဖြစ်လို့ အပြောသက်သက်၊ အတွေးအခေါ်သက်သက် မဟုတ်ဘဲ လက်တွေ့ကျင့်သုံး လိုက်နာလို့ရှိရင် အကျိုးသက်ရောက်မှုကို ဖြစ်စေတတ်တဲ့ တရားများသာ ဖြစ်တယ်။ မြတ်စွာဘုရား အဆုံးအမတွေဟာ လူသားတွေကို စိတ်နှလုံး အေးချမ်းစေပြီး အသိဉာဏ်စွမ်းအားကို ရစေနိုင်တယ်။

နိဗ္ဗာန်ကို ဦးတည်ဟောကြားခဲ့တဲ့ တရားဓမ္မတွေဟာ နိဗ္ဗာန်ကိုသာ ရောက်စေတာမဟုတ်ဘဲ နိဗ္ဗာန်မရောက်မီ စပ်ကြားမှာလည်း ဘဝရဲ့ဆင်းရဲဒုက္ခတွေသက်သာပြီး ချမ်းသာသုခကို ရရှိစေနိုင်တယ်။ နောက်ဆုံး နိဗ္ဗာန်ဆိုတဲ့ချမ်းသာကို မျက်မှောက်ပြုနိုင်တဲ့အထိ ပို့ဆောင်ပေးနိုင်တဲ့ တရားမျိုးဖြစ်လို့ သတ္တဝါတွေကို ကယ်တင်တဲ့ တရားအစစ်ဖြစ်တယ်။

http://www.dhammadownload.com

တစ်ခြားဘာသာတွေမှာ ဘုရားက ကယ်တင်တာ၊ ဗုဒ္ဓရဲ့ အဆုံးအမမှာတော့ တရားကကယ်တင်တာလို့ ဒီလိုပြောရမယ်။ ဒါကြောင့် ဓမ္မဆိုတဲ့စကားလုံးကို ဖော်ပြတဲ့အခါမှာ **အတ္တာနံ ဓာရေန္တေ** (တရားဓမ္မကို ကြိုးစားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေကို) **စတူသု အပါယေသု အပတမာနေ ကတ္တာ ဓာရေတီတိ ဓမ္မော** (အပါယ်လေးဘုံသို့ ကျရောက်မသွားအောင် ဆွဲဆောင်ကယ်တင်ထားတတ်သောကြောင့် ဓမ္မလို့ခေါ်တာ။)

ဓမ္မဆိုတဲ့ ပါဠိစကားလုံးက **ဓရ** ကနေ ဖြစ်လာတယ်။ **ဓရ**ဆိုတာ ဆွဲထားတယ်၊ ဆောင်ထားတယ်။ ဒီ တရားဓမ္မကျင့်ကြံကြိုးကုတ် အားထုတ်ပြီဆိုရင် ဒီတရားဓမ္မက သတ္တဝါတွေ အပါယ်ဘုံရောက်မသွားအောင် ဆွဲထားနိုင်တယ်လို့, ကယ်တင်ထားနိုင်တယ်လို့ ဒီလိုဆိုလိုတာပေါ့။

မြတ်စွာဘုရားက ဒီတရားကို ဟောတာဖြစ်သောကြောင့် တစ်နည်းအားဖြင့်ပြောရင် ဘုရားက ကယ်တင်တယ်လို့လည်း ပြောလို့ရတယ်။ ဥပမာ- သမားတော်က ဆေးပေးလို့ ရောဂါပျောက်သွားရင် လူတွေက သမားတော်ကုလို့ ပျောက်တယ်လို့ ပြောကြတယ်။ သို့သော် သမားတော် ကုတာလားလို့ဆိုတော့ သမားတော်က ဆေးပဲပေးတာပဲဖြစ်တယ်။ ရောဂါပျောက်တာက ဆေးကြောင့်ပျောက်တာသာ ဖြစ်တယ်။

မြတ်စွာဘုရားက "ငါကိုယ်တော်မြတ်ရဲ့ အစွမ်းတန်ခိုးနဲ့ အပါယ်ကျနေတဲ့လူကို ဆွဲတင်ပေးမယ်" လို့ ဒီလိုပြောတာ မဟုတ်ဘူး။ ဒီတရားကို ကျင့်ကြံကြိုးကုတ်အားထုတ်၊ ဒီအလုပ်ကိုလုပ်၊ ဒီအလုပ်ကိုမလုပ်နဲ့ လို့ဆိုတဲ့အတိုင်း လိုက်နာကျင့်သုံးတဲ့ပုဂ္ဂိုလ်

http://www.dhammadownload.com

ဟာ အပါယ်ဘုံကနေ လွတ်မြောက်ပြီး ချမ်းသာသုခရတယ်၊ အဲဒီနည်းနဲ့ ကယ်တင်တယ်လို့ ပြောလို့ရတယ်။ တကယ်ကတော့ ကိုယ်တိုင်ကျင့်သုံးတဲ့တရားက ကယ်တင်တာဖြစ်လို့ တရားကို ကယ်တင်ရှင်လို့ ဒီလိုပြောလို့ရတယ်။

အဲဒီတော့ ဗုဒ္ဓရဲ့တရားဓမ္မကို လက်ခံယုံကြည်ကြတဲ့ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့အနေနဲ့ ဓမ္မစွမ်းရည်တွေကို သိရှိနားလည်ပြီး တရားဓမ္မကို မိမိတို့ရဲ့သန္တာန်မှာ မရောက်, ရောက်အောင်၊ မသိ,သိအောင် အသိဉာဏ်ဖြင့် လက်ခံကျင့်သုံးပြီး ဓမ္မအသိတွေ များများရှိကြပြီ ဆိုလို့ရှိရင် ဆင်းရဲဒုက္ခတွေက လွတ်မြောက်ကြမှာပဲ ဖြစ်တယ်။

မြတ်စွာဘုရားသိတဲ့တရားက သတ္တဝါတွေကို ကယ်တင်တာ မဟုတ်ဘဲ ကိုယ်တိုင်သိတဲ့ တရားကသာလျှင် ကိုယ့်ကို ကယ်တင်တာ ဖြစ်တယ်။ မြတ်စွာဘုရား ဟောတဲ့တရားကို ကိုယ်ကိုယ်တိုင်သိအောင် လုပ်ရတယ်။ ဒါကြောင့်မို့ **အတ္တာဟိ အတ္တနော နာထော** လို့ ဟောတာ။ မိမိကိုယ်တိုင် ကျင့်ကြံကြိုးကုတ် အားထုတ်မှုမပါဘဲနဲ့ ဘာတစ်ခုမှ ရမှာမဟုတ်ဘူး။ မိမိကိုယ်တိုင် ကြိုးပမ်းအားထုတ်မှုကြောင့် ရရှိလာတဲ့ အသိပညာစွမ်းရည်နဲ့ သတ္တဝါတွေဟာ ဆင်းရဲဒုက္ခက လွတ်မြောက်ကြတယ်။

သို့သော် ဒီတရားဓမ္မတွေကို ဘယ်သူဆီက ရတုန်းဆိုရင် ဘုရားဆီကပဲ ရတယ်။ ဒါကြောင့်မို့ မြတ်စွာဘုရားရဲ့အဆုံးအမ တရားတော်တွေဆိုတာ ရောဂါပျောက်စေတတ်တဲ့ ဆေးဝါးလိုပဲ အင်မတန်မှ စွမ်းရည်သတ္တိရှိတယ်။ တရားဓမ္မတွေကို ကိုယ့်သန္တာန်မှာရောက်အောင် လုပ်ဖို့လိုတယ်။ တရားဓမ္မဟာ နာရုံနဲ့

http://www.dhammadownload.com

မပြီးဘူး။ နာပြီးရင် မှတ်သားထားရမယ်။ မှတ်သားထားပြီးတော့ ဆင်ခြင်သုံးသပ်ကြည့်ရမယ်။ ဆင်ခြင်သုံးသပ်ပြီး ရှောင်ရမှာကို ရှောင်၊ ဆောင်ရမှာကိုဆောင် ဆိုတဲ့ လက်တွေ့ကျင့်သုံးခြင်း လုပ်ရမှာဖြစ်တယ်။ အဲဒီကျမှ တရားရဲ့အရည်အချင်း, တရားရဲ့ စွမ်းဆောင်မှုဟာ ပေါ်လာမှာဖြစ်တယ်။

အဲဒီအဆင့်ထိအောင် မသွားနိုင်ဘူးဆိုရင် တရားရဲ့ စွမ်းဆောင်မှုကို ရမှာမဟုတ်ဘူး။ တရားရဲ့ စွမ်းဆောင်မှုရအောင် နာယူရမယ်၊ မှတ်လည်း မှတ်သားရမယ်။ ကျင့်ကြံကြိုးကုတ် အားထုတ်မှုလည်း လုပ်ရမယ်။

တရားနဲ့ပတ်သက်ပြီး မေးလိုက်တဲ့မေးခွန်းတွေဟာ အသိပညာ တိုးပွားစေတတ်တဲ့ မေးခွန်းတွေဖြစ်လို့ ရှင်နာဂသေန မထေရ်မြတ်က မိလိန္ဒမင်းကြီးမေးသမျှ ကြိုးစားပြီးတော့ ဖြေဆိုထားတာ ဖြစ်တယ်။

၃၀--ဘဝန္တသခီရဇာယမာနပဉှာ

ဒီကနေ့ ၃၀-မြောက်မေးခွန်းမှာ ရှေ့မေးခွန်းနဲ့ဆက်စပ်ပြီး မေးတာဖြစ်တယ်။

"ဘန္တေ နာဂသေန အတ္ထိ ကေစိ သခီရာ, ယေ အဘဝန္တာ ဇာယန္တိ- ဆိုင်ရာ အခြေခံအကြောင်းတရား မရှိဘဲနဲ့ သူဟာသူ ဖြစ်လာတဲ့ သခီရဆိုတာ ရှိသလား"လို့ မိလိန္ဒမင်းကြီးက မေးတယ်။

http://www.dhammadownload.com

ရှင်နာဂသေနက ဖြေတယ်။ **"နတ္ထိ မဟာရာဇ, ကေစိ သခီါရာ၊ ယေ အဘာဝန္တာ ဇာယန္တိ-** ဖြစ်နိုင်တဲ့ အခြေခံအကြောင်းတရားမရှိဘဲ ဖြစ်လာတဲ့ သခီါရတရားဆိုတာ တစ်စုံတစ်ခုမှ မရှိပါဘူး"။

သခီါရတရားအားလုံးဟာ အခြေခံအကြောင်းအပေါ်မှာ မူတည်ပြီးတော့ ဖြစ်ကြတာချည်းပဲ။ ဖြစ်ဖို့ အခြေခံအကြောင်းတရားတွေပေါ် မူတည်ပြီးမှသာလျှင် ဖြစ်လာနိုင်တယ်။ အခြေခံအကြောင်းတရား ကင်းမဲ့ပြီးတော့ ဖြစ်လာတဲ့ သခီါရဆိုတာ မရှိဘူးလို့ ဒီလိုဖြေတယ်။

မိလိန္ဒမင်းကြီးက **"ဩပမ္မံ ကရောဟိ-** အရှင်ဘုရား၊ ဥပမာနဲ့ ရှင်းပြပါဦး"လို့ ဆိုတယ်။

ရှင်နာဂသေနက အခု သူပြောမယ့်စကားကို ဘယ်လို ယူဆသလဲလို့ စကားခံပြီး ယခုလို ဥပမာနဲ့ ရှင်းပြတယ်။

နန်းဆောင် ဥပမာ

"အရှင်မင်းကြီး အခုထိုင်နေတဲ့ နန်းတော် အဆောက်အအုံကြီးဟာ အခြေခံ အကြောင်းတရားမရှိဘဲ ဖြစ်လာတာလား?" လို့ မေးလိုက်တယ်။

မိလိန္ဒမင်းကြီးက ဖြေတယ်၊ **"နတ္ထိ ကိဉ္စိ ဘန္တေ, ဣဓ အဘာဝန္တံ ဇာတံ-**အခြေခံအကြောင်းမရှိဘဲ ဖြစ်လာတာ တစ်ခုမှ မရှိဘူး"တဲ့။

အခြေခံအကြောင်းတွေ ပြောပြတယ်။ နန်းတော်အဆောက်အအုံ ဖြစ်လာဖို့ တောထဲက သစ်ပင်တွေဟာ သူ့ရဲ့ အခြေခံ

http://www.dhammadownload.com

အကြောင်းတရားပဲ။ နန်းတော်ဆောက်ဖို့အတွက် သစ်သားတွေ ရှိရမယ်။ အုဉ်နဲ့ တည်ဆောက်တဲ့ နန်းတော်နံရံကို အင်္ဂတေမြေညက်နဲ့ လိမ်းကျံတာမို့ မြေညက်ဆိုတာလည်း ရှိရမယ်။ ဆောက်လုပ်တဲ့ အလုပ်သမားတွေဆိုတာလည်း ရှိရမယ်။

ခုခေတ်စကားနဲ့ ပြောမယ်ဆိုလို့ရှိရင် ဆောက်လုပ်ရေး အင်ဂျင်နီယာ ရှိရမယ်၊ ဆောက်လုပ်ရေး ပစ္စည်းဥစ္စာတွေ ရှိရမယ်။ လုပ်သားတွေရဲ့ စွမ်းဆောင်မှုလည်း ရှိရမယ်။ ဒီအဆောက်အအုံကြီးတစ်ခုဖြစ်ဖို့ရာ အရှိတွေပေါင်းစပ်မှဖြစ်တာ။ စိတ်ကူးထဲမှာဆောက်လို့ ဒီအဆောက်အအုံဖြစ်မှာ မဟုတ်ဘူး။

အဆောက်အအုံထဲမှာ ပါနေတဲ့ သံတွေရှိတယ်၊ သံထည်ဘိလပ်မြေတွေ ရှိတယ်၊ အုတ်, သဲ, ကျောက်တွေ ရှိတယ်၊ အင်ဂျင်နီယာ ရှိတယ်၊ ဆောက်လုပ်ရေး လုပ်သားတွေ ရှိတယ်၊ သူတို့ရဲ့ ကြိုးစားအားထုတ်မှုတွေကြောင့် ဒီအဆောက်အအုံကြီးတစ်ခု ဖြစ်လာတယ်။ အရှိတွေပေါင်းစပ်ပြီး၊ အရှိတွေကို အခြေခံပြီး အဆောက်အအုံဆိုတာ ဖြစ်တာ။ မရှိတာတွေက လာဖြစ်တာ မဟုတ်ဘူး။ အရှိတွေကိုအခြေခံပြီးလုပ်လို့ ဒီနန်းတော်ကြီးဟာ ဒီလိုပုံစံနဲ့ ဖြစ်လာတယ်လို့ ဘုရင်ကြီးကို ရှင်းပြတယ်။

မိလိန္ဒမင်းကြီး က **"ဘိယျော ဘန္တေ သြပမ္မံ ကရောဟိ-** အရှင်ဘုရား၊ နောက် ဥပမာတစ်ခုနဲ့ ထပ်ရှင်းပြပါဦး" လို့ ဆိုပြန်တယ်။

ရှင်နာဂသေနက ယခုလို ဥပမာတစ်မျိုးနဲ့ ရှင်းပြတယ်။

http://www.dhammadownload.com

သစ်ပင်ဥပမာ

"သစ်ပင်တွေမျိုးပွါးဖို့ အပင်ကို တိုက်ရိုက်စိုက်တာရှိတယ်။ အစေ့ချပြီး စိုက်ရတာရှိတယ်။ အညွှန့်ကို စိုက်တာရှိတယ်။ အရွက်ကို စိုက်တာရှိတယ်၊ အဆစ်ကို စိုက်တာရှိတယ်။ အမျိုးစုံပဲ၊ ခုခေတ်ဆို ပိုများတယ်။ ကိုင်းကူးတာတွေရော ဘာရော။ အဲဒီလို အပင်ပေါက်ဖို့ မြေကြီးပေါ်မှာစိုက်ကြရတာ။ သစ်ပင်ပန်းပင်တွေဟာ မြေကြီးပေါ်မှာ ရှင်သန်ထွားကျိုင်းလာကြတယ်။ အပွင့်တွေပွင့်ကြတယ်၊ အသီးတွေသီးကြတယ်ဆိုတာ လူတွေရဲ့မျက်မြင်ပဲ။

အဲဒီသစ်ပင်တွေဟာ အခြေခံအကြောင်းမရှိဘဲနဲ့ ဖြစ်လာတာ မဟုတ်ဘူး။ အခြေခံအကြောင်းရှိတယ်။ မျိုးစေ့ဆိုတာလည်း အခြေခံအကြောင်းပဲ၊ မြေတို့, ရေတို့ဆိုတာလည်း အခြေခံအကြောင်းပဲ၊ မြေရေပေါ်မှာ မျိုးစေ့ကိုစိုက်ပျိုးမှ သစ်ပင်ဆိုတာ ဖြစ်ပေါ်လာတာဖြစ်တယ်။

"အဲဒီအတိုင်းပဲ မင်းကြီး၊ အခြေခံမရှိဘဲနဲ့ ဖြစ်ပေါ်လာတဲ့ သခီရတရားဆိုတာ မရှိဘူးတဲ့။ အခြေခံ အကြောင်းတရားတွေပေါ်မှာ မှီတည်ပြီးမှ သခီရဆိုတာ ဖြစ်လာရတာပါ"လို့ ရှင်းပြတယ်၊

မိလိန္ဒမင်းကြီးက "ဘိယျော ဩပမ္မံ ကရောဟိ အရှင်ဘုရား၊ နောက်ဥပမာတစ်ခုနဲ့ ပြောနိုင်ဦးမလား" မေးပြန်တယ်။

ရှင်နာဂသေနက ဥပမာပေးပါလို့ဆိုရင် အသိဉာဏ်ထဲမှာပေါ်လာတဲ့ ဥပမာနဲ့ ရှင်းပြတယ်။

http://www.dhammadownload.com

မြေအိုး ဥပမာ

"ယထာ မဟာရာဇ ကုမ္ဘကာရော ပထဝိယာ မတ္တိကံ ဥဒ္ဓရိတွာ နာနာဘာဇနာနိ ကရောတိ မြေအိုးကို ပြုလုပ်တဲ့ ပုဂ္ဂိုလ်ဟာ မြေကြီးပေါ်ရှိတဲ့ မြေညက်ကိုယူပြီး အိုးမျိုးစုံကို လုပ်တယ်။"

မရှိတာကို လုပ်တာမဟုတ်ဘူး၊ မြေကြီးပေါ်မှာ ရှိနေတဲ့ မြေညက်, မြေစေးကိုယူပြီး အိုးလုပ်တယ်။ အိုးတွေဟာ အခြေခံ မရှိဘဲနဲ့ ဖြစ်လာတာ မဟုတ်ဘူး၊ အခြေခံရှိမှ ဖြစ်လာတာ ဖြစ်တယ်။

"အဲဒီအတိုင်းပဲ သခီါရတရား မှန်သမျှဟာ အခြေခံ အကြောင်းတရားတွေမရှိဘဲဖြစ်လာတာ မဟုတ်ဘူး။ အကြောင်း တရားတွေပေါ်မှာ အခြေခံပြီးမှသာ ဖြစ်လာတယ်" လို့ ဒီလို ရှင်းပြတယ်။

မိလိန္ဒမင်းကြီးက ထပ်မေးပြန်တယ်၊ **"ဘိယျော သြပမ္မံ ကရောဟိ** အရှင်ဘုရား နောက်ဥပမာတစ်ခု ပြောနိုင်ဦးမလား"။

ရှင်နာဂသေနက စောင်းသံဥပမာနဲ့ ရှင်းပြတယ်။

စောင်းသံ ဥပမာ

"စောင်းသံဆိုတာ မရှိတဲ့အရာကိုမှီပြီး ဖြစ်လာတာ မဟုတ် ဘူး။ ရှိနေတဲ့ စောင်းကြိုးရယ်၊ စောင်းအိုးရယ်၊ တီးတဲ့ လက်ရယ် တီးခတ်မှုဆိုတဲ့ လုံ့လဝီရိယ၊ အဲဒါတွေ ပေါင်းစပ်လိုက်တဲ့အခါမှာ စောင်းသံဆိုတာ ဖြစ်လာတယ်။ အဲဒီတော့ စောင်းသံဆိုတာဟာ ရှိနေတာတွေကို အခြေခံပြီးတော့ ဖြစ်တာ။ အခြေခံ မပါဘဲနဲ့ စောင်းသံဖြစ်မလာဘူး"။

http://www.dhammadownload.com

"အဲဒီအတိုင်းပဲ၊ သခ်ၤါရတရားတွေ ဖြစ်လာတယ်ဆိုတာ အခြေခံအကြောင်းမရှိဘဲနဲ့ ဖြစ်လာတာ တစ်ခုမှမရှိဘူး။ အရှိကနေ ဖြစ်လာတာသာဖြစ်တယ်။ ရှိပြီးဖြစ်တဲ့အကြောင်းတရား တစ်ခုပေါ်မှာ မှီပြီးမှ သခ်ၤါရတရားတွေဟာ ဖြစ်လာကြတယ်" လို့ ရှင်းပြတယ်။

အဲဒီမှာလည်း **မိလိန္ဒမင်းကြီး**က "နောက် ဥပမာတစ်ခု အရှင်ဘုရား ပြောနိုင်ဦးမလား" လို့ပြောလို့ **ရှင်နာဂသေန**က မီးပွတ်ခုံမှဖြစ်တဲ့ မီးဥပမာနဲ့ ရှင်းပြတယ်။

ပွတ်ခုံ မီးဥပမာ

ရှေးခေတ်ကမီးရဖို့ဆိုတာ **အရဏိ** ဆိုတဲ့ ပွတ်ခုံ, ပွတ်ကျည် ဒီနှစ်ခုကို ပွတ်ရတယ်။ ပွတ်တဲ့အခါ လုံလဝီရိယ ရှိရတယ်။ ခဏနားလိုက်ဦးမယ်ဆိုရင် အေးသွားပြန်တယ်။ အေးသွားလို့ရှိရင် အစကပဲ ပြန်စရမှာပဲလေ။ ဆိုပါစို့-တစ်ကနေပြီးတော့ တစ်ရာပြည့်ရင် မီးထွက်မယ်ဆိုရင် ၉၉-လောက်ရောက်တော့ နားလိုက်ဦးမယ် ဆိုလို့ရှိရင် တစ်ခါတစ်ကပြန်စ၊ မီးမရနိုင်ဘူး။ မီးမပေါ်မချင်း ပွတ်နေရတယ်။ အဲဒီတော့ ရှေးခေတ်က မီးရဖို့ဆိုတာ အလွန်ခဲယဉ်းတယ်။ ဒါကြောင့်မို့ ရှေးစာတွေထဲမှာ ဆိုတယ်။ ကြိုးစားအားထုတ်ရတာနဲ့ ပတ်သက်ပြီး **"မီးပွတ်ယောကျ်ားပမာလားသို့"** ဆိုတဲ့စကားက အဲဒါကို ပြောတာ။ အဲဒီလောက် ကြိုးစားမှ မီးဆိုတာရတယ်။

အဲဒီခေတ်က ဒါပဲရှိသေးတယ်နဲ့တူတယ်။ သမိုင်းကြောင်းကို မှန်းကြည့်လို့ရတယ်။ မြတ်စွာဘုရား ပွင့်ပြီးတဲ့နောက်

http://www.dhammadownload.com

နှစ်ပေါင်း ၅၀၀ လောက်မှာ မိလိန္ဒမင်းကြီးတို့, ရှင်နာဂသေနတို့ ပေါ်ခဲ့တာကိုး။ အဲဒီတော့ အဲဒီခေတ်ထိအောင် မီးခြစ်ဗူး မရှိသေးဘူးလို့ မှတ်ရမယ်။ အလွယ်တကူ မီးရနိုင်တာ မရှိသေးဘူး။ ခုခေတ်လူတွေ အတော်ကံကောင်းတယ်။

ဘုန်းကြီးတို့တောင် တောရွာမှာ မီလိုက်သေးတယ်။ ဘုန်းကြီးတို့ ခမည်းတော်ကြီးက ဆေးတံသောက်တယ်၊ ဆေးတံအိုးထဲမှာ ဆေးရွက်တွေကို ချေပြီးတော့ထည့်တယ်။ အနှစ်သားကို ထွင်းထားတဲ့ ဆုံကလေးနဲ့၊ ကျည်ပွေ့ကို တုတ်ချောင်းကလေး။ တုတ်ချောင်းထိပ်မှာ အပေါက်ဖောက်ထားပြီး အဲဒီထဲကို မို့အနှစ်းလေးကို ထည့်တယ်။ ထည့်ထားပြီး ဆုံကို တုတ်တံနဲ့ ထိုးချလိုက်ရတယ်။ အင်နဲ့အားနဲ့ထိုးပြီး ပြန်ဆွဲနှုတ်လိုက်တဲ့အခါ ပူပြီးတော့ ခုနက မို့အနှစ်လေးမှာ မီးစွဲလာတယ်။ အဲဒီမီးနဲ့ ဆေးတံသောက်တာ။ ခုခေတ်လူတွေ မြင်ဖူးမှာ မဟုတ်တော့ဘူး။

နောက်တစ်ခုက ဘယ်လိုလုပ်တုန်းဆိုရင် သံတုံးကလေး ရှိတယ်။ အဲဒီ သံတုံးကလေးရယ်၊ ကျောက်တုံးရယ်၊ အဲဒီနှစ်ခုကို ခတ်တာ။ သံတုံးလေးနဲ့ ကျောက်အမာနဲ့ ခတ်လိုက်တဲ့အခါမှာ မီးပွင့်သွားတယ်။ ဝါဂွမ်းနုနုလေးကို ကြားထဲမှာခံပြီး ခတ်လိုက်တဲ့အခါ ဝါဂွမ်းကို မီးစွဲသွားတယ်။ အဲဒီမို့လေးကိုမှ ဆေးတံအိုးပေါ် တင်ပြီးတော့ ရှူလိုက်ရှိုက်လိုက်တဲ့အခါ အခိုးတွေ ထွက်လာတာပါပဲ။ ဆေးတံသောက်ဖို့ရာ အဲဒီလိုလုပ်ရတယ်။ လွန်ခဲ့တဲ့ အနှစ် ၇၀-ကျော်လောက်က မြန်မာနိုင်ငံ ကျေးလက်ဒေသမှာ ဒါမျိုးတွေ ရှိသေးတယ်။

http://www.dhammadownload.com

မိလိန္ဒမင်းကြီးက "နောက်ထပ် ဥပမာတစ်ခု ပြောပါဦး" လို့ဆိုတော့ ရှင်နာဂသေနက နောက်ဥပမာတစ်မျိုးနဲ့ ရှင်းပြတယ်။

နေပူကျောက် မီးဥပမာ

"မီးတောက်စေတတ်တဲ့ ကျောက်ရယ်၊ နေပူရယ်၊ နွားချေးရယ်၊ ဒီသုံးခု ပေါင်းလိုက်လို့ရှိရင် မီးရတယ်။ အဲဒီအခြေခံမရှိဘဲနဲ့ မီးမရဘူး။ ထို့အတူ အခြေခံအကြောင်းတရားအပေါ် အမှီပြုပြီး တော့မှ သခ်ါရတရားဟာ ဖြစ်ပေါ်လာတယ်"။

ဒီနေရာမှာ **မဏိ** ကို ကျောက်လို့ပဲ သာမန်ပြောပေမယ့် သူရိယကန္တရကျောက်ဆိုတာမျိုး ဖြစ်နိုင်တယ်။ သူရိယကန္တရကျောက်ဆိုတာ နေရောင်နဲ့တွေ့လို့ရှိရင် မီးတောက်တယ်။ အဲဒီကျောက်ရယ်၊ နေရယ်၊ လောင်စာရယ်လို့ ဆိုလိုတယ်။ နွားချေးဆိုတာ လောင်စာပေါ့။ အနီးဆုံးလောင်စာတစ်ခုကို ပြောတာ။ အဲဒီ ၃-မျိုး ပေါင်းလိုက်လို့ရှိရင် မီးရတယ်။

ဘာကြောင့် ဒီရေတက်သလဲ?

ဒါနဲ့စပ်ပြီး မှတ်သားစရာလေးတစ်ခုရှိတယ်။ စန္ဒြကန္တကျောက်ဆိုတာ လရောင်နဲ့တွေ့လို့ရှိရင် ရေအန်တဲ့ကျောက်ကို ခေါ်တာ။ ပင်လယ်ထဲမှာ အဲဒီ စန္ဒြကန္တကျောက်တွေ အများကြီးရှိတယ်။ ပင်လယ်မှာ ဒီရေတက်တယ်ဆိုတာ မြင်ဖူးကြမယ်။ ဘာကြောင့် ဒီရေတက်သလဲဆိုရင် သိပ္ပံဆရာတွေက လ,ရဲ့ဆွဲအားကြောင့်လို့ ပြောတယ်။ လ,ကဆွဲလို့ ဒီရေတွေ တက်လာတယ်။ ဒါကြောင့်မို့ လဆန်းရက်မှာ ဒီရေတက်တယ်။ လပြည့်နေ့ကျရင် အမြင့်ဆုံးရောက်တယ်။

http://www.dhammadownload.com

စန္ဒိကန္တကျောက်နဲ့ လရောင်

ပါဠိစာပေမှာ လ,ရဲ့ဆွဲအားကြောင့်လို့မဆိုဘူး။ လ,ရောင်နဲ့တွေ့လို့ရှိရင် ပင်လယ်ထဲမှာ စန္ဒိကန္တ ကျောက်တုံးကြီးတွေ ကျောက်ဆောင်ကြီးတွေ ရှိတယ်၊ အဲဒီကျောက်ဆောင်ကြီးတွေက လ,ရောင်နဲ့တွေ့တဲ့အခါမှာ ရေတွေ အန်ထုတ်လေ့ရှိတယ်။ ဒါကြောင့် လဆန်းရက်မှာ ဒီရေတက်တာတဲ့။ ရေတက်ပုံ အကြောင်းပြချင်း မတူဘူးနော်။

အဲဒီနှစ်ခု ယှဉ်စဉ်းစားကြည့်။ လ,ရောင်က ပင်လယ်ထဲက ရေကျမှ ဘာဖြစ်လို့ဆွဲရတာတုန်း။ မြစ်ထဲက ရေတွေကိုတော့ မဆွဲဘူးလား။ လ,ဆိုတာ ပင်လယ်ပေါ်မှာတင်သာတာ မဟုတ်ဘူး။ ဧရာဝတီမြစ်ပေါ်မှာရော မသာဘူးလား။ ကိုယ့်အိမ်မှာ ရေခွက်ထဲ ရေထည့်ထားရင် လ,ဆွဲသွားတာနဲ့ ကုန်မသွားပေဘူးလား။ အကယ်၍ ဆွဲအားကြောင့်တက်တယ်ဆိုရင် ပြောကောင်းပြောလိမ့်မယ်။ ရေချိုကို မဆွဲဘူး၊ ရေငန်မှဆွဲမယ်ဆို ဆားလေးခပ်ပြီး စမ်းကြည့်ဖို့ ပြောတာ။ ပင်လယ်ရေလိုပဲ ငန်အောင် ဆားလေးခပ်ထား။ လ,သာတဲ့ညမှာ အပြင်ထုတ်ထားကြည့်။ ဆွဲသွားလား၊ မဆွဲသွားဘူးလားလို့။

ပါဠိစာပေမှာ ဆိုတဲ့ဟာကျတော့ လ,ရဲ့ဆွဲအားလို့ မပြောဘူး။ လ,ရောင်ကြောင့် ကျောက်ဆောင်တွေကရေတွေ အန်ထုတ်တယ်။ ဒါကြောင့် ဒီရေတက်တယ်လို့ ဒီလိုပြောတယ်။ အဲဒါကတောင် ပိုပြီးတော့ သဘာဝကျသလိုရှိတယ်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီး နှစ် ၁၀၀၀-လောက်က ရေးခဲ့တဲ့ကျမ်း။ ခုခေတ် ၂၅၀၀-ဆို, ၁၅၀၀-လောက် ရှိပြီပေါ့။

http://www.dhammadownload.com

အဲဒီလောက်က ရေးခဲ့တဲ့ သံယုတ္တဋ္ဌကာ (ဥပယန္တိ သုတ်အဖွင့်) ကျမ်းရဲ့ အယူအဆထဲမှာ ဒီလိုရေးထားတာရှိတယ်။ စန္ဒြကန္တ ကျောက်တွေဟာ လ,ရောင်နဲ့တွေ့လို့ရှိရင် ရေကိုအန်တယ်တဲ့၊ ရေတွေ စိမ့်ထွက်လာတယ်။ ရေတွေကို ထွက်စေတယ်။ အဲဒါကြောင့်မို့ ရေတွေဟာ ပြည့်လာပြီးတော့ ဒီရေတက်တာပါလို့ ဒီလိုဆိုတယ်။ ဒါလည်း မှတ်သားစရာတစ်ခု။

ရှင်နာဂသေနက ဥပမာနဲ့ ရှင်းတယ်။ "မီးဆိုတာ သူ့ဟာသူ ဖြစ်လာတာမဟုတ်ဘူး။ အခြေခံ အကြောင်းတွေပေါ်မှာ စွဲပြီးတော့ ဖြစ်လာတာ။ အခြေခံ အကြောင်းတွေဆိုတာ မီးတောက်တဲ့ကျောက်ရယ်၊ နေပူရယ်၊ လောင်စာဖြစ်တဲ့ နွားချေးရယ်၊ ဒီသုံးခု ပေါင်းလိုက်ပြီဆိုလို့ရှိရင်တော့ မီးဆိုတာ ဖြစ်လာမှာပဲ။ အဲဒီအတိုင်းပဲ သခ်ါရတရား ဆိုတာလည်း အရှိပေါ်ကို အခြေခံပြီးတော့ ဖြစ်လာတာပါ။ အရှိပေါ် အခြေမခံတဲ့ သခ်ါရတရားဆိုတာ မရှိပါဘူး။"

နောက်ဥပမာတစ်ခုနဲ့ ပြောပါဦးဆိုတော့ ထင်ရှားတဲ့ ဥပမာလေးတစ်ခုနဲ့ ရှင်နာဂသေနက ပြောတယ်။

ကြေးမုံ ပုံရိပ်

"ကြေးမုံထဲက ပုံရိပ်ဟာ ကြေးမုံမရှိဘူး။ ကြေးမုံနဲ့ ကိုယ့်ကြားထဲမှာ အလင်းရောင်မရှိဘူး၊ မျက်နှာမပါဘူး ဆိုလို့ရှိရင် လူတစ်ဦးရဲ့ မျက်နှာရိပ်ဟာ ကြေးမုံထဲမှာ ထင်ပါ့မလားတဲ့၊ မထင်ဘူး။ အရှိပေါ်မှာ ထင်ရတာ။ အဲဒီတော့ ကြေးမုံဆိုတဲ့ မှန်လည်း ရှိရမယ်။ လုံလောက်တဲ့ အလင်းရောင် ရှိရမယ်။ လူရဲ့ မျက်နှာ

http://www.dhammadownload.com

လည်း ရှိရမယ်။ ရှေ့မှာ ပေါ်လာတာလည်း ရှိရမယ်။ အဲဒီကျ တော့မှ ကြေးမုံပုံရိပ်ဆိုတာ ပေါ်လာမှာ ဖြစ်တယ်။ အဲဒီ ဥပမာ အတိုင်းပဲ သခ်ါရတရားတွေဆိုတာလည်း အရှိပေါ်မှာ အခြေခံပြီး တော့ ဖြစ်တာပါ။"

ဒီလိုရှင်းပြတဲ့အခါမှ **"ကလ္လောသိ ဘန္တေ နာဂသေန**-အရှင်ဘုရားဖြေတာ သင့်တော်ပါတယ်"လို့ လက်ခံတယ်။

နိဂုံးချုပ်

တရားချစ်ခင် သူတော်စင်ပရိသတ်အပေါင်းတို့၊ မိလိန္ဒ မင်းကြီးရဲ့ ခဲရာခဲဆစ်မေးခွန်းတွေကို ရှင်နာဂသေနဟာ ဥပမာ ဥပမေယျနဲ့ ရှင်းလင်းပြီးတော့ ပြောပြတာ အင်မတန်မှ ရှင်းလင်း တယ်။ အဘိဓမ္မာ သဘောအရလည်း ထင်ရှားတယ်။ သေချာစွာ နာယူမှတ်သားပြီး မိမိတို့သန္တာန်မှာ အသိဉာဏ်တွေ ရရှိအောင် ကြိုးစားအားထုတ်ကြရမှာ ဖြစ်တယ်လို့ ကိုယ်စီကိုယ်စီ သဘော ကျပြီး ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု ... သာဓု ... သာဓု

Transcribed by-**Ko Thu Rein Aung**
Typed by- **Wai Wai Lwin**

http://www.dhammadownload.com

မိလိန္ဒပဉှာ

မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ ဗုဒ္ဓဝါဒရေးရာ အချေအတင်ပြောဆိုချက်များ အပိုင်း(၁၄)

မှတ်တမ်း

သာသနာတော်နှစ် ၂၅၆၀-ပြည့်နှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၈-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၈)ရက်၊ (၂၂-၁၁-၂၀၁၆) ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာစွေး ဆေးရောင်းဝယ်ရေး မိသားစုများနှင့် ဓမ္မမိတ်ဆွေများမှ စစ်ကိုင်းမြို့၊ မဟာသုဘောဓံကျောင်းတိုက်၌ သတ္တမအကြိမ်၊ မန္တလေးမြို့၊ မဂိုးရိမ်တိုက်သစ်ကျောင်းတိုက်၌ ပဉ္စမအကြိမ် အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက်၌ ဒသမအကြိမ်၊ ညောင်ဦးမြို့ အလိုတော်ပြည့်ကျောင်းတိုက်၌ ပထမအကြိမ်၊ ကျောင်းတိုက်အသီးသီးတို့၌ သီတင်းသုံးတော်မူကြသော ဘုရားအမှူးရှိသော သံဃာတော်အရှင်မြတ် ၄၀၀၀ ကျော်တို့ကို ဆွမ်းအစရှိသော လှူဖွယ်ပစ္စည်းအစုစုတို့ လှူဒါန်းပူဇော်ခြင်း အောင်ပွဲ အထိမ်းအမှတ်အဖြစ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ မဟာသုဘောဓံကျောင်းတိုက်၊ မဟာသမယ မဂ္ဂာရုံအတွင်း ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် ဓမ္မပူဇာ၊ သာသနာ့ပူဇာ ဓမ္မသဘင် အခမ်းအနား၌ ဟောကြားအပ်သော **'မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ ဗုဒ္ဓဝါဒရေးရာ အချေအတင်ပြောဆိုချက်များ အပိုင်း(၁၄)'** တရားဒေသနာတော်။

မိလိန္ဒပဉှာဆိုတာ ဗုဒ္ဓဝါဒရေးရာမှာ အထောက်အကူများစွာ ပြုတဲ့အပြင် မှတ်သားစရာအချက်တွေ များစွာပါရှိတယ်။ ဗုဒ္ဓဝါဒရေးရာနဲ့ပတ်သက်ပြီး အခုလို ပြည့်ပြည့်စုံစုံ မှတ်တမ်းတင်ထားတဲ့ ကျမ်းမျိုးဆိုတာ နည်းပါတယ်။ ပိဋကစာပေမှာ မေးခွန်းတွေကို ဖြေဆိုခြင်းဖြင့် ဟောထားတဲ့သုတ္တန်တွေရှိတယ်။

http://www.dhammadownload.com

အဲဒီထဲမယ် ဝေဒလ္လသုတ်နှစ်သုတ်ဟာ အလွန်ထင်ရှားတယ်။ အမေးနဲ့အဖြေနဲ့ ရှင်းလင်းဟောပြောခြင်းဟာ နာယူရတဲ့ ပုဂ္ဂိုလ်အဖို့ အသိဉာဏ် ဖွံ့ဖြိုးတိုးတက်စေနိုင်တာ အမှန်ပဲ။ ဒါကြောင့်မို့ အမေးအဖြေစနစ်နဲ့ ပညာရည်တိုးတက်အောင် ကြိုးစားအား ထုတ်ကြရတယ်။

သင်ယူခြင်း

စာပေသင်တဲ့အခါမှာ ဥဂ္ဂဟ ပရိပုစ္ဆာလို့ ၂-ပိုင်း ရှိတယ်။ ဥဂ္ဂဟဆိုတာ စကားလုံးကို မှတ်ယူခြင်း၊ အကြောင်းအရာတွေကို မှတ်ယူခြင်း၊ သင်ယူခြင်းဖြစ်တယ်။ မိမိ မှတ်သားထားတဲ့ အကြောင်းအရာတွေနဲ့ပတ်သက်ပြီး မရှင်းလင်းတဲ့အချက်တွေကို မေးမြန်းခြင်းက ပရိပုစ္ဆာ။ အဲဒီ ဥဂ္ဂဟ နဲ့ ပရိပုစ္ဆာ ဆိုတာ စာပေသင်တဲ့နေရာမှာ များစွာ အထောက်အကူပြုတယ်။ မိလိန္ဒပဉှာကျမ်းဟာ အလွန်မှတ်သားဖွယ်ရာကောင်းပြီး ကြားနာရသူ၊ ဖတ်ရှုရသူတို့အတွက် ဘာသာရေးနဲ့ပတ်သက်တဲ့ ဉာဏ်ရည်ဉာဏ်သွေးတွေ တိုးတက်စေမှာကတော့ သေချာတယ်။

ဘုန်းကြီးတို့ ရန်ကုန်မှာ ၁၃-ပိုင်းအထိ ဟောခဲ့ပြီ။ မေးခွန်းအားဖြင့် ပြောမယ်ဆိုရင် မေးခွန်းပေါင်း(၃၀) ဖြစ်တယ်၊ အဲဒီ မေးခွန်း(၃၀)နဲ့ အဖြေတွေကို ဟောပြီးသားဖြစ်တယ်။ ဒီကနေ့ည အပိုင်း(၁၄)မှာ မိလိန္ဒမင်းကြီးရဲ့ ၃၁-ခုမြောက်မေးခွန်းကို ဖြေဆိုထားပုံကစပြီး မှတ်သားနာယူကြရမှာ ဖြစ်တယ်။

မိလိန္ဒမင်းကြီးဆိုတာ အလွန် ကတ်ကတ်သပ်သပ် မေးလေ့ရှိတယ်။ အဲဒီ ၃၁-ခုမြောက် မေးခွန်းမှာတော့ အချေအတင်

http://www.dhammadownload.com

တွေနဲ့ ငြင်းခုံဆွေးနွေးတာတွေ မပါတော့ဘူး၊ သူကိုယ်တိုင်က ရှင်နာဂသေနအပေါ် လိုက်လျောတဲ့သဘောတောင်မှပဲ တွေ့ရတယ်။

၃၁–ဝေဒဂူပဉ္ဉာ

၃၁-ခုမြောက်မေးခွန်းကို '**ဝေဒဂူပဉ္ဉာ**'လို့ အမည်ပေးထားတယ်။ ဝေဒဂူနဲ့ပတ်သက်တဲ့ မေးခွန်းပေါ့။ မိလိန္ဒမင်းကြီးက ရှင်နာဂသေနကို မေးတယ်။

"**ဘန္တေ နာဂသေန ဝေဒဂူ ဥပလဗ္ဘတိ**-အရှင်ဘုရား နာဂသေန၊ **ဝေဒဂူ**ဆိုတာ တကယ်လက်တွေ့အားဖြင့် ရရှိနိုင်ပါသလား။"

ပါဠိစာပေမှာ **ဝေဒဂူ**ဆိုတာ ရဟန္တာပုဂ္ဂိုလ်ကို ရည်ညွှန်းတဲ့စကားလုံးပဲ။ '**ဝေဒ**'က အသိဉာဏ်၊ '**ဂူ**'က ဘဝရဲ့ ဟိုဖက်ကမ်းလို့ခေါ်တဲ့ နိဗ္ဗာန်။ အသိဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုတဲ့ ရဟန္တာပုဂ္ဂိုလ်ကို **ဝေဒဂူ**လို့ခေါ်တယ်။

မိလိန္ဒမင်းကြီးရဲ့ ဝေဒဂူက တစ်မျိုး၊ သူဆိုလိုတဲ့ ဝေဒဂူမျိုးက ပါဠိစာပေမှာ မထင်ရှားဘူး။ ဒါ့ကြောင့် **ပဋိပုစ္ဆာ ဗျာကရဏ** ပြန်လှန် မေးခွန်းထုတ်ပြီးတော့မှ အဖြေပေးရမယ့် မေးခွန်းမျိုးဖြစ်တယ်။

ရှင်နာဂသေနက မဖြေဘဲနဲ့ ထပ်ဆင့်မေးခွန်းနဲ့ ပြန်မေးလိုက်တယ်။ "**ကော ပနေသ မဟာရာဇ ဝေဒဂူ နာမ**-မင်းကြီး၊ ဝေဒဂူဆိုတာ ဘာကိုပြောတာလဲ။"

http://www.dhammadownload.com

"**ယော ဘန္တေ အဗ္ဘန္တရေ ဇီဝေါ** သတ္တဝါတွေရဲ့ သန္တာန်မှာရှိတဲ့ ဇီဝကို ဆိုလိုပါတယ်။"

မြတ်စွာဘုရားက ရဟန်းတော်တွေကို သစ်ပင်မခုတ်ရဘူးလို့ ဝိနည်းသိက္ခာပုဒ် ပညတ်တဲ့အခါမှာ ဒီစကားလုံး ထည့်ပြောတာ ရှိတယ်။ '**ဇီဝသညီနော ဟိ မနုဿာ ရုက္ခသ္မိ**- လူတွေက သစ်ပင်မှာ ဇီဝရှိတယ်လို့ ယူဆကြတယ်။"

ဇီဝဆိုတာ အသက်လို့ ပြန်ဆိုကြတယ်၊ မြန်မာလို လိပ်ပြာတို့၊ ဝိညာဉ်ကောင်တို့၊ အတ္တတို့ ဒါတွေကို ရည်ညွှန်းတယ်။ ဒီကနေ့ခေတ်မှာ ဇီဝဗေဒပညာရပ်မှာ သက်ရှိသတ္တဝါတွေသာမက အရာဝတ္ထုတွေမှာပါ ဇီဝရှိတယ်လို့ ယူဆကြတယ်။

ဒီနေရာမှာ မိလိန္ဒမင်းကြီးက သူပြောတဲ့ ဝေဒဂူဆိုတာ တစ်ခြားမဟုတ်ဘူး။ **ယော အဗ္ဘန္တရေ ဇီဝေါ** အတ္တလို့ခေါ်တဲ့ ဇီဝကိုပဲ သူဆိုလိုပါတယ်။ အဲဒီ ဇီဝက မျက်လုံးနဲ့ အဆင်းကို မြင်တယ်၊ နားနဲ့ အသံကို နားထောင်တယ်။ နှာခေါင်းနဲ့ အနံ့ကို နမ်းရှူတယ်၊ လျှာနဲ့ အရသာကို သိတယ်၊ ကိုယ်ကာယနဲ့ အထိအတွေ့ကို ထိတွေ့တယ်။ စိတ်ကြံအာရုံတွေကို သိတယ်လို့ အဲဒီလိုဆိုတယ်။

ဆိုလိုတာက မြင်တာ ဘယ်သူတုန်းဆိုရင် ဇီဝ၊ ကြားတာ ဘယ်သူလည်း ဇီဝ၊ နမ်းရှူတာ ဇီဝ၊ လျက်တာ ဇီဝ၊ အထိအတွေ့ကို ထိတာသိတာ ဇီဝ၊ စိတ်နဲ့အာရုံတွေကို သိတာ ဘယ်သူတုန်းဆို ဇီဝ၊ အဲဒီအားလုံးကို ဇီဝက လုပ်တယ်။

မြတ်စွာဘုရားလက်ထက်က **သာတိ** ဆိုတဲ့ ရဟန်းတစ်ပါး ပေါ်ပွားတယ်။ သူကလည်းပဲ အတ္တအယူဝါဒကို ယုံကြည်တယ်။

http://www.dhammadownload.com

"ကတမံ တံ သာတိ ဝိညာဏံ မင်းပြောချင်တဲ့ ဝိညာဉ်က ဘယ်ဟာတုန်းလို့ မြတ်စွာဘုရားက မေးတဲ့အခါ **'ဝေဒေါ ဝေဒယေျာ'** စကားပြောတတ်တယ်။ အာရုံကို ခံစားတတ်တယ် ဆိုတဲ့အရာပါ"လို့ ဖြေတယ်။

ဆိုလိုတာက ဘယ်သူက စကားပြောလဲ။ 'အတ္တ' က စကားပြောတယ်လို့ အတ္တဝါဒီတွေက ဒီလိုယူဆတယ်၊ 'ဇီဝ' က စကားပြောတယ်၊ 'ဝေဒဂူ'က စကားပြောတယ်။ ကြည့်တယ် မြင်တယ်၊ ဘယ်သူမြင်တာတုန်း၊ အတ္တကပဲမြင်တယ်။ ထို့အတူပဲ အသံကြားတာ ဘယ်သူကြားတာတုန်း၊ အတ္တက ကြားတယ်၊ အနံ့ရတာ ဘယ်သူတုန်း၊ **အတ္တ, ဇီဝ, ဝေဒဂူ**။ အရသာခံတာ ဘယ်သူတုန်းဆိုရင် ဇီဝ, အတ္တ, ဝေဒဂူ၊ ဒီလိုဆိုလိုတာ။

အဲဒီတော့ သတ္တဝါတွေရဲ့သန္တာန်မှာ ရှိတယ်ဆိုတဲ့ ဇီဝ သည် အလုပ်မှန်သမျှ အကုန်လုပ်တာ၊ မြင်တာလည်း သူပဲ၊ ကြားတာလည်း သူပဲ။ ကြည့်တဲ့အခါမှာ မျက်စိကို အသုံးချတယ်၊ နားထောင်တဲ့အခါမှာ နားကို အသုံးချတယ်၊ ဒီလို ဒွါရ ၆-ပါးနဲ့ သူကပဲ မြင်တယ်၊ သူကပဲ ကြားတယ်၊ အားလုံး အာရုံတွေကိုလည်း သူကပဲသိတယ်လို့ မိလိန္ဒမင်းကြီးက ဖြေတယ်။

ဥပမာတစ်ခု ပြောလိုက်သေးတယ်။ "အရှင်ဘုရား၊ တပည့်တော်တို့ အခုပြာသာဒ်ထဲမှာ ထိုင်နေကြတယ်။ ထိုင်နေရင်း ပြတင်းပေါက်တွေက အပြင်ကို ကြည့်လိုက်မယ်ဆိုလို့ရှိရင် ဘယ်ပြတင်းပေါက်က ကြည့်ကြည့် အပြင်ကို မြင်ရတယ်။ အရှေ့ဘက် ပြတင်းပေါက်ကပဲဖြစ်ဖြစ်၊ တောင်ဘက် ပြတင်းပေါက်ကပဲဖြစ်ဖြစ်၊ အနောက်ဘက် ပြတင်းပေါက်ကပဲဖြစ်ဖြစ်၊ မြောက်ဘက် ပြတင်းပေါက်ကပဲဖြစ်ဖြစ် မြင်ရတယ်။

http://www.dhammadownload.com

အဲဒီမြင်ရသလို တပည့်တော်တို့ရဲ့ သန္တာန်မှာ ရှိနေတဲ့ ဇီဝဆိုတဲ့ ဝေဒဂူဟာလည်း ပြတင်းပေါက်နဲ့ အလားတူတဲ့ မျက်စိ, နား, နှာ, လျှာ, ကာယ, မနနဲ့ပဲ သူကြည့်တယ်၊ မြင်တယ်၊ ကြားတယ်။ အဲဒီလို ဆိုလိုတယ်လို့ မိလိန္ဒမင်းကြီးက သူ့ရဲ့ အယူအဆကို ပြောတယ်။

ဒွါရ ၅–ပါး, တံခါး ၅–ပေါက်

အဲဒီလို ပြောတဲ့အခါ ရှင်နာဂသေနက "မင်းကြီး၊ ဒီနေရာမှာ စက္ခုဒွါရ၊ သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှါဒွါရ၊ ကာယဒွါရ ဆိုတဲ့ ငါးဒွါရအကြောင်းကို ပြောမယ်၊ သေချာနားစိုက်ပြီး ထောင်ပါ။"

အကယ်၍ ကိုယ့်ရဲ့အတွင်းထဲမှာရှိတဲ့ ဇီဝက မျက်စိနဲ့ အဆင်းကို မြင်တယ်ဆိုရင် ဒွါရ ၅-ပေါက်က ကြည့်လိုက်တိုင်း အဆင်းပဲမြင်ရမယ်၊ ဘာဖြစ်လို့တုန်းဆို မြင်သူက ဇီဝဖြစ်နေလို့ပဲ။

လူတွေဟာ ဘယ်ပြတင်းပေါက်ကနေကြည့်ကြည့် မြင်တာ မှန်သမျှ မျက်စိကပဲမြင်တာကိုး။ အကယ်၍ မျက်စိက မြင်တာ မဟုတ်ဘဲနဲ့ ဇီဝက မြင်တယ်ဆိုလို့ရှိရင် နားပေါက်က ကြည့်လိုက်လည်း အဆင်းပဲ မြင်ရမှာပဲ။ နှာခေါင်းပေါက်ဆိုလည်း အဆင်းပဲ မြင်ရမှာပဲ။ လျှာပေါက်ကဆိုရင်လည်း အဆင်းပဲ မြင်ရမှာပဲ။ ကာယဒွါရက ကြည့်မယ်ဆိုရင်လည်း အဆင်းပဲ မြင်ရမယ်။ တစ်ခြားမြင်စရာအကြောင်း မရှိဘူး။ ဘာဖြစ်လို့တုန်းဆိုရင် မြင်သူက ဇီဝဖြစ်နေလို့ပဲ။

http://www.dhammadownload.com

ပြာသာဒ်ထဲမှာ ထိုင်နေတဲ့ လူတစ်ယောက်က ပြတင်းပေါက်တွေထဲက ဘယ်အပေါက်က ကြည့်ကြည့် အပြင်ကိုမြင်ရတာကိုး။ ဒီပြာသာဒ်ကြီးမှာရှိတဲ့ ဘယ်ပြတင်းပေါက်က ကြည့်ကြည့် အပြင်ကို မြင်ရသလို လူ့ရဲ့ခန္ဓာကိုယ်မှာ မျက်စိ, နား, နှာ, လျှာ, ကာယ ဆိုတဲ့ ဒွါရ ၅-ပါး၊ တံခါး ၅-ပေါက် ရှိတယ်။ အဲဒီ ၅-ပေါက်မှာ မျက်စိပေါက်ကကြည့်လည်း အဆင်းပဲ၊ နားက ကြည့်လည်း အဆင်းပဲ၊ နှာခေါင်းကကြည့်လည်း အဆင်းပဲ၊ လျှာပေါက်ကကြည့်လည်း အဆင်းပဲ၊ ကိုယ်ကာယအပေါက်က ကြည့်လည်း အဆင်းပဲမြင်ရမယ်။

ဇီဝ က ကြားတယ်ဆိုရင်လည်း မျက်စိက နားထောင်လိုက်ရင်လည်း အသံပဲ ကြားရမယ်၊ နှာခေါင်းပေါက်ကလည်း အသံပဲ ကြားရမယ်၊ နားပေါက်တင် မကဘူး၊ လျှာပေါက်ကလည်း အသံပဲ ကြားရမယ်၊ ဘာဖြစ်လို့တုန်းဆို ဇီဝက ကြားတာကိုး။

ထို့အတူပဲ မျက်စိပေါက်က အနံ့ရလိမ့်မယ်၊ နှာခေါင်းပေါက်ကတင် အနံ့ရမှာ မဟုတ်ဘူး၊ မျက်စိပေါက်ကလည်း အနံ့ကို ရမယ်၊ နားပေါက်ကလည်း အနံ့ကိုရမယ်။ အားလုံးဟာ အနံ့တစ်မျိုးတည်းပဲ ရကြမှာ။ ထို့အတူပဲ မျက်စိကနေပြီး အရသာဆိုတာလည်း သူပဲ ရလိမ့်မယ်။ နားပေါက်ကလည်း အရသာပဲ သိရမယ်။

ပြာသာဒ်ကြီးနဲ့ ကိုယ်ကာယနဲ့ တူတယ်။ ပြတင်းပေါက်တွေနဲ့ မျက်စိ, နား, နှာ, လျှာ, ကာယ, ဆိုတဲ့ ဒွါရ ၅-ပါးနဲ့တူတယ်။ ဇီဝနဲ့ ကြည့်တဲ့လူနဲ့တူတယ်။ ဇီဝက အကုန်မြင်တယ်ဆိုရင် ဘယ်အပေါက်ကကြည့်ကြည့် မြင်မှာပဲ။ အသံကြားရင်လည်း ဘယ်

http://www.dhammadownload.com

အပေါက်ကဖြစ်ဖြစ် ကြားမှာပဲ။ အနံ့ရရင်လည်း ဘယ်အပေါက်ကပဲဖြစ်ဖြစ် အနံ့ရမှာပဲ။ အရသာသိတဲ့အခါလည်း ဘယ်အပေါက်ကပဲဖြစ်ဖြစ် အရသာသိမှာပဲ။ အထိအတွေ့ ဆိုလို့ရှိရင်လည်း ဘယ်အပေါက်ကဖြစ်ဖြစ် အထိအတွေ့ပဲ သိမှာပဲ။ ရှင်နာဂသေနက ယခုလို ထောက်ပြတယ်။

"အဲဒီလို သိမနေပေဘူးလား" ဆိုတော့ **မိလိန္ဒမင်းကြီး**က "**နဟိ ဘန္တေ**- အဲဒီလိုတော့ မဖြစ်နိုင်ဘူးဘုရား"လို့ ဖြေတယ်။

ရှင်နာဂသေနက "အရှင်မင်းကြီးရဲ့စကားက ရှေ့စကားနဲ့ နောက်စကား မညီဘူး။ စောစောတုန်းကပြောတာ ပြာသာဒ်ထဲမှာ ထိုင်နေရင်း ပြတင်းပေါက်က ကြည့်လိုက်တဲ့အခါမှာ အကုန်လုံးမြင်ရသလို လေသာပြတင်းပေါက်တွေ အကုန်လုံးဖွင့်ထားရင် ဘယ်အပေါက်ကကြည့်ကြည့်မြင်ရသလို မြင်ရတယ်လို့ ပြောတယ် မဟုတ်လား။"

ဘာဖြစ်လို့တုန်းဆိုတော့ မြင်သူ၊ ကြားသူ၊ အနံ့ရသူ၊ လျက်သူ၊ ထိတွေ့သူ ဆိုတာဟာ ဇီဝပဲ၊ ဝေဒဂူပဲ ဖြစ်နေတာကိုး။ ဝေဒဂူဖြစ်နေတော့ ဒီ မျက်စိ, နား, နှာ, လျှာ, ကာယ ဆိုတာ တံခါးပေါက်တွေမျှသာ ဖြစ်တယ်။ ဘယ်အပေါက်ကပဲဖြစ်ဖြစ် အတူတူပဲဖြစ်နေမှာပေါ့။ သေချာစဉ်းစားပြီးတော့ဖြေပါ။

မိလိန္ဒမင်းကြီး တွေဝေပုံ

အဲဒီအချိန်မှာ မိလိန္ဒမင်းကြီး တွေဝေသွားတယ်။ တွေဝေသွားတဲ့အချိန်မှာ **ရှင်နာဂသေန**က ထပ်ပြီးမေးပြန်တယ်။

http://www.dhammadownload.com

"အရှင်မင်းကြီး ဥပမာတစ်ခုပြောမယ်။ ဒို့ဟာ အခု အဆောက်အဦတစ်ခုတည်းမှာ ထိုင်နေကြတယ်၊ အဆောက်အဦမှာရှိတဲ့ ဇာလိုက်ကာတွေ၊ ဇာကွန်ယက်တွေကို အကုန်ဖွင့်လိုက်တဲ့အခါ ဟင်းလင်းပြင်ကြီး ဖြစ်သွားမယ်။ ကာထားတဲ့ ဇာပြတင်းပေါက်တွေ အကုန်လုံးဖွင့်ချလိုက်ရင် အလွန်ကျယ်ဝန်းတဲ့ အာကာသ ဒိုးယိုပေါက်ကနေပြီးတော့ အပြင်ဖက်ကို ပိုပြီးတော့ မမြင်နိုင်ပေဘူးလား"တဲ့။

အဆောက်အအုံကြီးတစ်ခုမှာ တံခါးရှိသမျှ အကုန်ဖွင့်ချလိုက်မယ်၊ အကာတွေ အကုန်ဖယ်လိုက်မယ်ဆိုရင် ရှင်းရှင်းလင်းလင်းကြီး အကုန်မြင်ရတယ်။ နံရံတွေ ဖယ်လိုက်မယ်ဆိုရင် အကုန်မြင်နိုင်တယ်။

အဲဒါလိုပဲ သတ္တဝါတွေရဲ့ သန္တာန်မှာရှိတဲ့ စက္ခုဒွါရကို ဖယ်လိုက်မယ်ဆိုလို့ရှိရင် ကောင်းကင်ပြင်ကြီးလို ဟင်းလင်းပြင်ကြီးဟာ ပိုပြီးကျယ်မလာပေဘူးလား။ ကျယ်လာလို့ရှိရင် အဆင်းကို ပိုပြီး မမြင်ရပေဘူးလား။ နားကို ဖယ်လိုက်လို့ရှိရင်လည်း အသံတွေ ပိုကြားမလာရပေဘူးလား။ နှာခေါင်းပေါက်ကို ဖယ်လိုက်မယ်ဆိုရင် အနံ့တွေ ပိုရမလာပေဘူးလား၊ လျှာကို ဖယ်လိုက်မယ်ဆိုရင်လည်း အရသာတွေ ပိုရမလာပေဘူးလား။ ကိုယ်ကာယကို ဖယ်လိုက်မယ်ဆိုရင်လည်း အထိအတွေ့တွေ ပိုရမလာပေဘူးလား။

မိလိန္ဒမင်းကြီးက "နာဂစေန- အဲဒီလိုတော့ မဖြစ်နိုင်ဘူး"လို့ ငြင်းတယ်။ အဲဒီလို မဖြစ်နိုင်ဘူးဆိုရင် အရှင်မင်းကြီးပြောတဲ့ ရှေ့စကားနဲ့ နောက်စကားဟာ မညီဘူး။

http://www.dhammadownload.com

အဲဒီမှာ ရှင်နာဂသေနက မေးခွန်းတစ်ခု ထပ်မေးတယ်။ "အရှင်မင်းကြီး၊ ဒိန္နဆိုတဲ့အမတ်ကြီးဟာ မေးခွန်းတွေ စပြီး မေးတုန်းကတည်းက ဘုရင်ကြီးနဲ့ အတူထိုင်နေတယ်။ ဥပမာ တစ်ခု ဒိန္နဆိုတဲ့အမတ်ကြီး ဒီအခန်းထဲကထွက်ပြီး အပြင်တံခါး မုခ်ဘက်ကို သွားရပ်နေလို့ရှိရင် အရှင်မင်းကြီးသိနိုင်သလား"တဲ့။

"အရှင်ဘုရား သိနိုင်ပါတယ်။"

"ကောင်းပြီ၊ အဲဒီလိုသိနိုင်တယ်ဆိုလို့ရှိရင် ဒိန္နအမတ်ကြီး ဟာ အတွင်းပြန်ဝင်လာပြီး အသင်မင်းကြီးအနီးမှာ ထိုင်မယ်။ ထိုင်နေတဲ့အခါရော ဒိန္နအမတ်ကြီး ငါ့ရှေ့မှာ ထိုင်နေပါလားလို့ အသင်မင်းကြီး သိသလား"တဲ့။

"အရှင်ဘုရား၊ သိတာပေါ့။"

ဒိန္နအမတ်ကြီး အပြင်ထွက်သွားရင်လည်း ထွက်သွားတယ် ဆိုတာ သိတယ်။ အတွင်းပြန်ဝင်လာပြန်ရင်လည်း ပြန်ဝင်လာပြီး ရှေ့မှာထိုင်နေတယ်ဆိုတာ သိတယ်။ "အဲဒီလို သိသလို ဝေဒဂူက လျှာပေါက်ကနေ အရသာကို သိနိုင်သလား"တဲ့။ ဒီအရသာက ချိုတယ်၊ ခါးတယ်၊ ဖန်တယ်၊ စပ်တယ်ဆိုတာ သိနိုင်သလား"တဲ့၊

"အရှင်ဘုရား မသိနိုင်ဘူး" တဲ့။

ဒိန္န အမတ်ကြီးကို အရသာပမာ သဘောထားပြီး ရှင်နာဂသေနက မေးတာ။ မသိနိုင်ဘူးလို့ပြောရင် အရှင်မင်းကြီး ပြောတဲ့စကားဟာ ရှေ့နောက် မညီဘူးတဲ့။

နောက် ဥပမာတစ်ခု ပြောပြမယ်။ "ပျားရည်အိုးပေါင်း တစ်ရာကို ယူလာပြီး စားကျင်းကြီးထဲ လောင်းထည့်လိုက်တယ်။ လူတစ်ယောက်ကို ပါးစပ်လုံအောင်ပိတ်ပြီး အဲဒီ ပျားရည်ထည့်

http://www.dhammadownload.com

ထားတဲ့ စားကျင်းကြီးထဲဆင်းပြီး စိမ်ခိုင်းမယ်။ အဲဒီလူဟာ ဒီပျားရည် ခိုးတယ်,မခိုးဘူး သိနိုင်ပါသလား။"

"အရှင်ဘုရား မသိနိုင်ဘူး။"

ပျားရည်ရဲ့ အရသာဆိုတာ လျှာကမှ သိတာကိုး။ ဇီဝ က သိတယ်ဆိုလို့ရှိရင် ကိုယ်ကာယကလည်း အရသာသိရမှာပေါ့။ ဆိုလိုတာက အခုတော့ ပါးစပ်ပိတ်ထားတယ်၊ ပါးစပ်ပိတ်ထားတော့ ဇီဝ က ရှိနေတယ်။ အဲဒီ ဇီဝ က ဒီပျားရည်ခိုးတယ်၊ မခိုးဘူး၊ သူသိနိုင်ပါသလားလို့ဆိုတော့ "မသိနိုင်ဘူးဘုရား" လို့ ဖြေတယ်။

ရှင်နာဂသေနက "ဘာကြောင့် မသိနိုင်တာတုန်း" လို့ မေးတဲ့အခါ မိလိန္ဒမင်းကြီးက **"နာ ဟိ တာဿ ဘန္တေ မုခေ မဓု ပဝိဋ္ဌံ**- သူ့ပါးစပ်ထဲ ပျားရည်မှမဝင်တာ၊ သူ ဘယ်သိမှာတုန်း" လို့ ဆိုတယ်။

ပဌမ ပြောတုန်းကတော့ ဇီဝ က သိတယ်လို့ပြောတာ၊ အပေါက်အားလုံးကနေပြီး ဇီဝ က မြင်လည်းမြင်တယ်၊ ကြားလည်း ကြားတယ်၊ သိလည်းသိတယ်လို့ ပြောတာ။ အခုကျတော့ ပါးစပ်ထဲ မဝင်လို့ ခိုးတယ်၊ ခါးတယ်၊ သူမသိဘူးလို့ ပြောပြန်တယ်။

အသင်မင်းကြီးပြောတဲ့ စကားဟာ ရှေ့နောက်မညီဘူးလို့ ဆိုတော့ မိလိန္ဒမင်းကြီးဟာ အဲဒီမှာ အကြံအိုက်သွားတယ်။ သူဖြေဖို့ရာလည်း မရှိဘူး။ သူပြောခဲ့တဲ့ စကားကလည်း ပြဿဒ်ထဲမှာ တပည့်တော်တို့ ထိုင်နေကြတယ်၊ ပြတင်းပေါက်ကနေပြီး အကုန်လုံး မြင်ရတာဟာ ဇီဝ က မြင်တယ်လို့ ပြောလိုက်တာကိုး။ သူစကားနဲ့သူ ပြန်ပြီးတော့ မရှင်းနိုင်တော့ဘူး။

http://www.dhammadownload.com

မရှင်းနိုင်တော့ မိလိန္ဒမင်းကြီးက "**နာဟံ ပဋိဗလော တယာ ဝါဒိနာ သဒ္ဓိ**- ကိုယ်တော်နဲ့ပြိုင်ပြီး တပည့်တော် စကား မပြောနိုင်တောပါဘူး"။ **သာဓု ဘန္တေ အတ္ထံ ဇနေဟိ**- အရှင် ဘုရားပြောချင်တဲ့ အဓိပ္ပာယ်ကို ရှင်းရှင်းပဲပြောပါတော့" လို့ အလျော့ပေးလိုက်တယ်။

အဲဒီမှာ ရှင်နာဂသေနက အဘိဓမ္မာဆိုင်ရာ တရားစကား နဲ့ မိလိန္ဒမင်းကြီးကို နားလည်အောင် ရှင်းပြတယ်၊ အဲဒါက တကယ့် အနှစ်သာရဖြစ်တယ်။

ခန္ဓာကိုယ်ထဲမှာရှိတဲ့ ဇီဝ ဆိုတဲ့အရာသည် ခံစားတာလည်း သူပဲ၊ သိတာလည်း သူပဲ၊ အားလုံးဟာ သူပဲ။ စကားပြောတာ လည်း သူပဲ။ သူကပဲပြောတယ်လို့ ဒီလိုဆိုတာ။ အားလုံးလုပ်သမျှ သူ၊ ကုသိုလ်ကံ အကုသိုလ်ကံလုပ်တာ သူလုပ်တာ။ သူများ လုပ်တာ မဟုတ်ဘူး။ တကယ်ကတော့ ဇီဝ က လုပ်တာ။ ဇီဝ ကပဲ ခံစားတယ်လို့ စွဲစွဲလမ်းလမ်း မှတ်ယူထားကြတာဖြစ်တယ်။

ဒါက ဝိပဿနာဉာဏ်နဲ့ကြည့်မှ ဗုဒ္ဓဘာသာတိုင်းတောင် သဘောပေါက်ချင်မှ ပေါက်ဦးမယ်။ ဘာဖြစ်လို့တုန်းဆိုရင် စွဲလမ်းမှုက အင်မတန်ပြင်းလို့ပဲ။ ကိုယ့်ကိုယ်ကို စဉ်းစားကြည့်။ စကားပြောတာ ဘယ်သူပြောတာလဲ၊ ပြောရင် ငါပြောတယ်လို့ ပြောမှာပဲ။ စကားပြောသူက ဘယ်သူလဲ။ ခံစားနေတာ ဘယ်သူ လဲ၊ အလုပ်လုပ်နေတာ ဘယ်သူလဲ။ လူတွေပြောမယ်ဆိုရင် ငါလုပ်တယ်၊ ငါခံစားတယ်၊ ငါစကားပြောတယ်၊ ဒါပဲပြောမှာပဲ။

သဘာဝတရားကို ကျကျနန စဉ်းစားကြည့်ဖို့လိုတယ်။ မိလိန္ဒမင်းကြီးရဲ့ မဖြေရှင်းနိုင်တဲ့ ပြဿနာကို ရှင်နာဂသေနက

http://www.dhammadownload.com

အဘိဓမ္မာသဘောနဲ့ ပြန်ဖြေရှင်းပြတာ။ အဘိဓမ္မာလို့ဆိုပေမယ့် မြတ်စွာဘုရားဟောတာ သုတ္တန်တွေထဲမှာလည်း ပါတယ်။

ရှင်နာဂသေနက ဘယ်လိုရှင်းပြတုန်းဆိုရင် **"စက္ခုဥ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ**- မျက်စိနဲ့ အဆင်းအာရုံ ဆုံလိုက်တဲ့အခါမှာ မြင်သိစိတ်ပေါ်လာတယ်။ မြင်သိစိတ် ပေါ်လာတဲ့အခါမှာ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြိယ၊ မနသိကာရ၊ စေတသိက်တွေ တစ်ခါတည်း ပါလာတယ်။

ဒီနေရာမှာ မြင်တယ်ဆိုတာ ဇီဝ က မြင်တာမဟုတ်ဘူး။ မျက်စိနဲ့ အဆင်းအာရုံကို လာဆုံလိုက်တဲ့အခါ မြင်သိစိတ် ပေါ်တာ။ အဲဒီ မြင်သိစိတ်က ဝေဒဂူ မဟုတ်ဘူး၊ ဇီဝ မဟုတ်ဘူး၊ အတ္တမဟုတ်ဘူး။ မြင်သိစိတ်ဟာ နာမ်တရားသာ ဖြစ်တယ်။

အဲဒီ မြင်သိစိတ်လေးနဲ့အတူ အာရုံနဲ့ ဆက်သွယ်ပေးတဲ့ ဖဿ။ ခံစားတဲ့ ဝေဒနာ၊ မှတ်သားတဲ့ သညာ၊ စေ့ဆော်ပေးတဲ့ စေတနာ၊ တည်ငြိမ်ပြီးတော့အာရုံတစ်စုတည်းစုပေးတဲ့ ဧကဂ္ဂတာ၊ အသက်ဆက်ပေးတဲ့ ဇီဝိတိန္ဒြေ၊ အာရုံဘက်ကို ဦးလှည့်ပေးတဲ့ မနသိကာရဆိုတဲ့ စေတသိက်တရားတွေ ပေါ်လာတယ်။ အဲဒီလို ပေါ်လာပြီဆိုတော့မှ မြင်တယ်ဆိုတာ ဖြစ်တာ။

အဲဒီတရားတွေဟာ အကြောင်းရှိလို့ ဖြစ်လာကြတာသာ ဖြစ်တယ်။ အဲဒီအထဲမှ ဇီဝ ဆိုတာ မရှိဘူး။

ရှင်နာဂသေနက ဆက်ပြီးရှင်းပြတယ် **"ဧဝ မေတေ ဓမ္မာ ပစ္စယတော ဇာယန္တိ**- အခုပြောတဲ့ တရားတွေက အကြောင်းကြောင့် ဖြစ်လာတာတွေချည်းပဲ။"

http://www.dhammadownload.com

မျက်စိနဲ့အဆင်း ဆုံခြင်းကြောင့် စက္ခုဝိညာဏ်စိတ် ဖြစ်တယ်။ စက္ခုဝိညာဏ်စိတ် ဖြစ်သည့်အတွက်ကြောင့် ဖဿ, ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ, မနသိကာရ ဆိုတာတွေ ဖြစ်တယ်။ ဖြစ်သည့်အတွက်ကြောင့် မြင်တယ်ဆိုတာ ဖြစ်လာတယ်။ အကြောင်းတရားတွေက ပေါင်းဆုံလို့ ဖြစ်ပေါ်လာတာသာ ဖြစ်တယ်။ ပြီးရင် ချုပ်သွားကြတယ်။

ကြားတယ်ဆိုတာရော ဘယ်သူ ကြားတာလဲ၊ **"သောတဉ္စ ပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတဝိညာဏံ**-နားရယ်၊ အသံရယ် နှစ်ခုဆုံလိုက်တဲ့အခါမှာကြားသိစိတ်ပေါ်လာတယ်။ ကြားသိစိတ်နဲ့ ယှဉ်တွဲပြီးတော့ **ဖဿ, ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ, မနသိကာရ** ဆိုတဲ့ စေတသိက်တွေပေါ်လာတယ်။ အဲဒီကျတော့မှ ကြားတယ်ဆိုတာ ဖြစ်လာတယ်။

ဒီထဲမှာရော ဝေဒဂူရှိလား၊ မရှိဘူး။ နာမ်နဲ့ရုပ်နဲ့ ဖြစ်လာတာချည်းပဲ။ ဖြစ်လာတဲ့ ရုပ်နာမ်တွေဟာ အကြောင်းကြောင့် ဖြစ်ပေါ်လာကြတာ။

ထို့အတူ နှာခေါင်းရှိတယ်၊ အနံ့ရှိတယ်၊ နှာခေါင်းနဲ့အနံ့ဆုံလိုက်တဲ့အခါမှာ **ဃာနဝိညာဏ်စိတ်** ပေါ်လာတယ်။ အဲဒါကိုပဲ အနံ့ရတယ်လို့ပြောတာ။ လျှာရှိတယ်၊ အရသာရှိတယ်။ နှစ်ခုဆုံလိုက်တဲ့ အခါကျတော့မှ အရသာသိစိတ် ပေါ်လာတယ်။ အဲဒါကိုပဲ အရသာခံတယ်လို့ ပြောတယ်။ ကိုယ်ကာယရှိတယ်၊ ဖောဋ္ဌဗ္ဗာရုံရှိတယ်၊ အဲဒီနှစ်ခု ပေါင်းစပ်လိုက်တဲ့အခါမှာ ထိသိစိတ် ပေါ်လာတယ်။ အဲဒါကိုပဲ ထိတယ်လို့ ခေါ်တယ်။

နောက်တစ်ခါ စိတ်ထဲက စိတ်ရယ်၊ ကြံတွေးစရာ အာရုံရယ် ဆုံစည်းလိုက်တဲ့အခါမှာ ကြံသိစိတ်တွေ ပေါ်လာတယ်။

http://www.dhammadownload.com

အဲဒါပေါ်တဲ့အခါမှာ ကြံသိတယ်ဆိုတဲ့သဘော ပေါ်လာတယ်။ အားလုံးဟာ အကြောင်းတရားတွေကို စွဲမှီပြီးတော့ ဖြစ်လာတာတွေသာ ဖြစ်တယ်။

အဲဒီထဲမှာ ဝေဒဂူဆိုတာ နေရာမရှိဘူး။ ဇီဝ က လုပ်နေတာ မဟုတ်ဘူး။ ဘယ်သူကမှ လုပ်နေတာလည်း မဟုတ်ဘူး။ သဘာဝတရားတွေဟာ အချင်းချင်း ကြောင်းကျိုးဆက်ပြီး ဖြစ်ကြတာ။

"နဟေတ္ထ ဝေဒဂူ ဥပလဗ္ဘတိ' ဒီအထဲမှာ ဝေဒဂူဆိုတာ မရှိဘူး။ ဇီဝ ဆိုတာ မရှိဘူး၊ အတ္တဆိုတာ မရှိဘူး၊ ခံစားသူဆိုတာလည်း မရှိဘူး၊ ဖဿက ဆက်သွယ်ပေးတယ်၊ သညာက မှတ်တမ်းတင်တယ်။ ဝေဒနာက ခံစားတယ်။ စေတနာက တွန်းအားပေးတယ်။ ဧကဂ္ဂတာက စုစည်းပေးတယ်။ ဇီဝိတိန္ဒြေက နောက်ထပ်ပြန်ဖြစ်အောင် စောင့်ရှောက်ပေးတယ်။ မနသိကာရဆိုတာ အာရုံဘက်ကို ဦးလှည့်ပေးတယ်။ အားလုံးပေါင်းပြီးတော့ အလုပ်လုပ်တာသာ ဖြစ်တယ်။

ဝေဒဂူဆိုတဲ့ ဇီဝအတ္တ ဆိုတာ လူတွေရဲ့ နေ့စဉ်လုပ်နေတဲ့ သတ္တဝါတွေရဲ့သန္တာန်မှာ လုံးဝမရှိဘူး။ သဘာဝတရားသက်သက်မျှသာ ဖြစ်တယ်ဆိုတာကို အဘိဓမ္မာရှုထောင့်ကနေ ရှင်းပြလိုက်တယ်။

မိလိန္ဒမင်းကြီးက "ကတ္ထောသိ ဘန္တေ နာဂသေန' အရှင်ဘုရား ဖြေဆိုချက်တွေဟာ သင့်တော်ပါပေတယ်"လို့ ဝန်ခံတယ်။ ဒီမေးခွန်းနဲ့ ဒီအဖြေဟာ ဒီမှာပဲ အဆုံးသတ်သွားတယ်။

http://www.dhammadownload.com

နိဂုံးချုပ်

ဒီနေရာမှာ ဘုန်းကြီးတို့တတွေ သဘာဝတရားတွေနဲ့ ဖြစ်ပေါ်နေမှုကို ဆင်ခြင်သုံးသပ်ကြည့်မယ်ဆိုလို့ရှိရင် သွားတာပဲ ဖြစ်စေ၊ စားတာပဲဖြစ်စေ၊ နေတာထိုင်တာကအစ အခုလို သဘာဝတရားတွေနဲ့သာ ဖြစ်ပျက်နေတာသာ ဖြစ်တယ်။ ဒီထဲမှာ ငါဆိုတာလည်း မရှိဘူး။ ငါ့ဟာဆိုတာလည်း မရှိဘူး၊ ရုပ်နာမ်မမှ သခ်ါရတရားတွေရဲ့ ဖြစ်ခြင်းမျှသာဖြစ်တယ် ဆိုတာလေးကို ဆင်ခြင်နိုင်မယ်ဆိုလို့ရှိရင် ဝိပဿနာဉာဏ်ဘက်ကို ဦးလှည့်နေတဲ့ အသိဉာဏ်တွေ ဖြစ်ပေါ်လာမှာ ဖြစ်တယ်။

ဒီလို ဖြစ်ပေါ်လာတဲ့အခါ အမှန်တရားကို သိပြီးတော့ တွယ်တာမှုတွေ လျော့ချနိုင်မှာ ဖြစ်တယ်။ တွယ်တာမှုတွေ လျော့ကျမှ သောကဆိုတာလည်းကင်းပြီး ရင်တွင်းမှာ အေးချမ်းမှာ ဖြစ်တယ်။

ရင်တွင်းနှလုံးသားရဲ့ အေးချမ်းမှုကိုလိုလားတဲ့ပုဂ္ဂိုလ်တွေ အားလုံးဟာ မြတ်ဗုဒ္ဓရဲ့ အဆုံးအမအတိုင်း အဘိမဟာသဘာဝ, ရုပ်နာမ်သဘာဝကို ဆင်ခြင်စဉ်းစားခြင်းဖြင့်သာလျှင် တွယ်တာမှုတွေကို လျော့ချနိုင်တာ ဖြစ်သောကြောင့် တွယ်တာမှုတွေ လျော့ချမှသာလျှင် သောကဟာ ငြိမ်းနိုင်မှာ ဖြစ်သောကြောင့် ဆင်ခြင်သုံးသပ်ပြီး ဝိပဿနာအမြင်မျိုးရအောင် ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု ... သာဓု ... သာဓု

Transcribed by-**Ko Thu Rein Aung**
Typed by- **Wai Wai Lwin**

http://www.dhammadownload.com

မိလိန္ဒပဉှာ

မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ ဗုဒ္ဓဝါဒရေးရာ အခေါ်အတင်ပြောဆိုချက်များ အပိုင်း(၁၅)

မှတ်တမ်း

သာသနာတော်နှစ် ၂၅၆၀-ပြည့်နှစ်၊ ကောဇာသင်္ကရာဇ် ၁၃၇၈ -ခုနှစ်၊ နတ်တော်လဆန်း (၁၃) ရက်၊ ၂၀၁၆-ခုနှစ် ဒီဇင်ဘာလ(၁၂) ရက်၊ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ဇမ္ဗူသီရိ ဝိမာန်တော်အတွင်း ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် သာသနပူဇော မြတ်မင်္ဂလာတရားအလှူအထူးတရားပွဲ၌ ၁၀-နှစ်မြောက် မင်္ဂလာအထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့၊ နှစ်ဖက်မိဘများအား အမှူးထား၍ ဦးရှိန်းသူအောင် + ဒေါက်တာပြည့်ပြည့်သိန်း၊ သမီး လင်းလပြည့်ရှိန်း၊ မေပြည့် ဇော်ရှိန်း မိသားစုတို့၏ အမတဒါန၊ မမွဒါနအဖြစ်ဖြင့် ဟောကြားအပ်သော **'မိလိန္ဒမင်း နှင့် ရှင်နာဂသေနတို့၏ ဗုဒ္ဓဝါဒရေးရာ အချေအတင်ပြောဆိုချက်များ အပိုင်း (၁၅)'** တရားဒေသနာတော်။

လူတွေရဲ့ အသိဉာဏ်, ဗဟုသုတ, ဉာဏ်ရည်ဉာဏ်သွေးဖွံ့ဖြိုးတိုးတက်ဖို့ရာအတွက် များစွာ အထောက်အကူဖြစ်လို့ မိလိန္ဒပဉှာကို "မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ ဗုဒ္ဓဝါဒရေးရာ အချေအတင်ပြောဆိုချက်များ"ဆိုတဲ့ ခေါင်းစဉ်နဲ့ ဟောလာတာ ၁၄-ပိုင်း ပြီးသွားပြီ။ မိလိန္ဒမင်းကြီးကမေးတဲ့ မေးခွန်းပေါင်းဟာ ၃၁-ခု ပြီးသွားလို့ ဒီနေ့ည ၃၂-ခုမြောက်မေးခွန်းမှ စဟောပါမယ်။

http://www.dhammadownload.com

မိလိန္ဒမင်းကြီးဟာ ဗဟုသုတအင်မတန်စုံတဲ့ပုဂ္ဂိုလ်ဆိုတော့ သူမေးတဲ့အထဲမှာ အဘိဓမ္မာဆိုင်ရာ မေးခွန်းတွေလည်း ပါတယ်၊ လူမှုရေးမေးခွန်းတွေလည်း ပါတယ်၊ သဘာဝကျကျ ရှုတတ် မြင်တတ်ဖို့ အသိပညာဟာ တန်ဖိုးအရှိဆုံး ဖြစ်တယ်။

အမေးနဲ့အဖြေ ဆိုသည်မှာ အသိဉာဏ်တိုးပွားဖို့အတွက် ဖြစ်တယ်။ ဉာဏ်ရည်ဉာဏ်သွေးတွေ တိုးမြင့်လာဖို့အတွက် ဒီအမေးအဖြေကို နားထောင်ကြရတယ်။ ဒီလိုမေးရင် ဒီလို ဖြေတယ်ဆိုတာ ဉာဏ်ရည်ဉာဏ်သွေးတက်ဖို့အတွက် အရေးကြီး တယ်။

တရားနဲ့ ပတ်သက်လာလို့ရှိရင် ဟောသမျှကို လက်ခံတာ မျိုးကို ဘုရားကိုယ်တိုင်ကိုက သဘောမကျပါဘူး။ မေးခွန်းတွေ တက်လာလို့ရှိရင် မြတ်စွာဘုရားက ခီးမွမ်းတယ်၊ ရဟန်းတစ်ပါး က မေးခွန်းမေးတာကို မြတ်စွာဘုရားက အားပေးပြီး ကျကျနန ဖြေပေးတာ ရှိတယ်ပေါ့နော်။

မေးခွန်းမေးတာ အင်မတန်မှကောင်းတယ်၊ **မဟာပညာ-သံဝတ္တနီကပဋိပဒါ** ကြီးမြတ်သောပညာကို ဖြစ်စေနိုင်တဲ့ အလုပ်ဖြစ်တယ်။ မေးခွန်းထုတ်ပြီး အဖြေရှာခြင်းဟာ ပညာရဖို့ အတွက် ဖြစ်တယ်။ ဒီကနေ့ခေတ်မှာ သူတစ်ပါးတွေ ပညာ အခွင့်အလမ်းရအောင် အားပေးတာကို ပညာပါရမီလို့ ယူဆနေ ကြသော်လည်း စာပေကျမ်းဂန်ထဲမှာ မိမိကိုယ်တိုင်က သိလို၍ မေးမြန်း စူးစမ်းလေ့လာမှ ပညာပါရမီကို ရနိုင်တယ်လို့ ဆိုတာပါ။ အဲဒါက ပိုပြီးလက်တွေ့ကျတယ်။

http://www.dhammadownload.com

မြတ်စွာဘုရားဟာ ဘာကြောင့် ပညာကြီးသလဲလို့ ဆိုလို့ ရှိရင် ပညာပါရမီကို ဖြည့်ခဲ့လို့ဖြစ်တယ်။ ဘယ်လို ပညာပါရမီ ဖြည့်လဲလို့ ဆိုလို့ရှိရင် ပညာဖြင့် သူများအခက်အခဲကို ဖြေရှင်းခဲ့တာလည်းပါတယ်။ အဓိကကတော့ တတ်သိနားလည်တဲ့ ပုဂ္ဂိုလ်တွေထဲ ချဉ်းကပ်ပြီး လောကရဲ့သဘာဝတွေကို စိစစ်မေးမြန်းခြင်းလေ့လာခြင်း ဖြစ်တယ်။ ဒါဟာပညာပါရမီရဲ့ အကြောင်းဖြစ်တယ်လို့ ဆိုတယ်။ ဒါကြောင့် မေးကြရတယ်, မြန်းကြရတယ်ပေါ့။ မေးမြန်းမှုဟာ အသိပညာကို တိုးပွားနိုင်တယ်လို့ မှတ်ရပါတယ်။

မိလိန္ဒမင်းကြီး ကလည်း မေးခွန်းတွေ မေးတယ်, ရှင်နာဂသေနကလည်း ကျကျနန ဖြေဆိုခဲ့တယ်ပေါ့။ ဒီကနေ့ ၃၂-ခုမြောက် မေးခွန်းနဲ့အဖြေကို ရှင်းပြမယ်။ သူမေးတာဟာ အဘိဓမ္မာမသင်ဘူးတဲ့ ပုဂ္ဂိုလ်တွေအတွက် အနည်းငယ် အခြေခံရအောင် ပြောရမယ်။

၃၂-မေးခွန်း အခြေခံသိစရာ

မျက်စိ ဖွင့်လိုက်တဲ့အခါ မြင်စရာအာရုံ မျက်စိပေါ်မှာ ပေါ်လာတယ်။ အဲဒီမှာ မျက်စိကတစ်ခု, မျက်စိမှာပေါ်လာတဲ့ အာရုံကတစ်ခု, မျက်စိကို စက္ခုလို့ခေါ်တယ်။ မျက်စိထဲမှာ ပေါ်လာတဲ့အာရုံကို ရူပါရုံလို့ခေါ်တယ်။ အာယတန နာမည်နဲ့ ပြောမယ်ဆိုရင် မျက်စိက **စက္ခာယတန**, မျက်စိထဲမှာပေါ်လာတဲ့ အဆင်းအာရုံက **ရူပါယတန**, အဲဒီ အာယတန ၂-ခု ဆုံလိုက်တဲ့ အခါမှာ စက္ခုဝိညာဏခေါ်တဲ့ မြင်သိစိတ်ဆိုတာ ပေါ်လာတယ်။

http://www.dhammadownload.com

ထို့အတူပဲ နားရယ်, အသံရယ် ၂-မျိုးမှာ နားကို **သောတာယတန**၊ အသံကို **သဒ္ဒါယတန**လို့ ခေါ်တယ်။ နားနဲ့ အသံဆုံလိုက်လို့ရှိရင် သောတဝိညာဏ်လို့ခေါ်တဲ့ ကြားသိစိတ်လေးပေါ်လာတယ်။

ကိုယ့်မှာ နှာခေါင်းရှိတယ်၊ နှာခေါင်းက အနံ့ကိုဖမ်းယူပြီး ဘာနံ့ဆိုတာကို သိလာတယ်၊ နှာခေါင်းကို **ဃာနယတန** လို့ ခေါ်တယ်၊ အနံ့ကို **ဂန္ဓာယတန**လို့ခေါ်တယ်၊ အနံ့ရပြီးသိတဲ့စိတ်ကို ဃာနဝိညာဏစိတ်လို့ခေါ်တယ်။

ပါးစပ်တွင်းမှာ လျှာရှိတယ်၊ လျှာပေါ်စားလိုက်တဲ့ အစာရောက်သွားတာနဲ့ တစ်ပြိုင်နက် ချိုတယ်၊ ချဉ်တယ်၊ ခါးတယ်၊ စပ်တယ်၊ ငန်တယ်ဆိုတဲ့အရသာ ပေါ်လာတယ်။ အဲဒီတော့ လျှာရယ်၊ အရသာရယ် ၂-ခု ဆုံလိုက်တဲ့အခါမှာ အရသာသိသည့်စိတ် ပေါ်လာတယ်။ အဲဒီနေရာမှာ လျှာက **ဇိဝှါယတန**၊ ဒီ အစာအာဟာရထဲမှာရှိတဲ့ ချို, ချဉ်, စပ်, ခါးဆိုတဲ့ အရသာက **ရသာယတန**၊ သိလိုက်တဲ့စိတ်က ဇိဝှါဝိညာဏစိတ်လို့ ဆိုတယ်။

အဲဒီလိုပဲ ကိုယ်ကာယရှိတယ်၊ ကိုယ်ကာယကို တစ်ခုခုက လာထိတယ်၊ ထိတယ် ဆိုတဲ့အရာမှာ ပျော့တယ်၊ မာတယ် **သို့မဟုတ်** ပူတယ်၊ အေးတယ် သို့မဟုတ် လှုပ်ရှားတယ်၊ တွန်းကန်တယ်ဆိုတာ သိမယ် ဒီ ၃-မျိုးကိုပဲ သိလို့ရတယ်။

အဲဒီတော့ ကိုယ်ကာယရယ်၊ ထိတွေ့လာတဲ့ အထိအတွေ့ရယ်၊ ဒီ ၂-ခု ဆုံမိလိုက်တဲ့အခါမှာ ထိမှုကို သိတဲ့စိတ်ပေါ်လာတယ်။ ကိုယ်ကာယကို **ကာယာယတန**လို့ ခေါ်တယ်၊ လာထိတဲ့အာရုံကို **ဖောဋ္ဌဗ္ဗာယတန**လို့ ခေါ်တယ်၊ သိတဲ့စိတ်လေးကို ကာယဝိညာဏစိတ်လို့ ခေါ်တယ်။

http://www.dhammadownload.com

နောက်တစ်ခုက မျက်စိမှာထင်တာလည်း မဟုတ်၊ နားမှာကြားတာလည်း မဟုတ်၊ နှာခေါင်းမှာ အနံ့ရတာမျိုးလည်း မဟုတ်ဘူး၊ လျှာက လျက်တာလည်းမဟုတ်ဘူး၊ ခန္ဓာကိုယ်က ထိတာလည်း မဟုတ်ဘူး၊ စိတ်ထဲမှာ တွေးတာနော်။

ပြန်တွေးပြီး သိတယ်ဆိုတဲ့စိတ် ပေါ်လာပြန်တယ်။ အဲဒီမှာ စိတ်ဆိုတာကို **မနာယတန**၊ တွေးတဲ့အာရုံကို **ဓမ္မာယတန**၊ သိတဲ့စိတ်ကို **မနောဝိညာဏလို့** ဒီလိုခေါ်တယ်ပေါ့နော်။

အကြမ်းဖျဉ်းအားဖြင့် အာယတန ၁၂-ပါး၊ ဓါတ် ၁၈-ပါးကို အခုလို နားလည်ထားရမယ်၊ အဲဒီနောက်မှာ စိတ်ဖြစ်စဉ်လေးကို သဘောပေါက်ထားဖို့လိုတယ်။

ပန်းပွင့်လေးတစ်ပွင့်ရဲ့ ဖြစ်စဉ်ကြည့်လေ။ ပထမဆုံးဟာ အငုံအကင်းလေး လာတယ်၊ ပြီးတော့မှ အဖူးလေးလာတယ်၊ ပြီးတဲ့အခါကျတော့ ပွင့်လာတယ်၊ ပွင့်ပြီးရင် ရင့်လာတယ်၊ ရင့်လာပြီးတော့ နွမ်းလာတယ်၊ ပြီးတော့ ကြွေကျသွားတယ်၊ ပန်းပွင့်လေးရဲ့ ဖြစ်စဉ်မှာ Process ရှိတယ်၊ ဖြစ်စဉ်လေးတစ်ခုရှိတယ်။

ထို့အတူပဲ လူတွေရဲ့သန္တာန်မှာ စိတ်ဖြစ်စဉ်လေးဟာ ဘာနဲ့တူတုန်းဆိုရင် လူတွေလုပ်နေတဲ့ ဖြစ်စဉ်နဲ့တူတယ်။ ဥပမာ မိမိကိုယ်တိုင် အခန်းထဲမှာတံခါးပိတ်ပြီးတော့နေတယ်။ ကိုယ့်ဆီလာလည်တဲ့ လူက Telephone ကြိမဆက်ဘဲနဲ့ ရောက်လာတယ်၊ ဧည့်သည်က ပိတ်ထားတဲ့တံခါးကို ခေါက်တယ်၊ အသံကြားတယ်၊ တံခါးကို ထဖွင့်တယ်၊ ဖွင့်တဲ့အခါ မြင်တယ်၊ မြင်တဲ့အခါ လက်ခံခေါ်ယူတယ်၊ စကားထိုင်ပြောတယ်၊ စကားထိုင်ပြောပြီး ဧည့်ခံတယ်၊ ပြီးတဲ့အခါ ပြန်သွားတယ်၊ တံခါးပြန်ပိတ်သွားတယ်၊ ဒါက ဖြစ်စဉ်တစ်ခုပဲ။

http://www.dhammadownload.com

အဲဒါလိုပဲ လူတွေမှာ တံခါး ၆-ပေါက် ရှိတယ်၊ မျက်စိမှာ အဆင်းအာရုံ ပေါ်လာခြင်းဟာ တံခါးလာခေါက်ခြင်းပဲ။ တံခါးလာခေါက်လို့ တံခါးဖွင့်ပေးတာနဲ့ **ပဥ္စဒ္ဒါရာဝဇ္ဇန်းစိတ်** ဖြစ်တာတူတယ်၊ တံခါးဖွင့်လို့မြင်တာနဲ့ **စက္ခုဝိညာဏစိတ်** ဖြစ်တာတူတယ်။ လာပါဆိုပြီး လက်ခံတာနဲ့ **သမ္ပဋိစ္ဆိုင်းစိတ်** ဖြစ်တာတူတယ်။ လက်ခံပြီးတဲ့အခါ စူးစမ်းတာနဲ့ **သန္တီရဏ** စိတ်ဖြစ်တာတူတယ်။ ဘာကိစ္စလာတယ်လို့ သိမြင်ဆုံးဖြတ်နိုင်တာနဲ့ **ဝုဋ္ဌော** ဖြစ်တာတူတယ်၊ အဲဒီဝုဋ္ဌောစိတ် ဆုံးဖြတ်ချက်ပြီးတဲ့အခါ ဧည့်ခံတာနဲ့ **ဇော်စိတ်**ဖြစ်တာတူတယ်၊ နှုတ်ခွန်းဆက်တာနဲ့ တဒါရုံဖြစ်တာတူတယ်၊ ပြီးတော့ တံခါးပြန်ပိတ်သွားတာနဲ့ ဘဝင်စိတ်ဖြစ်တာတူတယ်။ ဒါဟာ ဖြစ်စဉ်တစ်ခုပဲ။ ဘယ်အရာပဲဖြစ်ဖြစ် သတိထားနေလို့ရှိရင် ဖြစ်စဉ်ရှိတယ်။

အဲဒီဖြစ်စဉ်နဲ့ ပတ်သက်ပြီး အခု **မိလိန္ဒမင်းကြီး**က ရှင်နာဂသေနကို မေးတာပဲဖြစ်တယ်။ နားလည်လွယ်အောင် အခြေခံဖြစ်စဉ်ကို ပြောပြတာနော်။

၃၂–စက္ခုဝိညာဏဒီပဉှာ

ပဌမ မေးခွန်း

မိလိန္ဒမင်းကြီးက ရှင်နာဂသေနကို မေးခွန်းထုတ်တယ်။ “**ယတ္ထ စက္ခု ဝိညာဏံ ဥပ္ပဇ္ဇတိ၊ တတ္ထ မနောဝိညာဏံ ဥပ္ပဇ္ဇတိ** စက္ခုဝိညာဏ်စိတ် ဖြစ်တဲ့အခါမှာ မနောဝိညာဏ်စိတ် ဖြစ်သလား”။

http://www.dhammadownload.com

အဲဒီမေးခွန်းကို **ရှင်နာဂသေနက** ဖြေတယ်။ "စက္ခု ဝိညာဏ်စိတ် ဖြစ်ပြီဆိုရင် မနောဝိညာဏ်စိတ် ဖြစ်တယ်။" ဘာဖြစ်လို့တုန်းဆိုရင် မြင်ပြီးရုံနဲ့ရပ်သွားမှာမဟုတ်ဘူး၊ မြင်ပြီးရင် လက်ခံတယ်၊ စုံစမ်းတယ်၊ ဆုံးဖြတ်တယ်နော်။ ပြီးတော့ အလုပ်လုပ်တဲ့ ဇောစိတ်တွေ ဖြစ်တယ်။ ပြီးတော့ ဇောကိုဆက်ခံတဲ့ တဒါရုံစိတ်တွေ ဖြစ်တယ်။ ပြီးတော့မှ သူ့ကိစ္စ ပြီးသွားတယ်။ အဲဒီမှာ စက္ခုဝိညာဏ်စိတ် ဖြစ်ပြီးနောက် ဖြစ်ကြတဲ့ သန္နိဋ္ဌာရဏ ဝုဋ္ဌော ဇော တဒါရုံ စိတ်တွေဆိုတာ မနောဝိညာဏ်စိတ်တွေပဲ၊ ပဉ္စဒ္ဒါရာဝဇ္ဇန်းနဲ့ သမ္ပဋိစ္ဆိန်းစိတ်ကိုတော့ မနောမာတ်လို့ သုံးတယ်။

မြင်တဲ့စိတ်က စက္ခုဝိညာဏ်စိတ်၊ စဉ်းစားတဲ့စိတ်က မနောဝိညာဏ်စိတ်လို့ ဒီလို အကြမ်းဖျဉ်း မှတ်ထားကြည့်။ ကြားပြီးရင်လည်း ဘာသံပါလိမ့် စဉ်းစားတယ်၊ ဘာသံပါလိမ့် စဉ်းစားတာ မနောဝိညာဏ်စိတ်။ အနံ့ရရင်လည်း ဘာနံ့ပါလိမ့် စဉ်းစားမယ် အနံ့ရတဲ့စိတ်က ဃာနဝိညာဏ်စိတ်၊ စဉ်းစားတဲ့စိတ်က မနောဝိညာဏ်စိတ်၊ မြည်းကြည့်လိုက်တယ်၊ ဇိဝှါဝိညာဏ်စိတ် ဖြစ်တယ်။ အရသာသိတယ်၊ ပြီးတော့ ကောင်းတယ်၊ မကောင်းဘူး ဆက်တွေးတာ မနောဝိညာဏ်စိတ်။ ခန္ဓာကိုယ်ကို လာထိတယ် ဆိုရင် ထိလို့သိလိုက်တဲ့စိတ်က ကာယဝိညာဏ်စိတ်။ ဆက်တွေးတာတွေကျတော့ မနောဝိညာဏ်စိတ်တွေ ဖြစ်တယ်။ စိတ်ကူးကြံစည်တဲ့အခါမှာလည်းပဲ ထို့အတူပဲ၊ မနောဝိညာဏ်စိတ်တွေ ဖြစ်လာတတ်တယ်။ အဲဒီလို ဒွါရတွေနဲ့ ပတ်သက်ပြီး မှတ်သားထားရမယ်။

http://www.dhammadownload.com

ဒုတိယ မေးခွန်း

မိလိန္ဒမင်းကြီးက "စက္ခုဝိညာဏ် မြင်သိစိတ်က အရင် ဖြစ်ပြီး မနောဝိညာဏ်စိတ်က နောက်မှဖြစ်တာလား၊ သို့မဟုတ် မနောဝိညာဏ်စိတ်က ပထမဖြစ်ပြီး စက္ခုဝိညာဏ် မြင်သိစိတ်က နောက်မှ ဖြစ်တာလား"လို့ မေးပြန်တယ်။

ရှင်နာဂသေနက ဖြေတယ်။ "စက္ခုဝိညာဏ် မြင်သိစိတ် ဖြစ်ပြီးမှ မနောဝိညာဏ်စိတ် ဖြစ်တာပါ"။

တတိယ မေးခွန်း

မိလိန္ဒမင်းကြီးက မေးပြန်တယ်၊ "အရှင်ဘုရား၊ စက္ခု ဝိညာဏ်စိတ် မြင်သိစိတ်က မနောဝိညာဏ်ကို ငါဖြစ်တဲ့နေရာမှာ မင်းဖြစ်ရမယ်လို့ အမိန့်ပေးသလား" သို့မဟုတ် မနောဝိညာဏ် စိတ်ကလည်း စက္ခုဝိညာဏ်စိတ်ကို "မင်းဖြစ်တဲ့အခါ ငါလဲ ဖြစ်တယ်လို့ အသိပေးထားသလား"။

အဲဒီလို မေးတဲ့အခါ ရှင်နာဂသေန က ရှင်းပြတယ်။ မဟုတ်ဘူး၊ သူတို့အချင်းချင်းဟာ စကားပြောနိုင်စွမ်း မရှိကြဘူး၊ အချိတ်အဆက် မရှိဘူး။

စတုတ္ထ မေးခွန်း

မိလိန္ဒမင်းကြီး က "အဲဒီလို သဘာဝတရားတွေဟာ တစ်ခုနဲ့တစ်ခု ချိတ်ဆက်ထားတာ မရှိဘူး၊ အဲဒီလို ချိတ်ဆက် ထားတာ မရှိဘဲနဲ့ စက္ခုဝိညာဏ်စိတ် ဖြစ်ပြီးတဲ့နောက်မှာ မနော ဝိညာဏ်စိတ် ဖြစ်တယ်ဆိုတာ ဘာကြောင့်လဲ"လို့ မေးပြန်တယ်။

http://www.dhammadownload.com

ဒီမေးခွန်းကို ရှင်နာဂသေနက အကြောင်း ၄-မျိုးနဲ့ ရှင်းပြတယ်။

(၁) **နိန္ဒ**- ညွှတ်ကိုင်းခြင်း၊

(၂) **ဒွါရ**- တံခါးပေါက်ဖြစ်ခြင်း၊

(၃) **စိဏ္ဏ**- ကျင့်သားရနေခြင်း၊

(၄) **သမုဒါစာရ**- သင်ယူလေ့ကျင့်ထားခြင်း၊

အဲဒီ အကြောင်း ၄-မျိုးကြောင့်တဲ့ တစ်ခုနဲ့တစ်ခုဟာ ညှိနှိုင်းတိုင်ပင်ထားတာ မရှိသော်လည်း ဖြစ်နိုင်ကြတယ်။

ညွှတ်ကိုင်းမှု ဥပမာ

ဒီနေရာမှာ **မိလိန္ဒမင်းကြီး**က ထပ်မေးတယ်၊ "အရှင်ဘုရား၊ ညွှတ်ကိုင်းလို့ စက္ခုဝိညာဏ်ဖြစ်တဲ့အခါ မနောဝိညာဏ် စိတ် ဖြစ်ရတယ်ဆိုတာ ဘယ်လိုပါလဲ၊ ဥပမာနဲ့ ရှင်းပြစမ်းပါ"။

ရှင်နာဂသေနက ရှင်းပြတယ်။ "ဥပမာတစ်ခု ပြောပြမယ်၊ မိုးရွာချလိုက်တယ်၊ အဲဒီ ရွာချလိုက်တဲ့ မိုးရေဟာ ဘယ်စီးသွားတုန်း"။

"အရှင်ဘုရား နိမ့်တဲ့ဆီ စီးသွားတယ်။"

ပထမ ရွာချလိုက်တဲ့မိုးရေဟာ နိမ့်တဲ့ဘက်ကို စီးသွားတယ်၊ နောက်တစ်ခါ မိုးရွာပြန်တယ်။ ဘယ်စီးပြန်တုန်း"။

"အရှင်ဘုရား ပထမ ရေစီးကြောင်းအတိုင်း စီးသွားပါတယ်။"

အဲဒီလို ဖြစ်တဲ့နေရာမှာ ပထမဆုံးစီးတဲ့ရေက နောက်စီးတဲ့ရေကို မင်းငါ့နောက် လိုက်ခဲ့လို့ ခေါ်သွားတာရှိလား၊ နောက်

http://www.dhammadownload.com

ရေစီးတဲ့ ရေကလည်း မင်းနောက် ငါ စီးလိုက်ခဲ့မယ်ပြောတာ ရှိသလားလို့ ရှင်နာဂသေနက မေးတယ်။

မိလိန္ဒမင်းကြီးက "အရှင်ဘုရား အဲဒီလို မရှိပါဘူး။ ရှေ့ရေ နောက်ရေ အချင်းချင်း တိုင်ပင်ပြောဆိုမှု မရှိပါဘူး။ နိမ့်ရာသို့ စီးဆင်းခြင်း ဖြစ်ပါတယ်"လို့ ဖြေတယ်။

မိုးရွာချလိုက်တဲ့ရေ စီးသွားတာဟာ နောက်စီးဖို့ရာ အတွက်လည်း သူက လမ်းထွင်မေးသလို ဖြစ်သွားတယ်။ ပထမ စီးသွားတဲ့ရေနဲ့ နောက်စီးတဲ့ရေဟာ အချိတ်အဆက် မရှိဘူး၊ မရှိသော်လည်းဘဲ ပထမစီးတဲ့ရေက နိမ့်ရာကို စီးသွားတယ်။ နောက်စီးတဲ့ ရေက ရေစီးကြောင်းလေးအတိုင်း လိုက်သွားတယ်၊ အဲဒီတော့ အချင်းချင်း ဒီလမ်းကလိုက်ခဲ့လို့ ခေါ်သွားတာလည်း မဟုတ်ဘူး။ ထို့အတူပဲ စိတ်ဖြစ်စဉ်တွေဟာလည်း အဲဒီသဘောပဲ၊ **နိန္န** ဆိုတဲ့ ညွှတ်ကိုင်းမှုဟာ ဒီလိုစဉ်ဆက်မပြတ်ဖြစ်ဖို့ရာအတွက် အကြောင်းတစ်ခုပဲလို့ မိလိန္ဒမင်းကြီးကို ဒီလိုရှင်းပြတယ်။

တံခါးဖေါက် ဥပမာ

နောက် ဥပမာတစ်ခုနဲ့ ရှင်းပြတာတော့ "**ဒွါရတ္ထာ**- တံခါးပေါက်အနေနဲ့ ဖြစ်နေလို့ လိုက်ရတယ်" လို့ ဆိုလိုတယ်။

ရှင်နာဂသေနကရှင်းပြတယ်။ နယ်ခြားဒေသမှာ လုံခြုံရေးအတွက် ခံတပ်မြို့ တည်လေ့ရှိကြတယ်။ ခံတပ်မြို့တွေတည်ရင် တံခါးပေါက်တစ်ပေါက်ထဲပဲ ထည့်တယ်၊ လူတစ်ယောက်ဟာ မြို့ပြင်ထွက်ချင်တဲ့အခါ အဲဒီ တံခါးပေါက်က ထွက်ရတယ်။ နောက်တစ်ယောက်ကရော မြို့ပြင်ထွက်ချင်တယ်ဆိုရင် အဲဒီ

http://www.dhammadownload.com

ပထမလူ ထွက်သွားတဲ့ တံခါးပေါက်ကပဲ သူလိုက်ပြီးတော့ ထွက်တယ်။

အဲဒီလို ထွက်တဲ့အခါမှာ ပထမလူက ငါအရင် ထွက်နှင့်မယ်၊ မင်းနောက်က လိုက်ခဲ့လို့ သူတို့အချင်းချင်း ပြောဆိုခြင်း မရှိဘူး။ နောက်လူကလည်း မင်းအရင်ထွက်နှင့်၊ ငါနောက်က လိုက်ခဲ့မယ်လို့လည်း ပြောဆိုထားတာ မရှိဘူး။ ဘယ်သူက ထွက်ထွက် ဒီအပေါက်ကပဲ ထွက်ကြရတယ်၊ တစ်ဦးနဲ့တစ်ဦး အချိတ်အဆက်မရှိဘဲ ဒီအပေါက်ကပဲ ထွက်ကြသလို စက္ခု ဝိညာဏ်စိတ်ဖြစ်လို့ရှိရင် မနောဝိညာဏ်စိတ်တွေဟာ နောက်က လိုက်လာတယ်၊ ဒီလိုရှင်းပြတယ်။

စက္ခုဒွါရနဲ့ ပတ်သက်တဲ့ ကြဲသိစိတ်တွေ ဖြစ်လာတယ်၊ မြင်တဲ့အာရုံနဲ့ပတ်သက်ပြီးကြဲတယ်။ ထို့အတူပဲ နားကကြားတယ် ဆိုရင်လည်း ကြားသိစိတ်နဲ့ ပတ်သက်ပြီးတော့ ကြဲသိစိတ်တွေ ဖြစ်ပေါ်လာတယ်၊ အဲဒီလို ထွက်ပေါက်ဟာ ဒီတစ်ခုပဲ ဖြစ်သည့် အတွက်ကြောင့် တစ်ခုနဲ့တစ်ခု ပြောဆိုမထားသော်လည်း စက္ခု ဝိညာဏ်စိတ်ဖြစ်ပြီး နောက်က မနောဝိညာဏ်စိတ် လိုက်လာတယ်။ သောတဝိညာဏ်စိတ် ဖြစ်ပြီးရင်လည်း နောက်က မနော ဝိညာဏ်စိတ် လိုက်လာတယ်။ ဒွါရတစ်ခုတည်းမှာ ဖြစ်ကြရလို့ ဖြစ်တယ်။

တံခါးအပေါက်တစ်ခုက အားလုံးထွက်ကြရသလို စက္ခု ဝိညာဏ် ဖြစ်တဲ့နေရာမှာ မနောဝိညာဏ် ဖြစ်တယ်။ သောတ ဝိညာဏ်ဖြစ်တဲ့ နေရာမှာလည်း မနောဝိညာဏ် ဖြစ်တယ်။ ဃာဝိဝိညာဏ်ဖြစ်တဲ့ နေရာမှာလည်း မနောဝိညာဏ် ဖြစ်တယ်၊

http://www.dhammadownload.com

ကာယဝိညာဏ်ဖြစ်တဲ့ နေရာမှာလည်း မနောဝိညာဏ် ဖြစ်တယ်လို့ ဆိုင်ရာဆိုင်ရာ ဒွါရတူလို့ အခုလိုလိုက်ပြီး ဖြစ်ကြတယ်လို့ ဒီလို ရှင်းပြလိုက်တော့ မိလိန္ဒမင်းကြီးက နားလည်သွားတယ်။

အကျင့်ရဖူ ဥပမာ

နောက်တစ်ခု နောက် "**စိတ္တာတ္တာ** - အလေ့အကျင့် ဖြစ်နေလို့" ဆိုတဲ့ အကြောင်းပြချက်နဲ့ ပတ်သက်ပြီး ဥပမာနဲ့ ရှင်းပါဦး"လို့ မိလိန္ဒမင်းကြီးက ဆိုပြန်တယ်။

ရှင်နာဂသေနက လှည်းလမ်းကြောင်း ဥပမာနဲ့ ရှင်းပြတယ်။

"ပထမ လှည်းတစ်စီးသွားတယ်။ အဲဒီ လှည်းသွားတဲ့ လှည်းလမ်းကြောင်းအတိုင်း နောက်တစ်စီးက မောင်းလိုက်တယ်၊ ဒီလှည်း ၂-စီးဟာ တစ်စီးနဲ့တစ်စီး တိုင်ပင်ထားတာ မရှိဘူး။ အဲဒီတော့ ပထမလှည်းတစ်စီးက ငါ ဒီလမ်းကသွားမယ်၊ မင်း ဒီလမ်းကလိုက်ခဲ့လို့ ပြောခဲ့တာမရှိဘူး။ နောက် လှည်းတစ်စီးက လည်းပဲ မင်းအရင်သွားနှင့်၊ ငါ ဒီနောက်က လိုက်ခဲ့မယ်လို့ ပြောတာ မရှိဘူး၊ သို့သော် လှည်းလမ်းကြောင်းကြီးဟာ ဖုန်နေတော့ ဒီလမ်းကပဲ သွားကြတယ်။

ထို့အတူပဲ အလေ့အကျင့်ရနေသောကြောင့် စက္ခုဝိညာဏ်စိတ် ဖြစ်တဲ့နေရာမှာ နောက်က မနောဝိညာဏ်စိတ် ဖြစ်လာတယ်နော်။ ကြားသိစိတ်ဖြစ်ပြီးရင်လည်း ကြံသိစိတ် လိုက်လာတယ်၊ နံသိစိတ် ဖြစ်ပြီးရင်လည်း ကြံသိစိတ် လိုက်လာတယ်၊ လျက်သိစိတ်ဖြစ်ပြီးရင်လည်း ကြံသိစိတ်က ဒီလိုပဲ လိုက်လာတယ်လို့ ဒီဥပမာနဲ့ ရှင်းပြီးတော့ ပြတယ်ပေါ့။

http://www.dhammadownload.com

စလေ့ကျင့်မှု ဥပမာ

မိလိန္ဒမင်းကြီးက နောက်တစ်ခုကို မေးပြန်တယ်။ "နေပါဦးတဲ့၊ ဒါတော့ သဘောပေါက်ပြီ။ **သမုဒါစရိတတ္တာ** လေ့ကျင့်ထားခြင်းကြောင့်လို့ ဆိုတာတော့ ဘယ်လိုနားလည်ရမှာလဲ၊ လေ့ကျင့်ထားပုံကို ပြောပါဦး။"

ရှင်နာဂသေနက ပညာသင်ယူ လေ့ကျင့်ပုံကို ဥပမာနဲ့ ပြောတယ်။ "ကလေးတစ်ယောက် ပထမဆုံး ကျောင်းစနေပြီး ပညာသင်တယ်၊ ပညာသင်စအခါမှာ ကျကြီးရေးတာတောင် နှေးကွေးတယ်။ ဂဏန်းတွက်ခိုင်းရင်လည်း နှေးကွေးတယ်၊ စ,စချင်း ဆိုလို့ရှိရင် စာဖတ်တာလည်းပဲ တစ်လုံးချင်းပေါင်းပြီး ဖတ်ရတာ၊ ပညာသင်ကာစ ကလေးလေးဟာ အလွန် နှေးကွေးတယ်။ စာဖတ်တာတို့, စာရေးတာတို့, ဂဏန်းပေါင်းတာတို့ ဒီပညာရပ်တွေဟာ ဘယ်သူပဲဖြစ်ဖြစ် စလုပ်တဲ့အချိန်မှာ နှေးကွေးပြီး လျင်မြန်မှုမရကြဘူး။ သို့သော် အလေ့အကျင့် ရသွားပြီ ဆိုလို့ရှိရင် အလွယ်တကူ လျင်လျင်မြန်မြန် အကုန်လုပ်နိုင်ကြတယ်။ အဲဒီတော့ လျင်မြန်မှုဆိုတာ အလေ့အကျင့်နဲ့သက်ဆိုင်တယ်။

အခုလည်းပဲ စကျွဝိညာဏ်စိတ်ဖြစ်ပြီးရင် နောက်က ကြဲသိစိတ်ဟာ ဖြစ်ပေါ်လာတယ်။ အလေ့အကျင့်ရတဲ့အခါ လျင်မြန်မှုရှိတယ်။ တစ်ခုနဲ့တစ်ခုဟာ ငါဖြစ်ပြီးရင် မင်းဖြစ်ရမယ်လို့ ပြောခဲ့တာလည်း မရှိဘူး၊ မင်းအရင်ဖြစ်နှင့် ငါနောက်မှဖြစ်မယ် ဆိုတာလည်း တိုင်ပင်ညှိနှိုင်း ပြောဆိုထားတာမရှိဘူး။ သဘာဝအနေနဲ့ လေ့ကျင့်မှုကြောင့် ဖြစ်တာပါလို့ ဝိထိစိတ်ရဲ့သဘော၊ စိတ်ဖြစ်စဉ်ရဲ့ သဘောကို ရှင်နာဂသေနက မိလိန္ဒမင်းကြီးကို ရှင်းပြခဲ့တာဖြစ်တယ်ပေါ့။

http://www.dhammadownload.com

ဒီမေးခွန်းနဲ့ ပတ်သက်ပြီး ရှင်းပြချက်ဟာ ဥပမာတွေနဲ့ ရှင်းပြလို့ မိလိန္ဒမင်းကြီးဟာ သဘောပေါက် နားလည်သွားပြီး နောက်ဆုံးကျတော့ **"ကလ္လောသိ ဘန္တေ နာဂသေန** ရှင်နာဂသေန ရဲ့ ဖြေဆိုချက်တွေဟာ သင့်တင့်လျှောက်ပတ်ပါတယ်" လို့ ဆိုပြီး သူလက်ခံသွားတယ်။

အဲဒီတော့ လောကကြီးမှာ သဘာဝအလျောက် ဖြစ်နေတဲ့ အရာတွေဟာလည်းပဲ **နိန္နု** ဆိုတဲ့ ညွှတ်ကိုင်းရာ နိမ့်ရာဟာလည်း အကြောင်းတစ်ခု၊ **ဒ္ဓါရ** လို့ဆိုတဲ့ ဝင်ရာထွက်ရာ တံခါးပေါက် တူညီမှုဟာလည်း အကြောင်းတစ်ခု၊ **စိက္ခာ**လို့ဆိုတဲ့ အကျင့်ရမှု ဟာလည်း အကြောင်းတစ်ခု၊ **သမုဒါစရိတ** ဆိုတဲ့ သင်ယူ လေ့ကျင့်မှုဟာလည်း အကြောင်းတစ်ခုလို့ ဒီအကြောင်းတွေ ကြောင့် စိတ်ရဲ့ဖြစ်စဉ်ဟာ ဖြစ်ပေါ် လာရတယ်လို့ ရှင်နာဂသေန က ရှင်းလင်းဟောပြောခဲ့တာ ဖြစ်ပါတယ်။

နိဂုံးချုပ်

တရားချစ်ခင် သူတော်စင်ပရိသတ်အပေါင်းတို့၊ မြတ်ဗုဒ္ဓရဲ့ အဘိဓမ္မာ ဒေသနာနဲ့ပတ်သက်ပြီး သဘာဝရဲ့ ဖြစ်စဉ်တစ်ခုကို ဥပမာ ဥပမေယျနဲ့ ရှင်းလင်းပြတာ ဖြစ်သောကြောင့် သဘော ပေါက်နားလည်ပြီး မိမိတို့ကိုယ်တိုင် အသိဉာဏ်တိုးပွားအောင် ကျင့်ကြံကြိုးစား အားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု ... သာဓု ... သာဓု

Transcribed by-**Ko Thu Rein Aung**
Typed by- **Wai Wai Lwin**

http://www.dhammadownload.com

မိလိန္ဒပဉှာ

မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ ပုဗ္ဗဝါဒရေးရာ အစေ့အတင်ပြောဆိုချက်များ အပိုင်း(၁၆)

မှတ်တမ်း

သာသနာတော်နှစ် ၂၅၆၀-ပြည့်နှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၈-ခုနှစ်၊ နတ်တော်လပြည့် ၁၅-ရက်နေ့ ၂၀၁၆ -ခုနှစ်၊ ဒီဇင်ဘာလ ၁၄-ရက်၊ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ဇမ္ဗူသိရီ ဗိမာန်တော်အတွင်း ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် သာသနပူဇာ မြတ်မင်္ဂလာတရားအလှူတော် အထူးတရားပွဲ၌ ကိုအောင်ပြည့်စုံ + မမျိုးရတနာခိုင်၊ သမီးလေး မခင်ငြိမ်းချမ်းပြည့်စုံလှိုင်(ခ)ချစ်ပိုး မိသားစုတို့၏ အမတဒါန၊ ဓမ္မဒါန အဖြစ်ဖြင့် ဟောကြားအပ်သော **မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ ပုဗ္ဗဝါဒရေးရာ အစေ့အတင်ပြောဆိုချက်များ အပိုင်း(၁၆)**' တရားဒေသနာတော်။

မြတ်ဗုဒ္ဓရဲ့ အဆုံးအမ တရားတော်တွေဟာ လူ့သဘာဝကို ဖော်ဆောင်ပေးတဲ့ တရားတွေ ဖြစ်တယ်။ အဆင့်မြင့်တဲ့ အသိဉာဏ်နဲ့မှ သိနိုင်တဲ့ တရားမျိုးကို အဘိဓမ္မာ (Profound Dhama) လို့ဆိုတယ်။

သဘာဝတရားဟာ လူသားတွေမှာ ရှိနေတာ ဖြစ်သော်လည်း သတိပြုမိမှု (Mindfulness) ရှိဖို့လိုတယ်။ အသိဉာဏ် ရှိဖို့လိုတယ်၊ သတိပညာရှိမှ သိတယ်ဆိုတာ ဖြစ်တယ်၊ အလွန်လေးနက်တဲ့ တရားကို သတိပညာ အားနည်းနေတယ်ဆိုရင် မသိနိုင်ကြဘူး။

http://www.dhammadownload.com

မိလိန္ဒမင်းကြီးရဲ့ မေးခွန်းများ

မိလိန္ဒမင်းကြီးက မြတ်ဗုဒ္ဓရဲ့အဆုံးအမတရားတော်တွေကို သူလက်လှမ်းမှီသမျှ လေ့လာပြီး ဆင်ခြင်သုံးသပ်တယ်။ သူ့အနေနဲ့ ဘဝင်မကျစရာ မရှင်းလင်းတဲ့ အချက်တွေကို အရှင်နာဂသေနကို တွေ့ဆုံမေးမြန်း စူးစမ်းခဲ့တာဖြစ်တယ်။

မေးခွန်းပေါင်း မြောက်မျှားစွာကို မှတ်တမ်းတင်ထားတဲ့ **မိလိန္ဒပဉှာမှာ** ဒီကနေ့ မိလိန္ဒမင်းကြီးရဲ့ ၃၃-ခုမြောက်ဖြစ်တဲ့ မေးခွန်းက စတင်ပြီးတော့ မှတ်သားနာယူကြရမှာ ဖြစ်တယ်။

အခြေခံ မေးခွန်း

မိလိန္ဒမင်းကြီးက "မနောဝိညာဏ်စိတ် ဖြစ်တဲ့အခါမှာတဲ့ အာရုံနဲ့စိတ်ကို ဆက်သွယ်ပေးတဲ့ ဖဿ၊ အာရုံရဲ့ အရသာကို ခံစားတဲ့ဝေဒနာ ဒါတွေဖြစ်သလား"လို့ မေးတယ်။

အဲဒီမေးခွန်းကို ရှင်နာဂသေနက ဖြေတယ်။ "မနောဝိညာဏ်စိတ် ဖြစ်လို့ရှိရင် ဖဿလည်း ဖြစ်တယ်၊ ဝေဒနာ ဆိုတာလည်း ဖြစ်တယ်၊ ဒါတင်မကဘူး၊ သညာဆိုတာလည်း ဖြစ်တယ်၊ စေတနာဆိုတာလည်း ဖြစ်တယ်၊ ဝိတက်ဆိုတဲ့ကြံစည်မှုလည်း ဖြစ်တယ်၊ ဝိစာရဆိုတဲ့ အဖန်ဖန်အထပ်ထပ် အာရုံနဲ့ ဆုံဆည်းမှုဆိုတာလည်း ဖြစ်တယ်။ အဲဒီလို ဖဿနဲ့ ဆက်သွယ်လာတဲ့ သဘာဝတရားတွေ အားလုံးဖြစ်တယ်"။

စိတ်တစ်ခုဟာ အာရုံကိုရယူဖို့ လက်တံ ၇-ခုနဲ့ သွားတယ်။ လက်တံ ၇-ခုဆိုတာ အာရုံကိုရယူဖို့ ဖဿကို အသုံးပြုရတယ်။ ဖဿဆိုတဲ့ လက်တံက အာရုံကို ယူပေးတယ်။ အေး-ယူပေးတဲ့

http://www.dhammadownload.com

အာရုံရဲ့ အရသာကို ခံစားဖို့ဆိုတာဟာ **ဝေဒနာ** လက်တံ။ ဖဿက အာရုံကိုယူပေးရုံပဲ၊ မခံစားနိုင်ဘူး၊ ဝေဒနာက အာရုံ၏ အရသာကို ခံစားတယ်၊ သူကိုယ်တိုင် မယူနိုင်ဘူး။ **သညာ** ကျတော့ အာရုံကိုမှတ်သားတယ်၊ **စေတနာ**က မိမိကိုယ်တိုင် စွမ်းဆောင်ပြီး တွန်းအားလည်းပေးတယ်။ **ဧကဂ္ဂတာ** က အာရုံတစ်ခုထဲအပေါ်မှာ စိတ်တွေအားလုံး စုစည်းပေးတယ်။ **မနသိကာရ**က အာရုံဘက် စိတ်ကိုလှည့်ပေးတယ်။ **ဇီဝိတိန္ဒြေ**က နာမ်တရားတွေ နောက်ထပ် ဆွက်လွှက်ရှင်သန်နေဖို့ စောင့်ရှောက်ပေးတယ်၊ ဒီစေတသိက် ၇-ခုဟာ စိတ်တိုင်းမှာ ပါဝင်ပြီး အာရုံနဲ့ဆိုင်ရာအလုပ်ကိုလုပ်တယ်။

မနောဝိညာဏ ကြံတွေးစိတ်ဖြစ်တဲ့အခါ ဖဿဆိုတာ ဖြစ်လား? ဝေဒနာဆိုတာ ဖြစ်လား? လို့ မေးတဲ့အခါ ရှင်နာဂသေနက "ဖြစ်တယ်"လို့ ဖြေတယ်။ သူတို့တင် မကဘူး၊ တစ်ခြားဟာတွေပါ ဖြစ်တယ်လို့ ရှင်နာဂသေနက ဖြည့်စွက်ပြီး တော့ ဖြေလိုက်တာ။

ရှင်နာဂသေနက ဖြေလိုက်တဲ့အခါမှာ အဲဒီအာရုံကိုသိတဲ့ စိတ်မှာဖြစ်တဲ့ ဖဿရဲ့လက္ခဏာကို မိလိန္ဒမင်းကြီးက မေးခွန်း ထုတ်ပြန်တယ်။

၃၃–ဖဿလက္ခဏပဉှာ

"ကိလက္ခဏော ဖဿော ဖဿဟာ အဘယ် အမှတ် အသား လက္ခဏာရှိပါသလဲ၊ ဖဿရဲ့အသွင်အပြင် လက္ခဏာ အမှတ်အသားကို ပြောစမ်းပါ"တဲ့။

http://www.dhammadownload.com

ရှင်နာဂသေန က ဖြေတယ်၊ "ဖုသန လက္ခဏော မဟာရာဇ ဖဿော- ဖဿဟာ ထိတွေ့ခြင်းလက္ခဏာ ရှိတယ်"။

မိလိန္ဒမင်းကြီးက "ဩပမ္မံ ကရောဟိ-ဥပမာလေးနဲ့ ရှင်းပြစမ်းပါဦး"လို့ တောင်းဆိုတယ်။

သိုးနှစ်ကောင် ဥပမာ

ရှင်နာဂသေနက ပြောပြတယ်။ "သိုးတို့ ဆိတ်တို့ဆိုတဲ့ အကောင်တွေ စိတ်ဆိုးပြီဆိုရင် နွေးကြတယ်။ နွားနွေးတာနဲ့ မတူဘူး။ သိုးနှစ်ကောင် ခွေးပြီဆိုရင် အရှိန်နဲ့ပြေးပြီး ခေါင်းချင်း တိုက်ကြတယ်။ သိုးနှစ်ကောင်ဟာ တစ်ကောင်နဲ့တစ်ကောင် ပြေးပြီး ခေါင်းချင်းတိုက်ခွေးကြသလိုပဲ မျက်စိနဲ့ ပထမ သိုးတစ်ကောင်နဲ့တူတယ်။ အဆင်းရူပါရုံနဲ့ ဒုတိယသိုးတစ်ကောင် တူတယ်။ မျက်စိနဲ့ အဆင်းအာရုံတို့ ပေါင်းဆုံထိခိုက်မှုကို ဖဿလို့ မှတ်ရမယ်။"

မျက်စိနဲ့ အဆင်းအာရုံ တိုက်ခိုက်မှု ရှိတယ်။ အဲဒီမှာ မျက်စိက ပထမသိုးတစ်ကောင်နဲ့တူပြီးတော့ ထပ်ဟပ်လာတဲ့ အဆင်းအာရုံက ဒုတိယသိုးတစ်ကောင်နဲ့ တူတယ်။ အဲဒီ ၂-ကောင် ဆုံမိခြင်းလို စက္ခုနဲ့ရူပါရုံ ဆုံမိခြင်းဟာ ဖဿနဲ့တူတယ်။

သာမန်အားဖြင့်တော့ ရုပ်ဝတ္ထုချင်းတိုက်တာဟာ သိသာတယ်၊ နာမ်တိုက်တာကျတော့ မသိသာဘူး။ သို့သော် အဲဒီလို တိုက်ခိုက်မှုရှိတယ်ဆိုတာကို ရှင်းပြတာနော်။

မျက်စိနဲ့ အဆင်းအာရုံ ပေါင်းဆုံတယ်၊ နားနဲ့ အသံအာရုံ ပေါင်းဆုံတယ်၊ နှာခေါင်းနဲ့ အနံ့အာရုံ ပေါင်းဆုံတယ်၊ လျှာနဲ့

http://www.dhammadownload.com

အရသာအာရုံ ပေါင်းဆုံတယ်၊ ခန္ဓာကိုယ်နဲ့ အထိအတွေ့အာရုံ ပေါင်းဆုံတယ်၊ အဲဒီလို ပေါင်းဆုံမှု ဆုံဆည်းမှုကို ဖဿလို့ ခေါ်တယ်။ အာရုံနဲ့ဝတ္ထု ဆုံမိသွားတယ်။ တကယ်တော့ ဝတ္ထု အာရုံ ဆုံဆည်းမှုကြောင့် ဖဿဖြစ်တယ်လို့ ဆိုကြတယ်။

လက်နှုပ် ဥပမာ

မိလိန္ဒမင်းကြီးက နောက်ဥပမာတစ်ခုနဲ့ ထပ်ရှင်းပါဦး ဆိုတော့ **ရှင်နာဂသေန**က လက်ခုပ်တီးတဲ့ ဥပမာနဲ့ ပြောတယ်။

"လူတွေ လက်ခုပ်တီးကြတယ်၊ အောက်ကခံတဲ့ လက်ဖဝါး ရှိသလို အပေါ်ကတီးတဲ့ လက်ဖဝါးရှိရမယ်။ ပထမလက်ဖဝါး သည် စက္ခုပသာဒနဲ့ တူတယ်၊ မျက်လုံးနဲ့ တူတယ်၊ ဒုတိယ လက်ဖဝါးသည် အဆင်းအာရုံနဲ့ တူတယ်၊ အဲဒီ လက်ဖဝါး ၂-ခု ဆုံမိခြင်းဟာ ဖဿနဲ့တူတယ်"လို့။

လင်းကွင်း ဥပမာ

မိလိန္ဒမင်းကြီးက "နောက် ဥပမာတစ်ခု ထပ်ပြောပါဦး" လို့ တောင်းဆိုပြန်တယ်။ **ရှင်နာဂသေန**က လင်းကွင်းဥပမာနဲ့ ဖဿရဲ့ သဘာဝကို ရှင်းပြတယ်။

မြန်မာတူရိယာမှာ လင်းကွင်းဆိုတာ ပါတယ်နော်။ အဲဒီ လင်းကွင်းဆိုတာ အောက်ကတစ်ခု အပေါ်ကတစ်ခု၊ အဲဒါ ၂-ခုကို ရိုက်တဲ့အခါမှာ တခွမ်းခွမ်း အသံကြားရတယ်။ အဲဒီမှာ လင်းကွင်းဆိုတာ တစ်ခုတည်းနဲ့ အသံမထွက်ဘူး၊ အောက်က ခံတာတစ်ခု၊ အပေါ်က တီးတာတစ်ခု။

http://www.dhammadownload.com

"အောက်က လင်းကွင်းနဲ့ စက္ခုပသာဒ တူတယ်၊ တီးတဲ့ လင်းကွင်းနဲ့ အဆင်းအာရုံတူတယ်၊ အဲဒီ ၂-ခု ဆုံဆည်းခြင်းနဲ့ ဖဿဖြစ်ပုံ တူတယ်။"

ယခုလို လင်ကွင်းတီးတဲ့ ဥပမာနဲ့ ရှင်နာဂသေနက ရှင်းပြလိုက်တဲ့အခါ မိလိန္ဒမင်းကြီးက "**ကလ္လောသိ ဘန္တေနာဂသေန** အရှင်ဘုရား ဖြေဆိုချက်ဟာ ထင်ရှားပါပြီ"ဆိုပြီး လက်ခံလိုက်တယ်။

၃၄-ဝေဒနာလက္ခဏပဉှာ

၃၄-ခုမြောက် မေးခွန်းကို မိလိန္ဒမင်းကြီးက ဆက်ပြီး မေးတယ်။

"**ကိံ လက္ခဏာ ဝေဒနာ- ဝေဒနာရဲ့ အမှတ်လက္ခဏာ** ကို ပြောပါဦး"တဲ့။

ရှင်နာဂသေနက "**ဝေဒယိတ လက္ခဏာ မဟာရာဇ ဝေဒနာ, အနုဘဝန လက္ခဏာ စ-** ဝေဒနာဆိုတာ အာရုံအတွေ့အကြုံရခြင်း၊ အာရုံကို ခံစားခြင်းလက္ခဏာ၊ အာရုံကို သိခြင်းလက္ခဏာ ရှိတယ်"လို့ ဖြေတယ်။

ဝေဒယိတဆိုတာ အာရုံကိုသိမှုပဲ။ စိတ်ခံစားမှုကို ဝေဒနာလို့ ခေါ်တယ်။ အာရုံနှင့်စပ်၍ အတွေ့အကြုံကို ရသွားခြင်း သဘောမျိုးကို **ဝေဒယိတလက္ခဏာ** လို့ ခေါ်တယ်။

နောက်တစ်ခုကတော့ **အနုဘဝန လက္ခဏာ**- သိရှိခြင်း သဘောရှိတယ်၊ ပျော်ရွှင်တယ်ဆိုလို့ရှိရင် ပျော်ရွှင်မှုကို လက်တွေ့

http://www.dhammadownload.com

သိရတယ်၊ စိတ်ညစ်တယ်ဆိုရင်လည်း စိတ်ညစ်မှုကို လက်တွေ့ သိရတယ်ပေါ့။

အာရုံနဲ့ ပတ်သက်၍ အတွေ့အကြုံရခြင်း၊ ခံစားခြင်း၊ သိရှိခြင်းလက္ခဏာ ရှိတယ်ဆိုတော့ "အရှင်ဘုရား၊ ဥပမာလေးနဲ့ ရှင်းပြပါဦး"တဲ့။ ဘယ်လို ခံစားတယ်ဆိုတာ ရှင်းပြပါဦးဆိုတော့ ရှင်နာဂသေနက ရှင်းပြတယ်။

ဒီနေရာမှာ မိလိန္ဒမင်းကြီးကို **ရှင်နာဂသေနက** ရှင်းပြပုံက တစ်မျိုး၊ အဘိဓမ္မာကျမ်းဂန်တွေကို ဖွင့်ဆိုတဲ့ ရှင်မဟာဗုဒ္ဓယောသ ရှင်းပြပုံကတစ်မျိုး၊ တစ်မျိုးစီ ရှင်းပြထားတယ်။

မိလိန္ဒမင်းကြီးကို ရှင်နာဂသေန ရှင်းပြပုံက "ဆိုပါစို့တဲ့၊ လူတစ်ယောက်က ဘုရင်ကို ကျေးဇူးပြုတယ်၊ ကျေးဇူးပြုတဲ့အခါမှာ ရှင်ဘုရင်ကကျေနပ်ပြီး သူ့ကို ဆုတော်လာဘ်တော်ချတယ်။ ဘုရင်ပေးတဲ့ ဆုတော်လာဘ်တော်နဲ့ ကာမဂုဏ် ခံစားရတယ်။ သူဟာ ကောင်းတာတွေ မြင်ရတယ်၊ ကောင်းတာတွေ ကြားရတယ်၊ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ ကာမဂုဏ်အာရုံတွေကို သူက ပြည့်ပြည့်ဝဝ ရရှိခံစားရတယ်။"

အဆင်ပြေသွားတဲ့အခါ သူက ဘယ်လိုစဉ်းစားတုန်း ဆိုလို့ ရှိရင် ဘုရင်ကြီးကို ငါဟာ အကူအညီပေးလိုက်တယ်။ ဒါကြောင့် ဘုရင်ကြီးကလည်း ငါ့ကို အကူအညီ တုန့်ပြန်ပြီးတော့ ချီးမြှင့်တယ်။ သူ့ရဲ့ ချီးမြှင့်မှုကြောင့် ငါဟာ အခုလို ချမ်းချမ်းသာသာ နေရတယ်လို့ သူက သိတယ်။

"ဝေဒနာဟာ အဲဒီလိုပဲ ကျေးဇူးပြုတယ် ဆိုတာကို အကြောင်းပြုပြီးတော့ စိတ်ခံစားမှုဆိုတာ ပေါ်လာခြင်း၊ ဝမ်းသာ

http://www.dhammadownload.com

ခြင်းဖြစ်တယ်။ ဘုရင်ကြီးက ခိုးမြွှင့်လိုက်တဲ့ ဆုလာဘ်ကို အကြောင်းပြုပြီးတော့ ဘဝမှာ ချမ်းချမ်းသာသာ ခံစားရတယ်။ အဲဒါလိုပဲ ဝေဒနာဟာ စိတ်ထဲမှာ ခံစားရမှု တစ်ခုပဲလို့ ဒီလို ရှင်းပြတာဖြစ်တယ်။ **ရှင်နာဂသေန** ရဲ့ ရှင်းပြချက်က သုခ ဝေဒနာနဲ့သာ သက်ဆိုင်တယ်။

နောက်တစ်မျိုး ရှင်းပြပြန်တယ်။ "လူတစ်ယောက်ဟာ လက်ရှိဘဝမှာ ကုသိုလ်ကောင်းမှုတွေ လုပ်တယ်၊ အဲဒီတော့ ကုသိုလ်ကောင်းမှုတွေ လုပ်သည့်အတွက်ကြောင့် သူဟာ နတ်ပြည်ရောက်တယ် ဆိုပါစို့။ နတ်ပြည်ရောက်သွားတဲ့အခါမှာ ကောင်းတာတွေ လုပ်ခဲ့တဲ့ အကျိုးကျေးဇူးကို ခံစားရတယ်။ ခံစား ရတဲ့အခါ ပြန်စဉ်းစားတယ်၊ ဩော်-ငါကုသိုလ်လုပ်ခဲ့လို့ ဒီချမ်းသာ တွေကို ငါခံစားရတာပဲလို့ ပြန်စဉ်းစားပြီး ဝမ်းသာမှု ဖြစ်တယ်။

ထို့အတူပဲ ဝေဒနာဆိုတာ ဖြစ်ပေါ်လာတဲ့ အခြေအနေ တစ်ခုအပေါ်မှာ ပြန်လည်ပြီး တွေးတောဆင်ခြင်ပြီး စိတ်ခံစားမှု တစ်ခုကို ဖြစ်ပေါ်စေတယ်" လို့ ဒီလိုဥပမာနဲ့ ရှင်းပြတယ်။ ဒီရှင်းပြချက်ဟာလဲ သုခဝေဒနာနဲ့သာ သက်ဆိုင်တယ်။

ရှင်ဗုဒ္ဓဃောသရဲ့ ရှင်းပြချက်

ဝေဒနာအကြောင်းကို ဖွင့်ဆိုတဲ့ အဋ္ဌသာလိနီ အဋ္ဌကထာ မှာ ဝေဒနာကို တစ်ခြားဥပမာနဲ့ ရှင်မဟာဗုဒ္ဓဃောသက ရှင်းပြ တယ်။

"ဝေဒနာဆိုတာ အာရုံရဲ့အရသာကို ခံစားခြင်းသဘော ဖြစ်တယ်။ တခြား စိတ်စေတသိက်တရားတွေဟာလည်း အာရုံရဲ့

http://www.dhammadownload.com

အရသာကို ခံစားကြတာချည်းပဲ။ ဒါပေမယ်လို့ ပိုင်ပိုင်နိုင်နိုင် ခံစားရတာကတော့ ဝေဒနာပဲ။ ဝေဒနာသည် အာရုံရဲ့အရသာကို အားရပါးရတွေ့ရှိပြီး ခံစားရတဲ့သဘာတရား ဖြစ်တယ်။"

အဲဒီလို ရှင်းပြပြီး ဥပမာ ပေးတယ်။ "ဘုရင်ရဲ့ စားတော်ချက်ဟာ ပွဲတော်တွေ ပြင်ပြီးတဲ့အခါမှာ အဆိပ်ခပ်မှာစိုးလို့ စားတော်ချက်က သူချက်သမျှ အစားအစာတွေကို ဘုရင့်ရှေ့မှာ မြည်းပြရတယ်။ စားတော်ချက်က ထမင်းလည်း မြည်းတယ်၊ ဟင်းလည်း မြည်းတယ်၊ ဘုရင်ကြီးစားမယ့် အစာမှန်သမျှကို ဘုရင့်ရှေ့မှာ အကုန်မြည်းပြတယ်။ ပြီးတော့ ဘုရင်ကြီးက စားသောက်ဖွယ်များကို အားရပါးရ အဝစားရတယ်တဲ့။

ထို့အတူပဲ လူတွေရဲ့သန္တာန်မှာ ဖြစ်ပေါ်လာတဲ့ စိတ်စေတသိက်တွေဟာ ခံစားမှုတော့ ရှိကြတာပဲ။ စားတော်ချက် ခံစားသလို မြည်းရုံပဲမြည်းပြီး အာရုံရဲ့အရသာကို အပြည့်အဝ ခံစားရတာ ဝေဒနာမှခံစားရတယ်။ ဒါ့ကြောင့် ဝေဒနာကိုသာလျှင် **ဝေဒယိတ လက္ခဏာ**- ခံစားခြင်းလက္ခဏာ ရှိတယ်၊ **အနုဘဝန လက္ခဏာ**- အာရုံရဲ့ အရသာကို သိခြင်းသဘော ရှိတယ်ဆိုတာ မှတ်ရပါတယ်။

ဝေဒနာကို ဖွင့်ဆိုတဲ့အခါမှာ ရှင်နာဂသေနဖြေဆိုချက်ကို တစ်စွန်းတစ်စမှ မဖော်ပြဘူး။ ဖဿတုန်းကတော့ လက်ခုပ်ဥပမာတို့၊ သိုးနှစ်ကောင် ခေါင်းချင်းတိုက်တဲ့ ဥပမာတို့ကို ယူပြီးရေးတယ်။ ဝေဒနာကျတော့ အဲဒီသဘောတရားကို ဖော်မပြဘူး။ မကြိုက်လို့ပဲ ဖော်မပြတာလား၊ မထင်ရှားလို့ ဖော်မပြတာလား ဆိုတာကတော့ စာပေအရ စဉ်းစားကြရမှာပဲ ဖြစ်တယ်ပေါ့။

http://www.dhammadownload.com

မိလိန္ဒပဉှာ ဆိုတာ ရှင်မဟာဗုဒ္ဓဃောသ အဋ္ဌကထာထက် ရှေးကျတယ်၊ ရှင်နာဂသေနရဲ့ အဓိပ္ပါယ် ဖွင့်ဆိုချက်တွေကို တော်တော်များများ ကိုးကားပြီး ရေးလေ့ရှိတယ်၊ သို့သော် ဒီဝေဒနာနဲ့ ပတ်သက်ပြီး ကိုးကားခြင်း မပြုခဲ့ဘူး။

ဝေဒနာဆိုသည်မှာ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ အဒုက္ခမသုခဝေဒနာ။ ချမ်းသာတဲ့စိတ်ခံစားမှု၊ ဆင်းရဲတဲ့ စိတ်ခံစားမှု၊ ချမ်းသာမှု ဆင်းရဲမှုဆိုတဲ့စပ်ကြားမှာ ဖြစ်ပေါ်နေတဲ့ မထင်ရှားတဲ့ စိတ်ခံစားမှုဆိုပြီးတော့ စိတ်ခံစားမှုတွေကို အဲဒီလို ခွဲခြားတယ်။ ထိုစိတ်ခံစားမှုတွေဟာ စိတ်ထဲမှာ ဖြစ်ပေါ်လာပြီးတော့ အတွေ့အကြုံနဲ့ ခံစားတဲ့သဘာဝတရားလို့ ရှင်းလင်းပြီးတော့ ပြောတာ ဖြစ်တယ်။

အဲဒီလို ရှင်းပြတဲ့အခါ မိလိန္ဒမင်းကြီးက ထပ်ပြီးတော့ မေးခွန်း မမေးတော့ဘူး။ အဲဒါ ဒီလောက်နဲ့ သူကျေနပ်သွားတယ် နော်။

၃၅–သညာလက္ခဏပဉှာ

၃၅-ခုမြောက် မေးခွန်းက **"ကိ လက္ခဏာ သညာ-သညာရဲ့ အမှတ်အသား လက္ခဏာက ဘာပါလဲ"** ဆိုတာ ဖြစ်တယ်။

ရှင်နာဂသေနက ဖြေဆိုတယ်။ **"သဉ္ဉာနန လက္ခဏာ သညာ၊ သညာ** ဆိုတာ မှတ်သားခြင်း၊ အမှတ်အသားဖြင့် သိခြင်းလက္ခဏာ ရှိတယ်။"

http://www.dhammadownload.com

မြန်မာလူမျိုးတွေလည်း သညာဆိုတဲ့ စကားလုံးကို သုံးတယ်။ အမှတ်ဆိုတဲ့ စကားလုံးနဲ့တွဲပြီး ဒီလူက အမှတ်သညာ ကောင်းတယ်၊ ဒီလူကတော့ အမှတ်သညာမရှိဘူးနဲ့ ပြောလေ့ ရှိကြတယ်နော်။

သညာဆိုတာ 'သံ+ညာ' စကားလုံး ၂-ခုကို ပေါင်းထား တာ။ 'သံ' ဆိုတာ မှတ်သားထားတဲ့အတိုင်း သို့မဟုတ် အမှတ် အသား ပြုလုပ်၊ 'ညာ'က သိတာ၊ သညာရဲ့သဘောက မှတ်ထား တဲ့အတိုင်း သိတာ။ တစ်နည်း အမှတ်အသားလုပ်ပြီး သိတာ။

သညာဟာ မှတ်သားခြင်း၊ အမှတ်အသားနဲ့ သိခြင်း လက္ခဏာရှိတယ်ဆိုတာ ဘယ်လိုမှတ်ပြီးတော့သိတာလဲ၊ အရောင် ခွဲခြားမှတ်ပြီး သိတယ်၊ အရောင်နဲ့မှတ်သိတာရှိတယ်၊ အတို အရှည် မှတ်သိတာရှိတယ်၊ လူတွေဟာ အမျိုးစုံ မှတ်သားထားတဲ့ အတိုင်း သိတယ်။ အဲဒီလို အရောင်နဲ့မှတ်ပြီးသိတဲ့ အသိဟာ သညာပါလို့ ရှင်နာဂသေနက ဖြေလိုက်တယ်။

မိလိန္ဒမင်းကြီးက "အရှင်ဘုရား ဥပမာနဲ့ ရှင်းပါဦး" ဆိုတဲ့ အခါ ဘုရင်ရဲ့ဘဏ္ဍာတော်ထိန်း ဥပမာနဲ့ ရှင်းပြတယ်။

ဘုရင်ကြီးရဲ့ ဘဏ္ဍာတော်ထိန်းက ဘဏ္ဍာတိုက်ကိုဖွင့်ပြီး ဘုရင်ကြီးဘဏ္ဍာတိုက်မှာရှိတဲ့ပစ္စည်းတွေကို အရောင်နဲ့ ခွဲခြား မှတ်သားထားတဲ့အတိုင်းသိတယ်။ အခုခေတ်တော့ စာရေးထား ကြတယ်။ နံပါတ်နဲ့ မှတ်ထားကြတယ်၊ အဲဒီလို မှတ်ထားတဲ့ အတိုင်း သိတာနော်။

သညာဆိုတာ မှတ်ထားတဲ့အတိုင်းသိတယ်လို့ ရှင်းပြလိုက် တဲ့အခါကျတော့ မိလိန္ဒမင်းကြီးက "သင့်တော်ပါတယ်" ဆိုပြီး လက်ခံလိုက်တယ်။

http://www.dhammadownload.com

ဂုဏ်ဗုဒ္ဓယောသ ဂုဏ်ပြုပုံ

ဒီနေရာမှာ ရှင်မဟာဗုဒ္ဓယောသပေးတဲ့ ဥပမာဟာလည်း မှတ်သားထိုက်တယ်။ ရှင်နာဂသေနက ဘုရင့်ဘဏ္ဍာထိန်းက အရောင်နဲ့ မှတ်သားထားတဲ့ဥပမာနဲ့ ရှင်းပြတယ်။ ရှင်မဟာ-ဗုဒ္ဓယောသက လူသာမန်တွေပါသိနိုင်တဲ့ ဥပမာကို အသုံးပြုပြီး ရှင်းပြတယ်။

"လက်သမားတစ်ယောက်ဟာ သစ်သားတွေကို ဖြတ်တောက်တဲ့အခါမှာ အမှတ်အသားလုပ်တယ်။ အဲဒီ အမှတ်အသားကြည့်ပြီး ပြန်ဆက်တယ်၊ လက်သမားဆရာဟာ မှတ်သားပြီးထားတဲ့အတိုင်းသိသလို သညာဟာ မှတ်သားတတ်တဲ့သဘောရှိတယ်"လို့ လက်သမားရဲ့ မှတ်သားမှုနဲ့ ရှင်းပြတယ်။

လက်သမားတင် မဟုတ်ပါဘူး၊ အထည်ချုပ်သမားတွေလည်း မှတ်သားချက်ကလေးတွေ ရှိတယ်။ တစ်ခါတစ်ခါ အဝတ်အထည်တွေမှာ တွေ့ရတယ်၊ သူတို့ ရေးထားတာလေးတွေ ရှိတယ်။ စာအုပ်ချုပ်တဲ့ လူတွေလည်း ထို့အတူပဲ၊ ချုပ်ပြီးရင် နောက်က ရေးထားတာလေးတွေတွေ့တယ်။ ဒါတွေဟာ သူတို့ရဲ့ အမှတ်အသားတွေပဲ၊ သူချုပ်တာဆိုတာကို ပြတာပေါ့။

ရန်ကုန် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်မှာ ပညာသင်နေကြတဲ့ မဟာယာန ဘိက္ခုတွေ၊ ဘိက္ခုနီတွေရဲ့ ခေါင်းမှာ နဖူးထိပ်ရဲ့ အထက်နားမှာ အပြောက် ၃-ပြောက် တွေ့ရတယ်။ အဲဒီ အပြောက်တွေဟာလည်းပဲ မှတ်သားထားတာတွေပဲ။

အဲဒီ အပြောက်တွေက ဘာနဲ့ လုပ်ထားတုန်းဆိုတော့ ဘုရားကို မီးပူဇော်တဲ့ အမွှေးတိုင်နဲ့ အဲဒီနေရာကို ထိုးလိုက်တာ။

http://www.dhammadownload.com

ထိုးလိုက်တဲ့အခါကျ မီးလောင်ကျွမ်းသွားပြီး အရာလေး ဖြစ်သွားတယ်၊ ဆံပင် မပေါက်တော့ဘူး။ အပြောက်ကလေး ၃-ပြောက်တွေ့တယ်၊ အဲဒီ အပြောက်တွေမှာ ပထမတစ်ပြောက်က Initial Ordination လို့ခေါ်တဲ့ ကိုရင်ဝတ်ထားတယ်ဆိုတဲ့ သင်္ကေတ၊ ဒုတိယ အပြောက်က ဘိက္ခု၊ ဘိက္ခုနီ Ordination လို့ခေါ်တယ်။ ရဟန်းခံပြီးပြီ။ တတိယအပြောက်က ဗောဓိသတ္တ Ordination၊ သူတို့ကိုယ်သူတို့ ဘုရားအလောင်းလို့ ခံယူပြီးပြီဆိုတဲ့ အမှတ်အသား၊ နဖူးရဲ့အထက် ဆံစမှာ အပြောက် ၃-ပြောက် ချတာဟာလည်း သင်္ကေတပဲ။

ရဟန်းတွေမှာ သင်္ကန်းထောင့်မှာ ဗိန္ဓုဆိုတာလေး ထိုးရတယ်။ အဲဒါ ဘာလို့ထိုးရတာတုန်းဆိုရင် တစ်ခါတုန်းက လမ်းမှာ ဘာသာရေး၊ ဘုရားလက်ထက်က ဘာသာတရားတွေ အမျိုးစုံရှိတဲ့အထဲမယ် ဒီဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်တွေကို လမ်းက သူခိုးတွေက သူတို့အဝတ်တွေကို ချွတ်ယူလိုက်တာ။ အဲဒီလို ချွတ်ယူလိုက်တဲ့အခါမှာ ဘုရင်ရဲ့အမှုထမ်းတွေက အဲဒီ လမ်းက နေ တိုက်ယူလိုက်တဲ့ မားပြတွေကိုဖမ်းပြီးတော့ ခိုးယူထားတဲ့၊ တိုက်ယူထားတဲ့ အဝတ်တွေကို သယ်လာပြီးတော့ ရဟန်းတွေရော၊ ပုရဝိုဏ်တွေရော အကုန်လုံး ရွေးခိုင်းတယ်။

ပုရဝိုဏ်တွေက သူ့ဟာနဲ့သူ မှတ်ထားတာတွေရှိတော့ ယူသွားကြတယ်၊ ရဟန်းတွေက မမှတ်မိကြဘူး။ အဲဒါနဲ့ မြတ်စွာဘုရားက အမှတ်သင်္ကေတလေးတွေ လုပ်ထားရမယ်ဆိုပြီးတော့ အဲဒီလို လုပ်တဲ့အခါမှာ နာမည်ရေးတာတော့ မဟုတ်ဘူး၊ အစက် အပြောက်ကလေး ချထားတာ။ အဲဒါကို ဗိန္ဓုထိုးတယ်လို့ခေါ်တယ်။ ဒါ ဝိနည်းနဲ့ပတ်သက်တဲ့ ဗဟုသုတပေါ့။

http://www.dhammadownload.com

ဒါ လောကလူတွေဟာ ကိုယ့်အဝတ်ကို မှတ်ထားကြတာတွေ ရှိတယ်လေ။ တချို့ကျတော့ နာမည်လေး ရေးထားတာတို့ ဘာတို့ လုပ်ကြတယ်လေ၊ အဲဒါကို အဲဒီအမှတ်အသားနဲ့ ပြန်ပြီးသိတယ်၊ သညာရဲ့ သဘောတရားဟာ အဲဒီအတိုင်းပါပဲလို့ ရှင်းပြတယ်။ အဲဒီလို ရှင်းပြလိုက်တဲ့အခါ မိလိန္ဒမင်းကြီးက သဘောပေါက် နားလည်ပြီးတော့ သွားတယ်။

နိဂုံးချုပ်

တရားချစ်ခင် သူတော်စင်ပရိသတ်အပေါင်းတို့၊ လူတွေရဲ့ သန္တာန်မှာဖြစ်နေတဲ့ ဖဿရဲ့သဘောတရား၊ ဝေဒနာရဲ့ သဘောတရား၊ သညာရဲ့ သဘောတရားကို သိရှိနားလည်အောင် ဥပမာဥပမေယျတွေနဲ့ မိလိန္ဒမင်းကြီးအား ရှင်နာဂသေနက ရှင်းလင်းဟောပြခဲ့တာ ဖြစ်ပါတယ်။

အဘိဓမ္မာဆိုင်ရာ သဘောတရားတွေကို သိရှိနားလည်ပြီး ထိုသဘာဝတရားတွေဟာ ငါလည်း မဟုတ်ဘူး၊ ငါ့ဟာလည်း မဟုတ်ဘူးဆိုတဲ့ အသိအမြင်တွေ ရရှိအောင် ကြိုးစားအားထုတ်ကြရမှာ ဖြစ်တယ်။ မိမိတို့သန္တာန်မှာ ဖြစ်နေတဲ့ တရားတွေကို အမှတ်တမဲ့မနေကြဘဲ သိရှိနားလည်အောင် ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု ... သာဓု ... သာဓု

Transcribed by-**Ko Thu Rein Aung**
Typed by- **Wai Wai Lwin**
Final editaion copy by- **Htet Naing San (IDE)**

http://www.dhammadownload.com

ဓမ္မဓိတ်ဆွေများသို့

ပါဠိဟက္ခသျှမ်းဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များကလေးကူးကာ စာမူများကို ဆရာတော်ကြီးထံ ပေးပို့ကြပါသည်။ ဆရာတော်ကြီးကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ်ပေးသော စာမူများကို ကုသိုလ်ရှင်များလူအဆင်းထားသော ဓမ္မစာပေရုပ်ပုံငွေများ အသုံးပြုလျက် စာအုပ်ငယ်များ ပို့ကိုနိုပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် ဓမ္မဒါနပြုလုပ် ပြန့်ဝေလူဆင်းလိုပါက တော်ပြပါ ဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

~ ~ ~ ~ ~

ရရှိနိုင်ရာ ဌာနများ

၁။ **အောင်ဇမ္ဗူ ပုံနှိပ်တိုက်**
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅ ၀၉-၅၁၈၉၄၃၂

၂။ **ဦးဘဝိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်**
အမှတ်(၄၆၇)၊ ၄၆၈)၊ သိမ်ကြီးစျေး(ဒီ)ရုံ၊မြေအောက်ထပ်။
ဖုန်း ၀၁-၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄၊ ၀၉-၅၅၀၀၈၃၅

၃။ **ဓမ္မဗျူဟာ သာသနာ့မာမကအဖွဲ့**
လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ **ရန်ကုန်မြို့**။
ဖုန်း ၀၁-၃၀၀၈၈၀ ၀၉-၂၅၅၂၅၅၈၆၂

၄။ **အပြည်ပြည်ဆိုင်ရာ အာဘော်မွာတက္ကသိုလ်**
မိုးကောင်းဘုရားဝင်းအတွင်း၊ **ရန်ကင်းမြို့**နယ်၊ ရန်ကုန်မြို့။

၅။ **ပုရပိုက်ဓမ္မပြန့်ချီရေး**
တိုက်(၄)၊ အခန်း(၅)၊ ရွှေဂုံတိုင်လမ်းမကြီး၊
တာမွေ Ocean Super Center နှင့် ရွှေဂုံတိုင်ဆေးရုံကြား၊ ဗဟန်း။
ဖုန်း ၀၉-၂၅၈၂၇၃၁၊ ၀၉-၇၆၄၆၇၆၄၆၀

http://www.dhammadownload.com

အရှင်နန္ဒမာလာဘိဝံသ ၏ ထုတ်ဝေပြီး ဓမ္မစာအုပ်များ

- အဘိဓမ္မာ မြတ်ဒေသနာ(ပ+ဒု တွဲ)
- ပဋိစ္စသမုပ္ပါဒ်ကို ပဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း
- ပဌာန်းမြတ်ဒေသနာ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ စုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရုစ်ယောက်နှင့်တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနလုံး အစဉ်သုံး
၁၅။ လူဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တာသုတ်အနှစ်ချုပ်
၁၇။ ဘဝဆည်းဆာ ကရုဏာ
၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်

http://www.dhammadownload.com

၁၉။ ဓမ္မမှတ်ကျောက်
၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်
၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်
၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ
၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ
၂၄။ မင်္ဂလသုတ်အနှစ်ချုပ်
၂၅။ သာရဏီယတရား
၂၆။ ရာသတဏှာ
၂၇။ ဓမ္မပဒုဟာသင်တန်းသားများ၏ မေးခွန်းများကိုဖြေဆိုခြင်း
၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ
၂၉။ မဟာဒါန
၃၀။ စိတ်၏ထွက်ပေါက်များ
၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ
၃၂။ အရှင်အာနန္ဒာ၏ ဝိပဿနာ
၃၃။ နဝသော၊ နဝအညော
၃၄။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်
၃၅။ စိတ်၏အတွေးများ
၃၆။ ဥပါဒါနပစ္စယာဘဝေါ
၃၇။ သတိမကွာ အသိပညာဖြင့် နေထိုင်ခြင်း
၃၈။ အတ္တာဟိအတ္တနောနာထော
၃၉။ ဟောရွက်သုတ် အနှစ်ချုပ်
၄၀။ ဟောသူ နာသူ စိတ်ထားပြူ
၄၁။ ၁၂-နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ

http://www.dhammadownload.com

၄၂။ လွတ်မြောက်တဲ့စိတ်
၄၃။ ကုသိုလ်ဖြစ်အောင် သတိဆောင်
၄၄။ ခန္ဓသုတ်အနှစ်ချုပ်(အန္တရာယ်ကာကွယ်ခြင်း)
၄၅။ တရားသီလျက် အကျင့်ခက်
၄၆။ ကြွေယဘာဝနာ မြတ်ဒေသနာ
၄၇။ သံသရာခရီးသွား အမှားမလုပ်မိစေနှင့်
၄၈။ ဟိုဘက်ကမ်းက ငြိမ်းချမ်းတယ်
၄၉။ ရတနသုတ်အနှစ်ချုပ်
၅၀။ လောကဓံမုန်တိုင်းများနှင့် ကြံ့ခိုင်သည့်စိတ်ထား
၅၁။ ဘုရားသော်မှပေးဆပ်ရသည့် ကံကြမ္မာဝဋ်ကြွေးများ
၅၂။ အထင်မှား အမြင်မှား
၅၃။ ဓာတုဝိဘင်္ဂသုတ် အနှစ်ချုပ်
၅၄။ ယုဒ်ပြိုင်ခြင်း၏ နိဂုံး
၅၅။ နန္ဒီ ဒုက္ခဿ မူလံ
၅၆။ စိတ်၏အညစ်အကြေးများကို ဖယ်ရှားခြင်း
၅၇။ အားပေးစကား
၅၈။ ပုဗ္ဗဏှသုတ် အနှစ်ချုပ်
၅၉။ ဘေသဇ္ဇဂုရု
၆၀။ နိဗ္ဗာန်သို့ ဦးတည်သွားနေသူ
၆၁။ ဘဝ၏ဝန်ထုပ်ဝန်ပိုးများ
၆၂။ ကုသိုလ်ဖြစ်ပွား နလုံးသွင်းတရား

http://www.dhammadownload.com

၆၃။ နိုင်သူနှင့်ရှုံးသူ
၆၄။ အကာကိုပစ်၍ အနစ်ကိုရာ
၆၅။ မှတ်ဉာဏ်ကောင်းအောင်ကျင့်ဆောင်ခြင်း
၆၆။ တရားထူးရနိုင်သူ
၆၇။ ကျေးဇူးသိခြင်း
၆၈။ ဘာသာတရားလိုက်နာကျင့်သုံးခြင်း၏ ရည်ရွယ်ချက်
၆၉။ ကာလာမသုတ် အနှစ်ချုပ်
၇၀။ ခုခံစွမ်းအား
၇၁။ အလေးထား၍ စဉ်းစားဆင်ခြင် ကောင်းအောင်ပြင်
၇၂။ အခွင့်ကောင်းကို ရအောင်ယူ
၇၃။ ရှာဖွေခြင်းနှင့် ရရှိခြင်း
၇၄။ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ
၇၅။ ဓမ္မကိုအဖော်ပြုမှ ထာဝရချမ်းသာမည်
၇၆။ အစွမ်းတန်ခိုးများနှင့် သာသနာ
၇၇။ ချမ်းသာစွာအိပ်စက်ခြင်း
၇၈။ နှစ်ဦးမေတ္တာလူတိုင်းမှာ
၇၉။ ဒဏ္ဍိဏဝိဘင်္သုတ် အနှစ်ချုပ်
၈၀။ အလုပ်ရှင်နှင့်အလုပ်သမား စိတ်ကောင်းထား
၈၁။ နိယျာနိကသာသနာ
၈၂။ အနတ္တလက္ခဏသုတ် အနှစ်ချုပ်
၈၃။ သူ့အမြင် ကိုယ့်အမြင် ဓမ္မအမြင်

http://www.dhammadownload.com

၀၄။ ရှင်ရာဟုလာ၏ဘဝနှင့် မြတ်ဗုဒ္ဓ၏အဆုံးအမ
၀၅။ ကမ္မဋ္ဌာန်းအလုပ်နှင့် အိပ်ငိုက်ခြင်း
၀၆။ ဗျာဒိတ်တော်ကြား ဘုရား(၂၄)ဆူ
၀၇။ အံ့ဖွယ်လူသား မြတ်ဘုရား
၀၈။ ပဋိစ္စသမုပ္ပါဒ်နှင့် ဝိပဿနာ
၀၉။ ယောဂီပုဂ္ဂိုလ်ရှိရမည့် အရည်အချင်းများ
၁၀။ ကမ္မဋ္ဌာန်းဆရာ
၁၁။ ဇာတိမြေမှ သာသနာ
၁၂။ ဒါနအခြေခံတဲ့ သမထဝိပဿနာ
၁၃။ စရိုက်နှင့်ဝါသနာ
၁၄။ မြတ်ဗုဒ္ဓ၏ လောကဝိဇယလမ်းစဉ်
၁၅။ သာသနာပြုစွမ်းအားစု
၁၆။ လူဆိုးလူမိုက်
၁၇။ သမုဒ္ဒရာ ဝမ်းတစ်ထွာ
၁၈။ ဗုဒ္ဓ၏အဆုံးအမကို လက်ဆင့်ကမ်းခြင်း
၁၉။ သုံးပါးရတနာ ကိုးကွယ်ရာ
၂၀။ ပါရမီပုံရိပ် အမှတ်တံဆိပ်များ
၂၁။ အာနာပါနသတိသုတ်အနှစ်ချုပ်
၂၂။ ယမမင်းကြီး၏ ဆန္ဒ
၂၃။ စံထားရမည့် ကိုယ်ကျင့်တရားရှိသူများ
၂၄။ ပေါ်လာသည့်အာရုံများနှင့် ရှုပွားရမည့်ဝိပဿနာတရား
၂၅။ ဓမ္မသံဝေဂနှင့် ဘဝဆည်းဆာ

http://www.dhammadownload.com

၁၀၆။ ဆင်းရဲမွဲတေမှု လျော့ချရေး
၁၀၇။ မြတ်ဗုဒ္ဓ၏အဆုံးအမနှင့်အညီ နေထိုင်ခြင်း
၁၀၈။ ဗုဒ္ဓစွမ်းအား ဉာဏ်ဆယ်ပါး
၁၀၉။ သောတာပန်ပုဂ္ဂိုလ်များ နေ့စဉ်ဘဝမှာ နေထိုင်ကြပုံ
၁၁၀။ မွေးနေ့လက်ဆောင်
၁၁၁။ သောတာပန်၏ ဘဝရုပ်ပုံလွှာ
၁၁၂။ တပည့်များလေးစားမြတ်နိုးတဲ့ဆရာ
၁၁၃။ ရင်းနှီးမြှုပ်နှံခြင်း
၁၁၄။ ကံကြမ္မာ၏ ရုပ်ပုံလွှာများ
၁၁၅။ ဆဆက္က ဒေသနာနှင့် ဓမ္မဝိပဿနာ
၁၁၆။ ဉာတပရိညာ
၁၁၇။ မြတ်ဗုဒ္ဓ၏ကျေးဇူး အထူးပေးဆပ်ခဲ့သူ
၁၁၈။ ဗုဒ္ဓဘာသာဖြစ်ရန် အခြေခံတရား
၁၁၉။ သစ္စဒေသနာ ဓမ္မစကြာ
၁၂၀။ အားကိုးခြင်း
၁၂၁။ သဒ္ဓမ္မပတိရူပကသုတ် အနှစ်ချုပ်
၁၂၂။ အတ္တဟိတ နှင့် ပရဟိတ
၁၂၃။ အသက်ရှည်လေ ပိုကောင်းလေ
၁၂၄။ မိဘနှင့်သားသမီးအကြား မှုန်ကန်သောအမြင်များ
၁၂၅။ အများအတွက် သံယာတော်တို့၏ဆောင်ရွက်ချက်
၁၂၆။ သလ္လေခသုတ်အနှစ်ချုပ်

http://www.dhammadownload.com

၁၂၇။ ကောသလအိပ်မက်နှင့်ယနေ့ကမ္ဘာ
၁၂၈။ ဝိယတော ဇာယတော သောကော
၁၂၉။ ဆရာမြတ်ကို ဆည်းကပ်ရမည့်အခါ
၁၃၀။ မမွှတာဝန်
၁၃၁။ ဥပုသ်သည်တို့၏ စကားဝိုင်း
၁၃၂။ ရှင်ပြုအလှူတော်မင်္ဂလာ အနုမောဒနာ
၁၃၃။ ပါရာယနဒေသနာ
၁၃၄။ ဒုဂ္ဂတိဘုံသားတို့၏ အမှာစကား
၁၃၅။ မြတ်ဗုဒ္ဓသာသနာ နှင့်
သီတင်းကျွတ်လပြည့်နေ့အမှတ်တရများ
၁၃၆။ ဝိဝါဒမူလ(၆)ပါးနှင့် မြတ်ဗုဒ္ဓ၏အဆုံးအမစကား
၁၃၇။ ကိုယ့်ဘဝ ကိုယ်ပြင်
၁၃၈။ ဝိပဿနာရှုဖွယ် တောလေးဆယ်
၁၃၉။ နယ်လှည့်ဟောကြား မြတ်တရား အတွဲ(၁)
၁၄၀။ ပတ်ဝန်းကျင်ကိုရှုမြင်၍ မိမိဘဝကို ပြုပြင်ခြင်း
၁၄၁။ သူတော်ကောင်းသည် အားလုံးအတွက်ဖြစ်သည်
၁၄၂။ သူတော်ကောင်းတို့ တောင်းသောဆု
၁၄၃။ ဒုစရိုက်အကျိုး အဆိုးပုံရိပ်များ
၁၄၄။ အောင်မြင်ကြီးပွား စက်လေးပါး
၁၄၅။ စေတနာကောင်းလျှင် ကံကောင်းသည်
၁၄၆။ စိတ်ကောင်းရှိဖို့က ပထမ
၁၄၇။ တမလွန်ဘဝက ဆွေမျိုးများအရေး

http://www.dhammadownload.com

၁၄။ နယ်လှည့်ဟောကြား မြတ်တရား အတွဲ(၂)
၁၄၉။ မြတ်ဗုဒ္ဓ၏ ဂုဏ်တော်ကိုးပါး
၁၅၀။ မကျွန်းမာသူများအတွက် အထူးနှလုံးသွင်းတရား
၁၅၁။ မင်္ဂလာတရားနှင့်အညီ နိုင်ငံသစ်တည်
၁၅၂။ မာလုက္ကျပုတ္တရဟန်းအတွက် အလုပ်ပေးတရား
၁၅၃။ အပြစ်တင်ခြင်းနှင့် ကဲ့ရဲ့ခြင်း
၁၅၄။ အတွေးများကို ဖယ်ရှားနိုင်ရမည်
၁၅၅။ မိလိန္ဒပဉှာ(ပထမတွဲ)
မိလိန္ဒမင်းနှင့် ရဟန်းဂေါတမ္ဗဟိုတို့၏ ဗုဒ္ဓဝါဒရေးရာ အမေးအဖြေပြဿနာများ
၁၅၆။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့၏ ဘဝနှင့် ဓမ္မအမြင်(ပထမတွဲ)
၁၅၇။ နယ်လှည့်ဟောကြား မြတ်တရား အတွဲ(၃)
၁၅၈။ စာသင်စာချ ပြုကြသာသနာ
၁၅၉။ ဗုဒ္ဓသာသနာ၏ ဝိသေသလက္ခဏာများ
၁၆၀။ ဒိဋ္ဌေ ဓိဋ္ဌမတ္တံ
၁၆၁။ နယ်လှည့်ဟောကြား မြတ်တရား အတွဲ(၄)
၁၆၂။ မိမိကိုယ်တိုင် မိမိ၏ရန်သူ မဖြစ်ပါစေနှင့်
၁၆၃။ တိုင်းရေးပြည်ရေး မျှော်တွေးခြင်း
၁၆၄။ နစ်သစ်မင်္ဂလာကို မေတ္တာဖြင့်ကြိုဆိုခြင်း
၁၆၅။ ဘဝအတွင်းမှ အမှောင် နှင့် အလင်းများ
၁၆၆။ လူတိုင်းအတွက် အမှန်တရား

http://www.dhammadownload.com

ဒဖ၇။ မဟာသာဝကကြီးတို့၏ စကားဝိုင်း
ဒဖ၈။ မိလိန္ဒပဉှာ(ဒုတိယတွဲ)
မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ ဗုဒ္ဓဘိဒဏ္ဍာ အချေအတင်ပြောဆိုချက်များ

http://www.dhammadownload.com

မမွဒါနကုသိုလ်ရှင်



နတ်လူသာဓုခေါ်စေသော်

ဓမ္မာဝင်ဓမ္မ၂ ပုံနှိပ်လုပ်ငန်း
အမှတ်(၀၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၅၁၈၉၄၃၂၊ ၀၉-၇၉၅၂ ၂၅၂ ၆၈၂